
www.burmeseclassic.com

# ဒဂုန်ငွေမျှား

ရွှေပင်ကြူ

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၉၄၃ / ၂၀၀၂ (၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၀၀၈ / ၂၀၀၂ (၁၁)

❖

အီးဆဉ်သူ
ကိုမြင့်ထွန်း

❖

ပုံနှိပ်ခြင်း
ဒုတိယအကြိမ် - (၂၀၀၃၊ မတ်လ)
အုပ်ရေ - (၅၀၀)

❖

မျက်နှာဖုံးပန်းချီ - မောင်မောင်သိုက်
ကာလာခွဲ - *Alpha*
ကွန်ပျူတာစာစီ - *Quality*
အတွင်းဖလင် - *Quality*

❖

ပုံနှိပ်သူ
ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်) (၀၅၄၀၄)
အမှတ် (၁၆၃)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

❖

ထုတ်ဝေသူ
ဦးသန်းဆွေ (စစ်သည်တော်စာပေတိုက်) (၀၁၄၇၃)
အမှတ် (၁၁၃၁/က)၊ ဥယျာဉ်လမ်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊
ရန်ကုန်မြို့။

❖

တန်ဖိုး - ၆၀၀ ကျပ်

BURMESE CLASSIC .com

# ဇာတ်လမ်း၏နောက်ခံ

စစ်အတွင်း၌သော်လည်းကောင်း၊ စစ်မဖြစ်မီအချိန်၌သော်လည်းကောင်း အပြိုင်အဆိုင်ဖြစ်နေကြသောနိုင်ငံများသည် တစ်ဦးနှင့်တစ်ဦး အတွင်းရေးများကို သိစေရန် စုံထောက်သူလျှိုများ စေလွှတ်၍ စုံစမ်းတတ်ကြ၏။ သူလျှိုတို့ သိလိုသော အကြောင်းခြင်းရာများမှာ တစ်နိုင်ငံနှင့် တစ်နိုင်ငံ လျှို့ဝှက်စွာ ချုပ်ဆိုသော စာချုပ်များ၊ ရေတပ်၊ လေတပ်၊ ကြည်းတပ်တို့၏ လျှို့ဝှက်ချက်များ၊ ခံတပ်နှင့် အဆောက်အအုံကြီးများတည်ရှိရာ မြေပုံများ၊ တစ်ခါတစ်ရံ အလွန်လျှို့ဝှက်စွာ ပြုလုပ်သည့် လက်နက်ထူး၊ လက်နက်ဆန်းများ အကြောင်း စသည်တို့ ဖြစ်လေသည်။

ဥပမာအားဖြင့် ဒုတိယကမ္ဘာစစ်ကြီးဖြစ်စတွင် အမေရိကန်၏ လျှို့ဝှက်သော ဗုံးကြဲလေယာဉ်ပျံတစ်မျိုး၏ စနစ်ပုံစံများနှင့် ဓာတ်ပုံများကို ဂျပန်အစိုးရအား အဖိုးမြောက်မြားစွာနှင့် ရောင်းချရန် ကြံစည်သော လေယာဉ်ပျံအလုပ်ရုံ အင်စပိတ်တော်ကလေး 'ကောဒရုံမွန်' ဆိုသူ၏ အကြောင်းကို ကျွန်ုပ်တို့သည် အင်္ဂလိပ်သတင်းစာများထဲတွင် တစ်ခါက ဖတ်လိုက်ရဖူး၏။ ဤကဲ့သို့ အကြီးအကျယ် ကြံစည်သူများမှာ အမေရိကန်–အင်္ဂလိပ်–ဂျာမဏီ စသော အနောက်နိုင်ငံများ၌သာမဟုတ် ကျွန်ုပ်တို့ အရှေ့နိုင်ငံဖြစ်သော မြန်မာပြည်သို့ပင် တစ်စတစ်စ ကူးစက်ပြန့်ပွား၍ လာခဲ့၏။

ဂျပန်သည် အမေရိကန်နှင့် အင်္ဂလိပ်တို့အား စစ်မကြေညာမီ ၆ လ လောက်က မြန်မာပြည်သို့လည်း သူလျှိုများ စေလွှတ်၍ လှုပ်လှုပ်ခဲ့ရာ ဤ

www.burmeseclassic.com



အကြောင်းကို အင်္ဂလိပ်အစိုးရတို့ သိနှင့်ပြီး ဖြစ်သည့်အတိုင်း အထူးကာကွယ်ဆောင်ရွက်ခဲ့၏။ အချို့နေရာများ၌ ဂျပန်တို့သည် မြန်မာများကိုပင် ရွေးချယ်အနိုင်ခဲ့ရာ အင်္ဂလိပ်တို့ကလည်း မြန်မာများကိုပင် လက်ရုံးပြုကာ ခုခံကိုသိမ်းပိုက်ခဲ့ရလေသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာပြည်တွင် မြန်မာ၏အကြောင်းကို မြန်မာထက် ပို၍ မည်သူမျှသိမည်မဟုတ်ချေ။

သို့ဖြစ်၍ ယခင်က ပျော်မွေ့ရွှင်မူ သာယာမှုတို့ဖြင့် ပြည့်စုံခဲ့သော ရန်ကုန်မြို့ကြီးပေါ်တွင် စစ်ရိပ်စစ်ငွေ့တို့သည် တဖြည်းဖြည်း သန်း၍ လာပြီးလျှင် ဂျပန်၏ လှုပ်ရှားမှုတို့သည်လည်း တစ်နေ့ထက်တစ်နေ့ ပို၍ မြန်လာခဲ့လေ၏။

BURMESE CLASSIC .com



တစ်နေ့သော ည ၉ နာရီကျော်ကျော် အချိန်လောက်၌ စုံထောက်ခင်မောင်စိုးနှင့် မကြည်ကြည်တို့သည် ဂလုပ်ရုပ်ရှင်ရုံမှ ပြန်လာခဲ့ကြပြီးလျှင် လမ်း၏ အခြားဘက်မှနေ၍ မကြည်ကြည်နေသော ကုန်သည်လမ်းရှိ တိုက်ခန်းရှိရာ စကြိုသမံတလင်းဘက်သို့ ကူးမည်ပြုသည်နှင့် တစ်ပြိုင်နက် အိမ်ရှေ့ခန်းရှိ ဓာတ်မီးပွင့်နေသည်ကို ရုတ်တရက် မြင်လိုက်ရသဖြင့် မကြည်ကြည်သည် လန့်၍ အော်လိုက်လေ၏။

"မြန်မြန်လာပါ အစ်ကိုကြီးရဲ့၊ ဓာတ်မီးတွေ ကျွန်မပိတ်ထားလျက်သားနဲ့ ကြည့်စမ်း ပွင့်နေတယ်"

"ကြည်ကလေး ထွက်လာတုန်းက မေ့နေရစ်လို့ ထင်ပါရဲ့"

"မဟုတ်ပါဘူး အစ်ကိုကြီးရယ်၊ ကျွန်မ အသေအချာ မှတ်မိပါတယ်"

"သူခိုးလဲ ဟုတ်မယ် မထင်ပါဘူး၊ သူခိုးဆိုရင် မီးကို ဖွင့်ထားပါ့မလား"

"ဟုတ်တယ် အစ်ကိုကြီး၊ ဒါကြောင့် အစဉ်းစားရကျပ်တာပေါ့"

"ကိုင်းကွယ်၊ အပေါ်တက်ကြည့်တော့ သိရောပေါ့"

မကြည်ကြည်နေသော အခန်းမှာ သုံးထပ်တိုက်တစ်တိုက် ပထမအထပ် လက်ဝဲဘက်အစွန်ဆုံးအခန်းဖြစ်၏။ တိုက်မှာ အလယ်မှ လှေကားဖြင့် လက်ဝဲလက်ယာရှိ အခန်းများသို့ သွားနိုင်သဖြင့် ခင်မောင်စိုးသည် မကြည်ကြည်၏လက်ကိုဆွဲကာ စေ့ရုံသာစေ့၍ထားသော အောက်ဆုံးထပ်တံခါးကိုဖွင့်



www.burmeseclassic.com

www.burmeseclassic.com



၍ ဗဟိုလှေကားမှ တက်ခဲ့ရာ မည်သည့်အသံမျှ မကြားရဘဲ မကြည်ကြည့် အခန်းရှေ့သို့ ရောက်ခဲ့လေ၏။

အခန်းအပြင်မှနေ၍ နားထောင်သော်လည်း တစ်စုံတစ်ရာ အသံ မကြားရသဖြင့် ခင်မောင်စိုးသည် မကြည်ကြည်ထံမှ သော့ကို တောင်းယူပြီးလျှင် အခန်းတံခါးကို ဖွင့်လိုက်ရာ ဧည့်ခန်း ဓာတ်မီးနှင့်တကွ နောက်ခန်းမှ ဓာတ်မီးပါ ပွင့်လျက်ရှိသည်ကို တွေ့ရလေသည်။ ခင်မောင်စိုးသည် တံခါးဖွင့်ပြီးသည်နှင့်တစ်ပြိုင်နက် ပစ္စတိုကလေးကို အသင့်ထုတ်ကိုင်ကာ အိမ်ရှေ့ခန်း၊ အိပ်ခန်း၊ အဝတ်လဲခန်း၊ နောက်ဖေး မီးဖိုဆောင်မှစ၍ တစ်အိမ်လုံး နှံ့စပ်အောင် ရှာဖွေသော်လည်း တစ်စုံတစ်ရာ မတွေ့ရဘဲ ရှိလေ၏။

ခင်မောင်စိုးသည် မကြည်ကြည်အား အခန်းတွင်းသို့ မဝင်စေသေးဘဲ အပြင်၌ ထားခဲ့ရာ မကြည်ကြည်သည် အောက်ထပ်ရှိ တိုက်ရှင် ဒေါ်အရှာဘီထံ သွားပြီးလျှင် အကျိုးအကြောင်း ပြောဆို၍ ခေါ်ခဲ့ရာ တိုက်ပေါ်သို့ ပြန်တက်လာသောအခါ တိုက်ရှင်ဒေါ်အရှာဘီပါ ပါ၍လာခဲ့လေ၏။

"ကြည်လေး ဝင်ခဲ့တော့လေ"

"ဟုတ်ကဲ့"

"အစ်ကိုကြီးတော့ ဘာမှ မတွေ့ရပါဘူး၊ နို့ပေမယ့် ကြည်လေးအိပ်တဲ့အခန်း ခြေရာလက်ရာများ ပျက်သလား ရှာကြည့်ဦးလေ"

မကြည်ကြည်သည် အပြင်တွင် ရပ်၍ စောင့်လျက်ရှိရာမှ အခန်းတွင်းသို့ ဝင်ခဲ့ပြီးလျှင် အိပ်ခန်းတွင်းရှိ ပစ္စည်းများကို လိုက်လံကြည့်ရှုလျက်ရှိရာ . . . အလန့်တကြား လန့်၍အော်လိုက်လေသည်။

"အစ်ကိုကြီး . . . အစ်ကိုကြီး . . . လာပါဦး"

"ဘာလဲ ကြည်ကလေး . . . အလန့်တကြားကွယ် . . ."

"ဒီမှာ ကြည့်စမ်းပါဦး . . . ပင့်ကူကြီး"

"ကြည်ကလေးကလဲ အလန့်တကြား"

မကြည်ကြည်အိပ်သော ခုတင်နံဘေးရှိ ကော်ဇောပေါ်၌ကား . . . ရွှေရောင်တောက်သော ပင့်ကူလေးတစ်ကောင်ကို မြင်ရလေ၏။

"ထူးထူးဆန်းဆန်း ရွှေရောင်ပင့်ကူကလေးနော် . . . အစ်ကိုကြီး"

"ဟုတ်ပါရဲ့ . . ."

ခင်မောင်စိုးသည် အတန်ကြာ စဉ်းစားလျက်ရှိလေ၏။ မကြည်ကြည်အိပ်သော တစ်ယောက်အိပ်ခုတင်မှာ တောင်ဘက်သို့ ခေါင်းရင်းလှည့်





ထား၍ ခုတင်၏ အရှေ့ဘက် ၆' ပေခန့်ဝေးသော နေရာ၌ကား အဝတ်အစားများထည့်သည့် မတ်တတ်ဗီရိုကြီး ရှိလေသည်။ ခုတင်နှင့် ဗီရိုအလယ်တွင် မွေးရှည်ကော်ဇောတစ်ချပ် ခင်းထားရာ . . . ပင့်ကူအသေကောင်ကလေးမှာ ကော်ဇောအလယ်လောက်၌ ရှိနေလေသည်။ ခင်မောင်စိုးသည် ပင့်ကူအသေကလေးကို စက္ကူတစ်ချပ်ပေါ်၌ တင်၍ ဓာတ်မီးရောင်အောက်တွင် အိတ်ထဲ၌ အသင့်ပါလာသော မှန်ဘီလူးဖြင့် ကြည့်ရှုလျက်ရှိလေ၏။

"ရွှေရောင်တော့ ရွှေရောင်ပဲ ကြည်လေးရဲ့၊ နို့ပေမယ့် ထူးဆန်းတာ တစ်ခုက ဒီဟာ ဆေးရည်စိမ်ထားတဲ့ ပင့်ကူကလေး . . ."

"ဟင် . . . ဟုတ်လား"

"ကြည်လေး . . . ခုတင်အောက်က သေတ္တာတွေများ ကြည့်ပါဦး"

မကြည်ကြည်သည် ခုတင်အောက်မှ ယူနီဖောင်းသေတ္တာကို ဖွင့်၍ ကြည့်ရာ သေတ္တာမှာ ခြေရာလက်ရာမပျက်ဘဲ ရှိသည်ကို တွေ့ရ၏။ ခုတင်ပေါ်ရှိ မွေ့ရာကို လှန်လှော၍ကြည့်ရှုသောအခါ၌လည်း ခြေရင်းရှိ ဘန်ကောက်လုံချည်များနှင့် ခေါင်းရင်းဘက်ရှိ ရွှေကြိုးကလေး တစ်ကုံး၊ ငွေ ၅၆ ကျပ်တို့မှာ ထိုအတိုင်းပင် ရှိနေသည်ကို တွေ့ရလေသည်။

"ဘယ်လိုဟာလဲ . . . အစ်ကိုကြီးက ဒီပင့်ကူကလေးဟာ တစ်ယောက်ယောက်က ထားခဲ့တယ်ထင်လို့လား"

ခင်မောင်စိုးသည် မကြည်ကြည်၏ စကားများကို ပြန်၍ မဖြေသေးဘဲ . . . ပင့်ကူသေကလေးကို မှန်ဘီလူးဖြင့် ကြည့်နေရာမှ . . . ကော်ဇောမှ အမွေးများကို ဒူးထောက်ကာ . . . မျက်နှာကို ကြမ်းပြင်နှင့် ထိလုမတတ် စေ့စေ့စပ်စပ်ကြည့်လျက် ရှိပြန်လေသည်။ ဤသို့ ဒူးထောက်လျက် ကြည့်နေရာမှ —

"ကြည်လေး . . . ဘိုင်စကုတ်မလာခင်၊ ဒါမှမဟုတ်ရင်လဲ နေ့လယ်က ဒီကော်ဇောပေါ်မှာ လေးလေးလံလံပစ္စည်းတစ်ခု ဆွဲသွားဖူးသလား"

"ဟင့်အင်း . . . ဘာမှ မဆွဲရပါကလား . . . အစ်ကိုကြီး၊ ဘာဖြစ်လို့လဲ . . ."

"ထမင်းချက်တဲ့ အမယ်ကြီးများ ဆွဲသလား . . ."

"သူလည်း ဆွဲမယ်မထင်ပါဘူး . . .၊ ဒေါ်စုမှာ ချက်ရေးပြုတ်ရေးနဲ့ အားတယ်မရှိပါဘူး အစ်ကိုကြီးရယ်၊ အခန်းထဲ တံမြက်စည်းတောင် လှည်းအားပါဘူး . . ."



www.burmeseclassic.com

www.burmeseclassic.com



"ကော်ဇောပေါ်က အမွှေးကလေးတွေဟာ အခန်းပေါက်ဝဆီက ဗီရိုကြီးနားအထိ တစ်ဖက်သတ်လဲနေတာ တွေ့ရတယ် ကြည်လေး၊ အခုပြန်လာမှ ဗီရိုကို မတိုင်သေးဘူးနော် . . ."

"ဟုတ်ကဲ့ . . . မကိုင်သေးပါဘူး"

အဝတ်ဗီရိုမှာ ဖန်လက်ကိုင်ရိုး တပ်ထားသဖြင့် ခင်မောင်စိုးသည် သံညှပ်တစ်ခုကို မီးဖိုမှ ယူစေခဲ့ပြီးလျှင် မကြည်ကြည်ထံမှ သော့တောင်း၍ အဝတ်ဗီရို၏ လက်ကိုင်ကို ညှပ်ဖြင့်ကိုင်ကာ ဖွင့်လေ၏။ မကြည်ကြည်နှင့် ဒေါ်အရှာဘီတို့မှာ ခင်မောင်စိုး၏ အပြုအမူကို နားမလည်နိုင်ဘဲ ရှိလေရာ ဗီရိုတံခါး ပွင့်သွားသည်နှင့် တစ်ပြိုင်နက် လေးလံသော အရာဝတ္ထုကြီးတစ်ခုသည် အပြင်သို့ ထွက်ကျလာလေ၏။ ၎င်းသည်ကား ယောကျ်ားကြီးတစ်ယောက်၏ အလောင်းဖြစ်လေသည်။

မကြည်ကြည်သည် ဒေါ်အရှာဘီကို ဖက်ကာ –

"အလိုလေး . . . ဘုရားရေ . . . ကယ်ပါဦး၊ ဘယ့်နှယ်ဟာကြီးပါလိမ့်"

ဟု ပြောဆိုပြီးနောက် . . . သုံးဦးသားတို့သည် အံ့အားသင့်လျက် ရှိစဉ် မကြည်ကြည်မှာ အထိတ်တလန့် တွေ့ကြုံရသည်ဖြစ်၍ သတိလစ်ကာ ဒေါ်အရှာဘီ ရင်ခွင်ထဲသို့ လဲကျသွားလေ၏။

[ ၂ ]

ခင်မောင်စိုးနှင့် တွဲဖက်လုပ်ကိုင်လာခဲ့သည်မှာ အတော်ကြာခဲ့ပြီဖြစ်၍ မကြည်ကြည်သည် တစ်ခါတစ်ရံ မိမိရှေ့တွင် ဖြစ်ပွားသော သွေးထွက်သံယိုမှုများကို တွေ့မြင်ရ၍ သတ္တိကောင်းသော မိန်းကလေးတစ်ယောက်ဖြစ်သည့်အတိုင်း တုန်လှုပ်ခြင်းမရှိခဲ့ဖူးသော်လည်း မိမိအိပ်ခန်းအတွင်း စောင်နှင့် ခေါင်းအုံးများထည့်ထားသော ဗီရိုအတွင်းမှ အလောင်းတစ်ခု ရုတ်တရက် ထွက်လာသည်ကို မြင်ရသောအခါ ကြောက်လန့်အားကြီးသဖြင့် သတိမေ့၍ သွားရာ . . . အကယ်၍ ဒေါ်အရှာဘီကသာ ပွေ့ပိုက်၍ မထားလိုက်ပါမူ ကြမ်းပေါ်သို့ လဲကျသွားမည်ဖြစ်လေသည်။ ခင်မောင်စိုးသည် ဒေါ်အရှာဘီနှင့် တစ်ဖက်စီ မကြည်ကြည်အား ပွေ့ထူချီမပြီးလျှင် အိမ်ရှေ့ခန်း ဆိုဖာတစ်ခုပေါ်တွင် ခပ်မှိုမှိုတင်ထားပြီးနောက် ပြတင်းပေါက်များကို ဖွင့်လေ၏။ ဒေါ်အရှာဘီက အောက်ထပ်သို့ ဆင်းသွားပြီးလျှင် 'စမဲလင်းဆော့' ခေါ် နှာပုလင်းနှင့် ရေခဲအနည်းငယ် ယူခဲ့လေသည်။ ထို့နောက် ဝိုင်းဝန်းပြုစုကြရာ မကြာမီ သတိပြန်၍ လည်လာ၏။

"အစ်ကိုကြီး . . . အစ်ကိုကြီး၊ ဘယ့်နှယ်ဟာကြီးပါလိမ့် . . . အစ်ကိုကြီးရယ် ကြောက်စရာကြီး . . ."

"ဒီဟာ မစဉ်းစားနဲ့တော့ ကြည်လေး၊ အစ်ကိုကြီး ကြည့်ပြီး စီမံမယ်၊ ဘယ့်နှယ့်အတော် နေသာသွားပြီလား"

"ဟုတ်ကဲ့ နေသာသွားပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း . . . ခါလာက တစ်ဆိတ် သူ့အနား နေလိုက်ပါဦး၊ ကျွန်တော် ပုလိပ်သွားပြီး အကြောင်းကြားလိုက်ဦးမယ်"

"စိတ်ချပါမောင် . . . ခါလာနေရစ်ပါ့မယ်"

သို့နှင့် ခကြည်ကြည်အား အိမ်ရှေ့ခန်း၌ ဒေါ်အရှာဘီနှင့် ထားခဲ့ပြီးလျှင် ခင်မောင်စိုးသည် တစ်တိုက်ခြားရှိ ကုလားကုမ္ပဏီတစ်ခုသို့ သွား၍ ဘျောက်တဲ့တားဌာနသို့ တယ်လီဖုန်းဆက်၍ တိုင်ကြားပြီးလျှင် ပုလိပ်မင်းကြီးအိမ်သို့လည်း အကျိုးအကြောင်း သတင်းပို့လိုက်၏။

ခင်မောင်စိုးသည် အခန်းတွင်းသို့ ပြန်ရောက်လာ၍ အလောင်းကို သေချာစွာ ကြည့်ရှုလျက်ရှိရာ သေသူမှာ အကြမ်းဖျင်း ခန့်မှန်းခြေအားဖြင့် အသက် ၄၀ ကျော်ခန့်ရှိပြီဟု ထင်ရ၍ အသားမှာ အသားလတ်ဖြစ်သော်လည်း ခမိုးဖြင်းသွားရသည့်ဟန်ဖြင့် အချို့နေရာများတွင် နေလောင်လျက်ရှိသည်ကို တွေ့ရ၏။ ရှပ်အင်္ကျီလက်ရှည်အဖြူနှင့် ပလေကပ်လုံချည်အကွက်ကို ဝတ်ဆင်ထား၏။ ခင်မောင်စိုးသည် ခြေရာလက်ရာ မပျက်စေသေးဘဲ အဝတ်အစားများကို လှန်လှောကြည့်ရှုသော်လည်း ဒဏ်ရာဒဏ်ချက်ဟူ၍လည်း မတွေ့ရသဖြင့် စဉ်းစား၍ မရအောင် ရှိနေ၏။ တစ်ဖန် စားပွဲပေါ်၌ တင်ထားသည့် ရွှေရောင်တောက်နေသော ပင့်ကူသေကလေးကို စာအိတ်တစ်လုံး၌ ထည့်ပြီးလျှင် အိတ်ထဲတွင် သိမ်းဆည်းထားလိုက်လေသည်။

ပုလိပ်များမရောက်မီ ခင်မောင်စိုးသည် ဒေါ်အရှာဘီအား တီးခေါက်စုံစမ်းလျက်ရှိလေ၏။

"ဒီလူ့မျက်နှာကိုတော့ ခါလာဘီ မမြင်ဖူးဘူးနော်"

"မမြင်ဖူးပါဘူး မောင်ရယ်"

"ခါလာဘီတို့ တိုက်ကို ငှားနေတဲ့လူတွေ အားလုံးသိတယ် မဟုတ်လား"

"သိပါတယ်မောင် . . . သူတို့တော့ နေ့တိုင်း မြင်တွေ့နေရတဲ့ လူတွေပဲ"

"လူသစ်များကော မကြာခင်က ပြောင်းလာသေးသလား"

"မလာပါဘူး . . . ဘာပြုလို့လဲ၊ ခါလာ့တိုက်က လူငှားတွေကို မသင်္ကာလို့လား"

"မသင်္ကာလို့တော့ မဟုတ်ပါဘူး ခင်ဗျာ . . .၊ အခု ကျွန်တော်တို့ တွေ့ရတဲ့ကိစ္စက ဖြစ်ပုံ ထူးဆန်းလွန်းလို့ပါ"





"တိုက်တည်ပြီးတာ ၂ နှစ်ကျော်ကျော်လောက်ပဲ ရှိပါသေးတယ် မောင်ရယ် . . .၊ လူငှားတွေလည်း တိုက်တည်ပြီးကတည်းက နေလာတဲ့ လူတွေချည်းပဲ၊ လူတွေကလည်း စာရေး၊ စာချီ၊ လခစားထဲက များပါတယ်"

"ကျွန်တော်တို့ ပြန်မလာခင်ကလေး တိုက်ရှေ့မှာ ကားတို့ မြင်းရထားတို့ ဆိုက်တာ မမြင်ဘူးလား ခါလာ"

"ခါလာဖြင့် မတွေ့မိပါဘူးမောင် . . . အမှတ်တမဲ့မို့ အသေအချာတော့ မပြောတတ်ဘူး"

"လူသစ်တော့ . . . မရောက်ဘူးနော်"

တစ်ခဏမျှ စဉ်းစားလျက် –

"ဪ . . . တစ်ခုတော့ရှိရဲ့၊ ဟောဒီ မကြည်ကြည်နေတဲ့အခန်းအပေါ်ထပ်က လူတွေ ထားဝယ်ပြန်သွားတော့ လူတစ်ယောက်ကို လွှဲထားခဲ့တယ်ဆိုထင်ဝါရဲ့"

"ဘယ်လောက်ကြာပြီလဲ ခါလာ"

"တစ်လကျော်လောက်တော့ ရှိသွားပြီ"

"ဒီလူက ဘာလုပ်သလဲ"

"ဒါလဲ ခါလာ သေသေချာချာ မသိပါဘူး၊ ဆရာဝန်ဆိုထင်ဝါရဲ့"

"လူကိုကော မြင်ဖူးသလား"

"ဟင့်အင်း . . . မမြင်ဖူးဘူး"

"လခတောင်းတော့ကော ခါလာရယ်"

"အရင်နေတဲ့ လူဟောင်းတွေက သူနေဖို့ ခြောက်လအတွက် တစ်ခါတည်း ပေးသွားတယ်"

"ဒီလူ ထမင်းစားတော့ကော"

"ဒါလည်း ခါလာ မသိဘူး . . .၊ ဟိုတယ်ကိုများ မှာစားသလား မပြောတတ်ဘူး၊ နေ့လယ်မှာ အခန်းတံခါးကို အမြဲပိတ်ထားတယ်၊ ညကျမှ ရောက်တယ်ထင်ပါရဲ့"

"ကြည်ကလေးကကော ဒီလူ အတက်အဆင်း မမြင်ဖူးဘူးလား"

"ကျွန်မလဲ သတိမထားမိပါဘူး အစ်ကိုကြီးရယ်"

"ဒီလိုဆိုရင် အတော်ထူးဆန်းတဲ့ လူတစ်ယောက်ပဲ"

ထိုအချိန်၌ အင်စပိတ်တော် ကိုအုန်းဖေသည် ရာဇဝတ်အုပ်တစ်ယောက်၊ ပုလိပ်သား ၂ ယောက်၊ အစိုးရ ဓာတ်ပုံဆရာ တစ်ယောက်နှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာကြပြီးလျှင် အလောင်းနှင့်တကွ ဗီရို၊ အခန်း၏ အခြေအနေ စသ
တို့ကိုပါ ဓာတ်ပုံများ ရိုက်ယူလေ၏။ အလောင်းထည့်၍ ထားခဲ့သော ဗီရို
ဖန်သီး လက်ကိုင်ကိုလည်း ဓာတ်ပုံရိုက်ယူလေသည်။ ၎င်းနောက် အလော
ကို ရှာဖွေကြည့်ရှုရာ အကျီအိတ်များအတွင်း၌ တစ်စုံတစ်ရာ မတွေ့ရသ
ဖြင် ဒိုဘီအမှတ်အသားပါတတ်သော နေရာများကိုပင် ဖြတ်တောက်ထားသ
ကို တွေ့ရလေသည်။ ထူးဆန်းပုံမှာ အလောင်း၌ မည်သည့်ဒဏ်ရာဒဏ်ချ
မှ မတွေ့ရခြင်းဖြစ်လေသည်။

အင်စပိတ်တော် ကိုအုန်းဖေသည် ရောက်လာသော ဆေးရုံကား
အလောင်းကို ဆေးရုံကြီးသို့ ပို့စေ၏။

ခင်မောင်စိုးက –

"သိပ်ခွကျတာပဲ ကိုအုန်းဖေ . . . ဖြစ်တာက ကျွန်တော့်တပည
ကလေး မကြည်ကြည်အခန်းမှာ ဖြစ်နေတယ်ဗျ"

ကိုအုန်းဖေက စကားမဆုံးမီ –

"ဘာမှ တာဝန်မရှိပါဘူးဆရာ . . .၊ ပြီးတော့ ဆရာနဲ့အတူ မကြ
ကြည်လဲ ဘိုင်စကုတ်က ပြန်လာတာပဲ"

"အကျိုးအကြောင်းကိုတော့ ပုလိပ်မင်းကြီးဆီ ကျုပ်အားလုံး
လိုက်ပါပြီ"

"ဒါဖြင့် ပြီးရောပေါ့ ဆရာရဲ့"

အလောင်းကို ဆေးရုံကားဖြင့် ယူသွားပြီးနောက် အင်စပိတ်
ကိုအုန်းဖေ ပြန်သွားသောအခါ ခင်မောင်စိုးက –

"ကိုင်း ဒီကနေ့ညတော့ ခါလာကို ဒုက္ခပေးသလို ဖြစ်နေပါပြီ"

"ကိစ္စမရှိပါဘူး မောင်ရယ် . . .၊ ဩော် . . . ဒါထက် မကြည်
ရဲ့ အဖော် ဒေါ်ကြီးကော . . ."

"ဩော် . . . ဒေါ်စုလား၊ ကြည့်မြင်တိုင်မှာ သူ့အမျိုးတစ်ယော
အသည်းအသန်ဖြစ်နေတယ်ဆိုပြီး စောစောကတည်းက ကျွန်မကို
သွားတယ် အစ်ကိုကြီးရဲ့"

"ကိုင်း . . . ကြည်လေး၊ ဒီကနေ့ည အစ်ကိုကြီးအိမ်လိုက်ပြီး
ပေတော့"

"ဟုတ်တယ် တူမကြီး စိတ်ပြေလက်ပျောက် လိုက်တာသွားေ
တကယ်လို့ ဒေါ်စုပြန်လာရင် ခါလာ အခန်းခေါ်ပြီး သိပ်လိုက်မယ်"





"ဒီလောက် ညဥ့်နက်မှ ပြန်လာမယ်လဲ မထင်ပါဘူး . . . ခါလာ
"

ထို့နောက် သင့်လျော်ရုံမျှ အဝတ်အစားကလေးများကို သားရေအိတ်
လုံးဖြင့် ယူခဲ့စေပြီးလျှင် ခင်မောင်စိုးသည် မကြည်ကြည်အား သူ၏ နေ
သို့ တက္ကစီတစ်စီးဖြင့် ခေါ်၍သွားလေ၏။

www.burmeseclassic.com

## | ၃ |

ထိုအခါက မြန်မာပြည်တွင် ကာကွယ်ရေးဥပဒေများကို ဘုရင်ခံက အတည်ပြု ကြေညာခဲ့ပြီးဖြစ်၍ အင်္ဂလိပ်အစိုးရတို့မှာ နယ်ဘက်နှင့်ပတ်သက်သည့် လူဆိုးများသာမက တိုင်းရေးပြည်ရေးနှင့် ပတ်သက်သည့် အထက်တန်းစားပုဂ္ဂိုလ်များအပေါ်၌လည်း မျက်လုံးတစ်လုံးကို အမြဲဖွင့်ထားလျက် ရှိခဲ့၏။

ဤသို့ တိုင်းရေးပြည်ရေးနှင့် ပတ်သက်သည့် မသင်္ကာသူများကို ကြည့်ရန် ပုလိပ်အဖွဲ့၊ စုံထောက်အဖွဲ့သာမက အလွတ်စုံထောက်များ၏ အကူအညီကိုလည်း လိုအပ်သည်ဖြစ်ရာ ပုလိပ်မင်းကြီးသည် ခင်မောင်စိုး၏ အကူအညီကို ယုံကြည်စွာ တောင်းခံခဲ့၏။ တောင်းခံသည့်အတိုင်းလည်း ခင်မောင်စိုးက အကူအညီပေးရန် သဘောတူခဲ့လေသည်။ ဘုရင်ခံ၏ သဘောတူညီချက်အရ ဤကဲ့သို့ အလွတ်စုံထောက်များကိုလည်း ပုလိပ်ဘက်မှ တတ်နိုင်သ၍ အကူအညီပေးရန် ပုလိပ်အရာရှိကြီးများအား ပြောထားပြီးဖြစ်ရာ ခင်မောင်စိုးမှာ ပုလိပ်အရာရှိကြီးများ၏ လေးစားခြင်းကို ခံရ၏။

ထိုကိစ္စ၌ နိုင်ငံခြားသားများ အထူးသဖြင့် ဂျပန်ကုန်သည်များနှင့် ဂျပန်ဓာတ်ပုံဆရာများအား ကာကွယ်ရေးဥပဒေများဖြင့် အရေးမယူမီ အစဉ်မပြတ် စောင့်ရှောက်ကြည့်ရှုရန်ဖြစ်လေသည်။ ထိုအခါကပင် အင်္ဂလိပ်တို့မှာ ဂျပန်တို့နှင့် စစ်ဖြစ်ရန် မလွဲမရှောင်သာတော့ပြီဖြစ်ကြောင်း သိရှိပြီးဖြစ်သည့်အတိုင်း ဤကဲ့သို့ ပြင်ဆင်ထားခြင်းဖြစ်၏။ ဖျူရိုကရက်အစိုးရတို့၏ နယ်ချဲ့မှု





စနစ်ကို ခင်မောင်စိုးသည် မကြိုက်မနှစ်သက်ချေ။ သို့သော် ဖက်ဆစ်ဝါဒဖြစ်သော ဂျပန်အစိုးရတို့အား အားပေးရန် ကိစ္စကိုမူ မထောက်ခံနိုင်ချေ။ အကယ်၍ ဂျပန်တို့ မြန်မာပြည်အတွင်းသို့ ချင်းနင်းဝင်ရောက်လာမည်ဆိုပါက မြန်မာတစ်ပြည်လုံးနှင့် မြန်မာတစ်မျိုးလုံးပါ ပြာဖြစ်မည့်အကြောင်းကိုကား ခင်မောင်စိုးသည် စဉ်းစား၍ပင် မကြည့်ဝံ့အောင် ရှိခဲ့လေသည်။

နောက်တစ်နေ့နံနက် ၁၀ နာရီအချိန်လောက်တွင် ခင်မောင်စိုးသည် အင်စပိတ်တော် ကိုအုန်းဖေ၏ ရုံးခန်း၌ ယမန်နေ့ညက မကြည်ကြည်အိမ်တွင် ကြောက်မက်ဖွယ်ရာ တွေ့ကြုံရပုံများကို နီးနှောတိုင်ပင်လျက် ရှိလေ၏။

ကိုအုန်းဖေက –

"ဘယ်လိုအဓိပ္ပာယ်လဲဆရာ၊ အမှုကတော့ သိပ်ဆန်းတာပဲ"

ဟု ပြောလိုက်ရာ ခင်မောင်စိုးက –

"ခက်တာက အလောင်းကို ဘယ်လိုလုပ်ယူလာပြီး ဗီရိုထဲ ထည့်ထားတယ် ဆိုတာရယ်၊ အလောင်းဟာ မည်သူမည်ဝါဖြစ်တယ်ဆိုတာရယ် ကျုပ်တို့ ပထမ စုံစမ်းရလိမ့်မယ် ကိုအုန်းဖေ"

"မကြည်ကြည်အခန်းရဲ့ အပေါ်ထပ်မှာနေတယ်ဆိုတဲ့ ဆရာဝန်ဆိုတာကကော"

"သူ့အခန်းကိုလဲ ကျုပ်တက်ကြည့်ပြီးပြီ၊ တံခါးကို အပြင်က သော့ခလောက်နဲ့ ခတ်ထားတာ တွေ့ခဲ့ရတယ်ဗျ"

"တိုက်ရှင်ကကော မေးမကြည့်ဘူးလား ဆရာရဲ့၊ တိုက်ရှင်က အောက်ထပ်မှာ နေတယ်ဆို"

"မေးကြည့်ပြီးပါပြီ ကိုအုန်းဖေ၊ ဒီလူက ဒီလိုပဲ ထွက်သွားချင်တဲ့အခါ ထွက်သွားပြီး ပြန်လာချင်တဲ့အခါမှာ လာသတဲ့၊ နေတယ်သာဆိုရတယ် အခန်းတံခါးကို သော့ခတ်ထားတဲ့အချိန်က များတယ်ဆိုပဲ"

"တိုက်ရှင်ကကော သူ့ပုံသဏ္ဌာန်ကို မပေးနိုင်ဘူးလား"

"ပေးနိုင်ဖို့ နေနေသာသာ ဒီလူကို တစ်ခါမှ မမြင်ဖူးဘူးတဲ့"

"မကြည်ကြည်ကော မမြင်ဖူးဘူးလား"

"သူလဲ တစ်ခါမှ မမြင်ဖူးဘူးတဲ့ဗျ၊ ဒီလူက ညကျမှ ထွက်ဟန်လက္ခဏာရှိတယ်"

"ဒီလိုဆိုရင် ပိုပြီး မသင်္ကာစရာပေါ့ဆရာ"

"ကျုပ်ပြောတဲ့အတိုင်း ပုလိပ်နှစ်ယောက်ကို ထားလိုက်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"တိုက်ရှေ့က အမြဲစောင့်နေဖို့ အရပ်ဝတ် အရပ်စားနဲ့ ပုလိပ်သား နှစ်ယောက် ကျွန်တော် ချထားလိုက်ပါပြီဆရာ"

"သူတို့ဆီက အကြောင်းမှုထူးရင် ကျုပ်ဆီကို ဖုန်းဆက်လိုက်နော်"

"ကောင်းပါပြီဆရာ"

"ဪ . . . ဒါထက် ဆေးရုံက ဆေးစာ ဘယ်အချိန်လောက် ကြည့်ရမလဲကွဲ့"

(ယမန်ညက တွေ့ရသော အမည်မသိသူအလောင်းကို ဆေးရုံသို့ ပို့ထားသဖြင့် ထိုအလောင်းကို ခွဲစိတ်သော ဆရာဝန်၏ ဆေးသက်သေခံချက်ကို ဆိုလိုသည်။)

"ညနေ ၃ နာရီလောက် ရလိမ့်မယ်"

"ကိုင်း . . . ဒါဖြင့် ဒီလိုလုပ်ပေတော့ ကိုအုန်းဖေ၊ နေ့လယ် ၂ နာရီထိုးလို့မှ အစောင့်ချထားတဲ့ ပုလိပ်သားနှစ်ယောက်ဆီက အကြောင်းမထူးရင် ကုန်သည်လမ်းကို ကိုအုန်းဖေလိုက်သွား၊ မကြည်ကြည်နေတဲ့ အခန်းရဲ့ အပေါ်တည့်တည့်က အခန်းနံပါတ် ၁၃ ကို သော့ခလောက်ရိုက်ချိုးပြီး ဖွင့်ပေတော့၊ ကြားလား ကိုအုန်းဖေ"

"ကောင်းပါပြီဆရာ"

"တကယ်လို့ အမှုနဲ့ မပတ်သက်တောင် ကျုပ်မှာ တိုင်းရေးပြည်ရေးနဲ့ ပတ်သက်လို့ မသင်္ကာတဲ့လူတွေကို ဖမ်းဆီးနိုင်တဲ့ အခွင့်အာဏာရှိတယ်ဆိုတာ ကိုအုန်းဖေ သိတယ်မဟုတ်လား"

"သိပါတယ် ဆရာ"

"အဲဒီ အပေါ်ထပ်က ဆရာဝန်ဦးပန်းခိုင်ဆိုတဲ့ လူကိုတော့ ချက်ချင်းသာ ဖမ်းလိုက် ကိုအုန်းဖေ၊ ကျုပ်တာဝန်ထားပါ"

"ဟုတ်ကဲ့ဆရာ"

ထို့နောက် ခင်မောင်စိုးသည် ဆူးလေဘုရားလမ်းရှိ မိမိအလုပ်တိုက်သို့ ခြေကျင်လျှောက်၍ လာခဲ့လေ၏။ အပေါ်ထပ်သို့ တက်သွားရာ အခန်းတံခါးပွင့်နေသည့်ပြင် အခန်းတွင်း၌ ရှင်းလင်းပြီးဖြစ်နေ၍ လက်နှိပ်စက်၌လည်း မကြည်ကြည် ထိုင်နေသည်ကို တွေ့ရလေသည်။

"ကြည်လေး ဒီကနေ့ ဘာဖြစ်လို့ အလုပ်ဆင်းသလဲ"

"မနေ့က ကူးစရာ စာတွေရယ်၊ အလုပ်တွေ အများကြီးကျန်နေလို့ အစ်ကိုကြီးရဲ့"





"နေမကောင်းရင် ပြန်ပါကွယ်၊ ဆက်လုပ်မနေပါနဲ့"

"ဪ ဒါထက် ဒုတိယပုလိပ်မင်းကြီးဆီက တယ်လီဖုန်းဆက်တာ နှစ်ခါရှိပြီ အစ်ကိုကြီးရဲ့"

"ဪ ဟုတ်လား"

"ကြည်လေးက ဘယ်နှယ်ပြန်ပြောလိုက်သလဲ"

"အစ်ကိုကြီးလာရင် ချက်ချင်းပြောလိုက်ပါမယ်လို့ ပြောလိုက်တယ်"

"အကြောင်းကိုတော့ မပြောဘူးလား"

"ဟင့်အင်း မပြောဘူး၊ အစ်ကိုကြီးရဲ့"

ခင်မောင်စိုးသည် တယ်လီဖုန်းရှိရာသို့ ချက်ချင်းသွား၍ ဒုတိယပုလိပ်မင်းကြီးထံ ဆက်ရာ ဒုတိယပုလိပ်မင်းကြီးက ပုလိပ်မင်းကြီးထံမှ ခင်မောင်စိုးအား နန်းရင်းဝန်ကြီးနှင့် အမြန်ဆုံး သွားရောက်တွေ့ဆုံရန် မှာကြားကြောင်းဖြင့် ပြောပြလေ၏။

"ဘာအကြောင်းလဲ အစ်ကိုကြီးရဲ့"

"နန်းရင်းဝန်ကြီးနှင့်သွားတွေ့ဖို့ အစ်ကိုကြီးကိုပြောလိုက်တယ်"

"ဘာကိစ္စများလဲ"

"တိုင်းရေးပြည်ရေးနဲ့ ပတ်သက်တာဖြစ်မှာပေါ့ကွယ်"

"အစ်ကိုကြီးကလဲ ကိုယ့်ကိစ္စတွေနဲ့ကိုယ် အလုပ်ရှုပ်ရတဲ့အထဲမှာ တိုင်းရေးပြည်ရေးတွေ လုပ်မနေစမ်းပါနဲ့ အစ်ကိုကြီးရယ်"

"ဪ . . . ဒီဟာကတော့ ကိုယ်နေတဲ့နိုင်ငံကို တတ်နိုင်သမျှကာကွယ်စောင့်ရှောက်ဖို့ အစိုးရက လုပ်နေပြန်တော့ ကိုယ်တို့လဲ တတ်တဲ့ဘက်ကနေပြီး ကူညီရတာပေါ့ ကြည်လေးရယ် . . .၊ သူတို့ နယ်ချဲ့စနစ်တွေကို ကြိုက်လို့မှမဟုတ်ဘဲ၊ ကိုင်း ကြည်လေး ဒီကနေ့ အလုပ်မဆင်းနဲ့ ပြန်ပေတော့ . . ."

"ဟိုအမှုကော အစ်ကိုကြီးလိုက်နေပြီလား"

"ဒီဟာတွေ စဉ်းစားမနေပါနဲ့ ကြည်လေးရယ် . . . ထိတ်စရာ လန့်စရာတွေ အခုတလော အသာထားလိုက်ဦး"

"ဒါဖြင့် ကျွန်မ ဘာလုပ်ရမလဲ"

"ကြည်လေး လုပ်ရမယ့် အလုပ်က အိမ်ပြန်၊ တစ်ရေးတမောအိပ်၊ အိပ်ရာက နိုးရင် ရေမိုးချိုး၊ သနပ်ခါးလိမ်း၊ သွေးဆေးနဲ့ အရက်နဲ့ . . . တာ အစ်ကိုကြီးစပ်ပေးတဲ့အတိုင်းသောက်၊ တော်တော်ကြာတော့ အစ်ကိုကြီးလည်း



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာရော . . . ထမင်းလည်းစားကြရော ဒါမှမဟုတ်လို့ ဆာရင်ထဲ စားနှင့်ဆဲ"

"အော် . . . ယောဒိမှာ အစ်ကိုကြီးနာမည်နဲ့ စာသုံးစောင်"

ခင်မောင်စိုးသည် အရင်လိုသဖြင့် စာများကို ဖောက်ရန် အချိန်မရဘဲ အိတ်ထဲသို့ ထည့်ထားလိုက်လေ၏။ ထို့နောက် တက္ကစီတစ်စီးကို တယ်လီဖုန်းဖြင့် မှာကြားလိုက်ရာ မကြာမီ တက္ကစီကားတစ်စီးရောက်လာသဖြင့် နန်းရင်းဝန်ကြီးအိမ်သို့ ထွက်သွားလေ၏။

| ၄ |

မကြည်ကြည်သည် အလုပ်တိုက်မှ မိမိ ခေတ္တနေထိုင်သော ခင်မောင်စိုးအိမ်သို့ လန့်ချားတစ်စီးဖြင့် ပြန်ခဲ့ရာ ခင်မောင်စိုး၏ အဒေါ်က ဆီးကြိုနှုတ်ဆက်လေသည်။

"အော် . . . တူမကြီး ပြန်လာမှကိုး၊ တယ်စောပါကလား"

"ဟုတ်ကဲ့ကြီးကြီး၊ အစ်ကိုကြီးက စောစောပြန်ဆိုလို့"

"သူကော အလုပ်တိုက်မှာ ရှိသလား"

"ဟုတ်ကဲ့ ကျွန်မနဲ့ တွေ့ခဲ့ပါတယ်၊ နို့ပေမယ့် နန်းရင်းဝန်ကြီးအိမ်က ဖုန်းဆက်ခေါ်လို့ အရေးကြီးတာနဲ့ သွားတယ်"

"အရေးထဲ နန်းရင်းဝန်ကြီးက ဘာကိစ္စရှိရပြန်သလဲ မပြောတာတ်ဘူး"

"မသိပါဘူး ကြီးကြီးရယ်၊ ဖုန်းမှ နှစ်ခါဆက်ခေါ်တယ်"

"ဒါဖြင့် သူဘယ်တော့ပြန်မယ် ပြောသလဲ"

"မပြောတာတ်ဘူးကြီးကြီး၊ ပြီးတော့လဲ ဆေးရုံကြီးသွားပြီး ဆေးစာကြည့်ဖို့ ကိစ္စကလဲ ရှိသေးတယ် ပြောတယ်"

"ဒါဖြင့် သူ ညနေမှ ပြန်လာမှာပေါ့၊ ကြည်လေး ကော်ဖီသောက်တော့လေ"

"ကျွန်မ အလုပ်တိုက်က သောက်လာပြီကြီးကြီး"



www.burmeseclassic.com

www.burmeseclassic.com



"တူမကြီးတောလဲကွယ် သိပ်ပြီး အားနာတတ်တာပဲ၊ ခဏနေရပေမယ့် ကိုယ့်အိမ်လို သဘောထားမှပေါ့၊ တူမကြီးရဲ့၊ ဘာမှ အားနာမနေစမ်းပါနဲ့ ကြားလား ပြီးတော့ ထမင်းစားပြန်တော့လဲ ဟုတ်တိပတ်တိ မစားဘူး"

"ဒါကတော့ ညက အအိပ်လည်း ပျက်လို့ပါ ကြီးကြီးရဲ့၊ ပြီးတော့ ရင် တွေဘာတွေလဲ တုန်နေလို့ပါ"

"ကိုင်းလေ နေရတဲ့အခိုက် စိတ်ချမ်းချမ်းသာသာ နေစမ်းပါ တူမကြီး ရယ်၊ ဒီဟာတွေ ပြန်တွေးမနေစမ်းပါနဲ့၊ မောင်ခင်မောင်စိုး အရှိသားပဲ သူ ကြည့်လုပ်လိမ့်မပေါ့"

"ဟုတ်ကဲ့ကြီးကြီး"

"ကိုင်း ကော်ဖီမသောက်ရင် ရေမိုးချိုးပြီး သနပ်ခါးလိမ်းပေတော့"

"ဟုတ်ကဲ့"

မကြည်ကြည်သည် မောင်ခင်မောင်စိုး အကြံပေးချက်အတိုင်း သူ၏ နေအိမ်သို့ ခေတ္တပြောင်းရွှေ့လာခဲ့ရာ မောင်ခင်မောင်စိုး၏ အဒေါ်မှာလည်း မိမိတူမအရင်းကဲ့သို့ မကြည်ကြည်အား ပြုစုယုယလေသည်။ သို့နှင့် မကြည်ကြည်သည် ရေမိုးချိုးပြီးနောက် အခန်းထဲတွင် သနပ်ခါးလိမ်းလျက် ရှိလေ၏။

ထိုအချိန်၌ အိမ်ရှေ့ဧည့်ခန်းသို့ သူစိမ်းဧည့်သည်ယောကျ်ားတစ်ယောက် ဝင်လာပြီးလျှင် မကြည်ကြည်နှင့် ခေတ္တတွေ့လိုကြောင်း ပြောသဖြင့် အိမ်ရှေ့ခန်းတွင် စောင့်နေသော အဒေါ်ကြီးသည် မကြည်ကြည်အား ခေါ်ရန် အိမ်ခန်းထဲသို့ ဝင်လာခဲ့လေ၏။

"အိမ်ရှေ့မှာ ဧည့်သည်တစ်ယောက်က တူမကြီးကို တွေ့ချင်လို့တဲ့၊ တူမကြီးအသိထင်ပါရဲ့"

"မိန်းမဧည့်သည်လား ကြီးကြီး"

"မဟုတ်ဘူး ယောကျ်ားကြီး"

"အစ်ကိုကြီး ဧည့်သည်များလား မပြောတတ်ဘူး၊ ကျွန်မနာမည်ကို မေးသလား ကြီးကြီး"

"မေးတယ် တူမကြီးရဲ့ . . ."

"ဘယ်သူနဲ့မှ တွေ့ဖို့ ချိန်းထားတာတော့ မရှိဘူး . . . နို့ပေမယ့် အစ်ကိုကြီးက ရုံးကနေပြီး လွှတ်လိုက်သလား မဆိုနိုင်ဘူး"

"ဟုတ်တယ် သူက ဒီလိုပဲ ပြောတတ်တယ် တူမကြီးရဲ့"





"ဒါဖြင့် ခဏစောင့်နေပါဦးလို့ ပြောလိုက်ပါ ကြီးကြီး . . .၊ ကျွန်မ အဝတ်ကလေးများ လဲလိုက်ပါရစေဦး"

အဒေါ်ကြီး ထွက်သွားသောအခါ မကြည်ကြည်သည် သနပ်ခါးရေ ကျဲကလေးကို ညီရုံကလေးမျှ ညှိပြီးလျှင် အပေါ်မှ ပွန်ပီယာပေါင်ဒါကို ဗို့ဖတ် ပုဝါကလေးဖြင့် ရိုက်လေ၏။ ထို့နောက် ဆံပင်နောက်တွဲ၊ ပဒုမ္မာ အင်္ကျီ တစ်ပတ်ရစ်၊ တိုဘရယ်ကိုးလုံချည် အဝါပွင့်ကြီးကို ဝတ်ပြီးလျှင် အပြင်ဧည့်ခန်းသို့ ထွက်ခဲ့လေ၏။

ဧည့်ခန်းရှိ ဆိုဖာတစ်လုံးပေါ်၌ကား လူတစ်ယောက်သည် အလွန် အေးဆေးသော အမူအရာဖြင့် နောက်သို့ ခပ်မှီမှီထိုင်ကာ စီးကရက်တစ်လိပ် ကို သောက်လျက်ရှိလေရာ မကြည်ကြည်သည် မိမိတစ်ခါမျှ မမြင်ဖူးသော ဧည့်သည်ကို ကြည့်ပြီးလျှင် အံ့အားသင့်လျက် ရှိလေသည်။

ထိုသူမှာ အသက် ၄၅ နှစ်ခန့်ရှိပြီဟု ခန့်မှန်းရ၍ လက်နှစ်လုံးခန့်မျှ ဖွေးဖွေးဖြူလျက်ရှိသော ဗိုလ်ဆံတောက်မှာ ရှေ့ပိုင်း နဖူးထိပ်တွင် အထက်သို့ တည့်မတ်စွာ ထောင်လျက်ရှိ၏။ အသားမှာ အသားလတ်ဖြစ်၍ လက်ဝဲဘက် ဥ၌ ဓားခုတ်ရာကဲ့သို့ အနာရွတ်ကြီးတစ်ခုသည် ပါးစပ်၏ နံဘေးမှ နားရွက် သို့ ထိလုမတတ် ရှိနေ၏။ အဝတ်အစားမှာ ယောလုံချည် သက္ကလပ် အင်္ကျီ အနက် စသည်ဖြင့် တစ်ကိုယ်လုံး အနက်ကို ဝတ်ဆင်ထားသဖြင့် ဖြူသော ဆံပင်မှာ နက်သောအဝတ်များပေါ်တွင် ထင်ရှားလှပေ၏။ ထိုသူ၏ ထင်ရှား သော အချက်နှစ်ချက်မှာ ဖြူ၍ ထောင်သော ဆံပင်ဖြင့် ရှုးရှသော မျက်လုံး နက်များ ဖြစ်လေသည်။

ထိုသူသည် စီးကရက်အတိုကို ငွေပန်းကန်ပြားခွက်ထဲသို့ လက်ဖြင့် ဖိ၍ မီးငြိမ်းလိုက်ပြီးနောက် –

"မကြည်ကြည်"

"အစ်ကိုကြီး အသိထင်ပါရဲ့"

"သူကတော့ သိမယ်မဟုတ်ပါဘူး၊ ကျုပ်က သိတယ်"

"ရှင်က ကျွန်မနာမည်ကို မေးတယ်ဆို"

"ဟုတ်ကဲ့ မေးတယ်"

"ရှင့်ကို ကျွန်မမှ မသိဘဲနဲ့"

"မကြည်ကြည်က မသိဘူးဆိုတာတော့ ဟုတ်ပါလိမ့်မယ်၊ ဒါပေမယ့် ကျုပ်က သိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီးက ရုံးကနေပြီး လွှတ်လိုက်တယ်လို့ ကြီးကြီးကို ရှင်က ပြောတယ်ဆို"

"ပြောသားပဲ"

"ဒါဖြင့် ရှင်လိမ်တာပေါ့"

"မကြည်ကြည်နဲ့ စကားပြောချင်လို့ လိမ်ရတာပဲ"

"ဘာအကြောင်းများ ပြောချင်လို့လဲ"

"အရေးကြီးတဲ့ စကားတစ်ခွန်း နှစ်ခွန်း ပြောချင်လို့ပါ"

ထိုသူ၏ မျက်နှာမှာ တစ်ခဏအတွင်း စိတ်ပူပန်လျက်ရှိသည့် အမူအရာမျိုး ရှိလေရာ အခြားတစ်ခဏအတွင်း၌မူ ကြည်လင်၍လာသဖြင့် စက္ကန့်အနည်းငယ်အတွင်း၌ပင် မျက်နှာအမူအရာကို အမျိုးမျိုးပြောင်းလဲနိုင်သူ တစ်ယောက်ဖြစ်ကြောင်း ထင်ရှားလှ၏။ ဤသို့ မျက်နှာအမူအရာ ပြောင်းလဲသွားတိုင်းလည်း သူ၏ တောက်ပြောင်သော မျက်လုံးအစုံသည် ကြည့်နေသူ၏ အတွင်းစိတ်ကို ထိုးဖောက်၍ မြင်ရဘိသကဲ့သို့ စူးရှလှပေ၏။

မကြည်ကြည်၏ စိတ်ထဲတွင် "ဒီလူဟာ ဆရာဝန် ဦးပန်းခိုင်ဆိုတဲ့လူများ ဖြစ်လေရော့သလား၊ ဒါကြောင့် သူသတ်လိုက်တဲ့ လူသတ်မှုအကြောင်းနဲ့ ပတ်သက်ပြီး ပုလိပ်ဘက်က ဘယ်လိုစုံစမ်းနေတယ်ဆိုတာ သိရအောင် လာတာနဲ့တူတယ်၊ ဟုတ်ပါတယ် သတ်တာ ဒီလူနဲ့ပဲတူတယ်၊ သူ့မျက်လုံးက စူးက စူးသနဲ့ ကြောက်စရာကြီး" ဟု အောက်မေ့ကာ ထိုသူ၏ မျက်နှာကို မျှတ်ခနဲ ကြည့်လိုက်လေ၏။ သို့သော် ဧည့်သည်၏ မျက်လုံးများမှာ မကြည်ကြည်၏ စိတ်ကို ထိုးထွင်းမြင်ရဘိသကဲ့သို့ –

"မကြည်ကြည် ဒီလိုထင်ရင် မှားမှာပေါ့၊ ကျုပ်လာတဲ့ကိစ္စက ပုလိပ်ဘက်က မကြည်ကြည်နေတဲ့အခန်းမှာ တွေ့ရတဲ့ လူသတ်မှုဟာ ဘယ်အထိ ခရီးရောက်နေပြီဆိုတာ သိရအောင် လာတာမဟုတ်ပါဘူး"

"ရှင်က ဘာပြောတယ်၊ ကျွန်မအခန်းထဲမှာ ဖြစ်တဲ့ကိစ္စကို ရှင်က ဘယ်လိုလုပ်ပြီး သိရတာလဲ၊ ရှင့်ကို ဘယ်သူက ပြောသေးလို့လဲ"

"မပြောသေးပေမယ့် သိပါတယ် မကြည်ကြည်၊ ကျုပ်က မပြောခင်က သိတတ်တယ်"

"ဟင် ဒါဖြင့် ဒီကိစ္စ ရှင်သိတာပေါ့"

"သိပါတယ်၊ ကျုပ်အလုပ်က ရန်ကုန်မြို့ပေါ်မှာ ဘယ်နေရာမှာ ဘယ်သူ ဘာဖြစ်တယ်ဆိုတာ သိရတဲ့အလုပ်ပဲ"





"ဒါဖြင့် ရှင်က ဘယ်သူလဲ"

"ကျုပ်လား လူကြီးလူကောင်းတစ်ယောက်လေ"

မကြည်ကြည်၌ ကြောက်ရွံ့သောစိတ်၊ မသင်္ကာသောစိတ်၊ မခံချင်သောစိတ်များ ပေါ်ပေါက်လာသဖြင့် အိမ်ရှေ့အလုပ်စားပွဲမှ နောက်ဖေးမီးဖိုဆောင်သို့ အစေခံများကို ခေါ်ရန် ဆက်ထားသော ဓာတ်ခေါင်းလောင်း ခလုတ်ကလေးကို ထိုသူမမြင်အောင် နှိပ်ရန် မိမိထိုင်နေသော ကုလားထိုင်ကို နံဘေးသို့ အနည်းငယ်ရွှေ့ပြီးလျှင် စားပွဲအောက်ရှိ ခလုတ်ကလေးကို နှိပ်လိုက်လေ၏။ သို့သော် ဧည့်သည်ကား ကြွေမပျက်ချေ။

"အစေခံခေါ်တဲ့ ခေါင်းလောင်းနှိပ်လို့ အပိုပဲ မကြည်ကြည်"

"ဘာပြုလို့လဲ"

"လိုလိုမယ်မယ် ကျုပ်ရောက်စက ဖြုတ်ထားလိုက်တယ်"

"စိတ်ညစ်လိုက်တာနော်၊ ကြီးကြီးကလဲ ဘယ်သွားမှန်းမသိဘူး"

"မျက်စောင်းထိုးက တိုက်ဟာ မောင်ခင်မောင်စိုးနဲ့ အင်မတန်ခင်တဲ့ တော်လှံဦးဘသိန်းတိုက် မဟုတ်လား၊ ကျုပ် အဒေါ်ကြီးကို အဲဒီတိုက် ခဏ ဆည့်လွှတ်လိုက်တယ်"

"ရှင် ဘယ့်နှယ်လုပ်တာလဲ"

"ဒါမှ အေးအေးဆေးဆေး ကျုပ်လိုချင်တာ စုံစမ်းနိုင်တော့မပေါ့"

မကြည်ကြည်သည် ဧည့်သည်အား ဝမ်းထဲက စိမ့်၍ ကြောက်ရွံ့လာသည်။ သို့သော် ကြွေမပျက်စေဘဲ –

"ဘာလဲ ရှင် ဘယ်လိုလူကြီးလဲ . . ."

မကြည်ကြည်သည် စားပွဲပေါ်မှ တယ်လီဖုန်းလက်ကိုင်ကို ကောက်၍ ကိုင်လိုက်လေ၏။

"ဒါလဲ အလကားပါပဲ မကြည်ကြည်၊ တယ်လီဖုန်းကြိုးတွေ ကျုပ်ဖြတ်ထားပြီးပြီ"

မကြည်ကြည်သည် ထို ထူးဆန်းသော သူအား ကြည့်ရင်း တဖြည်းဖြည်း ကြောက်ရွံ့လာသော စိတ်ဓာတ်များ ပေါ်ပေါက်လာလေ၏။ သို့သော် ထိုသူ၏ မျက်နှာကို မကြည့်ဘဲ မနေနိုင်ချေ။ ထိုသူ၏ ထူးဆန်းသော အမူအရာ၊ ထိုသူ၏ စူးရှသော မျက်လုံး၊ ဖြူ၍ထောင်နေသော ဆံပင်၊ လက်ဝဲဘက်ပါးပေါ်မှ အနာရွတ်များကို စိတ်ထဲတွင် တစ်ခုစီ မှတ်ထားပြီးနောက် . . . ခင်မောင်စိုး ပြန်လာသောအခါ လုံးစေ့ပတ်စေ့ ပြန်၍ပြောမည်ဟု အောက်မေ့၏။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် ထိုသူသည် မကြည်ကြည်၏ စိတ်ကူးများကို တင်ကြို၍ သိဟန် လက္ခဏာရှိလေသည်။

"လူရုပ်ကို မှတ်မိဖို့လဲ အခက်သားကလား မကြည်ကြည်၊ မကြည်ကြည်လဲ စုံထောက်ကြီးတစ်ယောက်ရဲ့ စက္ကရီတေရီ လုပ်နေတာပဲ၊ ကျုပ်အိတ်ထဲမှာ ပါတဲ့ ဆေးသေတ္တာကလေးနဲ့ မှန်ကွဲလေးတစ်ချပ်ရှိရင် နာရီဝက်အတွင်း သုံးချိုးလောက်တော့ ရုပ်ပြောင်းနိုင်တာပေါ့"

ထိုအခါ မကြည်ကြည်၏စိတ်ထဲတွင် ထိုသူမှာ အခြားသူမဟုတ်၊ မိမိအခန်း၏ အပေါ်ထပ်တွင်နေသော ဆရာဝန်ဦးပန်းခိုင်ဆိုသူများ ဖြစ်လေရော့သလားဟု တစ်ဖန် အောက်မေ့မိပြန်၏။

"ရှင် ဘယ်သူလဲ ဆရာဝန်ဦးပန်းခိုင်ဆိုတာ ရှင်ပဲ ထင်တယ်"

"ဟား . . . ဟား . . . ဟား . . ."

ဖြူဖွေးသောသွားများ ပေါ်၍လာသည့်တိုင်အောင် ထိုသူသည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေ၏။

ထိုသူသည် ယခင်ကထက် အေးဆေးလှသော အမူအရာဖြင့် ရွှေစီးကရက်ဘူးကလေးတစ်ခုကို အိတ်ထဲမှ ထုတ်ယူပြီးလျှင် စီးကရက်တစ်လိပ်ကို ထုတ်ယူမီးညှိပြီးနောက် မကြည်ကြည်ဘက်သို့ စီးကရက်ဘူးကို လှမ်း၍ ပေးလေသည်။

"မကြည်ကြည် စီးကရက်သောက်ပါ"

"ကျွန်မ မသောက်ပါဘူး"

"ကျုပ်ကို ဆရာဝန်ဦးပန်းခိုင်လို့ ထင်နေတယ် ဟုတ်စ"

"ဟုတ်တယ်"

"ဒီဟာတစ်ခုတော့ မကြည်ကြည် လုံးလုံးမှားပြီ"

"ဘာပြုလို့လဲ"

"ကျုပ်က ဆရာဝန်ဦးပန်းခိုင်မှ မဟုတ်ဘဲ"

"ဒါဖြင့် ဦးပန်းခိုင်က ဘယ်မှာလဲ"

"မကြည်ကြည်ရဲ့ အဝတ်ဗီရိုကြီးထဲက တွေ့တာ ဆရာဝန်ဦးပန်းခိုင်ပေါ့"

"အလိုလေး . . . ဘုရား . . . ဘုရား . . ."

ထို့နောက် ထိုလူကြီးသည် ခပ်ပြုံးပြုံးနှင့်ပင် တိုက်ခန်းမှ ဆင်းသွားလေ၏။

| ၁ |

နန်းရင်းဝန်ကြီးသည် အိမ်ရှေ့ဧည့်ခန်းတွင် လမ်းလျှောက်လျက်ရှိရာ ခင်မောင်စိုးဝင်လာသည်နှင့် ဆီးကြိုနှုတ်ဆက်ပြီးလျှင် အလုပ်ခန်းစားပွဲရှိရာသို့ ခေါ်သွားလေ၏။

နန်းရင်းဝန်ကြီးက –

"မောင်ခင်မောင်စိုးလာမယ့်အကြောင်း ဒုတိယပုလိပ်မင်းကြီးက အခုဘင်ကပဲ ဖုန်းနဲ့ဆက်ပြီး ပြောလိုက်တယ်။ ဒီလိုကွယ့် မောင်ခင်မောင်စိုးရဲ့၊ အခု ကျုပ်ပြောမယ့်ကိစ္စက နိုင်ငံရေးနဲ့ရော တိုင်းပြည်ငြိမ်ဝပ်ပိပြားရေးနဲ့ရော တော်သက်ပြီး အင်မတန်လျှို့ဝှက်ပြီး ဆောင်ရွက်ရမယ့် ကိစ္စတစ်ခုဖြစ်တယ်၊ မောင့်ကို နိုင်ငံခြားသားများနဲ့ ပတ်သက်တဲ့ လျှို့ဝှက်ချက်များကို တစေ့တစောင်းကြည့်ဖို့ ပုလိပ်မင်းကြီးက လွှဲအပ်ထားပြီးဖြစ်တဲ့အကြောင်း သိရလို့ မောင့်ကို ရွေးပြီး ခေါ်လိုက်တာပဲ"

"ကိစ္စသာ အမိန့်ရှိပါ ဝန်မင်း"

"ဒီလိုကိုး မောင်ခင်မောင်စိုးရဲ့၊ မောင့်ကို အထူးသဖြင့် ဂျပန်များရဲ့ လှုပ်ရှားမှုကို စောင့်ကြည့်ဖို့ အစိုးရက အကူအညီတောင်းထားတဲ့အတိုင်း အခု ... မှာ ကျုပ်တို့အစိုးရရဲ့ လျှို့ဝှက်ချက်တွေကို ဖွင့်ပြောသင့်သလောက် ပြောအချိန်ရောက်ပြီလို့ ကျုပ်တို့ ယူဆတယ်၊ အခု ကျုပ်ပြောမယ့် ကိစ္စဟာ ... ခံမင်းမြတ်ကလွဲပြီး ကျုပ်ရယ်၊ ပုလိပ်မင်းကြီးရယ်၊ စုံထောက်မင်းကြီး ... အထက်လွှတ်တော်က အမတ်တစ်ယောက်ရယ်၊ ဒီ ၄ ယောက်သာ သိ



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်။ သည်တော့ ဒီကိစ္စကို ဘယ်သူမှ အသိမပေးဘဲ လျှို့ဝှက်ပြီး ဆောင်ရွက်စေချင်တယ်"

"ဆောင်ရပါပြီ ဝန်မင်း၊ ကျွန်တော်တာဝန်ယူပါတယ်"

"ဒီလိုမောင်ရဲ့၊ ဟုမ်းလမ်း (မှာနေတဲ့ တနသ်ာရီနယ်အတွက် အထက်လွှတ်တော်အမတ် ဦးရွှေဗံအောင်ဟာ ထားဝယ်သင်္ဘောနဲ့ အခုလာမယ့် စနေနေ့ ည ၃ နာရီလောက်မှာ ရောက်ပြီး သူနဲ့အတူ ကျုပ်တို့ အင်္ဂလိပ်အစိုးရမှာ အင်မတန်အရေးကြီးနေတဲ့ မြေပုံနဲ့ စာရွက်စာတမ်းတွေ ပါလာလိမ့်မယ်၊ ဒီစာရွက်တွေအကြောင်းကို ပြီးမှ ကျုပ်ပြောပြမယ်၊ သည်တော့ အခု ဒီစာရွက်တွေကို လိုချင်တဲ့ လူဆိုးတစ်စု ရှိနေတယ် မောင်ခင်မောင်စိုးရဲ့၊ ဒီလူစုဟာ နိုင်ငံခြားရဲ့ အထောက်အပံ့ရပြီး ဘယ်သူ့ကိုမှလဲ မရှောင်ဘူး၊ ဘယ်သူ့မှလဲ မကြောက်ဘူး၊ ဘယ်သူ့မျက်နှာမှလဲ မထောက်ဘူး၊ ခိုးရရင် ခိုးယူမယ်၊ တိုက်ရရင် တိုက်ယူမယ်၊ လူသတ်ပြီး ယူရမယ်ဆိုရင် သတ်ပြီးယူမယ်၊ သည်တော့ မောင်ခင်မောင်စိုးက ယုံကြည်စိတ်ချရတဲ့ ပုလိပ်အရာရှိများနဲ့ တိုင်ပင်ပြီး သင်္ဘောဆိပ်ကနေ စောင့်၊ နောက်ပြီး ဟုမ်းလမ်း) အထိ ဒီအမတ်ကြီး ဦးရွှေဗံအောင်ရဲ့ အသက်နဲ့တကွ အရေးကြီးတဲ့ စက္ကူတွေကိုပါ ကောင်းကောင်းမွန်မွန် ချောချောမောမောရောက်အောင် စောင့်ရှောက်ဖို့ပါပဲ"

"ကောင်းပါပြီခင်ဗျာ၊ ဒါပေမယ့် ဒီစာရွက်စာတမ်းတွေအကြောင်းနဲ့ ဒီဟာတွေကို ကြံစည်ပြီးနေတဲ့ လူဆိုးတွေအကြောင်းကို အရိပ်အမြွက်လောက်တော့ ကျွန်တော်တို့ကို အသိပေးဖို့ သင့်တယ်ထင်ပါတယ် ဝန်ကြီးမင်း"

"မှန်ပေတယ် မှန်ပေတယ်၊ အဆက်အသွယ် ဘယ်လိုရှိတယ်ဆိုတာ မောင့်ကို အသိပေးသင့်တယ်လို့ ကျုပ် ယူဆပါတယ်၊ ဒီစာရွက်တွေဟာ တခြားမဟုတ်ဘူး မောင်ခင်မောင်စိုးရဲ့၊ ဂျပန်ဟာ ကျုပ်တို့ အင်္ဂလိပ်ကို တိုက်တော့မယ်ဆိုတာ မြေကြီးလက်ခတ်မလွဲဘူး၊ တိုက်ရင် ဘယ်ကတိုက်မလဲ၊ ယိုးဒယားကို ဖြတ်ပြီးတိုက်ရမယ်၊ ကျုပ်တို့မြန်မာပြည်ကို ဘယ်နည်းနဲ့မဆို ကုန်းလမ်းက ဝင်မယ်ဆိုရင် ယိုးဒယားနယ်စပ်ကနေပြီး ဝင်ရမယ်၊ တိုင်းပြည်နိုင်ငံတစ်ခုကို သိမ်းယူတယ်ဆိုတာ ရေတပ်ကိုချည်း အသုံးပြုလို့ မပြီးသေးဘူး၊ ပြီးတော့ စကော်ပူကလဲ ရှိနေသေးတယ်၊ ရေကြောင်းကိစ္စကို ဖယ်ထားလိုက်ရင် ကုန်းလမ်းက ဝင်မှာတော့ အမှန်ပဲ၊ သို့သော် ဘယ်လိုလုပ်ပြီး ဘယ်လမ်းကဝင်မယ်ဆိုတာ တင်ကြိုစီမံချက်တွေ ရှိရမယ်၊ ဒီတော့ သူတို့ချင်း လျှို့ဝှက်တဲ့စာချုပ်ချုပ်ဆိုကြတယ်၊ မြေပုံတွေဘာတွေ အကြမ်းရေးဆွဲပြီး စီမံချက်တွေ ပြုလုပ်





ကြတယ် မောင်ခင်မောင်စိုးရဲ့၊ ဒီဟာတွေဟာ ကျုပ်တို့ အစိုးရမှာ ဘယ်လောက်အရေးကြီးသလဲဆိုတာ မောင်ပဲ စဉ်းစားကြည့်ပေတော့"

"မှန်ပါတယ်ခင်ဗျာ၊ တကယ့်ကို အရေးကြီးပါတယ်"

"အဲဒီတော့ သူတို့ဝင်မယ့်နေရာ မြေပုံတွေ၊ ဘယ်နေ့ ဘယ်ရက် ဘယ်တပ်တွေကို အသုံးပြုမယ်ဆိုတာတွေ၊ သူတို့ချင်း ဘယ်လိုနားလည်မှုရှိကြတယ်ဆိုတာတွေ၊ အားလုံးပါတဲ့ စီမံချက်တွေကို ယိုးဒယားအရာရှိတစ်ယောက်က သစ္စာဖောက်ပြီး ကျုပ်တို့ တနင်္သာရီနယ်ဘက်က လူတစ်ယောက်ကို ရောင်းတာကိုး၊ ဒီလူက သူကိုယ်တိုင် အင်္ဂလိပ်အစိုးရဆီကို ပေါက်ပေါက်ရောက်ရောက် မပြောဝံ့လေတော့ အမတ်ကြီး ဦးရွှေဗံအောင်ဆီကတစ်ဆင့် ပေးပို့တယ်ဆိုပါတော့"

"အမိန့်ရှိပါဦး ဝန်မင်း"

"မောင်ခင်မောင်စိုးသိတဲ့အတိုင်း အမတ်ကြီး ဦးရွှေဗံအောင်ဟာ ကျုပ်တို့အစိုးရအဖွဲ့မှာ အတော်အရေးပါအရာရောက်တဲ့ လူတစ်ယောက်ဖြစ်လေတော့ အရေးကြီးတဲ့ တိုင်းရေးပြည်မှုကိစ္စမှန်သမျှ ကျုပ်တို့လွှတ်တော် ဥက္ကဋ္ဌကြီးဟာ သူနဲ့ တိုင်ပင်လေ့ရှိတယ် မောင်ခင်မောင်စိုးရဲ့၊ သည်တော့ ဒီကိစ္စမှာ စာရွက်စာတမ်းတွေ ရတဲ့လူက အမတ်ကြီး ဦးရွှေဗံအောင်နဲ့ ပေါင်းပြီး ကျုပ်တို့အစိုးရနဲ့ အဖိုးသားနား စေ့စပ်တာပေါ့လေ၊ ကျုပ်တို့အစိုးရကို ရောင်းချင်တယ်ဆိုပါတော့"

"အရောင်းအဝယ် သင့်မြတ်ရင် ဦးရွှေဗံအောင်လဲ သူထိုက်တန်သလောက် ကျေးဇူးခံစားရမယ်ဆိုပါတော့ ခင်ဗျာ"

"မှန်တယ်"

"ဒီလူက ကျုပ်တို့အစိုးရနဲ့ စကားအပြီးအပြတ် ပြောဖို့ ဦးရွှေဗံအောင်ကို စာရွက်စာတမ်းတွေအပ်ပြီး သူ့ကို တစ်ခါတည်း တာဝန်လွှဲလိုက်တယ် မောင်ခင်မောင်စိုးရဲ့"

"သြော် . . . အမတ်ကြီးနဲ့အတူပါလာမယ့် အရေးကြီးတဲ့ စာရွက်စာတမ်းတွေဆိုတာက ဒီစာရွက်တွေလား ခင်ဗျ"

"မှန်တယ် မောင်ခင်မောင်စိုး"

"ကျွန်တော် တစ်ခု အစီရင်ခံပါရစေခင်ဗျာ၊ ဒီလိုဆိုရင် အခုလုပ်နေတာ ကိုယ့်အစိုးရကို ကိုယ်ပြန်ပြီး ငွေညှစ်သလို ဖြစ်မနေဘူးလား ခင်ဗျာ၊ ဒီ ... အရေးတယ်ဆိုနိုင်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . မောင်ခင်မောင်စိုးပြောတာလဲ တစ်နည်းအားဖြင့်တော့ မှန်တာပေါ့၊ နို့ပေမယ့် လုံးလုံး မတရားဘူးလဲ မဆိုနိုင်သေးဘူးလေ၊ ဒီစာရွက်တွေကို ရလာတဲ့လူက ကျုပ်တို့အစိုးရက လခရိက္ခာပေးပြီး လွှတ်ထားတဲ့ သူလျှိုလဲ မဟုတ်ဘူး၊ အစိုးရဝန်ထမ်းလဲ မဟုတ်ဘူး၊ သူကိုယ်တိုင် ကြံရဖန်ရ အဖိုးသားနား ပေးပြီး ဝယ်ယူလာရတော့ အမြတ်တင်ပြီး ကျုပ်တို့အစိုးရကို ရောင်းနိုင်ခွင့် ရှိပေတာပေါ့"

"ဒီစာရွက်တွေကို ယိုးဒယား အရာရှိဆီက ပထမဝယ်လိုက်တယ်ဆိုတဲ့ လူက ဘယ်ကတဲ့လဲ ခင်ဗျ"

"ဒီလူက ကရာတူးမြောင်းမှာ အလုပ်လုပ်နေတဲ့လူဆိုထင်ပါရဲ့"

"အခု သူတို့ တောင်းဆိုနေတဲ့ အဖိုးက ဘယ်လောက်ပါလဲ ခင်ဗျာ"

"ငါးသိန်းတဲ့"

"မများပေဘူးလား . . . ခင်ဗျာ"

"များတော့ များတာပလေ၊ ဂျပန် အစိုးရကလဲ ဒီအကြောင်း သိသွားပြီဖြစ်တော့ သူတို့က ပြန်ပြီး မရရအောင် ကြံနေတယ်၊ သူတို့က ငွေ ဘယ်လောက်ပဲကုန်ရကုန်ရ ကျုပ်တို့အစိုးရလက်ထဲ မရောက်ခင်သာ သူတို့ပြန်ရမယ်ဆိုရင် ၁၀ သိန်းတောင် ပေးပြီး ဝယ်ရဲ့၊ စစ်မက်ရေးရာနဲ့ ပတ်သက်လို့ တကယ်အရေးကြီးတဲ့ အကြောင်းအချက်တွေပါတာကလား မောင်ရဲ့"

"မှန်တာပေါ့ ခင်ဗျာ"

"ဒီစာရွက်စာတမ်းတွေဟာ ကျုပ်တို့မြန်မာပြည်အတွက်သာ မဟုတ်ဘူး၊ ယိုးဒယားပြည်လွတ်လပ်ရေးအတွက်ရော၊ စကော်ပူလုံခြုံရေးအတွက်ရော အသက်သွေးခဲတမျှ အရေးကြီးတယ် မဟုတ်လား မောင်ခင်မောင်စိုးရဲ့"

"ကြီးတာပေါ့ခင်ဗျာ"

"အခု ကျုပ်ပြောခဲ့တဲ့အတိုင်း ဂျပန်အစိုးရကလဲ သိသွားတော့ သူလျှိုတွေ ဘာတွေတောင် လွှတ်ထားပြီလို့ အတွင်းစကားကြားရတယ်၊ သည်တော့ ကျုပ်ပြောတဲ့ လူဆိုးတစ်စုက ဒီစာရွက်စာတမ်းတွေ မရရအောင် ကြံပြီး ဂျပန်အစိုးရကို တိတ်တဆိတ်ရောင်းစားဖို့ ကြံစည်နေတယ် မောင်ခင်မောင်စိုးရဲ့ ဒီတော့ ကျုပ်က ဘာလုပ်ရမလဲဆိုရင် ဒီလူဆိုးတွေရဲ့ရန်ကို ကာကွယ်ပြီး စာရွက်တွေ ဂျပန်လက်ထဲ ပြန်မရောက်အောင် လုပ်ရလိမ့်မယ်၊ ပုလိပ်ခန်းကြီးကလဲ ဘယ်လောက်ပဲ အကူအညီလိုလို ပေးဖို့အသင့်ပါပဲ"

"ကျွန်တော်တို့အစိုးရနဲ့ စေ့စပ်ဖို့ရက်က ဘယ်တော့လဲခင်ဗျ"





"ဒီကနေ့ အင်္ဂါနေ့မဟုတ်လား၊ ဦးရွှေဖီအောင်က စနေနေ့သဘောင်္ဘောနဲ့ ရောက်ပြီး တစ်ပတ်အကျော် နောက် ဗုဒ္ဓဟူးနေ့မှာ လွှတ်တော်အစည်းအဝေး ရှိတယ်၊ အဲဒီအစည်းအဝေးမှာ တင်ပြပြီး လျှို့ဝှက်စွာ စဉ်းစားလိမ့်မယ်"

"ကောင်းပါပြီခင်ဗျာ၊ အမတ်ကြီးကို အိမ်ရောက်သည်အထိ စောင့်ရှောက်ဖို့ ကျွန်တော် တာဝန်ယူပါတယ်"

"သြော် . . . ဒါထက် မောင်ခင်မောင်စိုးကို တစ်ခုမေးရဦးမယ်၊ ရွှေပင့်ကူသင်းဆိုတာ ကြားဖူးသလား"

"မကြားဖူးသေးဘူး ဝန်ကြီးမင်း"

ထိုအခါ နန်းရင်းဝန်ကြီးသည် သူ၏ အလုပ်ခန်းနောက်ရှိ မီးခံသေတ္တာကြီးထဲမှ ဖိုင်တွဲတစ်ခုကို ယူပြီးလျှင် ခင်မောင်စိုးအား လှမ်း၍ပေးပြီးနောက် –

"ကိုင်း မကြားဖူးသေးရင် ဒီအထဲက စာတွေ ဖတ်ကြည့်ပေတော့"

ခင်မောင်စိုးသည် ဖိုင်တွဲကို လှန်၍ ကြည့်သောအခါ အချို့စာရွက်များမှာ ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့မှ ယိုးဒယားဘာသာဖြင့် ထုတ်ဝေသော 'ဆိုင်းယင်းမိစ်နေရှင်နယ်လစ်ဇင်း' (Siamese Nationalism) ခေါ် သတင်းစာတစ်စောင်မှ ဖြတ်၍ထားသော အပိုင်းများနှင့်အတူ အစိုးရဘာသာပြန်ဌာနမှာ ယိုးဒယားစာကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုထားသော စာရွက်များဖြစ်ကြောင်း တွေ့ရလေသည်။ အချို့ စာရွက်များမှာ ရက်စွဲကို ကြည့်ခြင်းဖြင့် ၇ နှစ်၊ ၈ နှစ်မှ ၁၀ နှစ်မျှပင် ကြာရှိကြောင်း သိရ၏။ စာရွက်များသည် ကာလရှည်ကြာပြီး၍ အဖြူရောင်မှာ ဝါကျင့်ကျင့် အရောင်သို့ပင် ပြောင်းလဲသော ရှိနေခဲ့လေပြီ။

### အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားသော စာရွက်တစ်ရွက်မှာ

ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့တော်တွင် ယခု စက်တင်ဘာလ ... ရက်နေ့ ညက နန်းရင်းဝန်ချုပ်ကြီး ဖရာ့ဗဟွန်၏ အိမ်တော်သို့ လူဆိုးများ ... ရောက်ပြီးလျှင် အလုပ်စားပွဲမှ စာရွက်များကို မွှေနှောက်ရှာဖွေသွားကြောင်း၊ ... ညမှာ ကိုယ်ရံတော်တစ်ယောက်နှင့် အိမ်တော်စောင့်များမှာ တစ်ယောက်ရွှေ ... သဖြင့် ဆေးခပ်ထားဟန် လက္ခဏာရှိကြောင်း၊ ထိုစဉ်က နန်းရင်းဝန်ကြီး ... ကြီးမှာ အင်ဒိုချိုင်းနား နယ်စပ်ရှိ ကျောက်တွင်းမြေပုံများ ရှိသဖြင့် လူဆိုး ... သည် ထိုမြေပုံများကို လာရောက်ရှာဖွေကြဟန် လက္ခဏာရှိသည်ဟု ယူဆ



www.burmeseclassic.com

www.burmeseclassic.com



ရကြောင်း။ ထိုအခါက ၎င်းစာရွက်များမှာ ဝန်ကြီးချုပ်၏ အိမ်တော်၌ မရှိဘဲ နန်းဆောင်တွင်းရှိ ဘုရင်မင်းမြတ်၏ ဘဏ္ဍာတိုက်တွင် ယမန်နေ့ကပင် သိမ်းဆည်းထားခဲ့ကြောင်း၊ ပုလိပ်များက လူဆိုးများအား အထူးလိုက်လံရှာဖွေလျက် ရှိကြောင်း။

အခြားဘာသာပြန်ဆိုချက်

ယခုအခါ ယိုးဒယားနိုင်ငံ ဇင်းမယ်၊ နခွန်၊ လန်ဖန်း၊ ဥဒလဒစ်ပန်း နန်းပိုးမြို့ကြီးများတွင် အစိုးရ အရာရှိကြီးများ၏ သားတော် သမီးတော်ကလေးများကို တိတ်တဆိတ် ခိုးယူသွားပြီးလျှင် စာတိုက်မှ စာတစ်စောင်ထည့်၍ ငွေအမြောက်အမြား ခြိမ်းခြောက်တောင်းဆိုသောအမှုများ ပေါ်ပေါက်လျက်ရှိကြောင်း၊ ယခု ဒီဇင်ဘာလ ၂၄ ရက်နေ့ ညနေစောင်းတွင် နိုင်ငံခြားအမတ်ချုပ်ကြီး 'ကျောက်ဖောလဒစ်' ၏ တူတော် မင်းသားကလေးတစ်ပါးအား ဝန်နန်ဖိုးမြို့တွင် လူဆိုးများက တိတ်တဆိတ် ခိုးယူသွားပြီးလျှင် ယိုးဒယားနိုင်ငံသုံး ဒင်္ဂါး ၅၀,၀၀၀ နှင့် ရွေးယူရန် စာဖြင့် ခြိမ်းခြောက်တောင်းဆိုလျက်ရှိကြောင်း၊ ဤသို့ ခြိမ်းခြောက်တောင်းဆိုသော စာရွက်များအောက်တွင် လက်မှတ်ရေးထိုးရမည့်နေရာ၌ ရွှေရောင်တံဆိပ် ပင့်ကူရုပ်ကလေးကို ခတ်နှိပ်ထားသဖြင့် မြို့သူမြို့သားများမှာ ပင့်ကူရုပ်ကို အသုံးပြုသော လူဆိုးတစ်စုအား အထူးကြောက်ရွံ့လျက်ရှိကြကြောင်း၊ ယခုအချိန်အထိ လူဆိုးများအား ပုလိပ်များက ခြေရာခံ၍ မမိသေးကြောင်း။

အခြားဘာသာပြန်ဆိုချက်တစ်ရပ်

(ထိုပြန်ဆိုချက်မှာ ယိုးဒယားပုလိပ်၏

မှတ်တမ်းတစ်ခုမှ ပြန်ဆိုချက်ဖြစ်လေသည်။)

ယခု ဧပြီလ ၂၇ ရက်နေ့တွင် ခေါ်ရပ်မြို့ရှိ ပိုးထည်စက်အလုပ်ရုံကြီး၏ မန်နေဂျာ မစ္စတာကရောဆိုသူထံ စာတိုက်မှ ထူးဆန်းသော စာတစ်စောင်ရောက်ရှိလာကြောင်း၊ စာ၏အဆိုမှာ ထိုစက်ရုံကြီး၏ အရေးအကြီးဆုံးသောနေရာများအောက်တွင် တန်ဝက်ခန့်မျှ လေးသော ဒိုင်းနမိုင်းများကို မြှုပ်ထားပြီးဖြစ်ရာ ယခုစာရပြီးသည့် နောက်တစ်နေ့ ၉ နာရီအချိန်တွင် ယိုးဒယားနိုင်ငံသုံး ဒင်္ဂါးတစ်သိန်းကို မပေးလျှင် စက်ရုံကြီးတစ်ခုလုံးကို ဖောက်ခွဲပစ်လိုက်မည်ဖြစ်ကြောင်း၊ ငွေပေးရန်နည်းမှာ မန်နေဂျာ ကိုယ်တိုင် ညနေအလုပ်ဆင်း





အိမ်သို့အပြန်တွင် ခါတိုင်းကဲ့သို့ ကားစီး၍ မပြန်ဘဲ ငွေစက္ကူများကို ကုတ်အင်္ကျီ၏ လက်ဝဲဘက်အိတ်ထဲတွင် ထည့်ထားပြီးလျှင် လမ်းလျှောက်၍ ပြန်ရမည်ဖြစ်ကြောင်း၊ ထိုအခါ မိမိတို့အသင်းက အိတ်ထဲတွင် ပါသော ငွေများကို နှိုက်ယူလိုက်မည်ဖြစ်ကြောင်း၊ အကယ်၍ ငွေကို တစ်ကြိမ်တည်း မပေးနိုင်လျှင် လေးကြိမ်ခွဲ၍ အရစ်ကျပေးနိုင်ကြောင်း၊ (နေ့ရက်များ အသေအချာဖော်ပြထားရှိ၏) လိမ်၍ ခြိမ်းခြောက်ခြင်း ဟုတ်မဟုတ်ကို ထင်ရှားစွာ သိရှိနိုင်ရန် မစ္စတာကရော၏ နေအိမ်နောက်ဖေးမှ မော်တော်ကား ဂိုထောင်ကလေးကို ယခု စာဖတ်နေသည့်အချိန် ဖောက်ခွဲလိုက်မည်ဖြစ်ကြောင်းနှင့် ရေးသားရှိလေသည်။ ထိုခဏ၌ မစ္စတာကရောသည် တယ်လီဖုန်းစက်နှိုးသံကြားသဖြင့် နားထောင်ရာ မိမိ၏ ဇနီးထံမှဖြစ်၍ အိမ်နောက်ဖေးရှိ ကားရုံကလေးမှာ မြေအောက်မှနေ၍ ကြောက်မက်ဖွယ်ကောင်းသော အသံကြီးဖြင့် ပေါက်ကွဲသွားကြောင်း၊ သို့သော် အိမ်သားများသော်လည်းကောင်း၊ အစေခံများသော်လည်းကောင်း ကံအားလျော်စွာ မထိမခိုက်ကြောင်း ပြောလိုက်ခြင်းဖြစ်လေသည်။ မစ္စတာကရောမှာ ပုလိပ်ကို မတိုင်ဝံ့ဘဲ ဒါရိုက်တာများနှင့် အဆောင်လျှင် တိုင်ပင်ပြီးလျှင် တောင်းဆိုသောငွေကို ပေးလိုက်ရလေသည်။

ငွေပေးပြီး နောက်တစ်နေ့၌ မစ္စတာကရောထံ စာတစ်စောင် ထပ်မံရောက်ရှိလာပြန်ရာ ထိုစာတွင် ဒိုင်းနမိုင်းများ မြှုပ်ထားသော နေရာများကို မြေပုံနှင့်တကွ ရေးသားဖော်ပြထားသဖြင့် ၎င်းနေရာများကို တူးဖော်ကြည့်ရာ မြေပုံနှင့် တသွေမတိမ်း ကိုက်ညီစွာ မြှုပ်၍ထားသော ဒိုင်းနမိုင်းယမ်းအိုးများကို တွေ့ရလေသည်။

ထိုယမ်းအိုးများကို ဖောက်ခွဲရန် စနက်တံမကြီးသည် ကားစက်ရုံနှင့် ဘာလုံခန့်ဝေးသောနေရာ လူမနေသော တိုက်ပျက်ကြီးတစ်လုံးအတွင်းတွင် ဆုံးသတ်၍နေလေသည်။

မစ္စတာကရောရရှိသော စာများတွင် အောက်မှ ပင့်ကူရုပ်ကလေးများ ပါ၍ ထိုလက်ချက်မှာ 'ပင့်ကူသင်း' ခေါ် လူဆိုးတစ်စု၏ လက်ချက်ပင်ဖြစ်သည်။

စာများကို ဖတ်ပြီးနောက် ခင်မောင်စိုးသည် သက်ပြင်းချလိုက်၏။

"ဘယ့်နှယ်လဲ မောင်ခင်မောင်စိုး ဖတ်ရပြီမဟုတ်လား"

"ဖတ်ရပါပြီ ဝန်မင်း၊ သည်အတိုင်းဆိုရင်တော့ အတော်ကြောက်ကြီး ကျယ်ကြတဲ့ လူစုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ကျုပ်တို့နေတဲ့နိုင်ငံနဲ့ ယိုးဒယားနဲ့ဆိုတော့ တစ်စပ်တည်းလို ဖြစ်နေတာကိုး မောင်ခင်မောင်စိုးရဲ့၊ သည်တော့ ကျုပ်တို့အရှေ့နိုင်ငံတွေမှာလဲ အမြင်တွေ ကျယ်လာသလောက် သူတို့ အနောက်နိုင်ငံက အတုတွေ ကူးစက်လာပြီထင်တယ်"

"မှန်ပါတယ်ခင်ဗျာ၊ ကြီးပွားမှုဆိုတာ ကောင်းတဲ့ဘက်မှာသာ မဟုတ်ဘူး၊ ဆိုးတဲ့ဘက်မှာလဲ ကြီးပွားလာတာပါပဲ"

"ဒီလိုကိုး မောင်ခင်မောင်စိုးရဲ့၊ ဒီလူဆိုးသင်းက အင်ဒိုချိုင်းနားနဲ့ ယိုးဒယားမှာ ကျက်စားလာခဲ့တာ နှစ်ပေါင်း အတော်ကြာပြီဆိုပဲ၊ မောင်ခင်မောင်စိုး အခုကြည့်တဲ့ စာရွက်တွေက သတင်းစာဖြတ်ပိုင်းနဲ့ ပုလိပ်မှတ်တမ်းတွေလောက်ပဲ ရှိသေးတယ်၊ ပုလိပ်မင်းကြီးဆီမှာ တခြား သက်ဆိုင်တဲ့ စာတမ်းများလဲ ရှိကောင်းရှိပါလိမ့်ဦးမယ်၊ အဆင်သင့်တဲ့အခါတော့ တောင်းကြည့်သေးတာပေါ့"

"ကောင်းပါပြီဝန်မင်း"

"ဒီလူတစ်စုပေါ့ မောင်ခင်မောင်စိုးရဲ့၊ အခု ဦးရွှေစံအောင် ယူလာမယ့် စာရွက်တွေကို လုယူဖို့ကြံစည်နေတာ"

"သြော် . . ."

"ဒါကြောင့် အခုကိစ္စမှာ မောင်ခင်မောင်စိုးကို တာဝန်လွှဲအပ်တာပဲ"

"စိတ်ချပါဝန်မင်း"

"သတိဝီရိယကို မလစ်လပ်စေနဲ့နော်"

"ကောင်းပါပြီခင်ဗျာ"

"စစ်ရေးနဲ့ပတ်သက်တယ်ဆိုတော့ ကျုပ်တို့တစ်သက်တာမှာ အရေးအကြီးဆုံးကိစ္စပဲ မောင်ခင်မောင်စိုးရဲ့"

"မှန်ပါတယ်ခင်ဗျာ၊ ကျွန်တော် တာဝန်ကို လုံခြုံအောင် ဆောင်ရွက်ပါ့မယ်"

"ဘယ်လိုအကူအညီမျိုးမဆို အလိုရှိရင် တောင်းနော်"

"ကောင်းပါပြီခင်ဗျာ၊ သြော် . . . ဒါထက် ကျွန်တော့်ကို အခွင့်ပြုပါဦး ဝန်မင်း"

"ကောင်းပြီ . . . ကောင်းပြီ၊ အောင်မြင်ဖို့ ဆုတောင်းပါတယ်"

ခင်မောင်စိုးသည် တက္ကစီနှင့် ပြန်ခဲ့ရာ ကားပေါ်သို့ ရောက်၍ စီးကရက်ဘူးကို နှိုက်လိုက်သောအခါမှ မကြည့်ကြည့်ရသေးလိုက်သော စာ ၃ စောင်ကို အမှတ်ရသဖြင့် တစ်စောင်စီ ဖောက်ကြည့်လေ၏။ စာနှစ်စောင်မှာ မိတ်ဆွေများထံမှဖြစ်၍ တတိယစာမှာ စာအိတ်အပြာပေါ်တွင် အလွှတ်စုံထောက်ခင်မောင်စိုးဟု လက်နှိပ်စက်ဖြင့် ရိုက်ထား၏။





အတွင်းမှ စာရွက်မှာ အလွန်ကောင်းသော အဖြူရောင်စာရွက်ဖြစ်၍ အောက်ပါအတိုင်း ရေးသားပါရှိလေသည်။

*"မိတ်ဆွေကြီးသည် ဆရာဝန်ဦးပန်းခိုင် အကြောင်းကို ထောက်လှမ်းစုံစမ်းနေကြောင်း သိရပါသည်၊ ကျွန်ုပ်တို့အလုပ်ထဲသို့ ဝင်ရောက်နှောင့်ယှက်သူများမှာ ယင်ကောင်သည် ပင့်ကူအိမ်အတွင်းမှ ရုန်းကန်ထွက်ခြင်းငှာ မစွမ်းနိုင်သကဲ့သို့ ရှိတတ်ကြောင်း ကြပ်ကြပ်ကြီးသတိပြုပါလေ"*

"ရွှေပင့်ကူအသင်းကြီး"

(စာရွက်၏ လက်ဝဲဘက်ထိပ်တွင် ရွှေရောင်ပင့်ကူရုပ်တံဆိပ် ပါရှိလေသည်။)

ခင်မောင်စိုးသည် စာရွက်ကို တစ်မိနစ်ခန့်မျှ အပြန်ပြန်အလှန်လှန်ကြည့်ပြီးနောက် စာသားကို သုံးခေါက်ပြန်၍ ဖတ်၏။ ထို့နောက် စီးကရက်တစ်လိပ်ကို မီးညှိသောက်ပြီးလျှင် "အင်း ဆရာဝန်ဦးပန်းခိုင်ဆိုတဲ့လူဟာ ဒီအသင်းနဲ့ အဆက်အသွယ်ရှိတာကိုး၊ လက်စသတ်တော့ တကယ့်လူတွေနဲ့ ရင်ဆိုင်ရဦးမှာပဲ" ဟု မိမိကိုယ်ကိုမိမိ ပြောသကဲ့သို့ ရေရွတ်ပြောဆိုပြီး နောက် တက္ကစီကို ကုန်သည်လမ်းသို့ မောင်းစေ၏။

www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

အင်စပိတ်တော်ကိုအုန်းဖေသည် ကုန်သည်လမ်းသို့ မိမိလွှတ်ထားသော ပုလိပ်သားများထံမှ ချိန်းထားသောအချိန်တွင် အကြောင်းပြန်ကြားခြင်း မရှိသဖြင့် ကုန်သည်လမ်းသို့ သွားလေ၏။ မကြည်ကြည်နေသော တိုက်ခန်း၏ အပေါ်တည့်တည့် ဆရာဝန်နေသည်ဆိုသော အခန်းနံပါတ် ၁၃ မှာ သော့ခလောက်ဖြင့် ခတ်မြဲ ခတ်ထားသည့်ပြင် မည်သူတစ်ဦးတစ်ယောက်မှ မပေါ်လာသည်နှင့် အရပ်လူကြီးနှစ်ယောက်ကို ခေါ်ယူပြီးလျှင် ပုလိပ်သားနှစ်ယောက်နှင့်အတူ အပြင်မှ သော့ခလောက်ကို ရိုက်ချိုးပြီးနောက် အခန်းတွင်းရှာဖွေလေ၏။

အခန်းတွင်း၌ကား ဆရာဝန်တစ်ယောက် နေထိုင်သည်ဆိုသော်လည်း ဆေးနှင့်ပတ်သက်သော ပစ္စည်း၊ ဆေးနှင့်ပတ်သက်သော စာအုပ်စာတမ်းဟူ၍ မတွေ့ရဘဲ တစ်ယောက်အိပ် ခုတင်တစ်လုံး၊ စားပွဲငယ်တစ်လုံး၊ မတ်တတ်ကုလားထိုင်တစ်လုံး၊ ရှက်ဖျင်ပက်လက်ကုလားထိုင်တစ်လုံး၊ ကြိုးတန်းပေါ်တွင် တင်ထားသော လုံချည်ဟောင်းများ ချက်နှာသုတ်ပုဝါ တစ်ထည်၊ ခုတင်အောက်တွင် ယွန်းဖောင်းသေတ္တာဟောင်းတစ်လုံး တွေ့ရ၏။ သေတ္တာအတွင်းမှ အဝတ်အစားများနှင့် သတင်းစာဟောင်းများမှာ မွှေနှောက်ထားဘိသကဲ့သို့ ကြမ်းပြင်ပေါ်တွင် ပြန့်ကျဲလျက်ရှိ၏။ သတင်းစာများမှာ သူရိယသတင်းစာတစ်စောင်၊ ရန်ကုန်ဂေဇက်သတင်းစာဟောင်း ၂ ခု၊ ယိုးဒယားသတင်းစာဟောင်း ၃ စောင် ဖြစ်၏။





သတင်းစာများမှာ လွန်ခဲ့သော ၆ လခန့်က သတင်းစာဟောင်းများဖြစ်လေသည်။ အချို့နေရာ၌ သတင်းစာများကို ကတ်ကြေးဖြင့် ဖြတ်တောက်ထားသည်ကို တွေ့ရလေသည်။

အခန်း၌ ပြတင်းပေါက်နှစ်ပေါက်နှင့် အလယ်တံခါးမကြီးရှိရာ အိမ်ရှေ့ဝရန်တာတွင် အုတ်လက်ရန်းအလယ်လောက်၌ အင်္ဂတေများ ပွန်းပဲ့လျက်ရှိသော နေရာတစ်ခုကို တွေ့ရသဖြင့် ၎င်းအဖြူရောင် သဘော်ဆေးသုတ်ထားသော အတွင်းခြေကျော်ဆောင်ပေါ်တွင် အနည်းငယ်အညိုရောင်သန်းလျက်ရှိသော နေရာတစ်ခုကို တွေ့ရလေသည်။ အခြား ထူးထူးခြားခြား တစ်စုံတစ်ရာ မတွေ့ရချေ။ ကိုအုန်းဖေသည် မိမိတွေ့ရသော အရာများနှင့် အတော်ပင် စိတ်ကျေနပ်လျက်ရှိလေသည်။

ကိုအုန်းဖေသည် ဆရာဝန်နေသည်ဆိုသော အခန်းကို ကြည့်ရှုလျက်ရှိရာ မိနစ် ၄၀ ခန့်မျှအကြာတွင် တိုက်ရှေ့သို့ တက္ကစီတစ်စီး ဆိုက်ရောက်လာပြီးနောက် ခင်မောင်စိုးသည် အပေါ်ထပ်သို့ ပြေးတက်လာလေ၏။

"ဘယ့်နှယ်လဲ ကိုအုန်းဖေ၊ ဘာများတွေ့ရသလဲ"

ကိုအုန်းဖေသည် အရပ်လူကြီး ဆယ်အိမ်ခေါင်းများနှင့်အတူ ပြုလုပ်ထားသည့် ပစ္စည်းစာရင်းကိုပြပြီးလျှင် ပစ္စည်းများကိုလည်း ပြ၍ အကျိုးအကြောင်း အတိုချုပ်ပြောပြလေသည်။

"ဆရာဝန်ဆိုပြီး ဆရာဝန်နေတဲ့အခန်းနဲ့ မတူပါကလား . . ."

"ဟုတ်တယ်ဆရာ . . .၊ ဘာဆေးပုလင်း ဘာဆေးစာအုပ်မှလဲ မတွေ့ရပါကလား"

အင်စပိတ်တော် ကိုအုန်းဖေမှာ ခင်မောင်စိုးထက် ၃ နှစ်ခန့် ငယ်၏။ ကျောင်းနေစဉ်ကပင် ခင်မောင်စိုးမှာ ဘောလုံးကပ္ပတိန်ဖြစ်သည့်အပြင် ကျောင်းသားများ၏ အရေးကိစ္စများတွင်လည်း ရှေ့မှ ခေါင်းဆောင်၍ ပြောဆိုရှိသဖြင့် ကျောင်းထွက်သောအခါ ကျောင်းနေဘက်သူငယ်ချင်းများက ဆရာဟု ခေါ်ခဲ့၏။ ခင်မောင်စိုးနှင့် ရွယ်တူများဖြစ်သော အခြားပုလိပ်အရာရှိလေးများကလည်း ပုလိပ်မင်းကြီးနှင့်တကွ စုံထောက်မင်းကြီးတို့ကပါ မျက်နှာသာပေးခြင်း ခံခဲ့ရသော ခင်မောင်စိုးအား ဆရာဟု ခေါ်ဝေါ်ကြလေသည်။

"ပစ္စည်းစာရင်းတော့ လုပ်ပြီးပြီနော်"

"ဟုတ်ကဲ့ဆရာ ဟောဒီမှာပါပဲ"

"စာရွက်၊ စာတမ်းများကော ဘာများ တွေ့ရသေးသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မတွေ့ရဘူးဆရာ၊ စာရွက်ဆိုလို့ ဒီသတင်းစာတွေပဲ တွေ့ရတယ်"

"အောင်မယ် ဒီဟာက ဘာသတင်းစာလဲဗျ"

"ယိုးဒယားက သတင်းစာဆရာရဲ့ ဘန်ကောက်ကထုတ်တာ၊ ဆိုင်းဘုတ်မှာ ...ဆင်းမီစ်နေရှင်နယ်လစ်ဇင်းဆို ထင်ပါရဲ့"

"ပေးစမ်းဗျာ၊ ခဏကြည့်ရအောင်"

ခင်မောင်စိုးသည် ယိုးဒယားသတင်းစာများကို လှန်လှောရှာဖွေရာ အချို့နေရာများ၌ ဖြတ်ထားသည်ကို တွေ့ရ၏။ ဖြတ်ထားသောနေရာများမှာလည်း ကြော်ငြာပိုင်းမှမဟုတ် သတင်းပိုင်းမှ ဖြစ်လေသည်။

ခင်မောင်စိုးသည် နန်းရင်းဝန်ကြီးထံမှ ရွှေပင့်ကူသင်းအကြောင်းကိုလည်းကောင်း၊ ယိုးဒယားပြည်တွင် ထိုအသင်း၏ လှုပ်ရှားမှုများအကြောင်းကိုလည်းကောင်း၊ မကြည်ကြည်အခန်းထဲမှ ပင့်ကူကလေးတွေ့ရပုံကိုလည်းကောင်း၊ မိမိထံသို့ ရောက်လာသော ပင့်ကူရုပ်တံဆိပ်နှိပ်ထားသည့် ခြိမ်းခြောက်စာကိုလည်းကောင်း ဆက်စပ်စဉ်းစားမိလေ၏။

သို့သော် မကြည်ကြည် အခန်းထဲမှာ တွေ့ရသောအလောင်းနှင့် ပတ်သက်သည့် လူသတ်မှုထက် အမတ်ကြီးဦးရွှေခံအောင်လက်တွင် ပါလာမည့် စက္ကူများကို စောင့်ရှောက်ရမည့်ကိစ္စက ပို၍ အရေးကြီးကြောင်း တွေးမိပြန်လေသည်။ ခင်မောင်စိုးသည် အထက်ပါအကြောင်းများကို စဉ်းစားရင်း စီးကရက်တိုကို ပြတင်းပေါက်မှ လွှင့်ပစ်လိုက်ပြီးလျှင် စီးကရက် အသစ်တစ်လိပ်ကို မီးညှိ၍ သောက်ပြီးနောက် –

"ဘာများ ထူးထူးခြားခြား တွေ့ရသေးသလဲ ကိုအုန်းဖေ"

"တစ်ခုတော့ သေချာတယ်ဆရာ"

"အလို ဘာများသေချာသလဲဗျ"

"အလောင်းကို ဒီအခန်းကနေပြီး အောက် မကြည်ကြည်နေတဲ့အခန်းကို ချတာအမှန်ပဲဆရာ"

"ဘာပြုလို့လဲ"

"ဆရာ ဒီဝရန်တာ လက်ရန်းမှာ ကြည့်စမ်း၊ လေးတဲ့အရာဝတ္ထုတစ်ခုကို ကြိုးနဲ့ချလို့ အင်္ဂတေ ပွဲနေရာတွေ၊ ဒီတံခါးခြေကျော်မှာ သဲ...တွေ ညိုနေတဲ့နေရာက အလောင်းကို အခန်းထဲက ဝရန်တာဘက် ထုတ်...တာနဲ့ တူတယ်"





ခင်မောင်စိုးသည် ခြေရာလက်ရာများကို ကြည့်ပြီးလျှင် ဆတ်ခနဲ ဦးခေါင်းကို ညိတ်လိုက်လေ၏။

"ကိုယ့်လူ အများကြီးတော်လာပြီပဲ၊ နေပါဦး လူသေကို ဒီပြတင်းပေါက်က လျှောချပြီး လူရင်တွေကကော ဘယ်ရောက်ကုန်သလဲ"

"သူတို့လဲ ကြိုးနဲ့ဆင်းနိုင်တာပေါ့ ဆရာ"

"ဆင်းနိုင်တာတော့ ဟုတ်တာပေါ့ ကိုအုန်းဖေ၊ နို့ပေမယ့် ဒီလိုဆိုရင် ကြိုးတန်းလန်း ကျန်ရစ်ခဲ့တာ တွေ့ရမယ်ဗျ"

"ဟုတ်တယ်ဆရာ၊ ဆရာပြောတာ မှန်တယ်"

မတ်တတ်ကုလားထိုင်ကို မေးငေါ့ပြီးနောက် –

"အခန်းထဲ ခင်ဗျားဝင်လာတုန်းက ဒီကုလားထိုင်ကို ဘယ်မှာ တွေ့သလဲ"

အခန်းအလယ်ကို လက်ညှိုးထိုးလျက် –

"ဒီနေရာက တွေ့တယ်ဆရာ"

"အပေါ်များ မော့ကြည့်လိုက်စမ်းပါဦး ကိုအုန်းဖေရယ်"

အပေါ်ကို ဖျတ်ခနဲ မော့ကြည့်လိုက်ပြီးနောက် –

"ကန်းလိုက်လေ ဆရာရယ် . . . ကျွန်တော်ဖြင့် ဆရာပြောမှပဲ မြင်တော့တယ်၊ အပေါ်မှာ လေဝင်ပေါက်ကြီး ရှိတာကို ဆရာရဲ့"

"ဒါပေါ့ ကိုအုန်းဖေ၊ ကုလားထိုင်ပေါ်က ကြိုးနဲ့ဆွဲတက်ပြီး လေဝင်ပေါက်က ထွက်သွားနိုင်တာပေါ့"

"ဆရာထင်တဲ့အတိုင်း ဖြစ်မှာပဲဆရာ"

"ဩော် . . . ဒါထက် ရွှေပင့်ကူအသင်းဆိုတာ ကိုအုန်းဖေ ကြားဖူးသလား"

"ဘာအသင်းဆရာရဲ့"

"ရွှေပင့်ကူအသင်းလေ"

"ထူးထူးဆန်းဆန်း ဆရာရယ်၊ မကြားပါဘူး၊ ဘာလုပ်တဲ့အသင်းလဲ"

ခင်မောင်စိုးသည် ကားပေါ်တွင် ဖွင့်၍ဖတ်ခဲ့သော စာအုပ်ထဲမှ စာ...ကို ကိုအုန်းဖေလက်သို့ လှမ်း၍ပေးလိုက်လေ၏။ ကိုအုန်းဖေသည် ...များကို မယုံကြည်နိုင်သကဲ့သို့ စာကို နှစ်ခေါက်ပြန်၍ ဖတ်လေသည်။

"တစ်ယောက်ယောက်ကများ နောက်လိုက်သလား ဆရာရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ကိုအုန်းဖေ၊ ဒီအသင်းဟာ တကယ်ရှိတယ်၊ ပထမ အင်ဒိုချိုင်းနားဘက်နဲ့ ယိုးဒယားဘက်မှာ ကျက်စားနေရာက ကျွန်တော်တို့ မြန်မာပြည်သက်ကို မကြာခင်တပဲ ကူးလာတယ်ဆိုတာ ကျွန်တော်သိရတယ် ကိုအုန်းဖေ"

"ကျွန်တော်တို့ မြန်မာပြည်လဲ သူတို့အနှောက်အယှက် နိုင်ငံလို တစ်စတစ်စ ဖြစ်လာပါပြီကော ဆရာ"

"ဒါပေါ့ ကိုအုန်းဖေ၊ မကောင်းတဲ့အတုဆိုတာ မြန်မြန်ကူးစက်လွယ် တာပေါ့"

ခင်မောင်စိုးသည် အင်စပိတ်တော် ကိုအုန်းဖေအား နန်းရင်းဝန်ကြီး အိမ်တွင် မိမိသိခဲ့ရသော အကြောင်းများကို ချုံလှပ်၍ မြန်မာပြည်တွင် 'ရွှေဝင့်ကူသင်း' အမည်ခံလူဆိုးတစ်စု ရောက်ရှိနေကြောင်း၊ ထိုလူဆိုးများသည် ယိုးဒယား၊ ဂျပန် စသော အခြား အရှေ့နိုင်ငံများနှင့် အဆက်အသွယ်ရှိရာ ယခု မကြည်ကြည်အခန်းထဲတွင် အမည်မသိသူတစ်ယောက်အလောင်းကို တွေ့ရခြင်းနှင့် ဒေါ်အရှာဘီ၏ အိမ်ငှားဆရာဝန် ဦးပန်းခိုင်ဆိုသူ ပြန်မလာ ခြင်းတို့မှာ ထိုလူဆိုးများနှင့် အဆက်အသွယ်ရှိလိမ့်မည်ထင်ကြောင်း ပြောပြ လေ၏။

"ဟုတ်လိမ့်မယ် ဆရာ၊ ဘန်ကောက်က ထုတ်တဲ့သတင်းစာ ၃ စောင် တွေ့ရတော့ ဆရာပြောတာ သာပြီးယုတ္တိရှိလာတာပေါ့"

"ဪ . . . ဒါထက် အခုလောက်ရှိရင် ဆေးစာကျလောက်ပြီ ထင်ပါရဲ့၊ ၃ နာရီ ၁၀ မိနစ်ရှိပြီ၊ ကျွန်တော် ဆေးရုံပြေးလိုက်ဦးမယ်၊ ဒီပစ္စည်း တွေ ပုလိပ်သားတစ်ယောက်နဲ့ ဌာနသို့ လိုက်ရုံပေါ့"

"ကောင်းပါပြီဆရာ"

ခင်မောင်စိုးသည် တိုက်ပေါ်မှ ဆင်းခဲ့၍ တက္ကစီပေါ်သို့ တက်ပြီးလျှင် ဒရိုင်ဘာအား ဆေးရုံကြီးသို့ မောင်းရန် အမိန့်ပေးလေ၏။ ဒါလဟိုဇီလမ်းမှ သစ်သီးဈေးဘက်သို့ ကွေ့ခဲ့၍ အလောင်းများထားရာ ရေခဲတိုက်ရှေ့၌ ကား ကလေးကို ရပ်စေပြီးလျှင် ခင်မောင်စိုးသည် အခန်းတစ်ခုအတွင်းသို့ ဝင်သွား လေ၏။ ကိုယ်တိုင်ခွဲစိတ်သော ဆရာဝန်ကို မတွေ့ရသော်လည်း မကြည်ကြည် အခန်းတွင်းမှ တွေ့ရသော အလောင်းနှင့်ပတ်သက်၍ မှတ်ချက်များ ရေးသား ထားသော 'ဆေးစာ' ကိုကား အခြားလက်ထောက်ဆရာဝန်တစ်ဦးက ပြသဖြင့် တွေ့ရလေသည်။ ဆေးစာမှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်၏။





သေသူအား ခွဲစိတ်ရာတွင်

ဆေးသက်သေခံအတွက် လိုအပ်သော ဖော်ပြချက်

၁။ အသက် ၄၅ နှစ်ခန့်။

၂။ ဝမ်းထဲရောဂါ တစ်စုံတစ်ရာမရှိ၊ အများနည်းတူ ကျန်းမာသည်။

၃။ လက်ယာနှင့် လက်ဝဲဘက် ချိုင်းအောက်တွင် မာကြောသောအရာ ဖြင့် ထိခိုက်မိဟန်လက္ခဏာရှိ၍ အရေပြား ပွန်းပဲ့တွန့်လိမ်နေသည်။

၄။ လကျာဘက်နားရွက်၏ နောက်တွင် သေးငယ်သော အပ်များရာ ကဲ့သို့ အလွန်သေးငယ်သော အပေါက်ကလေး ၂ ပေါက် တွေ့ရ သည်။ ထိုအပေါက်ငယ်နှစ်ခုမှ သွေးများ ထွက်ဟန်ရှိသော်လည်း အဝတွင် အချိန်ကြာသဖြင့် ခဲ၍နေသည်။ အတွင်းသို့ ခွဲစိတ်ကြည့် ရာ အလွန်ပြင်းထန်သော အဆိပ်များ တွေ့ရသည်။

၅။ နံပါတ် ၄ တွင် ဖော်ပြသော အဆိပ်ကြောင့် သေဆုံးဟန်လက္ခဏာ ရှိသည်။ သေဆုံးသည်မှာ အနည်းဆုံး ၁၂ နာရီခန့် ရှိပေမည်။

၆။ အဆိပ်မှာ အရှေ့နိုင်ငံများတွင် ပေါများသော မြွေ၊ ကင်းမြီးကောက်၊ ပင့်ကူ၊ ကင်းခြေများ အစရှိသော မြေပေါ်တွင် တွားသွားတတ်သည့် အကောင်တစ်မျိုး ဖြစ်ဟန်ရှိ၍ မိနစ်အနည်းငယ်အတွင်း ကျန်းမာ သန်စွမ်းသော လူတစ်ယောက်ကို သေစေနိုင်သည်။

၇။ ဝမ်းတွင်းရှိ အူသိမ်၊ အူမ၊ အသည်း၊ နှလုံး၊ ကျောက်ကပ်များမှာ အခြား ကျန်းမာသော လူသာမန်များကဲ့သို့ ရှိသည်။

(ပုံ) ဒေါက်တာမီးနန်း

ခွဲစိတ်ရေးဌာန

ရန်ကုန်မြို့ဆေးရုံကြီး၊ ရန်ကုန်။

ခင်မောင်စိုးသည် အထက်ပါဆေးစာမှ ကောက်နုတ်ချက်များကို မိမိ ဒိုင်ယာရီ စာအုပ်ထဲ၌ ရေးမှတ်ပြီးလျှင် နေအိမ်သို့ ပြန်ခဲ့လေ၏။

နေအိမ်သို့ရောက်၍ မကြည်ကြည်သည် မိမိနေ့လယ်က တွေ့ကြုံဖြစ် ပျက်ခဲ့သော အဖြစ်အပျက်များကို ပြောပြသောအခါ မောင်ခင်မောင်စိုးသည် တစ်ခဏမျှ တွေဝေစဉ်းစားလျက်ရှိလေ၏။ ထို့နောက် စီးကရက်တစ်လိပ်ကို မီးညှိ၍ သောက်ပြီးလျှင် "အင်း . . . ဒီလူလဲ ကေန္တ ဒီအသင်းကနဲ့တူတယ် ဟု တစ်ကိုယ်တည်း ပြောမိရာ အသံထွက်သွားလေသည်။

"ဘယ်အသင်းလဲ အစ်ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဪ . . . ကြည်လေးကိုတောင် မပြောရသေးဘူး၊ ဟောဒီမှာ ကြည့်စမ်း"

ခင်မောင်စိုးသည် ကားပေါ်တွင် ဖတ်၍ ကြည့်ခဲ့သော စာကို ထုတ်၍ပေးလိုက်လေသည်။

"ရွှေပင့်ကူအသင်းတဲ့ ကြည်လေးရဲ့"

"ထူးထူးဆန်းဆန်းအစ်ကိုကြီးရယ်၊ တစ်ခါမှလည်း မကြားဖူးပါဘူး"

"ဒီလို ကြည်လေးရဲ့၊ ဒီအသင်းဟာ မြန်မာပြည်ကို ရောက်လာတာ ဘာမှ မကြာသေးဘူး၊ အရင်က အင်ဒိုချိုင်းနားနဲ့ ယိုးဒယားမှာ ကျက်စားနေတဲ့ လူတစ်စုပဲ။ အခု မြန်မာပြည်ရောက်လာတာလဲ တကယ့်အကြံအစည်တွေနဲ့ ရောက်လာတာ"

သို့နှင့် ခင်မောင်စိုးသည် ဦးရွှေဖအောင်နှင့် ယူလာမည့်စာရွက်များ အကြောင်းများကို ချန်လှပ်၍ နန်းရင်းဝန်ကြီးထံမှ မိမိကြားသိခဲ့သမျှအကြောင်းများကို မကြည်ကြည်အား ပြောပြလေသည်။

"ဒီလိုဆိုရင် အတော်ကြောက်စရာကောင်းတဲ့ လူစုပဲနော် အစ်ကိုကြီး"

"ဟုတ်တာပေါ့၊ ပြီးတော့လဲ ဦးပန်းနိုင်ကို သတ်ပစ်လိုက်တာလဲ ဒီလူစုရဲ့ လက်ချက်ဆိုတာ ထင်ရှားတာပေါ့ ကြည်လေးရဲ့"

"အစ်ကိုကြီးပြောတဲ့အတိုင်း ခေါင်းဖြူကြီးဟာ သူတို့အသင်းသား ဖြစ်ရင် ဒီကိစ္စကို သူက ဘာပြုလို့ လိုက်ပြီး စုံစမ်းနေရသလဲ"

"ဒီဟာလဲ အတော်စဉ်းစားရကျပ်တဲ့အချက်ပဲ၊ သို့သော် ဘယ်နည်းနဲ့မဆို ဒီခေါင်းဖြူကြီးဟာ သူတို့အသင်းသားတစ်ယောက်ရင်လည်း ဖြစ်ရမယ်၊ ဒါမှမဟုတ်ရင်လည်း သူတို့အသင်းကို လိုက်ပြီး စုံစမ်းနေတဲ့ လူတစ်ယောက် ဖြစ်ရမယ်လို့ အစ်ကိုကြီးတော့ ယူဆတယ်"

"ဒါဖြင့်လည်း သည်လောက် အဆောက်အအုံကောင်းနေတဲ့ အသင်းနဲ့ ရင်မဆိုင်ပါနဲ့တော့ အစ်ကိုကြီးရဲ့၊ လက်လွှတ်လိုက်ပါတော့လား"

"ဒီအမှုကို လက်လွှတ်တာကတော့ ဟုတ်ပါ့ရဲ့၊ ဒါပေမယ့် တိုင်းရေးပြည်ရေးနဲ့ပတ်သက်လို့ မသင်္ကာစရာကောင်းတဲ့လူတွေကို ကြည့်ရှုဖို့ ပုလိပ်မင်းကြီးက အစ်ကိုကြီးကို အကူအညီ တောင်းထားတာ ကြည်လေး သိတယ် မဟုတ်လား"

"သိပါတယ်"





"ဒီလူတစ်စုဟာ တကယ် မသင်္ကာစရာကောင်းတဲ့ လူစုပေါ့ ကြည်လေးရဲ့၊ တတ်နိုင်ရင် အသက်တောင် ရန်ရှာမယ့်လူတွေပဲ"

"ဒါဖြင့်လည်း ဒီအမှု လက်လွှတ်လိုက်ပါတော့လား အစ်ကိုကြီးရယ်"

"ဂရုစိုက်စရာ မရှိပါဘူး ကြည်လေးရဲ့၊ ပြီးတော့ တစ်ခုလည်း ရှိသေးတယ်၊ ပုလိပ်မင်းကြီးကိုယ်တိုင်က တိုင်းပြည်မှာ တိုင်းရေးပြည်ရေးကိစ္စနဲ့ ပတ်သက်လို့ ဆူဆူပူပူလုပ်မယ့်လူတွေကို နှိမ်နင်းဖို့ အစ်ကိုကြီးတို့ အကူအညီ တောင်းထားပြန်တော့ ကိုယ့်တိုင်းသူပြည်သားများရဲ့ ငြိမ်းချမ်းသာယာရေးရအောင် အသက်နဲ့လဲပြီး ဆောင်ရွက်ဖို့ ဝတ္တရားက အစ်ကိုကြီးတို့အပေါ် တာဝန်ရှိနေတယ် မဟုတ်လား ကြည်လေးရဲ့"

"ဟုတ်ပါတယ်"

"သည်တော့ ကြည်လေးလဲ တတ်နိုင်တဲ့ဘက်ကသာ အစ်ကိုကြီးကို ကူညီပေတော့"

www.burmeseclassic.com

www.burmeseclassic.com

[ ၇

ပုလိပ်မင်းကြီးသည် ခင်မောင်စိုးအား မိမိ၏နေအိမ် ဧည့်ခန်းတွ အကောင်းဆုံးသော အိင်္ဂလိပ်ရှင်းစီးကရက်များဖြင့် ဧည့်ခံကြသည်။ အလွတ် ထောက်ဟူသော ဂုဏ်မှာ အကြီးဆုံးသော ပုလိပ်အရာရှိထက်ပင် အဆ အတန်းပိုသည်ဟု အယူရှိသည့်အလျောက် ခင်မောင်စိုးအား မိမိနှင့် တန်း တစ်ယောက်ကဲ့သို့ ပြောဆိုကာ နှီးနှောတိုင်ပင်လျက်ရှိလေ၏။ ခင်မောင်စိုး မကြည်ကြည်အခန်းမှ ထူးဆန်းစွာတွေ့ရသော အလောင်းအကြောင်းကို ပြ ပြောလျက်ရှိလေသည်။

"သေတဲ့လူကကော ဘယ်သူတဲ့လဲ"

"ဆရာဝန်ဦးပန်းခိုင်လို့ စုံစမ်းလို့ရပါတယ်"

"ဘယ်မှာနေတာလဲ"

"အလောင်းတွေ့ရတဲ့ အခန်းရဲ့ အထက်ထပ်မှာပါ"

"လူသတ်မှုလို့ပဲ ထင်သလား"

"သည်အတိုင်းပဲ ထင်ပါတယ် . . . အလောင်းကို အပေါ်ထပ် နေတဲ့အခန်းက ကြိုးနဲ့ဆွဲချပြီး ကျွန်တော့်စက္ကူရီတောရီ မကြည်ကြည်နေ အခန်းထဲက အဝတ်ဗီရိုကြီးထဲ ထည့်ထားခဲ့ဟန် လက္ခဏာရှိပါတယ်"

"နောက်ဖေးကတော့ ဘာဖြစ်လို့ မချသလဲ"

"ကျွန်တော် ဒီဟာလဲ စဉ်းစားပြီးပါပြီ၊ နောက်ဖေးက ချ အပေါက်မရှိပါဘူး၊ အားလုံး သံတိုင်ချည်းပဲ"





(ခင်မောင်စိုးသည် မကြည်ကြည်အခန်းအတွင်းမှ ရွှေပင့်ကူကလေး အကြောင်းကိုလည်းကောင်း၊ မိမိထံသို့ ရွှေပင့်ကူအသင်းမှ ခြိမ်းခြောက်စာရ ကြောင်းကိုလည်းကောင်း ထည့်သွင်း၍ မပြောချေ။)

ပုလိပ်မင်းကြီးသည် စီးကရက်တစ်လိပ်ကို သောက်၍ ခင်မောင်စိုး ကိုလည်း မီးညှိ၍ ပေးလေသည်။

"အရေးထဲ ဒီအမှုက လာပြီး ရှုပ်နေပြန်ပါပြီ၊ ဒါပေမဲ့ တိုင်းရေး ပြည်ရေးနဲ့ပတ်သက်တဲ့ ကိစ္စမဟုတ်လို့ တော်ပါသေးရဲ့၊ ဒါထက် စနေနေ့ အတွက် စီစဉ်ထားနော်"

"ဟုတ်ကဲ့၊ စိတ်ထဲကတော့ စီစဉ်ပြီးပါပြီ။ ကျွန်တော်က ခေါင်း ဆောင်ပြီး ပုလိပ်အင်စပိတ်တော်တစ်ယောက်နဲ့ ရာဇဝတ်အုပ် ၄ ယောက်ကို ကျွန်တော် နေရာချထားပါမယ်"

ခင်မောင်စိုးက သူ၏ အစီအစဉ်များကို ပြောပြလေသည်။

"သည်လောက်ဆိုရင် ဖွလုံ့ရောပေါ့"

"စိတ်ချပါခင်ဗျာ၊ ဘာတစ်ခုမှ မဖြစ်စေရပါဘူး၊ ကျွန်တော့် တာဝန် ထားပါ၊ ဒါနဲ့ အခုရောက်လာမယ့် အမတ်ကြီးကကော ကျွန်တော်တို့ အစီအစဉ် တွေ သိပြီလား"

"အတိအကျတော့ ဘယ်သိဦးမလဲ၊ သူ့သဘောက ရောက်ရောက်ချင်း ပြောဖို့ပဲ၊ အခုလဲ သူက အကြောင်းကြောင်းထားလို့ ကျုပ်တို့က တင်ကြိုပြီး သိရတာပေါ့၊ စာတစ်စောင် ကျုပ်အသင့်ရေးထားမယ်၊ သဘောဆိုက်လာတဲ့ အခါ မောင်က ဒီစာပြပေတော့"

"ကောင်းပါပြီခင်ဗျာ"

"ဒီလူတစ်စုပေါ့ မောင်ခင်မောင်စိုးရဲ့၊ ယိုးဒယားက ကျုပ်တို့ဘက် ကို ကူးလာပြီး အခုကိစ္စမှာ ဒုက္ခပေးနေတာ၊ အင်း တိုင်းရေးပြည်ရေးနဲ့ပတ် သက်ပြီး ဖြစ်လာတဲ့ကိစ္စဆိုတော့ ကျုပ်တို့ခေါင်းပေါ်မှာ ပိုပြီး ဝန်လေးတာ ပေါ့လေ"

"မှန်တာပေါ့ခင်ဗျာ"

"သို့သော် ဒီလိုကိုး မောင်ခင်မောင်စိုးရဲ့၊ တိုင်းရေးပြည်ရေးဆိုဆ ယ်လို့ သူတို့က တိုင်းပြည်ကို ချစ်လို့လုပ်တာမှ မဟုတ်ဘဲ၊ သူတို့ကိုယ်ကျိုး အတွက်ကြံတာကိုး၊ ယိုးဒယားမှာ သူတို့ ဘာလုပ်သလဲ သိလား၊ ယိုးဒယား ပြည်က မင်းဆွေမင်းမျိုးတွေကို လူထောင်ပြီး ငွေတောင်းတယ်၊ မင်းညီမင်း



www.burmeseclassic.com

www.burmeseclassic.com



သားတွေရဲ့ အတွင်းရေးကို မရရအောင် စုံစမ်းပြီး ငွေညှစ်တယ်၊ အရေးကြီး
တဲ့ တိုင်းပြည်နဲ့ ပတ်သက်ရာ ပတ်သက်ကြောင်း စာချုပ်တွေ ခိုးပြီး နိုင်ငံခြာ
အစိုးရကို ရောင်းစားတယ်၊ လက်နက်အဆန်းအပြား လုပ်နည်းတွေ တိတ်
တိတ်ခိုးပြီး ရန်သူ့အစိုးရကို တစ်ဖက်လှည့်ရောင်းတယ်၊ ရန်သူအစိုးရများက
လိုချင်တဲ့ အချက်အလက်အတွင်းရေးကို သူတို့က ထောက်လှမ်းပေးပြီး သူလျှို
လုပ်ခ အကြီးအကျယ် တောင်းယူတယ်၊ ဒီလိုအလုပ်မျိုးတွေပေါ့ မောင်ခင်
မောင်စိုးရဲ့၊ အဲဒီဟာတွေ ကျုပ်တို့အနောက်နိုင်ငံက ကူးစက်လာတဲ့ နည်း
တွေပဲ"

"မှန်ပါတယ်ခင်ဗျာ . . ."

"ဒါထက် ဒီလူဆိုးသင်းကို စပြီး တည်ထောင်ခဲ့တဲ့ လူတွေက မြန်မာ
လူမျိုး ကောလိပ်ကျောင်းထွက် အင်္ဂလိပ် စာတတ်ကလေးတွေဆိုပဲ၊ ကျုပ်သိ
သလောက်တော့ ဂျပန်ပြည် တိုကျိုမြို့မှာ မြန်မာနိုင်ငံက ပညာသင်သွားတဲ့
အသက် နှစ်ဆယ်အစိတ်အရွယ် လူငယ် ၃ ယောက်က ဒီလျှို့ဝှက်တဲ့အသင်း
ကြီး စပြီး တည်ထောင်ခဲ့သတဲ့ မောင်ခင်မောင်စိုးရဲ့။ အဲဒါ လွန်ခဲ့တဲ့ ၁၅
နှစ်လောက်က ဆိုတော့ အခုလောက်ရှိရင် ၄၀ ဆာ့တွေပေါ့၊ ဒီလူငယ်တွေ
က ပညာလည်းရှိတယ်၊ သတ္တိလည်းကောင်းတယ်၊ ကြံရည်ဖန်ရည်လည်း ရှိ
တယ်၊ ဂျပန်စကား၊ တရုတ်စကား၊ ယိုးဒယား၊ ပြင်သစ်၊ လက်တင်မှ စပြီ
စကားလေးငါးမျိုး တတ်တယ်၊ ဒီသူငယ်တွေဟာ ဂျပန်က သူလျှိုအတတ်တွေ
တောင် သင်ခဲ့ရတယ်လို့ ကျုပ်ကြားတယ်၊ နောက် ဂျပန်က ထွက်ပြေးပြီ
ပြင်သစ်၊ အင်ဒိုချိုင်းနားနဲ့ ယိုးဒယားက လှည့်ပြီး အပြန် ဘန်ကောက်မှာ
ယိုးဒယားကပြား လူဆိုးတစ်ယောက်နဲ့ တွေ့ပြီး ဒီအသင်းကို တည်ထောင်ခဲ့
ကြတာကိုး၊ သူတို့ ၃ ယောက်ထဲက တစ်ယောက်တော့ သေသွားပြီလို့လို ကြား
တယ်"

"တော်တော် အကြံအစည်ကောင်းတဲ့ လူတွေပဲ"

"စီးကရက် သောက်ပါဦး မောင်ခင်မောင်စိုး"

ခင်မောင်စိုးသည် အီဂျစ်ရှင်း စီးကရက်တစ်လိပ် မီးညှိ၍ သောက်
လေရာ ပုလိပ်မင်းကြီးက စကားဆက်ပြန်လေသည်။

"ဒီအသင်းက ယိုးဒယားနဲ့ အင်ဒိုချိုင်းနားနယ်စပ်မှာ ကျက်စားပြီ
အတော်အားရတော့ ကျုပ်တို့မြန်မာပြည်ဘက် လှည့်တာပေါ့လေ၊ ကျုပ်တို့
ဒီသတင်းရတာ မကြာသေးဘူး"





"ဟုတ်ကဲ့"

"ဒီလိုကိုး မောင်ခင်မောင်စိုးရဲ့၊ အင်္ဂလိပ်အစိုးရမင်းများရဲ့ ပရိယာယ်
ကိုလဲ အသိသားနဲ့၊ နိုင်ငံရေးနဲ့ပတ်သက်လာလေတော့ အင်မတန် လျှို့ဝှက်
တယ် မောင်ခင်မောင်စိုး၊ အခုတောင် အခွင့်ကြုံလို့ ကျုပ်ထုတ်ဖော်ပြောတာ"

"ဒီလောက်တောင် သောင်းကျန်းနေတဲ့ အသင်းကို ယိုးဒယားအစိုးရ
ကတော့ ဒီလိုပဲ ကြည့်နေသလား ခင်ဗျာ"

"ဘယ်ကြည့်နေပါ့မလဲ . . . မောင်ခင်မောင်စိုးရယ်၊ မတတ်နိုင်လို့
သာ ကြည့်နေရတာပေါ့၊ နောက်ဆုံး ကျုပ်ရတဲ့သတင်းအတိုင်းဆိုရရင် ယိုး
ဒယားအစိုးရက ဒီအသင်းရဲ့ ခေါင်းဆောင်ကို ဖမ်းမိဖို့ ယိုးဒယားပြည်သုံး
ဒင်္ဂါး ၅၀,၀၀၀ ဆုငွေထုတ်ထားသတဲ့၊ ဒါနဲ့ ယိုးဒယားဘက်ကနေပြီး ကျုပ်
တို့ မြန်မာပြည်ဘက် ရောက်လာတဲ့အကြောင်း သိတော့ သူတို့ ယိုးဒယား
ထောက်အဖွဲ့က ရန်ကုန်ကို လူတစ်ယောက်လိုက်လာပြီး ဒီအသင်းနောက်
ကို နောက်ယောင်ခံ လိုက်နေတယ်ဆိုတာ ကျုပ်သိရတယ်"

"သူတို့လွှတ်ထားတဲ့ လူက ဘယ်သူဘယ်ဝါဆိုတာ မသိရဘူးလား
ခင်ဗျာ"

"ဒီဟာတော့ ကျုပ်တို့ကို အသိမပေးသေးဘူး၊ ကျုပ်စိတ်ထင်ဖြင့်
ကျုပ်တို့ ပုလိပ်အဖွဲ့က ဖမ်းပေးရင် ကျုပ်တို့ ပုလိပ်အဖွဲ့ကို ဆုငွေတစ်ဝက်
ပေးရမှာစိုးလို့ သူတို့ချည်း ကြိတ်ပြီး လိုက်နေတာနဲ့ တူပါရဲ့၊ သူတို့အကြံက
မဆီးမိတဲ့အခါကျမှ ကျုပ်တို့အစိုးရဆီမှာ အခွင့်တောင်းမှာပေါ့လေ"

"ဒီဟာလဲ မှန်ပါတယ် ခင်ဗျာ၊ သူတို့နိုင်ငံမှာ ပြစ်မှုကျူးလွန်တာ
နဲ့ ကျွန်တော်တို့အလုပ်နဲ့တော့ မဆိုင်ပါဘူး"

"သို့သော် ကျုပ်တို့ရဲ့ အခု လောလောဆယ်ကိစ္စက အမတ်ကြီး ဦး
ချစ်အောင်လက်ထဲမှာ ပါမယ့်စာချုပ်စာတမ်းတွေကို လုံခြုံအောင် သူ့အသက်
ကိုပါ ကာကွယ်ရမယ့်ကိစ္စပဲ၊ ဂျပန်ဟာ အင်္ဂလိပ်ကို တိုက်တော့မယ်ဆိုတာ
တော့ မြေကြီးလက်ခတ်မလွဲဘူး၊ ဒီစာရွက်တွေကို ကျုပ်တို့လက်ထဲ ရပြီးထား
ကျုပ်တို့အစိုးရက ထိထိရောက်ရောက် ကာကွယ်နိုင်မယ် မဟုတ်လား မောင်
ခင်မောင်စိုးရဲ့၊ ကိုင်းလေ ပိပိရိရိသာ ဆောင်ရွက်ပေတော့"

"စိတ်ချပါခင်ဗျာ"

ထို့နောက် ခင်မောင်စိုးသည် မိမိနေအိမ်သို့ ပြန်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com

## ၁၀

ရန်ကုန်မြို့ ကာရိုလမ်းရှိ သူဌေးဦးစံဘော်သည် မြို့သို့ ပြောင်းရွှေ
လာခဲ့သည်မှာ မကြာသေးသော်လည်း နှစ်ထပ်တိုက် တစ်လုံးကို ၂၇၀၀၀ ေ
၍ ဝယ်ယူနေထိုင်ခြင်း၊ စစ်ရန်ပုံငွေအတွက် ၅၀၀၀ လှူဒါန်းခြင်း၊ ‘ချက်ဝလ
ဆီဒန် ကားတစ်စီးကို ထားရှိခြင်း၊ အရပ်ထဲတွင် သာရေး နာရေးကိစ္စမျာ
သူတကာထက် ရက်ရောစွာ လှူဒါန်းနိုင်ခြင်း၊ ငွေပေးငွေယူကိစ္စများတွင် အ
မပြတ် ‘ချက်’ လက်မှတ်များနှင့် ထုတ်ပေးတတ်ခြင်း စသည်တို့ကြောင့် သူဌေ
ဦးစံဘော်ဟူ၍ ထင်ရှား၍ လာခဲ့လေသည်။

အခြားသူများကဲ့သို့ ဘွဲ့ထူးဂုဏ်ထူးကို ရည်မှန်းကာ အင်္ဂလိပ်အစိ
တို့အား မျက်နှာလုပ်လိုသည့် သဘောဖြင့် ဦးစံဘော် ရက်ရောစွာ လှူဒါ
သည်မဟုတ်ဘဲ အမျိုးသားကျောင်းရန်ပုံငွေ၊ သူနာပြုတပ်၊ ဆေးရုံ၊ မီးသ
အဖွဲ့ စ၍ မည်သည့်အသင်းအဖွဲ့ အလှူကိစ္စမှန်သ၍တွင်မျှ လစ်လပ်ခဲ့သ
ဟူ၍ မရှိချေ။

စုံထောက်ဦးခင်မောင်စိုးသည် ထားဝယ်အထက်လွှတ်တော်အ
ဦးရွှေဇံအောင် လက်တွင်ရှိသော အင်္ဂလိပ်အစိုးရများတွင် အသုံးဝင်သည်
ချုပ်စာတမ်းများကို လျှို့ဝှက်သော ‘ရွှေပင့်ကူ’ အသင်းကြီးလက်မှ မည
မည်ပုံ ကာကွယ်စောင့်ရှောက်ရမည့် ကိစ္စနှင့် ပတ်သက်၍ ပုလိပ်မင်းကြီး
နီးနှောတိုင်ပင်လျက်ရှိနေသည့်အချိန်၌ သူဌေးဦးစံဘော်သည် မိမိ၏
အထက်ထပ် လျှို့ဝှက်သော တိုက်နောက်ဖေးအတွင်းခန်းတွင် အတ္တ





သူဌေးဦးညွှန့်မောင်ဆိုသူနှင့် အောက်ပါအတိုင်း နှီးနှောတိုင်ပင်လျက် ရှိလေသည်။ ဦးစံဘော်သည် တဖိတ်ဖိတ်တောက်လျက်ရှိသော စားပွဲကြီးပေါ်တွင် တင်ထားသည့် အရက်ပြန်မီးခွက်ကလေးနှင့် မိမိ၏ တစ်ညိုခန့်ရှည်သော ဆေးပြင်းလိပ်ကြီးကို မီးညှိပြီးနောက် –

“ဘယ့်နှယ်လဲ ဦးညွှန့်မောင်ရဲ့၊ ဦးပန်းခိုင်အခန်းက ဘာမှ မတွေ့ရဘူးဆိုဗျ”

“ဟုတ်ကဲ့ မတွေ့ရဘူးတဲ့ဗျ၊ သေတဲ့လူကိုယ်ပေါ်များ ပါသွားလေသလား မပြောတတ်ဘူး”

“ယိုးဒယားက စုံထောက်တွေရဲ့ နည်းလားဗျ”

“ဟုတ်တယ်”

“ဦးပန်းခိုင်အလောင်းကို ရင်ခွဲရုံတင်ပြီးနောက် ခေါင်းထဲ ထည့်တဲ့ ဘုလားကိုတောင် ငွေပေးပြီး ကျုပ်အရှာခိုင်းတယ် ဘာမှမရှိပါဘူး”

“မပြောတတ်ပါဘူးဗျာ၊ ကိုယ်ပေါ်မှာ ပလာစတာနဲ့ ကပ်ပြီးများ ဝှက်ထားသလားလို့၊ ဒီအကောင့်တွေကလဲ လိုပါတယ် ဦးညွှန့်မောင်ရယ်၊ တကယ်ဆိုရင် အလောင်းကို ကြိုးနဲ့လျှော့မချခင် သေသေချာချာ ရှာပါတော့လားဗျ၊ ပြီးတော့လဲ ချမယ့်ချရင် အောက်ထပ်က လူငှားမရှိသေးတဲ့ အခန်းထဲသွင်းရင် အလောင်းပုပ်မှ အမှုပေါ်မယ် မဟုတ်လား”

“ဒါလဲ မပြောနဲ့ဦးလေ အချိန်က မရှိဘူးဗျ”

“နောက်ဖေးကကော မချနိုင်ဘူးလား”

“နောက်ဖေးက ချစရာအပေါက်မရှိဘူး၊ ရှိပြန်ရင်လဲ တိုက်ချင်းကပ်နေတော့ ဘယ်နည်းနဲ့မှ မဖြစ်ဘူး”

“ဘိုးကြူတ်ဆိုတဲ့အကောင်ကော ဘာလုပ်သလဲ”

“ဒါတော့ သူ့အပြစ်ချည်းမဟုတ်ဘူးဗျာ၊ အခန်းထဲမှာ လူနှစ်ယောက်သာ ထားတယ်၊ သူတို့က ကျလာတဲ့အလောင်းကို တဖြည်းဖြည်း လက်နဲ့ဖေးပြီးချနေတုန်း ဘိုးကြူတ်က လူလာပြီဆိုတဲ့ အထိမ်းအမှတ်ပြလိုက်တော့ ဟိုအကောင်နှစ်ယောက်လဲ အလောင်းကို ကပျာကယာ အခန်းထဲ ယူသွင်းမိသွင်းရာ ဗီရိုကြီးထဲ သွင်းဝှက်ထားလိုက်တာပဲ”

“သူတို့က ဘယ်ပြေးသလဲ”

“ဒါကတော့ အစကတည်းက စီမံပြီးသားပါဗျာ၊ အိမ်ရှေ့ ...
... ဦးပန်းခိုင်အခန်း ဆွဲခိုတက်၊ ရောက်တော့ မျက်နှာကျက်မှာ ...



www.burmeseclassic.com

www.burmeseclassic.com



တယ်ဗျ၊ အဲဒီအပေါက်ကို ကြိုးနဲ့တက်ပြီး အမိုးပေါ်ရောက်တော့ နောက်ဖေး ဘိုက်ခေါင်မိုးပေါ် ကူးသွားရုံပေါ့"

"အင်း လူကိုမမိတာ တော်သေးတာပေါ့လေ"

"ဒီအကောင်တွေဟာ သည်လောက်တော့ လျင်ပါတယ်၊ ဒီလို ကသီကရိုဖြစ်သွားရတာက အလယ်ထပ်က အကောင်နှစ်ယောက်က မာတ်မီးတွေ မငြိမ်းဘဲ ထားခဲ့လို့ပေါ့"

"အင်းလေ ဖြစ်ပြီးတာ ဘယ်တတ်နိုင်တော့မလဲ . . .၊ နောက်တို့ အလုပ်လုပ်ရင် ပိပိရိရိရှိဖို့ ခင်ဗျားလူတွေ သတိပေးထားပါ"

"စိတ်ချပါ ဦးစံဘော်၊ အို . . . ဟိုမှာ ဖြတ်သွားတာ ဘယ်သူလဲဗျ"

ထိုအချိန်၌ ဦးစံဘော်၏ ဘဏ္ဍာစိုးသည် စေ့သာရုံစေ့၍ထားသော တံခါးရွက်ရှေ့မှ ဖြတ်၍သွားသဖြင့် ဦးစံဘော်အား လှမ်း၍ မေးလိုက်ခြင်းဖြစ်၏။

"ကျုပ်ဘဏ္ဍာစိုး မောင်ကံကြီးပါ"

"ဒီလူက စိတ်ချရရဲ့လား၊ တံခါးကွယ်က ချောင်းနားထောင်နေတယ် ကျုပ်က ထင်လို့"

"စိတ်ချရပါတယ် ဦးညွန့်မောင်၊ သူက ကျုပ်ရဲ့ လူယုံပါ"

"အသင်းအကြောင်းကော သူသိသလား"

"ရိပ်တောင် မရိပ်မိပါဘူး"

"ခင်ဗျားကားကို သူပဲ မောင်းတယ်မဟုတ်လား"

"ဟုတ်ပါတယ် ဒရိုင်ဘာလည်း ဒရိုင်ဘာ၊ ဘဏ္ဍာစိုးလည်း ဘဏ္ဍာစိုး ပေါ့ဗျာ"

"ဒါဖြင့်လဲ ပြီးပါလေရော့ဗျာ၊ သြော် . . . ဒါထက် ဒီဆရာဝန်က ယိုးဒယားက သူလျှိုဆို"

"ဟုတ်တယ်"

"ကျုပ်တို့အသင်းနောက်ကို လိုက်နေတာလား"

"ဒီဟာတွင် ဘယ်ကမလဲ . . . ကျုပ်တို့ ဆရာကြီးပုံကို ဓာတ်ပုံရိုက် ပြီးတောင် ယိုးဒယားအစိုးရဆီ ပို့ဖို့ကြံတဲ့လူပေါ့၊ ဒါကြောင့်လည်း အဆုံးစီရင် လိုက်ရတာပေါ့"

"ယိုးဒယားအစိုးရကလွှတ်တာ ဘယ်လိုရည်ရွယ်ချက်လဲ ဦးစံဘော် ရဲ့"





"ဒီဟာက ကျုပ်တို့အသင်းရဲ့ လျှို့ဝှက်ချက်တစ်ခုပဲ၊ ဘာပြုလို့ သည် လောက် နှိုက်နှိုက်ချွတ်ချွတ် သိချင်ရတာလဲ ဦးညွန့်မောင်၊ ကျုပ်သိတာ အကုန် ခင်ဗျားသိလို့ ဘယ်ဖြစ်မလဲဗျ၊ ကိုယ်နဲ့မဆိုင်တာ မမေးစမ်းပါနဲ့ဗျာ"

"တစ်ယောက်နဲ့တစ်ယောက် အင်မတန် ခင်မင်နေတဲ့လူချင်းမို့ မေး မိတာပါ ဦးစံဘော်"

"သို့သော် တစ်ခုရှိတယ် ဦးညွန့်မောင်ရဲ့၊ ကျုပ်တို့အသင်းအကြောင်း သဲ ခင်ဗျားအသိသားနဲ့၊ ကျုပ်တို့အသင်းသား အချင်းချင်းတောင် တစ်ယောက် ကိုတစ်ယောက် မသိကြဘူးမဟုတ်လား၊ ခင်ဗျားနဲ့ ကျုပ်နဲ့ အင်မတန် ရင်းနှီး နေပေမယ့် အသင်းနဲ့ပတ်သက်ပြီး လျှို့ဝှက်အပ်တဲ့ စကားတွေကို ကျုပ်ပြော ဖို့ အခွင့်အရေးမရှိဘူးဗျ"

"ကိုင်းဗျာ မမေးစေချင်ရင် မမေးတော့ပါဘူး၊ ဒါနဲ့ အခု စနေနေ့ ကျုပ်လာခဲ့မယ်နော်"

"တနင်္ဂနွေနေ့မှ လာခဲ့ဗျာ . . . စနေနေ့မှာ သဘော်ဘဆင်းပြီး ကျုပ် မိတ်ဆွေတစ်ယောက်နဲ့ တွေ့ဖို့ရှိတယ်"

"ဘယ်က မိတ်ဆွေများလဲ ဦးစံဘော်ရဲ့"

"အထက်လွှတ်တော်အမတ် ဦးရွှေဇံအောင်ပေါ့"

"ကိုင်း ဒါဖြင့် ကျွန်တော်သွားလိုက်ဦးမယ် ဦးစံဘော်"

"ကောင်းပါပြီ ကောင်းပါပြီ"

ဦးညွန့်မောင်သည် စကားပြောရာမှ ထပြီးလျှင် စားပွဲပေါ်တွင် တည် ထားသော ငွေစီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို မီးညှိ၍ သောက် ပြီး နောက် အပြင်ခန်းသို့ ထွက်ခဲ့လေ၏။

လှေကားအဆင်းသို့ ရောက်သောအခါ အပေါ်ထပ်သို့ ဖိုင်တွဲတစ်ခု ကိုယူ၍ တက်လာသော ဘဏ္ဍာစိုး မောင်ကံကြီးဆိုသူနှင့် ရင်ဆိုင်တွေ့သဖြင့် ထိုသူသည် ဦးညွန့်မောင်အား ခပ်ပြုံးပြုံး ကြည့်ပြီးလျှင် အပေါ်သို့ လျင်မြန်စွာ တက်သွားလေ၏။

အောက်ထပ် တံခါးအကွယ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဦးညွန့်မောင်သည် ဦးစံဘော်အခန်း ရှိရာသို့ တစ်ချက်မျှ လှမ်း၍ကြည့်ပြီး နောက် –

"အေးကွယ် . . . စံဘော်ရယ်၊ မင်းနဲ့ငါနဲ့တော့ တစ်နေ့နေ့ တွေ့ ကြဦးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရေရွတ်ကာ လက်သီးကို ဆုပ်၍ ပြသွားလေ၏။ အပေါ်ထပ်သို့ ဦးဘဲဆော်၏ အလုပ်ဖိုင်တွဲများကို ယူ၍ တက်သွားသော ဘဏ္ဍာစိုးမောင်ကံကြီး ကလည်း မိမိထင်သည့်အတိုင်း ဟုတ်ရမည်ဟူသော ဟန်ဖြင့် ဦးညွှန့်မောင် ဆင်းသွားသော လှေကားဘက်ဆီသို့ လှည့်ပြီးလျှင် ဦးခေါင်းကို တစ်ချက်မျှ ဆတ်လိုက်လေ၏။

ထို့နောက်မှ ဘဏ္ဍာစိုး မောင်ကံကြီးသည် မိမိဝတ္တရားရှိသည့်အတိုင်း ဦးဘဲဆော် အလုပ်ခန်းထဲသို့ ဝင်ပြီးလျှင် ဖိုင်တွဲကို ပို့လေသည်။

[ ၉ ]

ထိုနေ့မှာ စနေနေ့ဖြစ်၍ အချိန်မှာ ၃ နာရီခွဲသို့ နီးကပ်လျက်ရှိနေ ပြီ။ ခင်မောင်စိုးသည် လွှစ္စလမ်းတံတားသင်္ဘောဆိပ်၌ စုံထောက်အင်စပိတ် များ၊ အရပ်ဝတ် အရပ်စားနှင့် ပုလိပ်အရာရှိများ၊ စုံထောက်များနှင့် အသင့် ထားပြီးနောက် ထားဝယ်သင်္ဘောသည် တံတားသို့ ကပ်သည်နှင့်တစ် နက် သင်္ဘောပေါ်သို့ တက်သွားလေ၏။

အထက်လွှတ်တော် အမတ်ကြီး ဦးရွှေဖံအောင်စီးလာသည့် ပထမ အထွက်၌ ချာပရာစီတစ်ယောက်နှင့် အမတ်ကြီး၏ တပည့်တစ်ယောက်ကို ရသည်နှင့် ခင်မောင်စိုးက အကျိုးအကြောင်း ပြောပြသောအခါ သူတို့ ခင်မောင်စိုးအား အမတ်ကြီးအခန်းသို့ ခေါ်သွားလေ၏။ ဦးရွှေဖံအောင် ခင်မောင်စိုးအား လူချင်း ယခင်က မသိသော်လည်း ပြုံး၍ နှုတ်ဆက် လေသည်။

ဦးရွှေဖံအောင်မှာ အထက်လွှတ်တော် အမတ်ကြီးဖြစ်၍ နာမည်ကြီး ယောက်ဖြစ်ရာ အရွယ်မှာ ၄၀ ပတ်ဝန်းကျင်လောက်၌ ရှိရမည်ဟု ခင် စိုး ခန့်မှန်းမိ၏။ မျက်နှာမှာ ခပ်သွယ်သွယ်နှင့် ကြည့်၍ကောင်းပြီးလျှင် သော နှာတံနှင့်ချွန်းရှသော မျက်လုံးများရှိလျက် စကားကိုလည်း လေး နက် ပြောတတ်ဟန်ရှိ၏။ အဝါနုရောင် လွန်းချိတ်ပုဆိုး၊ မွေ့လေး အကျီ၊ လိမ္မော်နုရောင်ခေါင်းပေါင်း၊ သားရေပြောင် ရှူးဖိနပ်တို့သည် ခန့်ညားသိုက်မြိုက်စွာ ဝတ်ဆင်ထား၏။ လက်ဝဲဘက် လက်သူကြွယ်



www.burmeseclassic.com

www.burmeseclassic.com



တွင်လည်း အရောင်တဖိတ်ဖိတ် ထွက်နေသော ၅ ရတီခန့်မျှရှိ စိန်လက်စွပ် တစ်ကွင်းကို ဝတ်ထားလေသည်။ ခင်မောင်စိုးသည် ပုလိပ်မင်းကြီး၏ စာကို အဝော်ကြီးလက်သို့ ပေးအပ်လိုက်လေ၏။

"လာပါ စုံထောက်မင်း ဒီမှာ မတ်တတ်ကြီး မကောင်းပါဘူး၊ ညှိ ခန်းစားသွဲမှာ ခဏထိုင်ကြပါဦးစို့လား . . . အားလုံး အသင့်ပြင်ဆင်ထားပြီနော်"

"သင်္ဘောတံတားမှာရော၊ လမ်းမှာရော၊ အားလုံး နေရာတကျ ပြင် ဆင်ပြီးသားပါပဲခင်ဗျာ။ တချို့နေရာမှာလဲ အရပ်ဝတ် အရပ်စားနဲ့ စုံထောက် တွေကို ချထားပါတယ်"

"မောင်တို့ ရန်ကုန်ပုလိပ်အဖွဲ့ကိုတော့ ကျုပ် ကောင်းကောင်းကြီး ယုံကြည်စိတ်ချပါတယ်၊ ဘာမှ တစ်ရုံတစ်ရာ အနှောင့်အယှက် မဖြစ်စေဘူး လို့ မျှော်လင့်ပြီးသားပါပဲ"

"အားလုံး ကျွန်တော့်တာဝန်ပါ ခင်ဗျာ . . . အမတ်ကြီးရဲ့ ပစ္စည်း နဲ့တကွ အသက်ကိုပါ ကျွန်တော်တို့ အသက်နဲ့လဲပြီး စောင့်ရှောက်ရန် အသင့် ရှိပါတယ်"

"ကျုပ်မှာပါလာတဲ့ စာရွက်တွေအကြောင်းနဲ့ ပတ်သက်ပြီး ပုလိပ် မင်းကြီးက ဘာများ အမိန့်ရှိလိုက်သလဲ"

"ဒီစာရွက်တွေအကြောင်း ကျွန်တော်တို့ ဘာမှ မသိပါဘူးခင် ဗျာ၊ ဒီစာရွက်များဟာ အင်္ဂလိပ်အစိုးရမင်းများအတွက် အထူးအရေးကြီးတဲ့ အကြောင်း ကောင်းစွာ စောင့်ရှောက်ရမည့် အကြောင်းကလွဲလို့ ကျွန်တော် ဘာမှမသိပါဘူးခင်ဗျာ"

အမတ်ဦးရွှေဖဲအောင်သည် သူထိုင်နေသော ကုလားထိုင်ကို ခင် မောင်စိုးအနီးသို့ တိုးပြီးနောက် . . . လေသံဖြင့် –

"ဒီလူစုကို အခု သိပ်ပြီး ကြောက်နေရတယ် စုံထောက်မင်းရဲ့၊ ကျုပ် တို့လက်ထဲမှာရှိတဲ့ စာရွက်တွေကို တစ်နည်းနည်းနဲ့ ခိုးယူပြီး ဂျပန်အစိုးရ ကို တိတ်တဆိတ် ရောင်းစားဖို့ ကြံစည်နေတယ်ဆိုတဲ့အကြောင်း သတင်းရ တော့ ကျုပ်တို့အင်္ဂလိပ်အစိုးရမှာလည်း မျက်လုံးပြူးသွားတာပေါ့၊ ဒီအသင်း အကြောင်းကိုတော့ ပုလိပ်မင်းကြီးက စုံထောက်မင်းကို ပြောပြီးပြီမဟုတ်လား"

"ဟုတ်ကဲ့ အတော်အသင့်တော့ သိရပါပြီခင်ဗျာ"

"အတော်လဲ နိုက်နိုက်ချွတ်ချွတ် ကြံကြံဖန်ဖန်လုပ်တဲ့အသင်းဆိုပဲ စုံထောက်မင်းရဲ့"





"ဪ . . . ဒါထက် စက္ကူတွေကို ဘယ်မှာထားသလဲ ခင်ဗျာ"

"စိတ်ချရအောင် သင်္ဘောကပ္ပတိန်ဆီမှာ လက်ဆွဲသားရေအိတ်ပြား ကလေးနဲ့ ထည့်ပြီး အပ်ထားပါတယ်"

"ကောင်းပါတယ်ခင်ဗျာ"

သင်္ဘောဆိုက်သောအခါ ပထမတန်း ခရီးသည်များထံသို့လည်း မိတ်ဆွေသင်္ဂဟများနှင့် ဆွေမျိုးဉာတိများတို့သည် လာရောက်ကြိုဆိုကြလေ ရာ တစ်ယောက်နှင့်တစ်ယောက် နှုတ်ဆက်ခေါ်ငင်ကြသောအသံများ၊ ဝန်စည် စလည်များကို ရွှေ့ပြောင်းသယ်ယူလျက်ရှိကြသော အသံများဖြင့် ပတ်ဝန်းကျင် တွင် ဆူညံလျက်ရှိလေ၏။ ဦးရွှေဖဲအောင်၏ အခန်းတွင်း၌လည်း ပစ္စည်းများ ကို သူ၏တပည့်နှစ်ယောက်နှင့် ချာပရာစီကုလားက ကူလီများငှားရမ်းကာ ပြင်ဆင်လျက်ရှိကြ၏။

ထိုအချိန်၌ ဆန်ကောက်ပုဆိုး တောင်ရှည်မီးခိုးရောင်၊ သက္ကလပ် ရင်ဖုံးအင်္ကျီ၊ ခေါင်းပေါင်းအုပ်ပေါင်း၊ အညိုရောင် ဆက္ကဖိနပ် စသည်တို့ ဖြင့် ကောင်းမွန်သပ်ရပ်စွာ ဝတ်ထားသော အသက် ၄၀ ကျော်ခန့်ရှိ လူတစ် ယောက်သည် ဧည့်ခန်းသို့ ဝင်လာပြီးလျှင် ဦးရွှေဖဲအောင်အား နှုတ်ဆက်၏။ ထိုသူမှာ သူဌေးဦးစံဘော်ပင် ဖြစ်လေသည်။

"ဘယ့်နှယ် အမတ်မင်း၊ ကျန်းခံ့သာလို့ မာတော်မူပါစနော်"

"ဪ သူဌေးမင်းကြွလာသကိုးဗျ၊ မာပါရဲ့ခင်ဗျာ၊ ဘာကိစ္စ ကြွ လာပါသလဲ"

"ထားဝယ်က မိတ်ဆွေတစ်ယောက်က အထုပ်ကလေးတစ်ထုပ် ကပ္ပတိန်ဆီမှာ အပ်ပေးလိုက်တာနဲ့ လာယူပါတယ်၊ ဘယ့်နှယ်လဲ ထားဝယ် ဆော်ချား အေးအေးချမ်းချမ်း ရှိပါရဲ့လား"

"အေးပါရဲ့ဗျာ၊ ကျွန်တော်တို့ဆီမှာ နေဝင်မီးငြိမ်းကိစ္စတွေတောင် ခင်ကြီးပြီး ပြင်ဆင်ဖို့ မကြံပါဘူး"

"ဒါပေမယ့် တကယ်ဆိုတော့ ခင်ဗျားတို့က ပိုပြီး နီးတာပေါ့ဗျ ဟား ဟား . . . ဟား . . . မဟုတ်ဘူးလားဗျာ"

"အင်း တယ်ပြီး မထူးပါဘူးလေ"

"တဆိတ်အခွင့်ပြုပါဦး ခင်ဗျာ၊ ကပ္ပတိန်ဆီသွားပြီး ထားဝယ်က ပို့လိုက်တဲ့ အထုပ်ကလေး ယူလိုက်ပါရစေဦး"

"ကောင်းပါပြီ ကောင်းပါပြီ နက်ဖြန် တွေ့ကြသေးတာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"တော်တော်နဲ့ မပြန်သေးဘူး မဟုတ်လား"

"တော်တော်နဲ့ မပြန်သေးပါဘူး . . . အစည်းအဝေးပြီး တစ်ပတ် လောက် နေရပါလိမ့်ဦးမယ် . . ."

ခင်မောင်စိုးသည် ဦးရွှေဖဲအောင်နှင့် ဤမျှလောက် အရေးကြီးသော ကိစ္စကို ပြောဆိုနေသည့်အတွင်း ဧည့်သည်ရောက်လာခြင်းကို သံသယဖြစ်ပြီး လျှင် ထိုသူဌေးဦးစံဘော်ကိုပင် သက်ာမကင်းဖြစ်မိသေး၏။ ခင်မောင်စိုးသည် ဦးစံဘော်အား လူချင်းမသိသော်လည်း သူ၏ဂုဏ်သတင်းနှင့် နာမည်ကိုကား ကြားဖူး၏။ ဦးစံဘော်မှာ လူကြီးလူကောင်းတစ်ယောက်ဖြစ်၍ ရန်ကုန်မြို့ရှိ သူဌေးသူကြွယ်များ လွှတ်တော်အမတ်များ အချို့အရာရှိများနှင့် ပွဲလမ်း သဘင် အခမ်းအနားများတွင် ရင်းရင်းနှီးနှီး နှုတ်ဆက်ပြောဆိုနေသည်ကို မိမိ ကိုယ်တိုင် သုံးလေးကြိမ်မျှ မြင်ခဲ့၏။ ဦးရွှေဖဲအောင် ကိုယ်တိုင်ကပင် များစွာ အရေးပေး၍ ခေါ်ငင်ပြောဆိုသောကြောင့် အတန်ငယ် စိတ်သက်သာရာ ရမိ၏။

ထို့နောက် ဦးရွှေဖဲအောင်သည် သင်္ဘောကပ္ပတိန်ရှိရာ အခန်းသို့ ခင်မောင်စိုးနှင့် အတူသွားရောက်ကာ မိမိအပ်ထားသော သားရေအိတ်ပြား ကလေးကို ထုတ်ယူခဲ့လေသည်။

"မသွားခင် အမတ်မင်း သားရေအိတ်ကလေးဖွင့်ပြီး စာရွက်တွေ သေသေချာချာ ကြည့်ပါဦးခင်ဗျာ"

ဦးရွှေဖဲအောင်သည် အိတ်ထဲမှ သော့ကလေးတစ်ချောင်းကို ထုတ် ယူပြီးလျှင် သားရေလက်ဆွဲအိတ်ပြားကလေးကို ဖွင့်၍ကြည့်လေ၏။

"သည်ဟာတွေပါပဲ စုံထောက်မင်း"

"ကောင်းပါလေ့ရော့ ခင်ဗျာ"

"ကျုပ်မှာလဲ ဒီစာရွက်တွေ ကျုပ်လက်ထဲ ရောက်လာကတည်းက ကိုယ်ပိုင်ပစ္စည်းထက်တောင် ဂရုစိုက်ရပါသေးတယ် စုံထောက်မင်း၊ ကဲ စုံထောက်မင်း ကျုပ်တို့ဆင်းကြစို့လား"

"ဒီ သားရေလက်ဆွဲအိတ်ကလေး အမတ်မင်း ကိုယ်တိုင် ယူခဲ့မှာ လား ခင်ဗျာ၊ ကျွန်တော့်ကို ပေးချင်ပေးပါလေ ကျွန်တော် ဆွဲခဲ့ပါ့မယ်"

ထိုအချိန်၌ ခင်မောင်စိုးသည် ကြိမ်တုတ်ကလေးတစ်ချောင်းကို ကိုင် လျက်ရှိ၏။

"ကိစ္စမရှိပါဘူး စုံထောက်မင်း၊ ကျွန်တော်ပဲ ဆွဲခဲ့ပါမယ်၊ အနားက စုံထောက်မင်း အပါသားပဲ"





"ဒါဖြင့်လဲ ကိစ္စမရှိပါဘူးလေ . . . နေ့လယ်ကြောင်တောင်ကြီး သည်လောက်တောင်တော့ အတင့်မရဲတန်ပါဘူး၊ ကျွန်တော့်မှာ ခြောက်လုံးပြူး လက် ပါပါတယ်"

"ကိုင်း ဆင်းကြစို့လား"

သို့နှင့် စုံထောက်ခင်မောင်စိုးနှင့် အမတ်ဦးရွှေဖဲအောင်တို့သည် သင်္ဘောပေါ်မှ ဆင်းကြလေ၏။ သင်္ဘောတံတားအဆင်း၌ကား သင်္ဘောစီး ခရီးသည်များနှင့်တကွ ကြိုဆိုရန် လာသူများ၊ သင်္ဘောကူလီများတို့သည် ရော နှောရှုပ်ထွေးလျက်ရှိကုန်၏။

တံတားအဆင်း တံတားဦးအနီးတွင် ဝန်စည်စလယ်များနှင့် ခရီး သည်များ ဟိုနေရာ ဒီနေရာ စသည်ဖြင့် အစုလိုက် အအုပ်လိုက် ရှိနေကြရာ အသက် ၂၅ နှစ်ရှိ မိန်းမတစ်ယောက်နှင့် အသက် ၃၀ ခန့်ရှိ မိန်းမတစ်ယောက် တို့သည် ဦးရွှေဖဲအောင် ကိုင်သည့် အစိမ်းရောင် သားရေလက်ဆွဲအိတ်ပြား ကလေးများကို ကိုယ်စီကိုင်ကာ တံတားကုန်းပေါင်ပေါ်မှ ဆင်းလာသည့် လူ များထဲတွင် ရောနှောတိုးဝှေ့လျက် ရှိကြလေ၏။ အကြီးမိန်းမသည် ခင်မောင်စိုး နှင့် ဦးရွှေဖဲအောင်တို့၏ နောက် မလှမ်းမကမ်းမှ ဆင်းလာသော လူတစ် ယောက်အား လှမ်း၍ –

"ဟော . . . ဟိုမှာ . . . ကိုစိန်မောင်ရယ် . . . ကိုစိန်မောင်ရယ်၊ ကိုစိန်မောင် . . . ဟော့ ကိုစိန်မောင် . . ."

ဟု ဟစ်အော်ခေါ်ငင်လျက်ရှိလေ၏။

ထိုအခါ အသက် ၂၀ ခန့်ရှိ ဆံပင်နီကြောင်ကြောင်နှင့် လူငယ်တစ် ယောက်သည် ရှုပ်ယှက်ခတ်လျက်ရှိသော ကုန်းဘောင်ပေါ်မှလူစုကို အတင်း တိုးဝှေ့၍ တိမ်းရှောင်ကာ သူတို့ထံသို့ ပြေးလာလေ၏။ မိန်းမ ၂ ယောက် ရပ်နေသောနေရာနှင့် နှစ်လံခန့်မျှ ဝေးသောနေရာသို့ ရောက်လျှင် –

"အစ်မကြီး . . . အမယ်လေးဗျာ၊ ခင်ဗျားကို လိုက်ရှာနေရတာ . . . အလို . . . အလို . . ."

ဤသို့ ဟစ်အော်ပြောဆိုလျက်ရှိစဉ် နောက်မှ ပြေးလာသော ကုလား တစ်ယောက်သည် သူ့ကို ဝင်၍ တိုက်လေရာ . . . လူငယ်သည် ခြေချော်ပြီး လျှင် ရှေ့သို့ ဟပ်ထိုးလဲ၍ သွားလေ၏။ ထိုအချိန်၌ ဦးရွှေဖဲအောင်မှာ လူငယ် သည်နှင့် အနီးဆုံးဖြစ်ရကား လူငယ်သည် ဆွဲမိဆွဲရာ ဦးရွှေဖဲအောင်၏ သားရေ အိတ်လက်မောင်းကို ဖမ်း၍ ဆွဲလိုက်သဖြင့် ဦးရွှေဖဲအောင်၏ လက်မှ သား



www.burmeseclassic.com

www.burmeseclassic.com



ရေအိတ်ပြားကလေးသည် ကုန်းပေါင်ပေါ်သို့ လွတ်ကျသွားလေ၏။ ထိုခဏ၌ အနီးမှမိန်းမနှစ်ယောက်သည်လည်းရောက်၍လာပြီဖြစ်ရာမိန်းမတစ်ယောက်က

"ဟဲ့ . . . မောင်စိန်မောင် . . . ဘယ့်နယ်ဖြစ်ရတာလဲ . . .၊ မင်းမှာလဲကွယ်"

ဟု ပြောပြောဆိုဆိုနှင့် မောင်စိန်မောင်အား ထူမပြီးလျှင် ဦးရွှေဖံအောင်ဘက်သို့ လှည့်၍ –

"မတော်လို့ပါ ဦးမင်းရယ် သည်းခံပါ"

ဟု ပြောကာ ဦးရွှေဖံအောင်၏ သားရေအိတ်ပြားကလေးကို လျင်မြန်စွာ ကောက်၍ပေးလိုက်လေ၏။ ခင်မောင်စိုးကလည်း ဦးရွှေဖံအောင် ကိုယ်တိုင်လဲကျမသွားစေရန် လက်ျာဘက်မှနေ၍ ထိန်းလိုက်ရလေသည်။ ထိုအခါ အခြားမိန်းမတစ်ယောက်ကပင် ဝင်ရောက်ကူညီလိုက်သေး၏။

ခင်မောင်စိုးသည် ထိုသူငယ်အနီးသို့ ချဉ်းကပ်သွားလျက် –

"ဟေ့ကောင် မင်း ဘာမှတ်သလဲ နောက်ဆုတ်"

ထိုအချိန်တွင် အနီးသို့ အရပ်ဝတ်အရပ်စားနှင့် စုံထောက်တစ်ယောက်ရောက်လာပြီးလျှင် မယောင်မလည်ကြည့်ရှုလျက်ရှိ၏။

သူငယ်က –

"ကျွန်တော်မသိလို့ပါ ဆရာရယ်"

ဟု ပြောသောအခါ ခင်မောင်စိုးက –

"လူကြီးကို မရိုမသေနဲ့ . . . တယ်"

ထိုအခါ လက်ဆွဲအိတ်ပြားကလေးကို ကူညီ၍ ကောက်ပေးသောမိန်းမက ဝင်၍ တောင်းပန်လေသည်။

"မတော်တဆဖြစ်ရတာပါ အစ်ကိုကြီးရယ်၊ သည်းခံပါ"

ရာဇဝတ်အုပ်တစ်ယောက်လည်း ထိုအခါ ရောက်လာပြန်လေသည်။ ရာဇဝတ်အုပ်သည် ဦးရွှေဖံအောင်အား ဦးခေါင်းကိုညိတ်၍ အရိုအသေပေးလေ၏။ ရာဇဝတ်အုပ်က –

"တယ်မိုက်တဲ့လူပဲ ခင်ဗျားတို့ ဒီလို အရမ်းမလုပ်ရဘူးဗျ၊ သွားကြသွားကြ"

ထိုအခါမှ ခင်မောင်စိုးသည် အတန်ငယ် စိတ်သက်သာရာရ၍သွားလေ၏။ ကမ်းနားလမ်း၌ ဦးရွှေဖံအောင်၏ကားမှာ အသင့်စောင့်နေသဖြင့် ကားပေါ်သို့ တက်ခါနီးတွင် ဦးရွှေဖံအောင်က –





"တကတည်းဗျာ . . . အရေးထဲ၊ ကျုပ်ဖြင့် ထိတ်လိုက်တာ စုံထောက်မင်း . . ."

"ကျွန်တော်လဲ နည်းနည်းတော့ ရင်တုန်သွားမိသေးတယ်ခင်ဗျ"

"ကိုင်းလေ . . . ဘာမှမဖြစ်လို့ တော်သေးတာပေါ့၊ ကိုင်း စိတ်ချရပါပြီ . . . သွားကြစို့"

ဦးရွှေဖံအောင်၏ ဖြူကားကြီးအနီးတွင် ယူနီဖောင်းအပြည့်အစုံနှင့် ရပ်နေသော ပုလိပ်အင်စပိတ်တော်တစ်ယောက်ကို တွေ့ရသည်နှင့် –

"အိုင်ဆေး . . . ကိုအုန်းဖေလားဗျာ"

ပြောဆိုကာ ခင်မောင်စိုးသည် ဦးရွှေဖံအောင်နှင့်အတူ ကားပေါ်သို့ တက်လေ၏။

အင်စပိတ်တော်ကိုဘလှသည် ကားရှေ့ပိုင်းတွင် ဒရိုင်ဘာနှင့်အတူ လိုက်ပါလာလေရာ အရပ်ဝတ်၊ အရပ်စားနှင့် စုံထောက် ၂ ယောက်သည်လည်း ရာဇဝတ်အုပ်တစ်ယောက်နှင့်အတူ အခြားကားတစ်စီးဖြင့် ဦးရွှေဖံအောင်၏ ကားနောက်မှ လိုက်ပါလာလေသည်။

ဟုမ်းလမ်းရှိ ဦးရွှေဖံအောင်၏ အိမ်မှာ ကျယ်ဝန်းသော ခြံကြီးတစ်ခြံအတွင်းရှိ တိုက်ခံအိမ်တစ်လုံးဖြစ်၍ ကားနှစ်စီးသည် ဆေးဖြူသုတ်ထားသော ဝင်းတံခါးမှ လက်ဝဲဘက်သို့ ချိုး၍ ဝင်သွားလေ၏။

နောက်မှလိုက်လာသော ရာဇဝတ်အုပ်နှင့် စုံထောက်နှစ်ယောက်တို့၏ ကားမှာ ခြံဝင်းမှ လှည့်၍ ပြန်သွားလေသည်။

ခင်မောင်စိုးနှင့် အင်စပိတ်တော် ကိုအုန်းဖေတို့သည် ဆိုဖာများပေါ်တွင် အမောအပန်းဖြေရင်း စီးကရက်များကို သောက်လျက်ရှိကြစဉ် ဦးရွှေဖံအောင်လည်း ခင်မောင်စိုးအနီးရှိ စားပွဲဝိုင်းကလေးပေါ်သို့ လက်ဆွဲအိတ်ပြားကလေးကို ပစ်တင်လိုက်ပြီးလျှင် အတွင်းခန်းသို့ ခေတ္တဝင်သွားလေ၏။ ဦးရွှေဖံအောင် ဝင်သွားသောအခါ ခင်မောင်စိုးက သားရေအိတ်ပြားကလေးကို ကြည့်ပြီးလျှင် ကိုအုန်းဖေဘက်သို့ လှည့်၍ "ဒီဟာကလေးပဲ" ဟူသော သဘောဖြင့် မျက်စပစ်ပြလိုက်ရာ ကိုအုန်းဖေကလည်း နားလည်သည့် လက္ခဏာဖြင့် ပြန်၍ ဦးခေါင်းကို ညိတ်ပြလိုက်လေသည်။

ဦးရွှေဖံအောင်မှာ သားမယားမရှိသဖြင့် အိမ်တွင် အစေခံ မိန်းမကြီးတစ်ယောက်က ကျွေးမွေးရပြီးလျှင် ဒရဝမ်တစ်ယောက်သည် ခြံအနီးရှိ တဲထဲတွင် နေ့ရောညဉ့်ပါ အမြဲစောင့်ရှောက်လျက်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးရွှေဖဲအောင်မှာ နိုင်ငံရေးပရိယာယ်ကို နားလည်ရုံမျှမက စိတ်ထ
အောင်ခြင်း၊ အခြင်ကျယ်ခြင်း၊ ဗဟုသုတနှင့် ပြည့်စုံခြင်းတို့ကြောင့် ဝန်ကြီး
အချို့၏ ဆရာတင်ခြင်းကို ခံရပြီးလျှင် နန်းရင်းဝန်ကြီးကပင် အထူးအားထား
သူဖြစ်လေသည်။

အခန်းတွင်းမှ ပြန်၍ ထွက်လာသောအခါ ဦးရွှေဖဲအောင်မှာ ပိုးရှ
အင်္ကျီအဖြူ၊ ပိုးဆောင်းဘီအပွကြီးကို ဝတ်လျက် ဆံပင်ကိုနောက်သို့ လှန်
သပ်ယပ်စွာ ဖြီးထားရကား ယခင်ရုပ်ကို ၅ နှစ်ခန့်မျှ ပြန်၍ နုပျိုသွားစေ၏

"ဟော မောင်ထွန်း . . .၊ ဒီက စုံထောက်မင်းများ လင်မနစ်ပေးကွယ်"

မကြာမီ အစေခံများသည် ငွေလင်ပန်းတစ်ချပ်ပေါ်တွင် လင်မနစ်
ဖန်ခွက်များ ၃ လုံးကို တင်၍ ယူခဲ့လေ၏။ ထို့နောက် ဦးရွှေဖဲအောင်သည်
ဖန်ခွက်များကို ခင်မောင်စိုးနှင့် ကိုအုန်းဖေတို့ ရှေ့သို့ အသီးသီးချပေး
သုံးဦးသားတို့သည် လင်မနစ်များကို တစ်ကျိုက်စီသောက်ရင်း ဦးခေါင်းပေ
မှ ဝန်ထုပ်ကြီးတစ်ထုပ် ကျသွားဘိသကဲ့သို့ အလွန်အေးဆေးလှသော အ
အရာဖြင့် ရှိနေကြကုန်၏။

"အခုမှပဲ စိတ်သက်သာရာ ရသွားတော့တာပဲ ခင်ဗျာ၊ ဒီတစ်ပတ်
လွှတ်တော် အစည်းအဝေးမီလာဖို့ကိစ္စက အရေးကြီးတဲ့အထဲမှာ ဒီစာရွက်
ယူလာဖို့ဟာက ပေါ်လာပြန်တော့ မင်းကြီးဆီ လှမ်းပြီး ကြေးနန်းနဲ့ အကြော
ကြားရတော့တာပဲ"

"မှန်တာပေါ့ ခင်ဗျာ"

"ဩော် . . . ဒါထက် ဒီက အင်စပိတ်တော်မင်းနာမည်က ဘယ်သ
ပါတဲ့ခင်ဗျာ"

"ကိုအုန်းဖေလို့ ခေါ်ပါတယ်"

အင်စပိတ်တော် ကိုအုန်းဖေသည် ဦးညွှတ်၍ လက်ကမ်းသေ
အမတ်ကြီးဦးရွှေဖဲအောင်နှင့် လက်ဆွဲနှုတ်ဆက်လေသည်။

"ဒါထက် ဒီလက်ဆွဲအိတ်ပြားကလေးကို သိမ်းဆည်းပါဦးခင်ဗျာ

"ဟုတ်ပါရဲ့၊ သိမ်းရမယ် . . . သိမ်းရမယ် . . . သိပ်ဒုက္ခပေးတ
စာရွက်တွေပေါ့ခင်ဗျာ၊ ဒါကြောင့် ကျွန်တော်ဖြင့် အဝတ်အစားထည့်တဲ့ သေ
ရေအိတ်ထဲတောင် ကိုယ့်စိတ်ကိုယ်မလုံတာနဲ့ မထည့်ဝံ့ဘူး ခင်ဗျ၊ ကိုယ်
မကွာ အခုလို ယူလာခဲ့ရတာပဲ . . .၊ ဒီကနေ့တော့ အချိန်မရှိတော့ဘူး၊ န
ဖြန်ကျမှပဲ ဘဏ်တိုက်သွား အပ်ထားရတော့မှာလဲ"





"အခုညဲ ပုလိပ်အကူအညီ လိုပါသေးသလား ခင်ဗျာ"

"ဟာ ဘယ့်နှယ်ပြောပါလိမ့်၊ လိုပြီလား စုံထောက်မင်း၊ ပုလိပ်သား
ယောက်နဲ့ ရာဇဝတ်အုပ်တစ်ယောက်တော့ ပေးဦးမှပဲ . . ."

"ကိုင်း . . . ဒီကိစ္စကတော့ ဦးအုန်းဖေနဲ့ ဆိုင်သဗျ၊ ဘယ့်နှယ်လဲ
ပိတ်တော်မင်းရဲ့ . . ."

"ဟုတ်ကဲ့ အခု ကျွန်တော် ဒီကအပြန် ရာဇဝတ်ဝန်ကြီးနဲ့ တိုင်ပင်
ဒီကနေ့အတွက် နေရာချထားလိုက်ပါမယ် . . ."

"ကောင်းပါပြီခင်ဗျာ ကျေးဇူးတင်ပါတယ်၊ ပြီးတော့လဲ စုံထောက်မင်း
. . . ဟောဒီက အင်စပိတ်တော်ကြီးရော နက်ဖြန် ဆယ်နာရီအရောက်
တော့အိမ် ကြွကြပါဦးခင်ဗျာ၊ ဘဏ်တိုက် ဖွင့်ရင်ဖွင့်ချင်း ဒီစာရွက်တွေ
ကျွန်တော် အပ်ချင်ပါတယ်၊ အဖော်လိုက်ခဲ့ကြပါဦး"

"ကောင်းပါပြီခင်ဗျာ"

ဦးရွှေဖဲအောင်သည် အတွင်းခန်းရှိ မီးခံသေတ္တာကြီးထဲသို့ လက်ဆွဲ
အိတ်ပြားကလေးကို သွား၍ ထည့်မည်ပြုလေ၏။ သို့သော် သံသေတ္တာအတွင်း
ထည့်မီ သေချာသည်ထက် သေချာစေရန် ထပ်မံစစ်ဆေးလိုသေးသည့်
ကာဖြင့် ဦးရွှေဖဲအောင်သည် အင်္ကျီအတွင်းမှ သော့ကလေးကို ယူပြီးလျှင်
လက်ဆွဲအိတ်ပြားကလေးကို ဖွင့်လေ၏။ သို့သော် သော့ဖွင့်ပြီးနောက် 'ဖစ်'
သံနန်းကြီးကို ဆွဲ၍ ဖွင့်လိုက်သည်နှင့်တစ်ပြိုင်နက် ဦးရွှေဖဲအောင်မှာ
ကြီးထိမှန်လိုက်ဘိသကဲ့သို့ –

"ဟိုက် တစ်ခါဖြင့် ကိုယ်ကျိုးနည်းပြီ စုံထောက်မင်း . . . ကိုင်း"

ဟု ပြောဆိုကာ ဦးရွှေဖဲအောင် လက်ဆွဲအိတ်ကလေးထဲမှ သူရိယ၊
တွေအလင်း သတင်းစာဟောင်းများကို ဆွဲထုတ်လိုက်လေ၏။

ဦးရွှေဖဲအောင်မှာ စိတ်ထိခိုက်လွန်းလှသဖြင့် ဆိုဖာနောက်မှီပေါ်သို့
ကျလက်လန်၍ ကျသွားလေရာ . . . ကိုအုန်းဖေတို့လည်း စကားတစ်
မျှ မပြောနိုင်ဘဲ မျက်လုံးများပြူးလျက် ရှိကြကုန်၏။

ဦးရွှေဖဲအောင်သည် မျက်နှာများ နီမြန်းကာ အသားများ ဆတ်ဆတ်
တုန်လျက်ရှိလေသည်။

"သင်းတို့လက်ချက် ဦးသွားပြီကော စုံထောက်မင်း"

"နာလိုက်လေ ခင်ဗျာ၊ ကျွန်တော် အစက ထင်လိုက်သား၊ ဟိုအောင်
ပြေးလာပြီး အမတ်မင်းကို ဝင်တိုက်တာ မရိုးဘူးခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကိုလဲ နောက်က ကုလားတစ်ယောက် ပြေးလာပြီး ဝင်တိုက်ပါ ရိုက်မိတာပဲလို့ ကျုပ်က ထင်လိုက်တာကိုး၊ စုံထောက်မင်းရဲ့"

"ဘယ်ကလာ ဟုတ်ရမှာလဲ ခင်ဗျာ၊ ဒီဟာတွေ သူတို့ဉာဏ်ချည် ပဲခင်ဗျ၊ အဆုံးမှာတော့ လက်ဆွဲအိတ်ပြားကလေး အမတ်ကြီးလက်က လွှ ကျသွားတုန်း ကုန်းပြီး ကောက်ပေးတဲ့မိန်းမက ဖျတ်ခနဲ လဲယူလိုက်တာပေ ခင်ဗျာ"

"မြန်ပဲ မြန်လွန်းလှသဗျာ၊ ကျုပ်လဲ စုံထောက်မင်းက ကျုပ်ကို မေ အောင် လှမ်းပြီး ဆွဲလိုက်တုန်း လက်ဆွဲအိတ်ပြားကလေးကို လှမ်းပြီး ကြ လိုက်သေးတာပဲ . . ."

"သည်တော့ ဘာမြင်ရသလဲ ခင်ဗျ"

"ကျုပ်လက်ကို သူ လှမ်းပေးလိုက်တာပဲ . . ."

"ဒီတော့ လက်ဆွဲအိတ်ချင်း လဲပြီးပြီကိုးဗျ၊ အမတ်မင်းကို ကျွန်တေ က ညာဘက်ကနေပြီး အပွေ့ အမတ်မင်းက ကျွန်တော့်ကို အံ့အားသင့် လှည့်အကြည့် ဒီအချိန်မှာ လဲလိုက်မှာပေါ့"

"အခုလိုတော့ သည်အတိုင်း ဖြစ်မှာပဲ"

"အမတ်မင်းက ဘယ်လိုပဲ လှမ်းကြည့်လိုက်သေးတယ် ဆိုပေ အမတ်မင်း ကျွန်တော့်ကို လှည့်ကြည့်လိုက်တာရယ်၊ အမတ်မင်း မလဲရအေ ကျွန်တော်က ဂရုစိုက်လိုက်တာရယ် အနည်းဆုံး သုံးစက္ကန့်လောက်တော လက်ဆွဲအိတ်ပြားကလေးဟာ ကျွန်တော်တို့ မျက်စိအောက်က ပျောက်သ သေးတာကိုး ခင်ဗျ၊ အဲဒီ သုံးစက္ကန့်အတွင်းမှာ လဲယူလိုက်တာဖြစ်မှာပဲ"

"လျှပ်စစ်ထက် မြန်ပါသေးကလား စုံထောက်မင်း . . ."

"ဒါကြောင့်လဲ ရွှေပင့်ကူအသင်းလို့ သူတို့ကိုယ် သူတို့ ကြွားနေ ပေါ့ ခင်ဗျာ"

"ရှိုင်းလိုက်လေ စုံထောက်မင်းရယ်၊ ကျုပ်ကိုယ်တိုင်ရော . . . ထောက်မင်းရော . . . ဟောဒီက အင်စပိတ်တော်မင်းနဲ့ သူ့တပည့်တွေ ရှိပါရက်သားနဲ့ ဒီမျက်စိတွေအောက်က သုံးစက္ကန့်လောက် လစ်သွားတဲ့ အ ကလေးမှာ ဒီလိုဖြစ်သွားရတာ နာကြည်းလှသဗျာ"

ခင်မောင်စိုးက –

"မင်းကြီးကိုယ်တိုင်က ကျွန်တော့်ကို အားကိုးပြီး တစ်ဆင့်လွှဲ လေသမျှ အလဟဿ ဖြစ်ကြတော့တာပါပဲ ခင်ဗျာ"





"ဒါကြောင့် ကျုပ်လဲ ဒီအသင်းအကြောင်းကို ကြားဖူးလေတော့ မင်းကြီးကို တင်ကြိုပြီး အကြောင်းကြားရတာကို အခုတော့၊ ကျုပ်ရော အင်စပိတ်တော်မင်းနဲ့ စုံထောက်မင်းတို့ရော မျက်စိမလှ မျက်နှာမလှ ဖြစ်ကြကုန်ပြီဗျ"

ကိုအုန်းဖေက –

"မှန်ပါတယ်ခင်ဗျာ၊ ကျွန်တော်လဲ မနီးမဝေးမှာရှိပါတယ်"

"ကျွန်တော်ဖြင့် ခင်းကြီးကိုတောင် မျက်နှာမပြဝံ့အောင် ဖြစ်နေပါပြီ၊ ဒါပေမယ့် ကျွန်တော်တို့ မပြောလဲ မဖြစ်ဘူးခင်ဗျ၊ ချက်ချင်း အကြောင်းကြား ရလိမ့်မယ်"

"ဟုတ်တာပေါ့လေ၊ စုံထောက်မင်းမှာလဲ တစ်မျိုးခက်၊ ကျုပ်မှာလဲ တစ်မျိုးခက်တာပဲဗျို့၊ ကျုပ်လူကို ကျုပ်ဘယ်လိုလုပ်ပြီး မျက်နှာပြရမယ်ဆို တာ မသိဘူး"

ဦးရွှေဇံအောင်မှာ သပ်ရပ်စွာ ဖြီး၍ထားသော ဆံပင်ကို လက်နှစ် ဖက်ဖြင့် ထိုးဖွကာ စားပွဲဝိုင်းကလေးပေါ်၌ တံတောင်ဖြင့် ထောက်ရင်း လက် ခါးပေါ်တွင် မေးတင်လျက်ရှိလေ၏။ ထို့နောက် နေရာမှ ထလိုက်ပြီးလျှင် လက်နှစ်ဖက်ကို နောက်သို့ပစ်၍ စင်္ကြံလျှောက်ရင်း အရှုးတစ်ယောက်ပမာ ခါးစပ်မှ အမျိုးမျိုး ရေရွတ်လျက်ရှိလေသည်။

ခင်မောင်စိုးသည် လက်ဆွဲအိတ်ပြားကလေးကို ယူ၍ သော့ပေါက် နေရာများကို အသေအချာကြည့်ရှုလျက်ရှိလေသည်။

"အိတ်ချင်းကလဲ တူလိုက်တာ တထေရာတည်းပါပဲ စုံထောက်မင်း"

"ဒီဟာက ကုလားဆိုင်တွေမှာ အမျိုးတူ အဆင်တူရောင်းတဲ့အိတ်မျိုး ကလေးတွေကိုး ခင်ဗျ၊ အမျိုးအဆင်တူရုံတောင်မကဘူး၊ သော့တောင် တူတဲ့ အတွက် အမတ်မင်းသော့နဲ့ ခတ်လို့ ရတာပေါ့"

"ကိုင်း . . . ဒီတော့ ကျုပ်တို့ ရှေ့ကို ဘယ်လိုဆက်ပြီး စခန်းသွား ကြမယ်ဆိုတာသာ စဉ်းစားဖို့ရှိတော့တာပဲ . . .၊ စုံထောက်မင်း ကျုပ်တော့ ဉာဏ်တုံးနေပြီဗျာ၊ မစဉ်းစားတတ်တော့ဘူး"

"ဒီဟာတော့ ပုလိပ်မင်းကြီးနဲ့ တိုင်ပင်ဦးမှပဲခင်ဗျ၊ ရုတ်တရက်ပြော လို့ မဖြစ်သေးဘူး၊ တိုင်ပင်ပြီး ကျွန်တော်တို့ ခေါင်းအေးအေးနဲ့ စဉ်းစား ကြရလိမ့်မယ်"

ကိုအုန်းဖေက –

"ဟုတ်ပါတယ်ခင်ဗျာ၊ ကိုခင်မောင်စိုးပြောတာ မှန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီခင်ဗျာ၊ ကြည့်လုပ်ပေးကြဝါဦး၊ ကျွန်တော်တော့ ဗဓူညီးလဲဆုံး အရှက်လဲကွဲ ဖြစ်နေပြီကော စုံထောက်မင်း"

"ဩော် . . . တစ်ခုတော့ သတိပေးချင်ပါတယ်ခင်ဗျာ . . . ဒီသတင်း အပြင်ကို ပေါက်ကြားသွားမှာ ကျွန်တော် စိုးရိမ်ပါတယ်"

"ကျွန်တော်က ဥစ္စာရှင်ပါခင်ဗျာ . . . ကျွန်တော်က သာ စုံထောက်မင်းများပြောတဲ့စကား နားထောင်ဖို့ရှိပါတယ်၊ ကျွန်တော့်ဘက် တော့ လုံခြုံပါစေမယ်၊ စိတ်ချပါ . . . ဩော် . . . ဒါထက် မင်းကြီးဆီ ဖုန်းနဲ့ပြောမလား"

"ဒီကိစ္စကို ဖုန်းနဲ့ပြောလို့ မဖြစ်ဘူး မှတ်တယ်ခင်ဗျာ၊ ကျွန်တော် ကိုယ်တိုင်ပဲ သွားပြီး ပြောရလိမ့်မယ်"

တားပေါ်သို့ ရောက်သောအခါ ကိုအုန်းဖေအား ခင်မောင်စိုးက -

"ကိုင်း . . . ကိုအုန်းဖေ ပန်းဘဲတန်းဌာနရောက်ရင် ဆံပင်နီကြော ကြောင် အရပ်ပုပု၊ နှာခေါင်းပွပွ အသက် ၂၀ လောက် ယောက်ျားတစ်ယော နဲ့ အရပ်မြင့်မြင့် မိန်းမတစ်ယောက်ကို တွေ့တဲ့နေရာမှာ ဖမ်းထားဖို့ အကြော ကြားပေတော့"

"ဟုတ်ကဲ့၊ ကျွန်တော့်တာဝန်ထားပါဆရာ"

ထို့နောက် ခင်မောင်စိုးသည် ကိုအုန်းဖေအား ကုန်သည်လမ်း ပန်းဆိုးတန်းထောင့် ဂိုက်တဲဝေးကုမ္ပဏီအနီး၌ ချထားခဲ့ပြီးလျှင် နေအိမ်သို့ ပြန်ခဲ့လေ၏။

[ ၁၀ ]

ခင်မောင်စိုးသည် တက္ကစီဖြင့် ပုလိပ်မင်းကြီးအိမ်သို့ အမြန်ဆုံးမောင်း တာ အပြေးအလွှား သွားရောက်ခဲ့ပြီးလျှင် သဘော်ဆိပ်တွင် ဖြစ်ပျက်ခဲ့သမျှ အကြောင်းများနှင့်တကွ ဦးရွှေဇံအောင်၏ နေအိမ်၌ လက်ဆွဲအိတ်ပြားကလေး ကို ဖွင့်ကြည့်သောအခါမှ အထဲတွင် အသုံးမကျသော သတင်းစာစက္ကူဟောင်း များကိုသာ တွေ့ရတော့ကြောင်း အကုန်အစင်ပြောပြလေ၏။

ပုလိပ်မင်းကြီး၏ မျက်နှာမှာ နဂိုကထက် ပို၍ နီမြန်းလာပြီးလျှင် စာရေးစားပွဲကို လက်သီးဖြင့် အကြိမ်ကြိမ် ထုလေသည်။

"အစိုးရမျက်စိနဲ့ ကြည့်ရင်တော့ ဒီဟာအားလုံး ကျုပ်တာဝန်ချည်းပဲ ခင်မောင်စိုး"

"မှန်ပါတယ်ခင်ဗျာ"

"အိုင်ပီအုန်းဖေကိုကော အသိပေးပြီးပြီ မဟုတ်လား"

"သူတစ်ယောက်တည်းသာ သိပါတယ်ခင်ဗျာ၊ သူတော့ စိတ်ချရပါ တယ်"

"စိတ်မချဘူး ခင်မောင်စိုး၊ ကျုပ်အခုနေအခါမှာ ဘယ်သူ့ကိုမှ မယုံ နိုင်အောင် ဖြစ်နေပြီ၊ ကျုပ်လူတွေချည်း အားမရလို့ အရပ်ဝတ်အရာရှိနဲ့ ပုလိပ်မဟုတ်တဲ့ အလွတ်စုံထောက်တစ်ယောက်ရဲ့ အကူအညီကို တောင်းရ တာ မဟုတ်လား"

"မှန်တာပေါ့ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်မောင်စိုးတို့လို ဖျတ်ဖျတ်လတ်လတ်လဲရှိ၊ သတ္တိလဲကောင်းတဲ့ လူငယ်တစ်ယောက်ရဲ့ မျက်စိအောက်မှာ အခုလို လက်တစ်လုံးခြား လုပ်သွားတာ အံ့ဩစရာ မကောင်းဘူးလား ခင်မောင်စိုး၊ ကျုပ်ဖြင့် သိပ်ခံပြင်းတာပဲ"

"၃ စက္ကန့်လောက် အချိန်အတွင်းမှာ လက်ဆွဲအိတ်ကလေးချင်း လဲလှယ်လိုက်တဲ့ကိစ္စ၊ ကျွန်တော်ရော အမတ်ကြီးရော မရိပ်မိလိုက်တာ ကျွန်တော် ခေါ့လျှော့မှုပဲခင်ဗျ"

"သိပ်ပြီးအခံရခက်တာပဲ ခင်မောင်စိုး၊ တိုင်းပြည်က ပုလိပ်ကို အထင်အမြင်သေးနေတဲ့အထဲ အခုလို လာဖြစ်ရတာ ကျုပ်ဖြင့် သိပ်စိတ်မကောင်းတာပဲ"

"ကျွန်တော်ကလဲ သိပ်အားနာတာပဲခင်ဗျ၊ ကျွန်တော့်ကိုယ်ကို ကျွန်တော်အများကြီး အပြစ်တင်ပါတယ်ခင်ဗျာ"

"အင်း ဖြစ်မိလို့ရှိမှ ပြန်ရအောင် ကြိုးစားကြဖို့ပဲ ကျန်တော့တယ် ခင်မောင်စိုး"

"မှန်ပါတယ်"

"ဒီကိစ္စဟာ အချိန်ရွှေ့ဆိုင်းလို့ မဖြစ်ဘူး ခင်မောင်စိုး၊ နန်းရင်းဝန်ကြီးနဲ့ အခုချက်ချင်း တိုင်ပင်ရလိမ့်မယ်၊ သည့်တော့ ခင်မောင်စိုး တက္ကစီ ပြန်လွှတ်လိုက်၊ ကျုပ်ကားနဲ့ နန်းရင်းဝန်ကြီးအိမ် သွားမယ်"

*

ပုလိပ်မင်းကြီးနှင့် ခင်မောင်စိုးတို့သည် နန်းရင်းဝန်ကြီးအိမ်သို့ လာခဲ့ကြရာ ထိုအချိန်၌ အမတ်ကြီး ဦးရွှေဖံအောင်မှာ နန်းရင်းဝန်ကြီးအိမ်သို့ ရောက်နှင့်လေပြီ။

နန်းရင်းဝန်ကြီးသည် အမတ်ကြီး ဦးရွှေဖံအောင်နှင့်အတူ အိမ်ဧည့်ခန်းတွင် ခေါင်းချင်းရိုက်ကာ တိုင်ပင်လျက်ရှိကြကုန်ရာ ပုလိပ်မင်းကြီးနှင့် ခင်မောင်စိုးတို့ ဝင်လာသည်ကို မြင်ရသောအခါ နန်းရင်းဝန်ကြီးသည် အကျိုးအကြောင်းကို သိနှင့်ပြီးဖြစ်ဟန်ဖြင့် မချိပြုံး ပြုံးလျက် ပုလိပ်မင်းကြီးအား –

"ဘယ့်နှယ်လဲ မစွတာစမိုက်၊ ခေါင်းတုံးအပေါ် ထိပ်ကွက်သွားတယ် ဆိုပါကလားဗျ"

"ကြားတဲ့အတိုင်းပါပဲဗျာ"

"ဒီအကောင်တွေ သည်လောက်ပဲ စွမ်းသလားဗျ"





"စဉ်းစားကြည့်တော့လေ၊ အင်စပိတ်တော် မောင်အုန်းဖေအပြင် ဟောဒီက စုံထောက်ခင်မောင်စိုးကို ကူညီဖို့ တောင်းပန်ထားလို့ သူကိုယ်တိုင် အမတ်ကြီးနဲ့အတူ သွင်းအလာ ဒီလိုဖြစ်ရတာပဲ နန်းရင်းဝန်မင်း"

"ကိုင်းလေ ဖြစ်ပြီးတာကို ပြောနေလို့ အချိန်ကုန်ရုံပဲ၊ ရှေ့ကို ဆက်ပြီး ဘယ်လိုလုပ်ကြမယ်ဆိုတာသာ တိုင်ပင်ကြဖို့ပဲ"

"အဖြစ်အပျက်ကိုတော့ အားလုံးသိပြီမဟုတ်လား ဝန်ကြီးမင်း"

"ဟောဒီက အမတ်မင်းပြောပြလို့ အားလုံးသိရပါပြီဗျာ"

"ကိုင်း ဒီတော့ ဒီရွှေပင့်ကူသင်းဆိုပြီး နာမည်ယူထားတဲ့အကောင်တွေတော့ ငွေဘယ်လောက်ပဲကုန်ကုန်၊ လူဘယ်လောက်ပဲ သေသေ လိုက်ရလိမ့်မယ်၊ အဲဒါပထမအချက်ပဲ၊ ဒုတိယအချက်က ဒီအသင်းတိုမိရင် ဒီစက္ကူတွေ ပြန်ရမှာ အမှန်ပဲ။ တတိယအချက်က အမတ်မင်းလက်က ဒီစက္ကူတွေ ပျောက်သွားတယ်ဆိုတဲ့အကြောင်း တိုင်းပြည်ကို အသိမပေးနဲ့ဦး၊ သတင်းစာတွေကို အထူးသဖြင့် သတိထားရမယ်၊ အဲဒါ တတိယအချက်ပဲ၊ ကိုင်း ကျွန်တော် အစီရင်ခံတာ သဘောတူကြရဲ့လား"

"ကျုပ်က ဥက္ကာရှင်ဖြစ်နေလို့ ကျုပ်မှာတော့ ငယ်ထိပ်မြွေကိုက်နေပြီ၊ ဒါတို့ ခင်ဗျားတို့ပဲ သင့်သလို ကြည့်ပြီး စီမံကြပါတော့"

"ကောင်းပါပြီခင်ဗျာ၊ ပုလိပ်ဘက်ကတော့ ပုလိပ်တာဝန်ကုန်အောင် ဟောဒီက စုံထောက်ခင်မောင်စိုး အကူအညီပါယူပြီး ပိုက်စိပ်တိုက်ရှာပါမယ်၊ နန်းရင်းဝန်ကြီးကကော"

"ကျုပ်ကတော့ ခင်ဗျားတို့ အခုပြောတာ ဘာမှ ကန့်ကွက်စရာ မရှိပါဘူး၊ သို့သော် ဒီကိစ္စက အင်မတန်အရေးကြီးတဲ့ကိစ္စ ဖြစ်လေတော့ ဘုရင်ခံနဲ့လည်း သွားပြီး တိုင်ပင်ချင်သေးတယ်၊ ဒီကနေ့ နိုဝင်ဘာလ ၉ ရက်မဟုတ်လား၊ လွှတ်တော်အစည်းအဝေးက ၁၈ ရက်နေ့ဆိုတော့ ၉ ရက် လိုသေးတယ်၊ ဒီ ၉ ရက်အတွင်းမှာ တစ်နည်းနည်းနဲ့ ဒီစက္ကူတွေ ကျုပ်တို့ လက်ထဲ ပြန်ရောက်အောင် ကြိုးစားရမယ်"

"ကောင်းပါပြီ နန်းရင်းဝန်မင်း၊ ကျွန်တော်တို့ ပုလိပ်ဘက်က တတ်နိုင်သမျှ ကြိုးစားပါမယ်"

"ဦးရွှေဖံအောင် ပြောသလို ဒီစာတမ်းတွေကို ဂျပန်အစိုးရကို ရောင်းမယ်လို့ သတင်းရတဲ့အတိုင်းဆိုရင် သူတို့လူစုဟာ ဂျပန်အစိုးရက ... တဲ့ ... လှယ်နဲ့ ကေန္တ တွေ့ဆုံစကားပြောရဦးမယ်၊ အဖိုးသ...



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ဒီတော့ အနည်းဆုံး ဇာချုပ်စိတ်ထင် သုံးရက်လေးရက်ကြာမယ်၊ ဒီလို တောင်ပြောတာ တခြားတစ်နေရာမှာ မဖြစ်နိုင်ဘူး၊ ကောန္တ ရန်ကုန်မှာ ဖြစ်ရမယ်၊ ဒီအတောအတွင်း ခင်ဗျားတို့ ပုလိပ်က မမိ မိအောင် အနံ့ခံဖို့ပဲ"

ထိုအခါ ပုလိပ်မင်းကြီး မစ္စတာစမိုက်လည်း ပခုံးနှစ်ဖက်ကို တွန့်ကာ စီးကရက်တိုကို ငွေလင်ပန်းထဲတွင် ပွတ်ခြေ၍ ပစ်လိုက်လေ၏။ ထို့နောက် –

"အင်း အနံ့ခံဆိုတဲ့ စကားက ခင်ဗျားပြောသလိုတော့ ပုလိပ်ဟာ ခွေးဖြစ်တဲ့ ဓာတ်ခင်းနေတာပဲဗျို့၊ အေးလေ မထူးဘူး၊ အခုလဲ ခွေးဖြစ်တဲ့ ဓာတ်ခင်းနေတာပဲ"

ဤကဲ့သို့ ပုလိပ်မင်းကြီး မစ္စတာစမိုက်က ရယ်စရာ နောက်ပြောင်လိုက်သောအခါမှ လေးဦးသားတို့မှာ အတန်ငယ်ပြုံးနိုင် ရယ်နိုင်ကြလေသည်၊

ဦးရွှေဖံအောင်မှာ ပြုံးပင်ပြုံးရသော်လည်း စိတ်ထဲက ပါလှဟန်လက္ခဏာမရှိချေ။

နှုတ်ခမ်းချင်းကိုက်ကာ တွေဝေစဉ်းစားလျက်ရှိလေသည်။

နန်းရင်းဝန်ကြီးက ဦးရွှေဖံအောင်အား –

"နေပါဦး အမတ်မင်းရဲ့၊ ခင်ဗျားလက်ထဲကို ဒီစာချုပ်တွေ ရောက်လာတဲ့အကြောင်း ဒီအသင်းက ဘယ်နည်းနဲ့များ သိရတာလဲဗျ"

"ကျွန်တော့်လက်ထဲရောက်မှ ဟုတ်မယ်မထင်ဘူး ဝန်မင်း၊ ကျွန်တော့်စိတ်ထင်ဖြင့် မစ္စတာရောဘတ်ဆင် ဝယ်လိုက်ကတည်းက ဒီအသင်းက သိတာနဲ့ တူတယ်"

"မစ္စတာရောဘတ်ဆင်ဆိုတာက ဒီစာချုပ်ကို ပထမ ဝယ်လိုက်တဲ့ တူးမြောင်းအရာရှိဆိုတာလား"

"ဟုတ်ပါတယ်ခင်ဗျာ၊ သူက ဘန်ကောက်မှာ အင်ဂျင်နီယာအလုပ်နဲ့ ၃ နှစ်လောက် နေခဲ့သွားလေတော့ ယိုးဒယား အထက်တန်းစား အရာရှိကြီးတွေနဲ့ အတော်အကျွမ်းဝင်ခဲ့ဖူးသတဲ့ ခင်ဗျ၊ ဒါကြောင့်လဲ ဒီစာရွက်တွေကို သူမရရအောင် ကြံဖန်ဝယ်လာနိုင်တာပဲ၊ သူ့လက်ထဲရောက်ကတည်းက ဒီလူဆိုးကောင်တွေက သိနေဟန်ရှိပါတယ်"

"သူက အင်္ဂလိပ်လူမျိုးလား"

"နေပါဦး၊ သူ့လက်ထဲက ဒီစာရွက်တွေ အမတ်မင်းလက်ထဲ ရောက်လာတာ ဘယ်သူ့ကိုများ အသိပေးမိသေးသလဲ"





"ခင်ဗျားတို့နှစ်ယောက်က လွဲပြီး ဘယ်သူ့ကိုမှ ကျွန်တော် မပြောမိပါဘူးခင်ဗျ၊ ကျွန်တော်ကတစ်ဆင့် ဝန်မင်းက သူရင်ခံနဲ့ တိုင်ပင်လို့ ဒီစာချုပ်တွေကို ဝယ်မယ်ဆိုပြီး အခု စေ့စပ်ကြတာပဲမဟုတ်လား"

"အင်း . . . ခင်ဗျား ပထမပြောတာလဲ မှန်တာပဲလေ၊ ပထမဝယ်တဲ့လူ မစ္စတာရောဘတ်ဆင်လက်ထဲမှာ စာချုပ်တွေ ရှိတာ သိလေတော့၊ ဒီလူဟာ ဘယ်သူနဲ့ အဆက်လုပ်သလဲဆိုတာ စုံစမ်းပြီး လိုက်တာဖြစ်မှာပေါ့"

"ကျွန်တော်လဲ ဒီလိုပဲထင်ပါတယ် ဝန်မင်း"

"အင်း . . . ခင်ဗျားနဲ့ မစ္စတာရောဘတ်ဆင်တို့မှာ ဒီစာရွက်တွေ ပျောက်သွားတဲ့အတွက် ငွေဆုံးတာက အရေးမကြီးဘူးပဲထားတော့ ဂျပန်အစိုးရလက်ထဲ ရောက်သွားရင် ကျုပ်တို့ အင်္ဂလိပ်အစိုးရမှာ ဘယ်လောက်နစ်နာမယ်ဆိုတာ ခင်ဗျားတို့ပဲ တွေးကြည့်ကြပေတော့၊ မဟုတ်ဘူးလားဗျာ မစ္စတာစမိုက်"

ပုလိပ်မင်းကြီးသည် ဆေးတံကို မီးညှိ၍ တစ်ချက်မျှ ခပ်ပြင်းပြင်းရှူလိုက်ပြီးနောက် –

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်တို့အရှေ့ဘက် နိုင်ငံတွေမှာ ဂျပန်က အင်မတန် လက်ဝါးကြီးအုပ်ချင်တာကလား ခင်ဗျ၊ ဒီတော့ ဒီစာရွက်တွေ ကျွန်တော်တို့မရခင် အဖိုးကို အဆမတန်ပေးပြီး ပြန်ဝယ်မှာအမှန်ပဲ၊ လူဆိုးတွေကလဲ ကျုပ်တို့ အင်္ဂလိပ်အစိုးရကို ရောင်းဖို့ ခက်လေတော့ . . . ဂျပန်အစိုးရကို ရောင်းဖို့ ပိုပြီး စိတ်အားထက်သန်ကြလိမ့်မယ်ထင်တယ်၊ ဒီအသင်းက ယိုးဒယား၊ ဂျပန်၊ အင်ဒိုချိုင်းနားမှာ အဆက်အသွယ်များလေတော့ သူတို့အတွက် ဂျပန်ကို ဆက်သွယ်ပြီး ရောင်းဖို့က ပိုပြီး လွယ်မယ်မဟုတ်လားဗျာ"

ပုလိပ်မင်းကြီး၏စကားကို အမတ်ဦးရွှေဖံအောင်နှင့်တကွ နန်းရင်းဝန်ကြီးကပါ ထောက်ခံပြောဆိုလေသည်။ ဦးရွှေဖံအောင်သည် နက်နက်နဲနဲ စဉ်းစားနေသည့်ဟန်ဖြင့် ဦးခေါင်းကို တဖြည်းဖြည်း ညိတ်လျက် –

"ကိုင်း . . . သည်တော့ ဘယ်လိုစပြီး လုပ်ကြမယ်ဆိုတာသာ အကြံပေးပါတော့ခင်ဗျာ၊ ကျွန်တော်ဖြင့် သင်္ဘောဆိပ်မှာ ကျွန်တော်နဲ့ ဝင်ပြီး တိုက်မိတဲ့ သူငယ်နဲ့ လက်ဆွဲအိတ်ကလေးကို ကောက်ပြီး ပေးလိုက်တဲ့ မိန်းမနဲ့ သူတို့နှစ်ယောက်ကို စပြီး ခြေရာခံရရင် ဒီအမှုပေါ်လိမ့်မယ် ထင်ပါတယ်၊ ဘယ်နှယ် ကျွန်တော် အစီရင်ခံစာ မဟုတ်ပါလား စုံထောက်မင်း"

"အားလုံးဌာနတွေ ဖုန်းနဲ့ အကြောင်းကြားလိုက်ပါပြီခင်ဗျာ၊ ပြီးတော့ ကျွန်တော်ကိုယ်တိုင်လဲ လိုက်ပါ့မယ်"

www.burmeseclassic.com



“တစ်ခုလဲ သတိထားကြနော် . . . ဒီစာချုပ်စာတမ်းတွေ ပျောက်တဲ့ အကြောင်း သတင်းစာတွေကို အသိမပေးဖို့ ပုလိပ်မင်းကြီးပြောတဲ့အတိုင်း အရေးကြီးတယ်ဗျို့ မဟုတ်ဘူးလားခင်ဗျာ မစ္စတာစမိုက်”

“ဒီဟာတွေ ကျွန်တော်တို့ ပုလိပ်ဘက်ကတော့ တတ်နိုင်သမျှ ကာကွယ်ထားပြီးဖြစ်ပါတယ် အမတ်မင်း”

ထိုအခါ နန်းရင်းဝန်ကြီးသည် ဧည့်ခန်းတွင် ခေါက်တုံ့ခေါက်ပြန် ခေါက်လျှောက်လျက်ရှိနေရာမှ –

“ကိုင်း မစ္စတာစမိုက်၊ ကျုပ်တို့လွှတ်တော်အစည်းအဝေးကို ရက်မရွှေ့နိုင်ဘူးဗျနော်၊ ဒီရက်မတိုင်ခင် ပြန်ရဖို့ ခင်ဗျားတို့ ပုလိပ်တာဝန်ပဲ”

“ကောင်းပါပြီဗျာ၊ ကျုပ်တို့ဘက်က တတ်အားသရွေ့ ကြိုးစားပါ့မယ်”

ခင်မောင်စိုးသည် တစ်စုံတစ်ခုကို အမှတ်ရသည့်ဟန်ဖြင့် –

“ဩော် . . . တစ်ခုရှိသေးတယ်ဗျ”

“ဘာလဲ စုံထောက်မင်း”

“သဘော်က ဆင်းခါနီးမှာ အမတ်မင်းကို လာပြီးတွေ့တဲ့ သူဌေး ဦးစံဘော်ဆိုတဲ့ လူအကြောင်း အမတ်မင်း သိပါသလားခင်ဗျာ”

“သူ့ ဇာစ်မြစ်ကိုတော့ အသေအချာမသိပါဘူး စုံထောက်မင်း၊ ကျုပ်လဲပဲ ဟုန်းလမ်းမှာ တိုက်ငှားပြီးနေခါမှ သူနဲ့ သိရတာပေါ့၊ သို့သော် ဒီလူက ပစ္စည်းဥစ္စာနဲ့လဲ ပြည့်စုံတယ်၊ စေတနာ သဒ္ဓါတရားလည်း အင်မတန်ကောင်းတယ်၊ ကုန်သည်ဘက်ကရော အစိုးရဘက်ကရော အပေါင်းအသင်း အင်မတန်ဆံတဲ့ သူတစ်ယောက်ပဲ၊ ဘာပြုလို့လဲ သူ့အပေါ် မသင်္ကာစရာ အကြောင်းရှိလို့လား”

“ဒီလိုလဲ မဟုတ်သေးပါဘူးခင်ဗျာ၊ သို့သော် ဒီသဘော်မှာပဲ သူ့ဝါဆယ်ထုပ်ကလေး ပါလာလို့ လာယူတယ်၊ အမတ်မင်းကိုလဲ လာနှုတ်ဆက်တယ်ဆိုတော့ ကျွန်တော့်စိတ်ထဲမှာ ပထမ သံသယဖြစ်သွားမိတယ်၊ နောက် အမတ်မင်းနဲ့သိတဲ့ လူတစ်ယောက်ဖြစ်တဲ့အကြောင်းသိတော့မှ နည်းနည်း စိတ်အေးသွားတော့တယ်ခင်ဗျ”

“အလုပ်ဝတ္တရားနဲ့ ပတ်သက်လာရင် စုံစမ်းစရာရှိရင် သူသော်ငါသော ဘယ်သူ့ကိုမှ အားနာပြီး မနေနဲ့၊ ပြီးတော့လည်း အခုကာလမှာ လူကြီးလူကောင်းဆိုပြီး မဟုတ်မတရားကြံတာတွေ အများကြီးရှိတယ် စုံထောက်မင်း”

“မှန်တာပခင်ဗျာ”





နန်းရင်းဝန်ကြီးလည်း လွှတ်တော်အစည်းအဝေးကို မည်သည့်နည်းနှင့်မျှ ရွှေ့ဆိုင်း၍ မဖြစ်နိုင်ကြောင်း၊ ဤကိစ္စကို ဘုရင်ခံနှင့် နောက်တစ်နေ့နံနက်တွင် သွားရောက်တိုင်ပင်မည့်အကြောင်း ပြောဆိုလေသည်။

ထို့နောက် နာရီဝက်ခန့်ကြာလတ်သော် ခင်မောင်စိုးသည် ပုလိပ်မင်းကြီးနှင့်အတူ နန်းရင်းဝန်ကြီးအိမ်မှ ပြန်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

[ ၁၁ ]

ခင်မောင်စိုး အိမ်သို့ ပြန်ရောက်သောအခါ ၈ နာရီခွဲပြီဖြစ်၍ ထမင်းစား စားပွဲပေါ်တွင် ညစာ အသင့်ပြင်ထားသည်ကိုသာ တွေ့ရ၍ မကြည်ကြည်၏ ပြုံးရွှင်သောမျက်နှာကိုကား မမြင်ရချေ။

ခင်မောင်စိုး၏အဒေါ်သည် နောက်ဖေးခန်းမှ ထွက်လာ၍ –

"ဟဲ့ ခင်မောင်စိုး၊ ကြည်လေး မတွေ့ဘူးလား၊ ညနေ ၄ နာရီလောက်ကတည်းက မင်းနောက်ကို လိုက်သွားတယ်လေ"

"ဟင့်အင်း မတွေ့ပါလား၊ ဘာဖြစ်လို့ ကျွန်တော့်နောက်ကို လိုက်ရတာလဲ"

"မပြောတတ်ပါဘူးကွယ်၊ ကြေးနန်းတစ်စောင်ရလို့ အရေးကြီးမလား မပြောတတ်ဘူးဆိုပြီး လိုက်တာပါပဲ"

ထိုအခါမှ အဒေါ်ကြီးရော ခင်မောင်စိုးပါ ပြာလောင်ခတ်ကာ ခင်မောင်စိုးသည် မကြည်ကြည်၏ ဆွေမျိုးများနှင့် မိတ်ဆွေများရှိရာ စဉ့်အိုးတန်း ရွှေတောင်တန်းနှင့်တကွ ကုန်သည်လမ်းမှ ဒေါ်အရာဘီအိမ်ကိုပါ တယ်လီဖုန်းဖြင့် မေးမြန်းလေ၏။ သို့သော် မကြည်ကြည် မလာကြောင်းနှင့်သာ ပြန်ကြားလိုက်ကြ၏။ ထို့နောက် ခင်မောင်စိုးသည် ကျောက်တံတားဌာနမှ တစ်ဆင့် အင်စပိတ်တော် ကိုအုန်းဖေထံ ဆက်၍ခေါ်ရာ . . . ၁၀ မိနစ်ခန့်ကြာလတ်သော် ကိုအုန်းဖေ ရောက်လာသဖြင့် မကြည်ကြည် ပျောက်နေကြောင်းကို ပြောဆိုလျက်ရှိလေ၏။





"ဒါဖြင့် ခုလိုနေလို့ဘယ်ဖြစ်မလဲဆရာရဲ့၊ ကျွန်တော်တို့ ရှာကြရမှာပေါ့"

"ရှာတာကတော့ ဟုတ်ပါတယ်လေ၊ သို့သော် ကျုပ်တို့လိုက်ကြရင် ဘယ်လိုအဆက်ရှိတယ်၊ ဘယ်လိုခြေရာခံမယ်ဆိုတာ သေသေချာချာ စဉ်းစား ပြီး လုပ်ကြရမယ်ဗျ၊ ရန်ကုန်မြို့ကြီးမှာ ရမ်းပြီးလိုက်လို့ ဘဲဥအစ ရှာရသလို နေမှာပဲ"

"ဟုတ်တယ် ဆရာ၊ ဆရာပြောတာမှန်တယ်"

"ဩော် . . . ဒါထက် ညနေက သဘော်ဆိပ်မှာ ကျုပ်တို့လူစုအပြင် ခင်များတို့ပုလိပ်ဘက်က ဘယ်သူ ဂျူတီကျသလဲ"

"ကျွန်တော် မသိဘူး ဆရာ၊ ဌာနကို လှမ်းပြီး မေးရင် သိမှာပေါ့"

သို့နှင့် အင်စပိတ်တော် ကိုအုန်းဖေသည် တယ်လီဖုန်းဆက်၍ မေးသောအခါ ညနေလေးနာရီနှင့် ခြောက်နာရီအကြားတွင် လွှစ္စလမ်း၌ ဂျူတီကျသူမှာ စာသင် မေင်လှသွင်ဖြစ်ကြောင်း၊ ယခုအချိန်တွင် ကွမ်းခြံဘူတာရှေ့၌ ရှိသည်ဖြစ်ကြောင်းနှင့် သိရှိရလေ၏။

သို့နှင့် ခင်မောင်စိုးနှင့် မောင်အုန်းဖေတို့သည် တက္ကစီတစ်စီးနှင့် ဘောင်ဂိုမာရီလမ်းတစ်လျှောက်မှ ထွက်ခဲ့ရာ ပန်းဆိုးတန်းထိပ်၌ အခန့်သင့် ပင် စာသင် မောင်လှသွင်ကို တွေ့ရသဖြင့် ၎င်းတို့နှင့်အတူ ခေတ္တလိုက်ခဲ့ရန် ပြောနှင့် ခေါ်ခဲ့ပြီးလျှင် ဘုံဘေပျော်ပွဲစားရုံသို့ မောင်းခဲ့ကြလေ၏။

ပျော်ပွဲစားရုံရှိ အခန်းအတွင်းသို့ ရောက်သောအခါ ခင်မောင်စိုးသည် ပေါင်မုန့်နှင့်သိုးသား ကက်တလစ်သုံးခုကို မှာထားပြီးနောက် –

"ဒါဖြင့် မောင်လှသွင် ထားဝယ်သင်္ဘောဆိုက်တော့ ရှိတာပေါ့"

"ဟုတ်ကဲ့ ဆရာ ရှိပါတယ်၊ သင်္ဘောလဲဆိုက်ရော ကျွန်တော်လဲ ရောက်လာတာပါပဲ"

"ဒါဖြင့် ကျုပ် စက္ကရီတေရီ မကြည်ကြည်ဆိုတာ သိလား"

"သိပါတယ်ဆရာ၊ လူချင်းစကားမပြောဖူးပေမယ့် ကျွန်တော်သိပါတယ်"

"ညနေက သင်္ဘောဆိပ်မှာ သူ့ကို မမြင်မိဖူးလား"

"ဟာ မြင်လိုက်တယ်ဆရာ၊ သူ ဘာဖြစ်လို့လဲ"

"အိမ်ပြန်မလာလို့ နေပါဦး မြင်ပုံပြောစမ်းပါဦး"

"အသားဖြူဖြူ အရပ်မြင့်မြင့် မိန်းမတစ်ယောက်နဲ့ စကားပြောနေ တယ် ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"လက်ဆွဲအိတ်ပြားကလေးတစ်လုံးကိုင်လို့လား"

"ဟုတ်တယ်ဆရာ"

"နောက် ဘာမြင်သေးသလဲ"

"ကျွန်တော်လဲ ကုလီနှစ်ယောက် ရန်ဖြစ်တာ သွားဖမ်းနေရတာ မမြင်လိုက်တော့ဘူး၊ နေဦးဆရာရေ့ . . . ဆရာ့စာရေးမကလေးနဲ့ ဒီအရ မြင့်မြင့်မိန်းမ ရပ်ပြီး စကားပြောနေတာ ကျွန်တော်သောက်နေကျ လက်ဖ ရည်ဆိုင်ကလေးဘေးမှာ ဒီလက်ဖက်ရည်ဆိုင်က ကုလားကို စုံစမ်းကြည့် သိမလား မပြောတတ်ဘူး"

"ရန်ဖြစ်တာကို မောင်လှသွင် သွားဖမ်းနေတာ ဘယ်လောက်ကြ သလဲ"

"နာရီဝက်လောက်တော့ ကြာလိမ့်မယ် ထင်တယ်ဆရာ၊ ပြန်လာ တော့ သူရော အရပ်မြင့်မြင့် မိန်းမရော နှစ်ယောက်စလုံး မတွေ့တော့ဘူး"

"ကိုင်း ဒါဖြင့် ကိုအုန်းဖေ အခုပဲ သွားကြစို့လား"

ခင်မောင်စိုးသည် ဘီွုင်ကုလားအား တစ်ဆယ်တန်တစ်ချပ်ပေးခဲ့ အကြွေများ ပြန်အမ်းသည်ကို မယူဘဲ ကားပေါ်သို့ တက်ကာ ကမ်းနားဘ သို့ လှည့်၍ မောင်းခဲ့လေ၏။

အချိန် ၉ နာရီခွဲခန့်ရှိပြီဖြစ်သော်လည်း ထိုနေ့မှာ ထားဝယ်သင်္ဘော ဆိုက်သောနေ့ဖြစ်၍ ထိုအချိန်တွင် လက်ဖက်ရည်ဆိုင်ကလေး၌ လူများ မပြ လှသေးချေ။

ခင်မောင်စိုးသည် မောင်လှသွင်ညွှန်ပြသော လက်ဖက်ရည်ဆိ ကလေးဘေး၌ ကားကို ရပ်စေပြီးနောက် သံကုလားထိုင်ကလေးများ ချထာ သော စားပွဲတစ်လုံးတွင် ထိုင်မိကြလေ၏။

ဆိုင်ရှင် ခေါ်တောကုလားသည် မောင်လှသွင်အား ဆလံပေးလေ

ထိုအခါ စာသင်မောင်လှသွင်လည်း ဆိုင်ရှင်ကုလားအား အနီး ခေါ်ပြီးလျှင် –

"ဟေ့ ဘာစာမြား လာပါဦးကွယ့်၊ ညနေက ငါဒီနေရာမှာပဲ လ ဖက်ရည်တစ်ခွက်သောက်တယ် မင်းသိတယ်မဟုတ်လား"

"သိတယ် . . . ဆပ်၊ ကျွန်တော်အရှိသားပဲ ဘာဖြစ်လို့လဲ"

"အဲဒီတုန်းက ဟိုဘက်နားမှာ ကားအစိမ်း တစ်စီး ရပ်ထား မိန်းမနှစ်ယောက်လည်း စကားပြောနေတယ် မဟုတ်လား"





"တစ်ယောက် အစ်မ အရပ်ရှည်ရှည်၊ တစ်ယောက် အစ်မ အရပ်ပုပု ပုတယ်"

ခင်မောင်စိုးက –

"အေး ဟုတ်ပြီ . . . ဟုတ်ပြီ၊ သူတို့ ဘယ်သွားတာ မြင်သလဲကွယ်၊ ပြောစမ်းပါ . . ."

"အဲဒီကားကို စီးသွားတယ် ဆပ်"

"နှစ်ယောက်စလုံးလား . . ."

"နှစ်ယောက်စလုံးပဲ ဆပ်၊ ပြီးတော့ ယောက်ျားတစ်ယောက်လည်း ပါသေးတယ်"

"ခေါ်သွားတာ ဖြစ်မှာပါပဲ၊ ပြီးတော့ ဒီကား ဘယ်ဘက်မောင်းသွား လဲ၊ မင်းသိလိုက်သေးသလား"

"ဒါတော့ကျွန်တော်မသိဘူးဆပ်၊ မိန်းမခိုးပြေးတာလား ဒီအကြောင်း ဟာခဏ လာမေးတယ်"

"ဟင် ဟုတ်လား၊ တို့အပြင် ဘယ်သူများ လာမေးသေးလို့လဲ"

"ညနေက အစ်ကိုကြီးတစ်ယောက် မော်တော်ကားတစ်စီးနဲ့ အခုလိုပဲ ဒီအကြောင်းကို လာမေးတယ်"

"ဒီတော့ မင်းက ပြောလိုက်သလား"

"ဟုတ်ကဲ့ ပြောလိုက်တယ် ဆပ်"

"ဒီလူက ဘယ်လိုနေသလဲ"

"လူနည်းနည်းဝတယ်၊ ဆံပင်အားလုံး ဖြူတယ်၊ မျက်နှာမှာ ဓားနဲ့ ထိတယ် အနာကြီးကြီးရှိတယ်"

"အစစ်ပဲ ကိုအုန်းဖေ . . . ကျုပ်ပြောဖူးတဲ့ ခေါင်းဖြူကြီးပဲဗျို့"

"ဆရာမရှိတုန်း အိမ်ကိုလာတဲ့ လူဆိုတာလား"

"သူပေါ့ဗျာ"

ထို့နောက် ခင်မောင်စိုးသည် ကားပေါ်သို့ တက်၍ –

"ကိုင်း ကိုအုန်းဖေ၊ ဟောဟိုက ကိုလှသွင်ကို ပန်းဆိုးတန်း ပြန်ပို့ ပါ့ပဲ"

ဟု ပြောကာ ကားကို ဆူးလေဘုရားလမ်းဘက်သို့ မောင်းပြီးနောက် ပန်းဆိုးတန်းထိပ်သို့ ရောက်သောအခါ မောင်လှသွင်အား သူ့နေရာတွင် ချထားခဲ့ လေ၏၊ ကိုလှသွင်ဆင်းသွားသောအခါ ခင်မောင်စိုးက ကိုအုန်းဖေအား –



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက ဟိုအသင်းအကြောင်း မောင်လှသွင်ရှေ့မှာ လျှောက်ပြော နေမှာစိုးတာနဲ့ စကားဖြတ်ပြီး မောင်လှသွင်ကို ပြန်ပို့လိုက်ရတယ်ဗျ"

"ကျွန်တော်လဲ ပါးစပ်က ထွက်သွားတော့မလို့ ဆရာ ကံကောင်းလို့"

"ဒီအသင်းအကြောင်းနဲ့ ပတ်သက်လို့ လက်အောက်အရာရှိကလေး တွေ အသိမပေးနဲ့ဦးဗျို့၊ ကျုပ်တို့တာဝန်တွေက အများကြီးကျန်သေးတယ်"

"ဟုတ်ကဲ့ဆရာ ကျွန်တော်သိပါတယ်၊ ဒါထက် ဒီခေါင်းဖြူကြီး ဆိုတာက အသင်းသားတစ်ယောက်ပဲလား မပြောတတ်ဘူးဆရာ"

"ဒါလဲ အစဉ်းစားရခက်သားဗျ၊ တကယ်လို့ သူ့အသင်းသားတစ် ယောက်ကပဲ ဦးသွားတယ်ဆိုရင် ဘာကြောင့် သူက လိုက်ပြီး စုံစမ်းနေရသလဲ ဗျာ"

"ဟုတ်တယ်ဆရာ၊ ဆရာပြောတာလဲ စဉ်းစားစရာပဲ"

"မကြည်ကြည်ကို ခေါ်သွားတာတော့ ဧကန္တ သူတို့လက်ချက်ပဲ ကို အုန်းဖေ မဟုတ်ခါမှ လွဲရော၊ ပြီးတော့ အရပ်မြင့်တဲ့မိန်းမရော ဆံပင်နီတွေ ရော သူတို့အသင်းသားချည်းပဲဗျ"

"နို့ပေမယ့် တစ်ခုတော့ ရှိပါတယ်ဆရာ၊ မကြည်ကြည်က သူ့ကို သူ ကောင်းကောင်းစောင့်ရှောက်နိုင်ပါတယ်၊ ပိုးစိုးပက်စက်တော့ မဖြစ်တန် ကောင်းပါဘူး"

"ကိုင်း ဒီကနေ့ညတော့ အချိန်မရှိလှဘူး ကိုအုန်းဖေ၊ ကျုပ်ပြောတဲ့ အတိုင်း အရပ်မြင့်မြင့်မိန်းနဲ့ ဆံပင်ကောက်ကောက် နီကြောင်ကြောင်အကောင် တွေ့ရင် ဖမ်းသာဖမ်းထားတော့ဗျို့"

"စိတ်ချပါဆရာ၊ အားလုံး ဂါတ်တွေလဲ သူတို့ပုံစံကို ဖုန်းနဲ့ဆက်ပြီး ပို့ထားပါတယ်"

ထို့နောက် ခင်မောင်စိုးသည် ခြေကုန်လက်ဝန်းကျကာ အိမ်ပြန် ရောက်ခဲ့ရာ ထိုအချိန်၌ကား ၁၁ နာရီထိုးခဲ့လေပြီ။

[ ၁၂ ]

ထိုည ၁၂ နာရီအချိန်၌ ဘုရတ်ကင်းလမ်းရှိ သုံးထပ်တိုက်တစ်တိုက် ၏ အထက်ဆုံးထပ်တွင် 'ရွှေပင့်ကူ' အသင်းကြီး၏ အစည်းအဝေးကို ပြုလုပ် ကျင်းပလျက်ရှိပေ၏။ အသင်းသားများမှာ ထိုနေ့ နံနက်တွင် စာတိုက်မှ စာ တစ်စောင်ကျစီ အသီးသီး ရရှိလေရာ လမ်းအမည် တိုက်နံပါတ် အခန်းနံပါတ် လာရောက်မည့်အချိန် စသည်ဖြင့် အချိန်မှာလည်း နာရီမိနစ်ပိုင်းပါမကျန် ရရှိလေသည်။

၁၂ နာရီမထိုးမီ ၁၅ မိနစ်လောက်က ဘောင်းဘီအပွကြီး၊ ဘလေ ဇာ နက်ပြာရောင်၊ ကက်ဦးထုပ်အနက် စသည်တို့ကို ဝတ်ထားသည့် လူတစ် ယောက်သည် လက်ဆွဲသားရေအိတ်တစ်လုံးကို လက်မှ ဆွဲပြီးလျှင် တိုက်ပေါ် သို့ တက်သွားပြီးနောက် အခန်းတွင်းသို့ ဝင်လေ၏။ အတွင်းမှ တစ်ဖန် သော့ ကို ခတ်ပြီးလျှင် စီ၍ထားသော ကုလားထိုင် ၁၁ လုံး၏ ရှေ့တွင် နံပါတ်များ ပါသော ကတ်ပြားများကို အသီးသီး ချထားလေ၏။

အခန်းမှာ လူမနေသော အခန်းတစ်ခန်းဖြစ်သော်လည်း ထိုည၌ ခာတ်မီးများ တပ်ဆင်ထား၍ ကုလားထိုင်များ၏ ရှေ့၌လည်း နဂိုအသံ ပျောက် စေရန် ဓာတ်ခွက်ကလေးများ တစ်ခုစီ တပ်ဆင်ထားလေသည်။ အခန်းအတွင်း သို့ ဝင်လာသူသည် ထိုဓာတ်ခွက်ကိရိယာများ ကောင်းမကောင်းကို တစ်ခုစီ လိုက်၍ စမ်းသပ်ပြီးနောက် ကျေနပ်သည့်ဟန်ဖြင့် တစ်ဖန် ချထားအပ်သော နံပါတ်များကို မိမိဒိုင်ယာရီစာအုပ်မှ နံပါတ်များနှင့် တိုက်ဆိုင်ကြည့်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ အစစ ပြင်ဆင်ပြီးနောက် မိမိသားရေအိတ်ထဲမှ ချုပ်၍ထားသော အဝတ်နက်ကြီးကို ဦးခေါင်းမှ စ၍ စွပ်ချလိုက်ရာ လူနက်ကြီးအဖြစ်သို့ ပြောင်း၍ သွားလေ၏။

၁၂ နာရီထိုးသည်နှင့် တစ်ပြိုင်နက် လူတစ်ယောက် ရောက်လာပြီးလျှင် တံခါးကို သုံးချက်ဆင့်၍ ပိတ်ပြီး နောက်မှ တစ်ချက်ထပ်ခေါက်လိုက်ရာ အတွင်းမှလူသည် တံခါးကို ဖွင့်ပေးပြီးလျှင် ကုလားထိုင်များရှိရာသို့ လက်ညှိုးထိုး၍ပြလေ၏။ ထိုသူသည် ဒုတိယအထပ်မှ အပေါ်ထပ်သို့ တက်သောလှေကားခွင်ပင် ချိုင်းကြားထဲ၌ ဝှက်ယူခဲ့သော အဝတ်နက်ကြီးကို ဝတ်ဆင်ခဲ့ပြီးဖြစ်၍ မည်သူမည်ဝါဟူ၍ မသိနိုင်ချေ။

ဤနည်းအားဖြင့် အသင်းသားများသည် ၂ မိနစ်ခြား ၃ မိနစ်ခြားစီ ရောက်၍ လာကြပြီးလျှင် မည်သည့်အခါမျှ တစ်ကြိမ်တည်း ၂ ယောက်တွဲ၍ ရောက်လာသည်ဟူ၍ မရှိချေ။

မကြာမီ အသင်းသားများ စုံလင်ပြီဖြစ်သဖြင့် တံခါးကို အတွင်းမှ သော့ခတ်၍ ပိတ်လိုက်ပြီးလျှင် သံမင်းတုပ်ကြီးကို ချလိုက်လေ၏။

အသင်းသားများ စုံလင်သော် ပထမလူသည် စားပွဲထိပ်ဆုံးတွင် ရှိသော နံပါတ် ၁ နေရာတွင် ထိုင်လေရာ လူ ၁၁ ယောက်တို့မှာ လှုပ်လည်း မလှုပ်၊ စကားလည်းမပြော၊ ချောင်းဟန့်ခြင်းမျှပင် မရှိသောကြောင့် စက်ရုပ်ကြီးများကဲ့သို့လည်းကောင်း၊ တစ္ဆေသူရဲများကဲ့သို့လည်းကောင်း ရှိနေကြလေ၏။ အစည်းအဝေးမှာ မကောင်းဆိုးဝါးများ စုရုံးနေဘိသကဲ့သို့ ကြောက်မက်ဖွယ်ကောင်းလှပေ၏။

စားပွဲ၏ ထိပ် ကုလားထိုင် နံပါတ် ၁ တွင် ထိုင်သူသည် မတ်တတ်ရပ်၍ အသင်းများအား တစ်ယောက်စီ လက်ဆွဲနှုတ်ဆက်ပြီးနောက် စိတ်ကျေနပ်သည့်ဟန်ဖြင့် နေရာ၌ ပြန်၍ ထိုင်လေ၏။

ထိုသူ မတ်တတ်ရပ်သောအခါ အသင်းသားများကလည်း မတ်တတ်ရပ်ပြီးလျှင် ဦးခေါင်းများကို ညွှတ်၍ အရိုအသေပြုကြလေသည်။

ထိုသူသည် ခါတ်ခွက်ကို ပါးစပ်နှင့် ကပ်ပြီးနောက် တည်ကြည်ငြိမ်သက်လှသောအသံဖြင့် အောက်ပါအတိုင်း စကားစ၍ ပြောလေ၏။

"မိတ်ဆွေများ . . .။

"ကျွန်ုပ်တို့ ရွှေပင့်ကူအသင်းကြီးကို ယူခုမြို့တွင် စည်းဝေးရသည်မှာ ပထမအကြိမ်ဖြစ်ပါသည်။ ဤသို့ စည်းဝေးရသည့်အကြောင်းမှာ ယခုအခါတွင် ပြည်ပိုင်အစိုးရတို့ အရေးတယူ ပြုလုပ် ကာကွယ်နေရသော အရှေ့ဘက်တိုင်းပြည်များအရေးတွင် သေရေးရှင်ရေးတမျှ အရေးကြီးသော လျှို့ဝှက်သည့် စာချုပ်စာတမ်း တစ်စောင်ကို ကျွန်ုပ်လက်ဝယ်ရရှိထားခြင်းကြောင့်ဖြစ်သည်။ ထိုစာချုပ်၏ 'မူ' ကို ထားဝယ်နယ် အထက်လွှတ်တော် အမတ်ကြီး ဦးရွှေအောင်ဆိုသူက မူလရရှိထားသူနှင့် တိုင်ပင်ပြီးလျှင် အင်္ဂလိပ်အစိုးရသို့ အဖိုးငွေ ၃ သိန်းနှင့် ရောင်းရန် ကြံစည်လျက်ရှိနေစဉ် ၎င်းတို့လက်မှ ကျွန်ုပ်တို့အသင်းက ခဲယဉ်းစွာနှင့် ရအောင် ကြံစည်ခဲ့ကြရပါသည်။ ထိုစာချုပ် 'မူ' ကို ဂျပန်အစိုးရလက်သို့သာ ရောင်းစားနိုင်ခဲ့ပါလျှင် အနည်းဆုံး ၅ သိန်းမျှရမည်ဖြစ်ပါသည်။ နှစ်ဦးခွဲ၍ ရောင်းနိုင်ခဲ့လျှင် ငွေ ၈ သိန်းမျှ ရရန် ရှိပါသည် . . .။

"စကားကို ခေတ္တဖြတ်၍ ပြောပါရစေ၊ ကျွန်ုပ်တို့ ယခု စည်းဝေးလျက်ရှိသည်ကို ကျွန်ုပ်တို့ ၁၁ ယောက်ကလွဲလျှင် မည်သူတစ်စုံတစ်ယောက်မျှ မသိပါ၊ တိုက်အပြင်ဘက်မှသော်လည်းကောင်း၊ အခြားအခန်းမှသော်လည်းကောင်း၊ သေနတ်ပစ်သံကိုပင် မကြားနိုင်ရန် ဇော်ဘာခန်းဆီးများနှင့် ကျွန်ုပ်တို့ကိုယ်တိုင် စီမံထားပါသည်။ အကယ်၍ ပုလိပ်များ လာရောက်ဖမ်းဆီးက အပြင်မှ တံခါးရွက်နှင့် ထိသူမှန်သမျှ လျှပ်စစ်ဓာတ်လိုက်ပြီးလျှင် နောက်သို့ လဲကျသွားရန် ဓာတ်ကြိုးများ တပ်ဆင်ပြီးဖြစ်ပါသည်။ အကယ်၍ ယခုထိုင်နေသူများအနက် တစ်စုံတစ်ယောက်သောသူသည် ကျွန်ုပ်အားလည်းကောင်း၊ အသင်းသားတစ်ယောက်အားလည်းကောင်း၊ မကောင်းကြံစည်မည်ဆိုက ထိုကြံစည်သူမှာ ၃ စက္ကန့်အတွင်း သေ၍သွားနိုင်ရန် သူထိုင်သော ကုလားထိုင်အောက်တွင် လျှပ်စစ်ဓာတ်ကြိုးများ တပ်ဆင်ပြီး၍ ၎င်းကို နှိပ်ရန် ခလုတ်များမှာ ကျွန်ုပ်၏ လက်တစ်ကမ်းအတွင်း၌ ရှိနေပါသည် . . ."

ထိုနေရာသို့ ရောက်သောအခါ အသင်းသားများမှာ ကြက်သီးများ တဖြန်းဖြန်းထကာ မိမိတို့ကိုယ်များကို ကုလားထိုင်ပေါ်၌ လှုပ်ရှားလျက်ရှိကြ၏။

"မိတ်ဆွေတို့ အပေါ်သို့ မော်၍ကြည့်ကြပါဦး၊ ဓာတ်မီးလုံးကြီးနှင့် ကပ်၍ အဝါရောင်ရှိသော ဖန်လုံးတစ်လုံးကို တွေ့မြင်ကြရပါလိမ့်မည်"

ထိုအခါ အားလုံးအပေါ်သို့ မော်၍ကြည့်ကြသည်။

"၎င်းဓာတ်လုံးမှာ လူ ၁၁ ယောက်၏ အသက်ကို

အခန်းတွင်း၌ လူ ၁၀၀ ရှိစေကာမူ၊ ထိုဓာတ်ငွေ့လုံးကို ဖောက်ခွဲ







BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လူ ၁၀၀ လုံး၏ အသက်ကို သေစေနိုင်ပါသည်။ ၎င်းမီးဝါလုံးကို ဖောက်ခွဲရန်လည်း လျှပ်စစ်ခလုတ်ဖြင့် တပ်ဆင်ထားရာ ထိုခလုတ်မှာ ကျွန်ုပ်၏ အနီး၌ပင် ရှိပါသည်။ သို့သော် ကျွန်ုပ်၏ အသင်းသားများမှာ သစ္စာကတိ တည်ကြည်သူများသာ ဖြစ်ကြသည်ဟု ကျွန်ုပ် လုံးဝယုံကြည်ပါသည် . . .။

"ယခင် ပထမစကားကို ပြန်၍ဆက်ကြပါဦးစို့၊ ထိုစာချုပ်က ရောင်း၍ ငွေများရသောအခါ ရသောငွေ၏ ၇၅ ရာခိုင်နှုန်းကို မိတ်ဆွေကြီးများအား ညီတူညီမျှ ဝေပေးပြီးနောက် ဤအသင်းကြီးကိုလည်း တစ်ခါတည်း ဖျက်သိမ်းရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ အသင်းသားများကိုလည်းကောင်း၊ ကျွန်ုပ်တို့ အသင်းကို ကူညီသူများအားလည်းကောင်း မည်မျှလောက် ရက်ရောစွာ ပေးကမ်းသည်ကို ယခုကြွရောက်သော အသင်းသားများ သိပြီးဖြစ်ပါသည်။ ကျွန်ုပ်တို့အသင်းအား သစ္စာဖောက်သူတို့မှာလည်း အသက်ဆုံးရှုံးရသည့် အပြစ်ဒဏ်ကို နှုတ်ပိတ်ခအဖြစ်ဖြင့် ရရှိခဲ့ရာ ဆရာဝန် ဦးပန်းခိုင်ဆိုသူ သေဆုံးရခြင်းမှာ ကျွန်ုပ်တို့အသင်း လက်ချက်ပင်ဖြစ်ကြောင်း သိရှိကြပါလိမ့်မည် . . .။

"ကျွန်ုပ်တို့အသင်းက စီရင်လိုက်သူများအနက် ကျွန်ုပ်တို့အသင်း ဆရာကြီး၏ ပုံသဏ္ဌာန်ကို ယိုးဒယားအစိုးရသို့ လက်လွှဲရောင်းချရန် ကြံစည်သဖြင့်လည်းကောင်း၊ အသင်းသားတစ်ယောက်မှာ ဆရာကြီးအဝတ်လဲရာတွင် တိတ်တဆိတ် ဓာတ်ပုံရိုက်ယူရန် ကြံစည်သဖြင့်လည်းကောင်း၊ အရပ်သားတစ်ယောက်မှာ ကျွန်ုပ်တို့ တောင်းဆိုသူကို ငြင်းပယ်ရုံမျှမက ကျွန်ုပ်တို့ အသင်း၏ငွေကို အလွဲသုံးစား ပြုလုပ်ပစ်သဖြင့်လည်းကောင်း အဆုံးစီရင်ခဲ့ပါသည်။ ဤသို့ ပြုလုပ်ခဲ့ခြင်းမှာ အခြားသူများ ယုံကြည်လေးစားရန်နှင့် အသင်းသားများလည်း သစ္စာမဖောက်စေရန် စံနမူနာအဖြစ် ပြုလုပ်ရခြင်းဖြစ်ရာ အစိုးရမှာလည်း အထက်ပါကိစ္စများအတွက် အတော်ပင် အလုပ်များခဲ့ကြရပါပြီ . . .။

"မည်မျှလောက်ပင် လျှို့ဝှက်နက်နဲစွာ စီစဉ်ထားရှိသော်လည်း ကျွန်ုပ်တို့မှာ အခါခပ်သိမ်း ဘေးအန္တရာယ်နှင့် ဝေးနိုင်သည်မဟုတ်ပါ။ ကျွန်ုပ်မည်သူမည်ဝါဖြစ်သည်ကို ထောက်လှမ်းစုံစမ်းသူများအနက် လူတစ်ယောက်မှာ ကျွန်ုပ်၏ ဇာစ်မြစ်ကို ဖော်နိုင်လုမတတ် နီးကပ်သွားဖူးသဖြင့် ကျွန်ုပ်မှာများစွာ စိတ်မချမ်းမသာ ဖြစ်ခဲ့ရပါသည် . . .။

"ယခုလည်း စုံထောက်တစ်ယောက်သည် ကျွန်ုပ်တို့အသင်းအား စွဲစွဲမြဲမြဲ လိုက်လျက်ရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်၏ မိတ်ဆွေများလည်း အထူး





သတိဝီရိယနှင့် နေထိုင်ကြစေလိုပါသည်။ ၎င်းပြင် အကြောင်းထူးတစ်ရပ်မှာ ဤစာချုပ်ကို ဂျပန်အစိုးရသို့ ကျွန်ုပ်တို့အသင်းက ရောင်းချရမည့်ကိစ္စတွင် ဝင်ရောက်နှောင့်ယှက်နေသည့် အသင်းသားတစ်ဦးသည် ယခုထိုင်လျက်ရှိသော မိတ်ဆွေကြီးများအထဲတွင် ပါဝင်နေပါသဖြင့် ၎င်းအား ယခု ကျွန်ုပ်တို့ မျက်မှောက်၌ အသင်းထုံးစံရှိသည့်အတိုင်း စီရင်ရပါမည်"

ဤနေရာသို့ရောက်လျှင် ကျောက်ရုပ်ကဲ့သို့ ငြိမ်လျက်ရှိသော လူ ၁၀ ယောက်တို့သည် လှုပ်လှုပ်ရှားရှားဖြစ်လာပြီးလျှင် ဖောင်းခနဲ သက်ပြင်းချလိုက်လေ၏။

သူတို့၏ သက်ပြင်းချသံကြီးမှာ တစ်ပြိုင်တည်းကဲ့သို့ဖြစ်၍ ကြောက်မက်ဖွယ်ကောင်းလှပေ၏။ ၎င်းနောက် ဆက်လက်၍ –

"မိတ်ဆွေကြီးတို့ ထိုင်လျက်ရှိသော ကုလားထိုင်နံပါတ်များမှာ ရရှိသောစာတွင် ပါရှိသည့် နံပါတ်များနှင့် ကိုက်မကိုက် ပထမဦးစွာ မိမိနံပါတ်ကို မိမိပြန်၍ သေချာစွာ ကြည့်ရှုစေလိုပါသည်"

ထိုအခါ အသင်းသားများသည် မိမိတို့နံပါတ်များကို အသေအချာပြန်၍ ကြည့်ရှုကြလေသည်။

"နံပါတ် ၂ မှန်ပါ၏လော"

"မှန်ပါသည်"

"နံပါတ် ၃"

"မှန်ပါသည်"

"နံပါတ် ၄"

"မှန်ပါသည်"

ဤနည်းအားဖြင့် နံပါတ် ၁၁ အထိမေးခဲ့ရာ အားလုံးပင် မှန်ကြောင်းဝန်ခံကြလေသည်။

ထိုအခါ ဆရာကြီးသည် ကုလားထိုင် ခြေရင်းတွင် ချထားသော သားရေအိတ်မှ ၆ လက်မပတ်လည်ခန့်ရှိ အလည်၌ သံဆန်ကာ [illegible] ထည့်ထားသော သေတ္တာအနက်ကလေးတစ်လုံးကို ယူပြီးလျှင် [illegible] တင်ထားလိုက်လေ၏။ သေတ္တာကလေးမှာ အမြင်အားဖြင့် [illegible] သေတ္တာကလေးနှင့် တူလေသည်။

"၁၉၃၈ ခုနှစ်က ကျွန်ုပ်သည် 'စုမတ်ထရာ' ကျွန်းသို့ [illegible] စဉ် ဝယ်ယူခဲ့သော ထူးဆန်းသည့် သတ္တဝါကလေးတစ်ကောင် [illegible]



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကလေးအတွင်း၌ ရှိနေရာ ၎င်းသည် ကျွန်ုပ်တို့အသင်း၌ သစ္စာဖောက်သူကို ကောင်းစွာ သိရှိသဖြင့် မိတ်ဆွေကြီးတို့၏ မျက်မှောက်၌ပင် စမ်းသပ်ရှာဖွေ၍ ပြလိမ့်မည်၊ သစ္စာကတိတည်ကြည်သည်မှန်က ကြောက်ရွံ့တုန်လှုပ်ရန် အကြောင်း တစ်စုံတစ်ရာ မရှိပါ။ ကိုင်း . . . ကျွန်ုပ်တို့ စမ်းသပ်ကြပါစို့"

ဆရာကြီးသည် သေတ္တာနံဘေး အပေါက်ကလေးတစ်ခုကို ဖွင့်လိုက်ရာ ရွှေရောင်အဆင်းရှိသော ပင့်ကူကြီးတစ်ကောင်သည် သေတ္တာကလေးထဲမှ တဖြည်းဖြည်းတွား၍ ထွက်လာလေ၏။ ထိုအခါ အချို့အသင်းသားများသည် လန့်၍မအော်မိရန် ပါးစပ်ကိုပင် လက်နှင့် ပိတ်ထားကြ၏။

"မိတ်ဆွေကြီးများ၏ လက်ဝဲဘက် လက်တစ်ဖက်ကို စားပွဲပေါ်၌ တင်ထားကြပါ"

အသင်းသားများသည် ဆရာကြီး အမိန့်ပေးသည့်အတိုင်း ပြုလုပ်ကြလေ၏။

"မိမိတို့နံပါတ်ပါသော ကတ်ပြားကလေးများကို နံပါတ်ဖော်ပြီးလျှင် ထိုလက်ဝဲဘက်လက်ဖြင့် စားပွဲပေါ် ဖိထားပါ . . ."

အသင်းသားများသည် ဆရာကြီး အမိန့်ပေးသည့်အတိုင်း ပြုလုပ်ကြပြန်လေသည်။

ထို့နောက် ဆရာကြီးကိုယ်တိုင်လည်း မိမိ လက်ဝဲဘက်လက်ကို အခြားသူများအတိုင်းပင် ပြုလုပ်ပြီးသော် လက်ျာဘယ်လက်ဖြင့် ပင့်ကူကြီးကို လက်ပေါ်သို့ တင်ထားလေ၏။ ထိုအခါ တစ်ခန်းလုံးသည် ယခင်ကထက် တိတ်ဆိတ်လျက် တစ်ယောက်ရင်ခုန်သံကို တစ်ယောက်က ကြားရလုမတတ် ရှိလေ၏။ ပင့်ကူကြီးသည် စားပွဲ၏ လက်ဝဲဘက်တန်းတွင် လူ ၅ ယောက် ရှိသည့်အနက် တစ်ယောက်ပြီးလျှင်တစ်ယောက် လက်ဝဲဘက်လက်များအနီးသို့ကပ်ခါ တရွေ့ရွေ့လျှောက်သွားလျက် ရှိလေရာ စားပွဲပေါ်တွင် တရှဲရှဲမြည်သောအသံကိုပင် ကြားရလေ၏။ စားပွဲပေါ်၌ ချလျက်ရှိသော လက်တို့မှာ တဆတ်ဆတ်တုန်လျက် ရှိကြရကား . . . စားပွဲတစ်ခုလုံးပင် လှုပ်၍ နေသည်ဟု မှတ်ထင်ရ၏။ ပင့်ကူကြီးသည် လက်တစ်ဖက်ပြီးလျှင် တစ်ဖက် တဖြည်းဖြည်း တရွေ့ရွေ့ ကျော်ဖြတ်သွားလေရာ လက်ျာဘက်သို့ ကွေ့ပြီးလျှင် လက်ျာဘက်တန်းရှိ လူ ၅ ယောက်တို့၏ လက်ကိုလည်း ကျော်၍သွားပြီးနောက် နောက်ဆုံး ဆရာကြီးလက်ပေါ်သို့ ပြန်၍ ရပ်နေပြန်၏။

"ကိုင်း . . . ဒီတစ်ခါ ငြိမ်ငြိမ်နေကြနော်"





ဒုတိယအကြိမ် ပင့်ကူကြီးကို လွှတ်လိုက်ပြန်၏။ ထိုအကြိမ်၌ကား ပင့်ကူကြီးသည် လက်တစ်ဖက်အနီးတွင် ယခင်ကထက်ကြာအောင် နေပြီးမှ အခြားလက်တစ်ဖက်သို့ ကူးသွားလေ၏။

လက်ဝဲဘက်တန်းမှ လူများကို ကျော်လွန်သွားပြီးနောက် ပင့်ကူကြီးသည် နံပါတ် '၇' အနီးတွင် အတန်ကြာအောင် လှည့်ပတ်လျက်ရှိ၏။ ထိုခဏ၌ နံပါတ် '၇' သည် ပါးစပ်ကို တစ်ကြိမ်သာ ဟနိုင်ပြီးလျှင် ကုလားထိုင်နောက်မှီပေါ်သို့ လန်၍သွားလေ၏။

ထို့နောက် ဆရာကြီးလည်း ပင့်ကူကြီးကို သေတ္တာအတွင်းသို့ ပြန်၍ ထည့်လိုက်လေ၏။

"ကိုင်း . . . အစည်းအဝေးကြီး ပြီးပါပြီ၊ သစ္စာမရှိသူ၏ အလောင်းကို အပြင်သို့ ထုတ်ရန်အတွက် နံပါတ် ၂ နှင့် နံပါတ် ၉ တို့ နေရစ်ကြပါ၊ အခြားသူများ သွားနိုင်ပါပြီ . . . လက်ဝဲဘက်မှ လက်ျာဘက်သို့ အစဉ်အတိုင်း တစ်ယောက်လျှင် ၂ မိနစ်ကျစီခွာ၍ အခန်းပြင်သို့ ထွက်သွားကြပါ"

ဆရာကြီးသည် တံခါးကိုဖွင့်၍ ပေးလေရာ အသင်းသားများသည် ဆရာကြီး အမိန့်ပေးသည့်အတိုင်း တစ်ယောက်စီ ထွက်၍ သွားကြလေ၏။

မိမိနှင့် အသင်းသားနှစ်ယောက်သာ ကျန်သောအခါမှ ဆရာကြီးသည် အခန်းတံခါးကို ပြန်၍ ပိတ်လိုက်လေ၏။

ထို့နောက် နံပါတ် ၇ ကုလားထိုင်၌ရှိသော အလောင်းကို သုံးဦးသားတို့သည် ပွေ့ချီပြီးလျှင် တိုက်နောက်ဖေးခန်းသို့ ထုတ်သွားလေ၏။ နောက်ဖေးခန်း၌ကား ဂုန်နီအိတ်တစ်လုံးနှင့် အုန်းဆံကြိုးတစ်ချောင်း အသင့်ရှိသဖြင့် အလောင်းကို ထိုဂုန်နီအိတ်ထဲသို့ ထည့်ပြီးသော် နောက်ဖေး ပြတင်းပေါက်တစ်ခုမှ တဖြည်းဖြည်း လျှောချလေသည်။

ထို့နောက် အောက်တွင် လူ ၂ ယောက် အသင့်စောင့်နေပြီး ဖြစ်ရကား အလောင်းကို လမ်းကြားတစ်ခုမှ လွယ်ကူစွာ ထုတ်ယူသွားနိုင်လေ၏။

နာရီဝက်အတွင်း ဆရာကြီးသည် တိုက်ခန်းအတွင်း၌ ပြင်ဆင်ရန်ရှိသမျှကို ပြင်ဆင်ပြီးလျှင် တံခါးကို သော့ခတ်ခဲ့ပြီးနောက် တိုက်ပေါ်မှ ဆင်းသွားလေ၏။ ထို့နောက် မော်ဒယ်ရိပ်တစ်ခုတွင် ရပ်ထားသော ကားကလေးပေါ်သို့ တက်ကာ အနောက်ဘက်သို့ မောင်းနှင်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## [ ၁၃ ]

မကြည်ကြည်သည် ကြေးနန်းတစ်စောင်ကိုရ၍ ခင်မောင်စိုးလက်သို့ ကြေးနန်းစာ အမြန်ရောက်အောင် ပေးပို့လိုသည့်ဇောနှင့် မြင်းရထားတစ်စီး ငှားကာ လွှစ္စလမ်း တံတားသို့ လိုက်သွားလေ၏။ သို့သော် မကြည်ကြည် ရောက်သွားသောအချိန်၌ ခင်မောင်စိုးတို့ လှေစု ထွက်သွားသည်မှာ ငါးမိနစ်မျှ သာ ရှိသေး၏။ မကြည်ကြည်သည် လက်ဖက်ရည်ဆိုင်ကလေး၏ နေရိပ်တွင် ရပ်ကာ ခင်မောင်စိုး သင်္ဘောပေါ်မှ ဆင်းလာလိမ့်မည်အထင်နှင့် စောင့်ဆိုင်း လျက်ရှိရာ အရပ်မြင့်မြင့် မိန်းမတစ်ယောက်သည် မကြည်ကြည်အနီးသို့ ကပ် လာပြီးလျှင် မိတ်ဖွဲ့လိုသည့်ဟန်ဖြင့် –

"ညီမလေး ဘာစောင့်နေသလဲ ဟင်"

"ကျွန်မ အစ်ကိုတစ်ယောက် တွေ့မလားလို့"

"ဩော် . . . ဟုတ်လား၊ ခရီးသည်တွေကတော့ ဆင်းသွားတာ အတော်များပြီ၊ ညီမလေးက နည်းနည်းအရောက်နောက်ကျတယ် ထင်ပါရဲ့"

"ဟုတ်ကဲ့ . . . နည်းနည်းနောက်ကျသွားတယ်၊ အစ်ကိုကြီးများ ဆင်းသွားပြီလား မပြောတတ်ပါဘူး"

"အခုတင်ကတော့ သားသားနားနား လူတစ်အုပ်ကြီး ဆင်းတာပဲ"

"ဩော် . . . ဟုတ်လား၊ ပုလိပ်အရာရှိတွေ ဘာတွေ ပါသလား"

"ဟုတ်တယ် ထင်ပါရဲ့ . . . ညီမလေးရယ်၊ ထားဝယ်က ပါလာတဲ့ အမတ်ကြီးတစ်ယောက်ကို လာကြိုကြတယ် ပြောတာပဲ။ အဲဒီလူစုကြီးတော့





သွားပြီကော . . . အလို . . . အလို . . . ခေါင်းထဲက မိုက်ခနဲဖြစ်လိုက်တာ ညီမလေးရယ်"

"နေက သိပ်ပူတာကိုးရှင့်၊ ဟိုဘက် အရိပ်နား တိုးနေပါလား"

လက်ဖက်ရည်ဆိုင်၏ အခြားဘက်၌ကား အစိမ်းရောင်ကားကလေး တစ်စီးရပ်ထား၍ ကားပေါ်၌ အိပ်ရာလိပ်၊ သားရေသေတ္တာနှင့် အခြား ဝန်စည် စလည်များရှိ၏။ ထိုမိန်းမသည် ကားကလေးရပ်ထားသော နေရာဆီသို့ တိုး၍ သွားပြီးလျှင် သူ၏ဦးခေါင်းကို လက်နှစ်ဖက်နှင့် ဖျစ်ညှစ်ကာ –

"စိန်မောင်ကလဲ သင်္ဘောပေါ် ပြန်တက်သွားတာ ခုထက်ထိ ပေါ် မလာတော့ဘူးနော် . . . သိပ်ခွကျတာပဲ . . ."

ဟု မကြည်ကြည်ဘက်သို့ လှည့်ကာ ညည်းညူလျက်ရှိလေ၏။

မကြည်ကြည်မှာ ခင်မောင်စိုးအကြောင်းကိုမျှ ဆက်လက်စုံစမ်းနိုင် ရန် အချိန်မရဘဲ ရှိလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုမိန်းမသည် တဖြည်း ဖြည်း မျက်လုံးများ ရီလာပြီးနောက် –

"ညီမလေး . . . ညီမလေး အစ်မကြီး ဘယ်လိုဖြစ်မှန်းမသိဘူးကွယ်၊ လုပ်ကြစမ်းပါဦး"

ဟု ပြောဆိုကာ ကားနံဘေး ခြေနင်းခုံပေါ်သို့ တစောင်းလဲသွားရာ မြေပေါ်သို့ မကျစေရန် မကြည်ကြည်က ထူမပွေ့ချီ၍ ထားလိုက်၏။

ထိုခဏ၌ မြန်မာသုံးလေးယောက်နှင့် ကုလီကုလားများ ဝိုင်း၍ လာ ရာ မကြည်ကြည်က –

"ဘာလာကြည့်ကြတာလဲ၊ မူးလို့ပါ ဘာမှဖြစ်တာမဟုတ်ပါဘူး"

ဟု ပြောလိုက်မှ လူအုပ်ကွဲသွားလေသည်။

ထိုခဏ၌ အသက် ၂၀ ကျော်ခန့်ရှိ ဆံပင်ကောက်ကောက် နှာခေါင်း ပွပွနှင့် ခွန်အားဗလနှင့် ပြည့်စုံဟန်တူသော လူတစ်ယောက်သည် သင်္ဘော ကုန်းဘောင်ပေါ်မှ ဆင်းလာပြီးလျှင် ကားအနီးသို့ ပြေးလာကာ –

"အစ်မကြီး . . . အစ်မကြီး၊ အို . . . ဘယ်လိုဖြစ်တာလဲ အစ်မကြီး ရယ်၊ နေ့ပါဦး ခင်ဗျားက ဘယ်သူလဲ . . . ကျေးဇူးတင်ပါတယ်ခင်ဗျာ . . ."

"ကျွန်မက သင်္ဘောဆိပ် ခဏလာတာပါရှင်၊ ကျွန်မနဲ့ စကားပြော ရင်း ခေါင်းထဲက မူးလာတယ်ဆိုပြီး လဲသွားတာပဲ . . ."

"ခင်ဗျားသာမရှိရင် ကျွန်တော့်အစ်မကြီး ဒုက္ခပဲဗျာ၊ သိပ်ကျေးဇူးတင် ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘယ့်နှယ်လုပ်မလဲရှင်"

"ကျွန်တော်တို့မှာ ကားပါပါတယ်၊ တဆိတ်လောက် မရှိမသေ ခင်ဗျာ၊ ကားပေါ်ပွေ့တင်ကြရအောင်၊ နောက်က ကျွန်တော်က မပေးပါ့မယ်၊ ကျွန်တော်က ယောကျ်ားကလေးဆိုတော့ မသင့်တော်လို့ပါ"

ထိုသူသည် ကားတံခါးကို ဖွင့်၍ပေးလေ၏။ မကြည်ကြည်သည် ထားပေါ်သို့ ခြေတစ်ဖက် နင်းတက်လျက် မိန်းမ၏ ခါးနှင့်ချိုင်းကို သိုင်း၍ သူ့ချီကာ နောက်မီခုံပေါ်သို့ တင်လေ၏။ ဆံပင်ကောက်ကောက်နှင့် စိန်မောင်ဆိုသူက နောက်မှ ဖေးမ၍ ပေးလေသည်။ ကုလားဒရိုင်ဘာသည်ကား . . . တစ်ခုံတစ်ရာ ဝင်၍ မကူဘဲ ရှေ့ခန်းတွင် ထိုင်လျက်ရှိ၏။ မကြည်ကြည်သည် မိန်းမကြီးအား ကားနောက်ပိုင်း နောက်မီခုံပေါ်တွင် နေသားတကျ တင်မိသည်နှင့်တစ်ပြိုင်နက် တစ်စုံတစ်ယောက်သောသူသည် နောက်မှနေ၍တွန်းလိုက်ရာ မကြည်ကြည်သည် မော်တော်ကားခုံကို မှီ၍ထိုင်နေသော မိန်းမ၏ ပေါင်ပေါ်သို့ အလျားလိုက် လဲကျသွားလေ၏။

"အို . . . ဘယ့်နှယ်လုပ်လိုက်တာလဲ ဖယ်ပါရှင့် ဆုတ်"

ထိုအချိန်၌ ခေါင်းမူးဟန်ဆောင်သော မိန်းမသည် မကြည်ကြည်အား တင်းကျပ်စွာ ဖက်ထားလေရာ . . . ဆံပင်ကောက်ကောက်နှင့် လူသည် ခြေနင်းခုံပေါ်တွင် တစ်ဖက်တင်၍နေသော မကြည်ကြည်၏ ညာဘက်ခြေထောက်ကို အထဲသို့ တွန်း၍ သွင်းလိုက်ပြီးလျှင် သူကိုယ်တိုင် ကားပေါ်သို့ ခုန်တက်ပြီးနောက် ကားတံခါးကို ဂျောင်းခနဲ ပိတ်လိုက်လေ၏။ ထိုခဏ၌ပင် ကားလည်း စက်နှိုး၍ ထွက်သွားလေ၏။

"ကြည့်စမ်း . . . ရှင်တို့ ဘယ်လိုလုပ်ကြတာလဲ . . . ဟောဒီမှာ ရှင့် ကျွန်မကို . . . မတရား ?"

သို့သော် . . . မကြည်ကြည်၏ ဟစ်အော်သံများသည် ရှေ့သို့ ဆက်၍ မထွက်တော့ချေ။ အကြောင်းမူကား . . . ကားပေါ်၌ထိုင်နေသော မိန်းမသည် မကြည်ကြည်၏ ပါးစပ်များကို သူ၏ လက်ဝါးနှစ်ဖက်ဖြင့် အတင်းပိတ်ဆို့ထားသည့်ပြင် စိန်မောင်ဆိုသူသည် အိတ်ထဲတွင် အသင့်ဆောင်လာခဲ့သော လက်ကိုင်ပုဝါဖြင့် မကြည်ကြည်၏ နှာခေါင်းဝကို တေ့ပေးလိုက်လေ၏။ မကြည်ကြည်သည် စိမ်းရွှေရွှေ စူးရှရှအနံ့တစ်မျိုးကို ခံစားလိုက်ရပြီးနောက် သတိလစ်၍ သွားလေ၏။

ထို့နောက် ကားကလေးသည် ၇ မိုင်ဘက်သို့ မောင်းနှင်သွားလေ၏။





ယမန်နေ့ နံနက် ၆ နာရီအချိန်လောက်တွင် ဘုရတ်ကင်းလမ်းတိုက်များ နောက်ဖေးလမ်းကြားထိပ်ရှိ မြောင်းထဲတွင် ဂုန်နီအိတ်ဖြင့် စွပ်ထားသော လူတစ်ယောက်အလောင်းကို ပန်းဒွေးဆိုသူ ငှင်းမြောင်းအနီးရှိ ကွမ်းယာရောင်းသော ကုလားတစ်ယောက်က တွေ့ရှိသဖြင့် ပတ္တရောင်ပုလိပ်ကို ခေါ်၍ပြကြောင်း၊ ဂုန်နီအိတ်ကို ဖွင့်၍ကြည့်သောအခါ အကျီရှည် အနက်ကြီးကို ဦးခေါင်းမှ ခြေဖျားအထိဝတ်ထားသော အလောင်းကို တွေ့ရကြောင်း၊ ဦးခေါင်းနေရာ၌ မျက်နှာတစ်ခုလုံးကို ဖုံးထားလျက် မျက်စိပေါက်နှစ်ပေါက်သာရှိကြောင်း၊ ပုလိပ်အရာရှိများသည် အရုပ်သားများကို ခေါ်၍ ခေါင်းစွပ်ကို လှီးဖြတ်ဖွင့်လှစ်၍ ကြည့်ရှုသောအခါ အမည်မသိ တရုတ်ကပြားတစ်ယောက်နှင့်တူသည့် လူတစ်ယောက်အလောင်းကို ထူးဆန်းစွာ တွေ့ရှိရသည့်ပြင် အလောင်းပေါ်၌လည်း ဒဏ်ရာဒဏ်ချက်ဟူ၍ မတွေ့ရကြောင်း။

ခင်မောင်စိုးသည် နောက်တစ်နေ့နံနက်တွင် မြန်မာ့အလင်းသတင်းစာ၌ အထက်ပါ ထူးဆန်းသော သတင်းတစ်ခုကို ဖတ်ရှုလျက်ရှိသော် [illegible] နံနက် ၉ နာရီထိုးလောက်တွင် ရေမိုးချိုး၍ အဝတ်အစားလဲပြီးသော် [illegible] ကြီးရုံးသို့ ရောက်လာခဲ့၏။ အိမ်ကမထွက်မီ မိမိ၏ ခါးတိုက်ဆောင် ဗွတို



www.burmeseclassic.com

www.burmeseclassic.com



ကလေးကို အသေအချာ ယမ်းတောင့်များ အပြည့်ထည့်၍ ယူခဲ့၏။ မင်းကြီးရုံးသို့ ရောက်သောအခါ ယခင်က ချိန်းဆိုထားပြီးဖြစ်သည့်တိုင် အင်စပိတ်တော် ကိုအုန်းဖေနှင့် အခန့်သင့်ပင် တွေ့ရှိရလေသည်။

ခင်မောင်စိုးသည် အင်စပိတ်တော် ကိုအုန်းဖေအား စားပွဲလွတ်တစ်လုံးသို့ ခေါ်သွားပြီးလျှင် –

"ဘယ့်နှယ်လဲ ကိုအုန်းဖေ အဝတ်ဗီရို ဖန်လက်ကိုင်က လက်ပုံစံပြန်ရပြီလား"

"ဟုတ်သားပဲ ဆရာပြောမှ သတိရတယ်၊ ဘိုးကြုတ်ဆိုတဲ့အကောင်လက်မပုံစံပဲ ဆရာရေ့"

"ဘိုးကြုတ် . . . ဟုတ်လား . . . ကျုပ် ဒီနာမည်ကြားဖူးပါတယ်"

"မမှတ်မိဘူးလား ဆရာရဲ့ . . . အရင်တစ်နှစ်က အင်ပီးရီးရယ်ဘဏ်ဖောက်မှုနဲ့ ထောင်ကျသွားတဲ့ကောင်ပေါ့"

"ဪ . . . ဟုတ်သားပဲ၊ ဗလခပ်ကောင်းကောင်း၊ အရပ်ထောင်ထောင်မောင်းမောင်း မဟုတ်လား"

"ဟုတ်တာပေါ့ဆရာ"

"ကိုင်း . . . ဒါဖြင့် အင်းစိန်ထောင်ကို သံကြိုးဆက်စမ်း ကိုအုန်းဖေ၊ ဒီအကောင် ဘယ်နေ့က လွတ်သွားသလဲဆိုတာ သိရအောင်"

ကိုအုန်းဖေသည် ခင်မောင်စိုး ပြောသည့်အတိုင်း အင်းစိန်ထောင်သို့ တယ်လီဖုန်းဖြင့် မေးသောအခါ အထက်အဆိုပါ ဖောက်ထွင်းမှုဖြင့် ၁ နှစ်နှင့် ၆ လ အပြစ်ပေးခံရသော ဘိုးကြုတ်မှာ လွန်ခဲ့သော ဒီဇင်ဘာလ ၁၁ ရက်နေ့က လွတ်သွားပြီဖြစ်ကြောင်းနှင့် သိရှိရ၏။

"ဒီအကောင် ဆရာပြောတဲ့ ပင့်ကူအသင်းကြီးထဲများ ပါနေရော့သလား"

"ကျွန်တော်တော့ သည်အတိုင်း တွေးတာပဲ ကိုအုန်းဖေ . . .၊ သို့သော် ကျုပ်တို့ကိစ္စက တပည့်တွေကို ဖမ်းနိုင်ရုံနဲ့ အရာရောက်မယ် မဟုတ်သေးဘူး၊ ခေါင်းဆောင်ကို မိအောင် ကိုင်နိုင်မှ နေရာကျမှာကိုးဗျ"

"ဒါတော့ အမှန်ပေါ့ဆရာ"

"ဪ . . . ဒါထက် သဘော်ဆိပ်မှာ တွေ့လိုက်ရတဲ့ မိန်းမနဲ့ ဆံပင်ကောက်ကောက်နဲ့ အကောင့်အကြောင်းကော . . . ဘာမှ သတင်းမကြားရသေးဘူးလား"





"ဘာတွေ့ကမှ မကြားရသေးဘူး ဆရာ"

"ပြီးတော့ ကျွန်တော်မသင်္ကာတာ တစ်ခုက ဦးရွှေခံအောင် ရောက်လာတဲ့နေ့မှာ . . . သူဌေးဦးစံဘော်ဆိုတဲ့ လူက သင်္ဘောဆိပ်ဆင်းလာပြီး ပါဆယ်ထုပ်ကလေး တစ်ထုပ် ယူသွားတယ်ဗျ . . . အဲဒီလူက ဒီနေ့မှပဲ သင်္ဘောဆိပ်ကို ဆင်းလာရတယ် ဆိုတာရယ် . . . ဦးရွှေခံအောင်ကို အထွေမ်းတဝင် ဝင်ပြီး နှုတ်ဆက်တာရယ် . . . ဒီဟာတွေ ကျွန်တော် သိပ်ပြီး မသင်္ကာဘူးဗျာ"

"နို့ပေမယ့် ဒီလူကြီးအကြောင်းကို ဆရာပြောလို့ ပုဇွန်တောင်ဌာနာက စုံထောက်အင်စပိတ်တော် ကိုဖေသိန်းဆီမှာ ကျွန်တော် စုံစမ်းပြီးပါပြီ၊ လူကြီးလူကောင်းတစ်ယောက်ပါတဲ့ ဆရာ၊ မြို့ပေါ်က လူကြီးလူကောင်းတွေနဲ့ အတော်အပေါင်းအသင်းဆံ့တဲ့ လူတစ်ယောက်ပါတဲ့ ဆရာ၊ ဝစ္စည်းဥစ္စာနဲ့လဲ ပြည့်စုံတယ် . . . ပြီးတော့ . . ."

"မြို့ပေါ်က လူကြီးလူကောင်းတွေနဲ့ အပေါင်းအသင်းဆန့်တိုင်းလဲ မှီးသားတယ်လို့ တစ်ထစ်ချ မဆိုနိုင်ဘူးလေ . . .၊ ဒီလို လူကြီးလူကောင်းနာမည်ယူပြီး မဟုတ်တာတွေ လျှောက်လုပ်နေတဲ့ ကြောင်သူတော်ကြီးတွေ ရန်ကုန်မြို့ပေါ်မှာ အများကြီးမဟုတ်လား ကိုအုန်းဖေ"

"အင်း . . . ဆရာပြောတာလဲ မှန်တာပဲ ဆရာ"

"ကိုင်းလေ . . . ဒီကနေ့ညနေ သူ့အိမ်ကို ကျုပ်ကိုယ်တိုင် သွားပြီး စုံစမ်းမယ် . . . ကိုအုန်းဖေက ဘိုးကြုတ် ဘယ်မှာ နေထိုင်တယ် . . . ဘာလုပ်တယ်ဆိုတဲ့အကြောင်း သိရအောင်သာ တရုတ်ဟိုတယ်က ကစားဝိုင်းတွေနဲ့ ဘိန်းခန်းတွေနဲ့အောင် လိုက်ပေတော့"

"ကောင်းပါပြီဆရာ . . . နို့ . . . ဦးစံဘော် အိမ်ကို ဆရာ ဘယ်အချိန်လောက် သွားမလဲ"

"အခုည ၇ နာရီလောက် ကျုပ်သွားကြည့်ဦးမယ်"

ထို့နောက် ခင်မောင်စိုးသည် ဘူတာရုံသို့ မြင်းရထားတစ်စီးဖြင့် လာခဲ့၍ ဒုတိယတန်း လက်မှတ်တစ်စောင် ဝယ်ပြီးနောက် လော်ကယ်ရထားတစ်စင်းနှင့် 'ဟုမ်းလမ်း' သို့ လိုက်ပါသွားလေ၏။

*

"ဪ . . . ခင်မောင်စိုးပါကလား . . . ထိုင်ပါ . . . ထိုင်ပါ ဘာမှ သတင်းအစအန မရသေးဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



အမတ်ကြီး ဦးရွှေဖံအောင်သည် ခင်မောင်စိုးရောက်လာလျှင် လာခြင်း ဆီးကြိုနှုတ်ဆက်ပြီးလျှင် အိမ်ရှေ့ဧည့်ခန်း၌ နေရာထိုင်ခင်းပေးရင်း အမှုအကြောင်းကို ဆက်၍ မေးလိုက်လေသည်။

"မရသေးပါဘူးခင်ဗျာ . . . ဒီအထဲမှာ ကျွန်တော့်စက္ကူရီတေရီမလေး မကြည်ကြည်က ပျောက်ခြင်းမလှ ပျောက်သွားပြန်ပြီခင်ဗျာ"

"အလို . . . ဖြစ်မှဖြစ်ရလေဗျာ၊ ဘယ်လိုပျောက်သွားပုံလဲ ပြောစမ်းပါဦး"

ထိုအခါ ခင်မောင်စိုးသည် ယမန်နေ့က မကြည်ကြည် သဘော်ဆိပ်သို့ လိုက်လာစဉ် မည်သည့်နေရာသို့ ထွက်သွားသည်မသိ၊ အိမ်သို့ပြန်၍လည်း မရောက်ကြောင်းနှင့် အကျဉ်းချုပ် ပြောပြလေ၏။

ထို့နောက် ဆက်လက်၍ –

"ပျောက်ပုံက ထူးဆန်းလွန်းလို့ ကျွန်တော်ဖြင့် မစဉ်းစားတတ်အောင် ရှိနေတာပါပဲ ခင်ဗျာ၊ ဒီအသင်းရဲ့ ဘေးရန်ကို ကျွန်တော် ကာကွယ်နေပါတယ်၊ သဘော်ဆိပ်မှာ လက်ဆွဲအိတ်ပြားကလေးချင်း လဲယူလိုက်တဲ့ကိစ္စလဲ သူတို့ အသင်းလက်ချက်ပဲဆိုတော့ ကျွန်တော့်စက္ကူရီတေရီပျောက်သွားတာလဲ သူတို့ အဆက်ပဲလို့ ထင်လောက်စရာပဲခင်ဗျ"

"မှန်တာပေါ့လေ . . . စုံထောက်မင်းမှာလဲ အလုပ်ဝတ္တရားတွေ များနေတဲ့အထဲ တစ်ပူပေါ် နှစ်ပူဆင့်ဆိုသလို ဖြစ်လာတော့ အားနာစရာ ဖြစ်နေပြန်တာပေါ့၊ ပုလိပ်ကိုကော အကြောင်းကြားပြီးပြီလား"

"အကြောင်းကြားပြီးပါပြီခင်ဗျာ၊ ကိုအုန်းဖေကိုယ်တိုင်လဲ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသလို လိုက်နေတာပါပဲ"

"ကြိုးစားပါ စုံထောက်မင်း . . . ပြီးတော့ ကျုပ်တို့ကိစ္စလဲ ပေါ့မနေပါနဲ့ဦးနော် . . . လွှတ်တော် အစည်းအဝေးကလဲ အခုလာမယ့် တနင်္လာနေ့ဆိုတော့ တဖြည်းဖြည်း နီးလာပြီ၊ ဒီအတွင်းမှ ပြန်မရရင် ကိစ္စချောပြီးသားပဲ"

"တတ်နိုင်သမျှ ကျွန်တော်ကြိုးစားနေပါတယ် အမတ်မင်း"

ထို့နောက် တစ်ခဏမျှ ဆက်လက်ဆွေးနွေးပြီးလျှင် ခင်မောင်စိုးလည်း ဦးရွှေဖံအောင်အိမ်မှ ထွက်ခဲ့လေ၏။

[ ၁၅ ]

စနေနေ့ညက သဘော်ဆိပ်တွင် တွေ့လိုက်ရသည်မှတစ်ပါး ဆံပင်နီကြောင်ကြောင်ရှိသော စိန်မောင်ဆိုသူနှင့်တကွ အရုပ်မြင့်သော မိန်းမ၏ အကြောင်းကို နောက်ထပ် မကြားရတော့ချေ။

သို့နှင့် မကြည်ကြည် ပျောက်သွားပြီး နောက်တစ်နေ့၌ ခင်မောင်စိုးသည် ဦးစံဘော်၏ အရိပ်အကဲကို ကြည့်ရှုထောက်လှမ်းရန် ကရိလမ်းသို့ ရုပ်ဖျောက်ထွက်ခဲ့လေ၏။ ဦးစံဘော်၏ တိုက်ကို စုံစမ်းသိရှိရပြီးနောက် တိုက်နှင့် မျက်စောင်းထိုးရှိ ကွမ်းယာဆိုင်ကလေးတွင် စီးကရက်တစ်ဘူးကို ဝယ်ယူလျက်ရှိစဉ် ဦးစံဘော် တိုက်နောက်ဖေးရှိ ကားဂိုဒေါင်နံဘေး၌ လူနှစ်ယောက် စကားပြောနေသည်ကို မြင်ရ၏။ တစ်ယောက်မှာ ဦးစံဘော်၏ ကားသမားဖြစ်ဟန်တူ၍ မျက်နှာအနည်းငယ်သွယ်သော်လည်း ကြွံခိုင်၍ လေးထောင့်စပ်စပ်ရှိသော မေးရိုးများ ရှိ၏။ ဆီစွန်း၍ အကွက်မပေါ်သော ချည်လုံချည်နှင့် စုတ်ပြတ်လျက်ရှိသော ကာကီရုပ်လက်တိုကို ဝတ်ထား၏။ ဒုတိယလူ၏ မျက်နှာကိုကား မမြင်ရချေ။

သို့သော် . . . နောက်မှကြည့်လျှင် ၎င်း၏ဆံပင်များမှာ ဖွေးဖွေးဖြူလျက် ရှိသည်ကို တွေ့ရလေသည်။ ခေါင်းဖြူကြီးသည် ဤအစုအဝေးများတွင် ပါဝင်နေသည့် သူတစ်ယောက်ဖြစ်ရာ . . . သူ့အား ဖမ်းဆီးနိုင်လျှင် လက်ရှိပြဿနာအရပ်ရပ်ကို ရှင်းလင်းနိုင်လိမ့်မည်ဟုလည်း ခင်မောင်စိုး အောက်မေ့မိ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ရှိစဉ် . . . ခေါင်းဖြူကြီးသည် လမ်းတွင် ဖြတ်၍လာသော မြင်းရထားတစ်စီးအား လက်ပြ တားဆီးလိုက်ပြီးလျှင် မြောက်ဘက်သို့ မောင်းနှင်သွားလေ၏။

သို့နှင့် မျက်နှာကိုပင် ကောင်းစွာ မမြင်လိုက်ရသော်လည်း ထိုသူမှာ ဇကြည်ကြည်အား လာရောက်စုံစမ်းသူပင် ဖြစ်ရမည်ဟု မှတ်ယူသည့်အတိုင်း ခင်မောင်စိုးသည် အခြားမြင်းရထားတစ်စီးကို အမြန်ခေါ်ယူပြီးလျှင် နောက်မှ လိုက်လေ၏။

ခေါင်းဖြူကြီး၏ မြင်းရထားသည် ရှုပ်ထွေးသော ယာဉ်များနှင့် လမ်းသွားလမ်းလာများအား ကျော်လွှန်ဖြတ်သန်းကာ ရှေ့မှ သွားလေရာ . . . ခင်မောင်စိုး၏ ရထားမှာ ဖရေဇာလမ်းသို့ အကွေ့တွင် လမ်းပြပုလိပ်က ခေတ္တတားဆီးထားသဖြင့် ရှေ့မှ ရထားကို တစ်မိနစ်ခန့်မျှ မျက်ခြည်ပြတ်သွားသေး၏။

သို့သော် . . . မနီးမဝေးမှ ဆက်လက်လိုက်ခဲ့ရာ ပန်းဆိုးတန်းအနီးသို့ ရောက်သောအခါ မီလာပြီးနောက် ရှေ့မှ ရထားသည် ဆူးလေဘုရားလမ်းဘက်သို့ ကွေ့ပြီးလျှင် 'ဆက်ဖိုင်း' ဟိုတယ်ရှေ့သို့ ရောက်သောအခါ ရပ်လေ၏။ ခင်မောင်စိုးသည်လည်း မီးသတ်စက်အနီးတွင် သူ၏ ရထားကို ရပ်စေ၏။

သို့သော် မြင်းရထားပေါ်မှ ဆင်းသွားသူမှာ ဆံပင်ဖြူဖြူနှင့် လူမဟုတ်တော့ဘဲ အလွန်မည်းနက်သော ဆံပင်ရှိ၍ ဗိုလ်ဆံတောက်ကို ခပ်တိုတိုညှပ်ထားသော လူတစ်ယောက်သာ မြင်းရထားပေါ်မှ ဆင်း၍ ဟိုတယ်ထဲသို့ ဝင်သွားသည်ကို တွေ့လိုက်ရလေသည်။

ခင်မောင်စိုးသည် မြင်းရထားနံပါတ်ကို မှတ်သားထားရာ ရထားလည်း မမှားဘဲ ထိုမြင်းရထားပင် ဖြစ်သဖြင့် ခင်မောင်စိုးမှာ အံ့ဩရုံမှတစ်ပါး မတတ်နိုင်ချေ။ သို့နှင့် ခင်မောင်စိုးသည် ဟိုတယ်သို့ ဆက်လက်၍ မလိုက်ဘဲ နေအိမ်သို့ ပြန်ခဲ့လေ၏။

ညနေစောင်း၌ ခင်မောင်စိုးသည် ကားငှားရုံတစ်ခုမှ ကားတစ်စီးကို ငှားခဲ့ပြီးလျှင် ကားသမားတစ်ယောက်ကဲ့သို့ ဆီစွန်းသော ရှပ်အင်္ကျီလက်ပြတ်နှင့် ချည်လုံချည်ဟောင်းတစ်ထည်ကို ဝတ်ပြီးသော် ဦးစံဘော်ကိုလည်းကောင်း ဦးစံဘော်၏ ကားသမားကိုလည်းကောင်း စုံစမ်းလိုသဖြင့် ကရိလမ်းသို့ ထွက်ခဲ့လေ၏။





ဦးစံဘော် ကားသမားမှာ မိမိတို့လိုက်နေသည့် အမှုတွင် တိုက်တိုက်ဆိုင်ဆိုင် နောက်မှ ခြေရာခံ၍ လိုက်နေဟန်တူသော လျှို့ဝှက်သည့် ခေါင်းဖြူကြီးနှင့် စကားပြောနေသည်ကို မြင်လိုက်ရသဖြင့် ကားသမားအပေါ်တွင် သာ၍သင်္ကာမကင်းဖြစ်မိ၏။ ဦးစံဘော်သာမဟုတ် ဦးစံဘော်၏ ကားမောင်းသမားသည် ပင့်ကူအသင်းကြီးထဲတွင် ပါဝင်ဟန် တူလေသည်။

ဦးစံဘော်၏ ကားသမားမှာ 'ခေါင်းဖြူကြီး' နှင့် တီးတိုးပြောဆိုလျက်ရှိသည်ကို တွေ့ရပြန်သဖြင့် ခေါင်းဖြူကြီးကိုယ်တိုင်လည်း အရေးပါသော အသင်းသားတစ်ယောက်ဖြစ်ဟန်ရှိ၏။

စဉ်းစားရန်အချက်များမှာ ထိုခေါင်းဖြူကြီးသည် အဘယ်ကြောင့် ဇကြည်ကြည်အား လာရောက်တွေ့ဆုံရသည်။ သဘောဆိပ်သို့သွား၍ အဘယ်ကြောင့် မကြည်ကြည်အကြောင်းကို ထောက်လှမ်း စုံစမ်းရသည်ဆိုသော အကြောင်းများ ဖြစ်လေသည်။ သို့သော် မည်သည့်နည်းနှင့်မဆို ကားသမားအား တီးခေါက်ကြည့်ဦးမည်ဟု အောက်မေ့မိ၏။

ဦးစံဘော်နေသော ရပ်ကွက်မှာ လူကုံထံများနေရာ ရပ်ကွက်ဖြစ်သဖြင့် ထိုလမ်းရှိ တိုက်များမှ အချို့ကားဒရိုင်ဘာများသည် မိမိတို့ကားများကို ဆေးကြောသုတ်သင်လျက်ရှိကြ၏။ သာယာသော ညနေခင်းဖြစ်သဖြင့်လည်း လမ်းပေါ်တွင် ကလေးထိန်း အာယားမများသည် ကလေးသူငယ်များကို လက်ဆွဲလမ်းလျှောက်လျက်လည်းကောင်း၊ နို့စို့ကလေးများကို လက်တွန်းလှည်းကလေးများဖြင့် တွန်းလျက်လည်းကောင်း၊ အချို့ကျောင်းသားအရွယ်လူပျိုလူရွယ်များသည်လည်း ဝတ်ကောင်းစားလှများကို ဝတ်ကာ လမ်းသလားလျက်လည်းကောင်း ရှိနေကြကုန်၏။

ခင်မောင်စိုးသည် မိမိငှားခဲ့သော ကားကလေးကို ဦးစံဘော်၏ တိုက်အနီးရှိ ကားဂိုထောင်ကလေးရှေ့တွင် ရပ်ပြီးနောက် ဒရိုင်ဘာရှိရာသို့ သွားလေ၏။ ထိုအချိန်၌ မိမိနံနက်ခင်းက တွေ့မြင်ခဲ့သောသူပင် ဦးစံဘော်စီးနေသော ကားကလေးကို အရောင်တင်လျက်ရှိလေသည်။ ခင်မောင်စိုးသည် ကားမောင်းသမားများ လေသံအတိုင်း အသံခပ်မာမာဖြင့် –

"ဒီမှာ . . . ကိုယ့်လူ မနက်က ခင်ဗျားနဲ့ ရပ်ပြီး စကားပြောနေတဲ့ လူကြီးက ဘယ်မှာနေသလဲဗျ . . ."

ဟု မေးလိုက်ရာ ထိုသူက အသံခပ်ဝဲဝဲဖြင့် –

"ဘာလုပ်မလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒရိုင်ဘာတစ်ယောက် လိုချင်တယ်ဆိုလို့ ခင်ဗျာ"

"သူ့မှာ ဒရိုင်ဘာအရှိသားပဲ"

"ဒါတော့ မပြောတတ်ဘူးလေ . . . သူက လိုချင်တယ်ပြောတာပဲ"

"ခင်ဗျားနဲ့ သိလို့လား . . ."

"ဘယ်သိမလဲဗျာ . . . မနက်က ဒီလမ်းထိပ်မှာ ကျွန်တော်က ကား ပျက်လို့ ပြင်နေရင်း တွေ့တာနဲ့ စကားစပ်မိလို့ပါ . . ."

"၇ မိုင်မှာနေတယ်"

"ဟုတ်တယ် ၇ မိုင်မှာနေတယ်လို့ ပြောတာပဲ၊ နို့ပေမယ့် ခြံနံပါတ် မမေးလိုက်မိလို့ . . ."

"သုံးဆယ့်ကိုး . . ."

"ကျေးဇူးတင်ပါတယ်ဗျာ . . . ရော့လေ၊ စီးကရက်သောက်ပါဦး"

ကားသမားသည် ခင်မောင်စိုးပေးသော စီးကရက်ကို ယူ၍သောက် ရင်း ခင်မောင်စိုးအား အကဲခတ်သကဲ့သို့ တစ်ချက်မျှ လှမ်းကြည့်လိုက်၏။

ခင်မောင်စိုးကလည်း မိမိအား အကဲခတ်ကြောင်း ရိပ်မိလေသည်။ သို့ဖြစ်၍ စကားလက်စပြတ်အောင် –

"သွားမယ်ဗျာ၊ ခြံနံပါတ်သိရတာ အများကြီး ကျေးဇူးတင်ပါတယ် ဒါနဲ့ နောက်ကို မှတ်ထားရအောင် ခင်ဗျားနာမည်ကော ဘယ့်နှယ်ခေါ်သလဲ"

"မောင်ကံကြီးတဲ့ မှတ်ထားပေါ့ဗျာ"

"ဟုတ်ကဲ့"

ထို့နောက် ခင်မောင်စိုးသည် မိမိကားကလေးကို စက်နှိုး၍ ထွက်ခဲ့ ရာ မောင်ကံကြီးသည်လည်း ခင်မောင်စိုး၏ ကားနောက်မြီးကို မျက်လုံးတစ် ဖက်ချီ၍ ကြည့်လိုက်သေး၏။

ခင်မောင်စိုးသည် အိမ်သို့ မပြန်သေးဘဲ ၇ မိုင်သို့ ကားကို မောင်း ခဲ့ပြီးလျှင် ခြံနံပါတ်များကို အမှတ်မဲ့ ကြည့်ရှုလျက်ရှိလေ၏။ သော်ကချုံများ ထူထပ်စွာ ပိတ်၍နေသော ခြံကြီးတစ်ခြံရှေ့သို့ ရောက်သောအခါ ဝင်းဝတွင် ခြံ နံပါတ် ၃၉ ဆွဲချိတ်ထားသည့်ပြင် တံခါးတိုင်ထိပ်၌လည်း အင်္ဂလိပ်ဘာသာ ဖြင့် . . . 'ဦးညွန့်မောင် သတ္တုတွင်းပိုင်' ဟု ဆွဲချိတ်ထားသည့် ဆိုင်းဘုတ် ကလေးကိုလည်း မြင်ရလေသည်။ ခြံကြီးမှာ အဆောက်အဦကျယ်ဝန်းပြီးလျှင် ခြံဝင်း အတွင်းရှိ အိမ်ကြီးကား လမ်းနှင့် အတော်ခပ်လှမ်းလှမ်းတွင် ရှိနေ၍ ကားလမ်း မှ ရုတ်တရက် မမြင်နိုင်ချေ။





အနီးအနားတွင် လူရိပ်သူရိပ်ကိုမျှ မတွေ့ရသဖြင့် ခင်မောင်စိုးသည် ခြံအနေအထားကို မှတ်သားပြီးနောက် ကားလေးကို ပြန်၍ ကွေ့ပြီးလျှင် ဓာတ် ဆီဆိုင်သို့ ရောက်သောအခါ ဓာတ်ဆီထည့်လေ၏။ ဓာတ်ဆီဖိုးငွေကို ပေးချေ ရင်း ဓာတ်ဆီဆိုင်စောင့်သော ကုလားအား –

"ဟေ့ . . . ဟိုရှေ့နားက ခြံနံပါတ် ၃၉ မှာနေတဲ့ သူဌေးဦးညွန့် မောင်ဆိုတာ သိသလား"

"သိတယ် ဆပ် . . . ကျွန်တော့်ဆိုင်မှာ သူ့ကား ဓာတ်ဆီ နေ့တိုင်း ထည့်တယ် . . ."

"ဆံပင်ဖြူဖြူမဟုတ်လား . . ."

"မဟုတ်ဘူးဆပ် . . . မည်းတယ်"

"ဟင် . . . ဟုတ်လား၊ အသက် ဘယ်လောက်ရှိပြီထင်သလဲ"

"လေးဆယ် . . . ငါးဆယ် . . . ကျွန်တော် မပြောတတ်ဘူးဆပ်"

"နေဦး . . . ဒါဖြင့် သူ့အိမ်ကို ဆံပင်ဖြူဖြူနဲ့ လူတစ်ယောက်လာ တာများ မမြင်မိဖူးလား ဆံပင်အားကြီးဖြူတယ်လေ"

တစ်ခဏမျှ စဉ်းစားပြီးနောက် –

"တစ်ခါတစ်ခါ မြင်ဖူးတယ် ဆပ်၊ ဒီလူက ဦးညွန့်မောင်ကားကိုလဲ မောင်းတယ်"

"မျက်နှာမှာ ဓားခုတ်ရာကြီးနဲ့လေ"

"ဟုတ်တယ် ဆပ် . . .၊ ဟုတ်တယ် . . . ကျွန်တော် မြင်တယ်"

ခင်မောင်စိုးသည် စိတ်ထဲ၌ စေခွဲမရအောင် ရှိလေ၏။

ထို့နောက် ကုလားအား ငွေစက္ကူ ၅ ကျပ်တန်တစ်ရွက် ပေးခဲ့ပြီးလျှင် ကားလေးကို မြို့ဘက်သို့ အမြန်ပြန်၍ မောင်းခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

[ ၁၆

ထိုနေ့ည ၇ နာရီအချိန်လောက်၌ ခင်မောင်စိုးသည် ကာကီရှပ်အ
ဘလေဇာကုတ်အနက်နှင့် သက္ကလပ်တ်ဘောင်းဘီအတိုတို့ကို ဝတ်ဆင်ပြီးလျှ
ငှားနေကျ ကားသမားအုန်းမောင်၏ တက္ကစီဖြင့် ဦးစံဘော်အိမ်ရှိရာ ကရိုလ
သို့ ထွက်ခဲ့လေ၏။

ဦးစံဘော်တိုက်၏ နောက်ဖေး၌ ကားဂိုဒေါင်ကလေးရှိရာ ထို
ဂိုဒေါင်ရှေ့တွင် အလွန်ကြီးသော လော်ရီအလုံကားကြီးတစ်စင်း ရပ်
သည်ကို တွေ့ရသဖြင့် ခင်မောင်စိုးသည် ကားဂိုဒေါင်နှင့် မျက်စောင်းထိ
ကွမ်းယာဆိုင်ကလေးနှင့် မနီးမဝေး သစ်ပင်ရိပ်တစ်ခုအောက်၌ မိမိကာ
ရပ်စေပြီးလျှင် အရိပ်အခြဲကို စောင့်ဆိုင်းကြည့်ရှုလျက် ရှိလေ၏။

ဦးစံဘော်၏ အိမ်အတွင်းမှ ဓာတ်မီးများသည် ထိန်ထိန်လင်းလျ
ရှိလေရာ မှန်ပြတင်းမှ အလင်းရောင်များသည် ပတ်ဝန်းကျင်ရှိ တိုက်မျ
ယှဉ်ပြိုင်ကာ လှပသောအိမ်၏ ကျက်သရေကို ဆောင်လျက်ရှိနေ၏။ ကာ
မှာ ပိတ်၍မှောင်နှင့်မည်းမည်း ရှိနေရာ လော်ရီကားကြီး အနီး၌မှ လူ
ယောက်သည် ကားပေါ်မှ ဆင်းလာပြီးလျှင် ဘောနက်အဖုံးကို ဖွင့်၍ စက်
ကို ကြည့်ရှု၏။

စက်နှိုးကာ ခေါင်းမီးများကို စမ်းသပ်ကြည့်ရှုပြီးနောက် ကာ
တက်သွားလေရာ ထိုလူမှာ မေးရိုးကြီးသူ ဦးစံဘော်၏ ဒရိုင်ဘာပင်
ကြောင်း အလင်းရောင် ဓာတ်မီးတိုင်အောက် ဖြတ်သောအချိန်၌ ခင်မော





သည် သတိပြုလိုက်မိလေ၏။ သို့နှင့် လော်ရီကားမှာ ထွက်အံ့ဆဲဆဲဖြစ်၍
တစ်စုံတစ်ယောက်ကို စောင့်နေကြောင်း သိရှိရလေသည်။

တစ်ခဏမျှ ကြာလတ်သော် တိုက်ပေါ်မှ လူတစ်ယောက်ဆင်းလာ
ပြီးလျှင် တောင်မြောက်လေးပါးကို တစ်ခဏမျှ ကြည့်ပြီးနောက် လော်ရီကား
ကြီး၏ ရှေ့ပိုင်းပေါ်သို့ တက်သွားရာ ထိုသူမှာ အခြားသူမဟုတ် ခင်မောင်စိုး
ခသက်ာသော သူဌေးဦးစံဘော်ပင် ဖြစ်လေသည်။ ကားပေါ်သို့ ဦးစံဘော်
ရောက်သွားပြီးနောက် မကြာမီ ကားလည်း ထွက်လေ၏။

ထိုအခါ ခင်မောင်စိုးမှာ သာ၍ သင်္ကာမကင်းဖြစ်လာပြီးလျှင် အုန်း
မောင်အား လော်ရီကားကြီးနှင့် မနီးမဝေး နောက်မှ မျက်ခြည်မပြတ် လိုက်စေ
ရန် အမိန့်ပေးလေ၏။ လော်ရီကြီးသည် ဘိုဂင်းဒတ်လမ်းမှ ဖရေဇာလမ်းတစ်
လျှောက်သို့ မောင်းနှင်သွားပြီးလျှင် လမ်းမတော်သို့ ရောက်သောအခါ လက်
ဝဲဘက်သို့ ကွေ့၍ ထောင်ကြီးနံဘေးမှသည် မြောက်ဘက်သို့ ပြည်လမ်းတစ်
လျှောက် မောင်းနှင်သွားလေ၏။

နောက်မှ ကားကလေးသည် လော်ရီကြီး နေးလျှင်နေးခြင်း၊ မြန်
လျှင်မြန်ခြင်း မသိမသာ ခပ်ခွာခွာလိုက်လျက်ရှိရာ လော်ရီကြီးသည် ဟာယ်
သဝင်လမ်းသို့ ရောက်သောအခါ လက်ယာဘက်သို့ ချိုး၍သွားလေ၏။ ဘဒ်
လမ်းသို့ ရောက်သောအခါ လော်ရီကားသည် တဖြည်းဖြည်း အရှိန်သတ်၍
ရပ်လေ၏။

ထိုနေရာများ၌ကား ဘေးတစ်ဖက်တစ်ချက်တွင် သစ်ပင်ရိပ်ရှိသဖြင့်
၇ နာရီကျော်ကျော်မျှပင် ရှိသေးသော်လည်း ကားအသွားအလာမရှိဘဲ လူများ
င် ပြတ်လျက်ရှိလေသည်။

ကားကလေးသည်လည်း လမ်းဘေးသစ်ပင်ရိပ်တစ်ခုအောက်၌ ထိုး
၍ရပ်လိုက်ပြီးလျှင် မီးများကို ငြိမ်းလိုက်လေ၏။ ထို့နောက် ခင်မောင်စိုးသည်
လော်ရီကားရပ်ထားသော နေရာနှင့် မနီးမဝေးသို့ရောက်အောင် မှောင်ရိပ်များ
ကို ခိုကာ တဖြည်းဖြည်း လျှောက်လာခဲ့လေ၏။

ထိုအချိန်၌ လော်ရီကားကြီး၏ ဒရိုင်ဘာထိုင်ခုံမှ လူတစ်ယောက်
ဆင်းလာပြီးလျှင် လော်ရီကား၏ နောက်မြီးကို ဖွင့်ချလိုက်ရာ အတွင်းမှ အ
ခတ်၍ထားသော အပိတ်သည် သူ့ဘော်မှ ကုန်းဘောင်ထိုး၍ ထား
ကြီးနှင့် ထောက်လျက်ရှိလေသည်။ ထိုအချိန်၌ ကားပေါ်မှ
ယောက် ဆင်း၍ လာပြန်ပြီးလျှင် လူနှစ်ယောက်တို့သည် လော်ရီကား



www.burmeseclassic.com

www.burmeseclassic.com



ကြီးထဲမှ ကားငယ်ကလေးတစ်စီးကို ဆွဲ၍ယူပြီးလျှင် တဖြည်းဖြည်း အော... သို့ လျှောချလေ၏။

နောက်ဆင်းလာသူက ကားကလေးကို စက်နှိုးလေရာ ခင်မောင်စိုး... လည်း မိမိကားဆီသို့ ပြန်လာခဲ့၍ ဦးစံဘော်၏ ကားကလေးနောက်သို့ လို... ရန် အမိန့်ပေးလေ၏။

လော်ရီကားကြီးကား ဤနေရာ၌ပင် ကျန်ရစ်ခဲ့လေသည်၊ ကား... ကလေးသည် ဟယ်လပင်လမ်းသို့ ပြန်ထွက်ခဲ့ပြီးလျှင် ပြည်လမ်းအတိုင်... မြောက်ဘက်သို့ မိုင် ၄၀ ခန့်နှုန်းဖြင့် မောင်းနှင်သွားလေရာ ခင်မောင်စိုး... ကားကလေးသည်လည်း နောက်မှ ထက်ကြပ်မကွာ လိုက်သွားလေသည်။

အတန်ကြာလတ်သော် ၇ မိုင်သို့ ရောက်လာ၍ ရှေ့မှ ခတ်ဆိ... တစ်ခုကို လွန်သွားပြီးနောက် လက်ဝဲတွေ့ကာ လမ်းကျဉ်းကလေးတစ်ခုအတွ... သို့ ချိုးဝင်သွား၍ ခင်မောင်စိုးသည် အုန်းမောင်အား ကားကို ခတ်ဆိ... တွင် ရပ်ရန် အမိန့်ပေးလိုက်လေ၏။

ထိုနေရာတစ်ဝိုက်၌ကား သစ်ပင်ကြီးများ ရှုပ်များလျက် လမ်... အတွင်းဘက်တွင် ကျယ်ပြန့်သော ခြံကြီးများ ရှိလေရာ ရှေ့မှ ကားက... သည် ခြံကြီးတစ်ခု၏ နံဘေးရှိ လမ်းကျဉ်းကလေးထဲသို့ ဝင်သွားသဖြင့် ... မောင်စိုးသည် ထိုခြံကြီးရှိရာသို့ သစ်ဝင်ရိပ်များအောက်မှ တဖြည်းဖြည်း ... ကပ်သွားလေ၏။ ခြံနံပါတ်ဆွဲထားသော ဆိုင်းဘုတ်ကလေးမှာ သစ်ပင်ချုံ... များဖြင့် ဖုံးနေသဖြင့် ခင်မောင်စိုးသည် ခါးပိုက်ဆောင်လက်နှိပ်ဓာတ်မီးက... ဖြင့် ခပ်အုပ်အုပ်ထိုး၍ ကြည့်လေရာ နံပါတ်မှာ ၃၉ ဖြစ်ကြောင်း တွေ့ရ... သည်။ ခြံကြီးကား မိမိညနေက ကြည့်ရှုမှတ်သားခဲ့သော သူဌေးဦးညွန့်... ၏ ခြံကြီးပေတည်း။

သို့နှင့် မိမိကားကလေးရှိရာသို့ ပြန်လာခဲ့ပြီးလျှင် အုန်းမောင်... ကားကလေးကို ပြန်၍လွှတ်လိုက်ပြီးနောက် လမ်းကြားကလေးအတိုင်း ... လေသည်။

ခင်မောင်စိုးသည် သော်ကချုံများ ဝိုင်းလျက်ရှိသော ခြံကြီးနံ... မှ လမ်းကလေးအတိုင်း လိုက်သွားလေရာ ကိုက် ၅၀ ခန့် သွားမိလတ်... ခြံ၏ နံဘေးတံခါးပေါက်တစ်ခုအတွင်း၌ ရပ်ထားသော ကားကလေးကို ... သည်နှင့် သစ်ပင်ရိပ်တစ်ခုကို ကွယ်ကာ ချောင်းမြောင်းကြည့်ရှုလျက်ရှိ... ၏။ ကားပေါ်၌ကား ဦးစံဘော်၏ ဒရိုင်ဘာသည် ကား၏ နောက်မှီခေါ...





...က်လျက်ရှိလေသည်။ ခြံကြီးမှာ အတော်ပင် ကျယ်ဝန်းသော ခြံကြီးဖြစ်၍ ...ခြံ၏အလယ်၌ကား တိုက်ခံအိမ်ကြီးတစ်ဆောင်ရှိရာ အိမ်နံဘေးရှိ မှန်ပြတင်း ...ပေါက် ၃ ပေါက်တို့မှ အပြာနုရောင် ခန်းဆီးများ တပ်လျက် အတွင်းမှ ဓာတ် ...မီးရောင်သည် အပြင်သို့ ခပ်မှိန်မှိန်မျှ ထိုးဖောက်ထိန်လင်းလျက် ရှိလေသည်။

အောက်ထပ်၌မူ မှောင်နှင့်မည်းမည်းရှိနေပြီးလျှင် ပတ်ဝန်းကျင်မှာ ...တိတ်ဆိတ်လျက်ရှိလေသည်။

ခင်မောင်စိုးသည် သစ်ပင်တစ်ပင်၏ နောက်ကွယ်၌ ပုန်းအောင်းကာ ...သည်းခံစောင့်ဆိုင်းလျက်ရှိလေရာ အိမ်ပေါ်မှလည်းကောင်း၊ နံဘေးပတ်ဝန်း ...ကျင်မှလည်းကောင်း တစ်စုံတစ်ရာ လှုပ်ရှားခြင်းများ မရှိသဖြင့် ငိုက်မျဉ်း ...၍ပင် လာလုမတတ်ရှိ၏။ နာရီဝက်ခန့်မျှ ကြာလတ်သော် မိမိနောက်ဆီမှ ...ခြေသံလိုလို ကြားရသဖြင့် ကြည့်လိုက်ရာ လမ်းမဘက်ဆီမှ လမ်းကြားကလေး အတိုင်း လျှောက်လာသော လူတစ်ယောက်၏ ပုံသဏ္ဌာန်ကို ခပ်ရေးရေးမြင် ...ရသဖြင့် အိတ်ထဲမှ သေနတ်လက်ကိုင်ဝေါ်၌ပင် လက်ကိုအုပ်၍ တင်ထားလိုက် ...လေ၏။ ထိုသဏ္ဌာန်သည် ခင်မောင်စိုးရှိရာ သစ်ပင်နှင့် မနီးမဝေးသို့ ရောက် ...သောအခါ ဝင်းအတွင်းသို့ဝင်၍ ကားကလေးရှိရာသို့ လျင်မြန်စွာ လျှောက် ...သွားသဖြင့် ခင်မောင်စိုးမှာ နောက်သို့ အနည်းငယ်ဆုတ်ကာ ကိုယ်ကို အနည်း ...ငယ် ကုန်း၍ နေလိုက်ရ၏။

ထိုသူသည် ကားအနီးသို့ ချဉ်းကပ်သွားသဖြင့် ဒရိုင်ဘာက လှမ်း ...၍ မေးလိုက်လေသည်။

ထိုသူက ဖိုးကြူတ်ဖြစ်ကြောင်း ပြန်ပြောသောအခါ ဒရိုင်ဘာက –

"ဆရာရောက်နေပြီ နောက်ဖေးလှေကားကတက်မယ်တော့"

ဟု ပြောလိုက်သဖြင့် ထိုသူလည်း အိမ်နောက်ဖေးဆောင် အရိပ် ...အောက်သို့ ဝင်ကာ ပျောက်ကွယ်၍ သွားလေ၏။

ခင်မောင်စိုးသည် သစ်ပင်ခြံစည်းရိုးများကို ကွယ်ကာ ခန်းဆီးတစ်ခု ...ခြားဘက်သို့ လှည့်၍သွားလေရာ ၎င်းဘက်၌ အပြာရောင်ခန်းဆီးတစ်ခု ...အတန်ငယ်ဟ၍ နေသဖြင့် အတွင်းမီးရောင်သည် အပြင်သို့ ထိုးထွက် ...လျက်ရှိလေသည်။

ခင်မောင်စိုးသည် ခြံစည်းရိုးကို ခံယဉ်းစွာ ကျော်၍ ဝင်ခဲ့သော... ...တံခါးတိုက်မှာ ၁၆ ပေခန့်မြင့်၍ ထိုမီးရောင်ထွက်လာသော ပြတင်း... ...၆ ပေခန့်ဝေးသော နေရာတွင် ရေပြွန်တစ်ခုရှိရာ ထိုရေပြွန်မှ...ပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



၆ လက်မခန့်သာ အနံရှိသော အုတ်စွန်းကို တွယ်ကပ်လျှောက်သွား၍ အဆိုပါ ပြတင်းပေါက်မှ ကြည့်နိုင်ပါမူ အိမ်တွင်းသို့ ကောင်းစွာမြင်နိုင်မည့် အကြောင်း စဉ်းစားမိ၏။

သို့နှင့် ခင်မောင်စိုးသည် ခြေကုပ်ပို၍ရစေရန် ရှက်ဖျင်ဖိနပ်ကို ချွတ်ခဲ့ပြီးလျှင် မြွန်ကိုတွယ်၍တက်လေ၏။ ရှေ့ပြွန်ဆုံးသောအခါ အတွယ်အတာ မရှိသော ဖူဉ်ထရံကို လက်များဖြင့် ကုတ်ကပ်ကာ ပြတင်းပေါက်ရှိရာသို့ တရွေ့ရွေ့လာခဲ့လေ၏။ ပြတင်းပေါက်မှာ အတန်ငယ် ဟ၍နေသော ခန်းဆီးကြားမှ အတွင်းသို့ အတော်အတန် မြင်နိုင်သဖြင့် ခင်မောင်စိုးသည် အတွင်းသို့ ကြည့်လိုက်ရာ အောက်ဝါအခြင်းအရာများကို တွေ့မြင်ရလေသည်။

အပြာရောင် ဆေးသုတ်ထားသော အခန်းအလယ်၌ စားပွဲဝိုင်းကြီး တစ်ခုရှိရာ ထိုစားပွဲဝိုင်းကြီးကို ဝိုင်း၍ ထားသော ကုလားထိုင် ၄ လုံး၌ လူ ၄ ယောက်တို့သည် မျက်နှာချင်းဆိုင်ဝိုင်း၍ ထိုင်လျက်ရှိ၏။ တစ်ယောက်မှာ သူဌေးဦးစံဘော်ဖြစ်၏။ သူနှင့် မျက်နှာချင်းဆိုင်၌ သဘော်ဆိပ်တွင် တွေ့ခဲ့ရသော အရပ်မြင့်မြင့်နှင့် မိန်းမသည်လည်းကောင်း၊ မိန်းမ၏ လက်ဝဲဘက်တွင် ဦးရွှေစံအောင်အား ပန်းချင်းဝင်၍ တိုက်မိသော ဆံပင်ကောက်ကောက်နှင့် လူသည်လည်းကောင်း ထိုင်၍နေ၏။ ထိုမိန်းမနှင့် ဦးစံဘော်ကြားတွင် ဗလ ကောင်းကောင်းနှင့် အရပ်ထောင်ထောင်မောင်းမောင်းရှိသော ဘိုးကြျတ်ဆိုသူ ထိုင်၍နေလေသည်။

ပြတင်းပေါက်မှာ မှန်များဖြစ်၍ အတွင်းမှ အသံကို မကြားနိုင်သော်လည်း ကံကောင်းထောက်မပုံမှာ လက်ဝဲဘက်အစွန်ဆုံးရှိ မှန်ချပ်မှာ ကွဲ၍နေသဖြင့် ဆီးဖြူသီးခန့်ရှိ အပေါက်ကလေးတစ်ခုဖြစ်နေရာ အတွင်းမှ စကားပြောသံများကို ထိုအပေါက်ငယ်မှ နားထောင်လျှင် ခပ်သဲ့သဲ့မျှ ကြားရ၏။ ဦးညွန့်မောင်၏အိမ်ဟု ဆိုသော်လည်း ဦးညွန့်မောင်ဆိုသူကိုကား အရိပ်အငွေ့မျှ မမြင်ရချေ။

ခင်မောင်စိုးသည် မည်သို့မည်ပုံ ဖမ်းရမည်ကို စိတ်ကူးထုတ်လျက် ရှိ၏။ မှန်ပြတင်းပေါက်ကို အတင်းရိုက်ခွဲပြီးလျှင် သေနတ်ဖြင့် တစ်ခါတည်း ချိန်၍ ဖမ်းရမည်လောဟု ခါးမှ သေနတ်ကိုပင် စမ်း၍ကြည့်မိသေး၏။ လူဆိုးဘိုးကြျတ်မှာ ခင်မောင်စိုးရှိသော ပြတင်းပေါက်နှင့် မျက်နှာချင်းဆိုင်ရှိနေသော်လည်း မျက်လွှာကို အစဉ်အောက်ချလျက်ရှိပြီးလျှင် ပြတင်းပေါက်ဆီသို့ မော်၍ပင် မကြည့်ချေ။





အရပ်မြင့်သော မိန်းမသည် ဦးစံဘော်၏ အရိပ်အကဲကို ကြည့်လျက်

"ဘယ့်နှယ်လဲ အစ်ကိုကြီး၊ ကျွန်မတို့ ပစ္စည်းကလေး ဆရာကြီးလက် အပ်လိုက်ပြီလား"

"အပ်လိုက်ပါပြီဗျာ"

"ဒီဟာက ဘာလဲ အစ်ကိုကြီးရဲ့၊ ပြောစမ်းပါဦး"

"တိုင်းရေးပြည်ရေးနဲ့ ပတ်သက်တဲ့ ကိစ္စပါကွယ်၊ မင်းတို့ မသိချင်စမ်းပါနဲ့"

"မသိရဘူးဆိုရင်လဲ မမေးတော့ပါဘူးအစ်ကိုကြီးရယ် . . .၊ ဒါထက် ဒီကိစ္စမှာ ကျွန်မတို့ ဆုငွေရဦးမယ်ဆို"

"အေးလေ ဆရာကြီးကို အစ်ကိုကြီး ကြည့်ပြီး ပြောပေးမှာပေါ့၊ စိတ်ချနေပါ"

"ကျွန်မတို့တော့ . . . အစ်ကိုကြီးကို အားကိုပဲ အစ်ကိုကြီးရေ့၊ မဟုတ်ဘူးလားကွယ် မောင်စိန်မောင်"

"ဟုတ်တာပေါ့ မမရဲ့"

ခင်မောင်စိုးသည် ထိုစကားကို ကြားရသောအခါ မိမိလိုက်လံလျက်ရှိသော အမှုမှာ ပင်ရင်းသို့ဝင် မရောက်စေကာမူ အမှုတွင် အဓိက ပါဝင်ဆောင်ရွက်သူများနှင့် ပက်ပင်းဝါ တွေ့ကြုံနေရပြီဟု ဝမ်းမြောက်လှသည်ဖြစ်၍ တစ်ကိုယ်လုံး တုန်လှုပ်လျက်ရှိလေရာ နောက်သို့ ပက်လက်လန်၍ ကျမသွားစေရန် အတော်ပင် သတိထား၍နေရလေ၏။

ဦးစံဘော်သည် စိတ်ဆိုးမပြေနိုင်သေးသည့် လက္ခဏာဖြင့် နေရာမှ ထ၍ စင်္ကြံလျှောက်ကာ –

"မင့်ကြောင့်ကွယ် မင့်ကြောင့် . . .၊ ဆရာကြီးက ငါ့ကို အကြိမ်းခံရတာ ဘယ့်နှယ်ကွယ်၊ လက်နှိပ်ဓာတ်မီးနဲ့ ပြီးရမယ့်ကိစ္စကို တစ်အိမ်လုံးက ဓာတ်မီးတွေ ဖွင့်တယ်လို့ ပြီးတော့ ဖွင့်တာဖွင့်ပါစေတော့ ဘာဖြစ်လို့ ပြန် မပိတ်နိုင်ရတာလဲကွယ့် ဟင် . . ."

ဖိုးကြျတ်က –

"ဆရာကြီးပေးတဲ့အပြစ် ကျွန်တော်ခံပါ့မယ် ခင်ဗျား၊ ကျွန်တော် တပည့်တွေ လုပ်ပေမယ့် တာဝန်က ကျွန်တော့်တာဝန် မှန်ပါတယ်ခင်ဗျာ"

"ကိုင်း အစ်ကိုကြီးရယ်၊ ဒီအပြစ်လောက်နဲ့တော့ ဆရာကြီးထံ မအပ်ပါနဲ့တော့၊ ကျွန်မတို့ပဲ ကြည့်ပြီး ဆုံးမလိုက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးဟေ့ မင်းတို့ပဲ ကြည့်ပြီးဆုံးမလိုက်၊ ဒါမှမဟုတ်ရင် ဆရာကြီး လက်ထဲ ငါအပ်မိလိမ့်မယ်"

"ဟုတ်ကဲ့အစ်ကိုကြီး"

ထိုစကားများကို ထောက်ခြင်းဖြင့် ဦးစံဘော်မှာ ဆရာကြီးမဟုတ်နိုင်။ ရွှေပင့်ကူအသင်းကြီးကို အုပ်ချုပ်သူဆရာကြီး ရှိရဦးမည်ဟု ခင်မောင်စိုး စိတ်တွင် အောက်မေ့မိ၏။

အရပ်မြင့်သောမိန်းမက မျက်နှာကို ခပ်တင်းတင်းထားလျက် ဆံပင်တောက်နှင့်လူအား –

"ဟဲ့ စိန်မောင် သွားပါကွယ်၊ အစ်ကိုကြီးစိတ်ဆိုးပြေအောင် ဘိုးကြုတ်ကို မင်းကိုယ်တိုင် ဆုံးမလိုက်ပါ"

"ဟုတ်ကဲ့မမ"

စိန်မောင်သည် စားပွဲပေါ်ရှိ ငါးဆယ်ဝင်စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို ထုတ်မီးညှိပြီးလျှင် ဦးနှံခါင်း ဆတ်ခနဲ ညိတ်လိုက်လေ၏။

"ဘယ်လိုဆုံးမရမှာလဲ မမ"

"ဆုံးမတာ ခက်လွန်းလို့ကွယ် . . .၊ အောက်ထပ်မှာ ခေါ်သွားပြီး ခြေထောက်နဲ့ နှစ်ချက်သုံးချက် ပိတ်ကန်ထုတ်လိုက်တာပေါ့"

ထိုအခါ စိန်မောင်သည် နေရာမှထလေရာ ဘိုးကြုတ်သည် မျက်နှာကို ဖျတ်ခနဲ မော့ကြည့်လိုက်ပြီးနောက် –

"ဟေ့ ကိုစိန်မောင်၊ ဆရာကိုယ်တိုင် ဆုံးမရင်သာ ကျုပ်ခံမှာ၊ ခင်ဗျားကိုတော့ ကျုပ်မခံဘူး နားလည်လား"

"အင်း . . . ကြည့်သေးတာပေါ့ ကိုဘိုးကြုတ်ရယ်"

သို့နှင့် စိန်မောင်သည် ကုလားထိုင်မှ ထပြီးလျှင် ဘိုးကြုတ်အား ဖမ်းရန် ဘိုးကြုတ်၏ ပခုံးပေါ်သို့ လက်တင်လိုက်လေ၏။ ဘိုးကြုတ်မှာ ခွန်အားဗလကောင်းရုံမျှမက မျက်စိလည်း အလွန်လျင်သူတစ်ယောက်ဖြစ်သည့်အတိုင်း နောက်သို့ တစ်လှမ်းဆုတ်လိုက်ပြီးလျှင် ညာဘက်လက်သီးကို ဆုပ်ကာ စိန်မောင်၏ မျက်နှာရှိရာသို့ တည့်တည့်ကြီး စွပ်၍ ထိုးလိုက်လေ၏။ သို့သော် ဖိုးကြုတ်၏ လက်သီးမှာ ခရီးလမ်းတစ်ဝက်မှ မရောက်မီ စိန်မောင်သည် လျှပ်စစ်၏ လျင်မြန်ခြင်းဖြင့် နံဘေးသို့ ညင်သာစွာ တိမ်းလိုက်ပြီးနောက် ဖိုးကြုတ်၏ လက်ကောက်ဝတ်မှာ စိန်မောင်၏ လက်ထဲတွင် မိလျက်သားရှိလေ၏။ ထိုခဏ၌ သူ့ဘက်သို့ အသာကလေးမျှ လက်ကိုလိမ်၍ ဆွဲယူ





လိုက်သည်ဟု ထင်မှတ်ရပြီးနောက် ဖိုးကြုတ်၏ ကိုယ်ကြီးသည် ကိုယ်ဝ၌ အောက်က ခံပေးလိုက်သော စိန်မောင်၏ ပခုံးပေါ်သို့ ရောက်သွားပြီးလျှင် စိန်မောင်သည် ကြမ်းပြင်ပေါ်သို့ ကိုင်၍ ပေါက်လိုက်လေ၏။ အားခွန်ဗလကောင်းရုံမျှမက အရပ်အမောင်းလည်း ထွားကြိုင်းလှသော ဘိုးကြုတ်မှာ ကြမ်းပေါ်၌ မလှုပ်မရှက် ရှိနေတော့၏။ ဤကား ဂျပန်တို့ လက်သုံးပြုသော ဂျူဂျစ်ဆု အတတ်ပေတည်းဟု ခင်မောင်စိုးစိတ်တွင် တွက်မိ၏။ 'ဟာ' ခနဲ ပါးစပ်မှ ပင် အသံထွက်သွားလေ၏။

ထိုခဏ၌ သုံးဦးသားတို့သည် တစ်ပြိုင်နက် ပြတင်းပေါက်ဆီသို့ ကြည့်လိုက်ကြသဖြင့် ခင်မောင်စိုးအား ရိပ်ခနဲ မြင်၍ သွားလေသည်။ သုံးဦးအနက် အရပ်မြင့်သော မိန်းမမှာ လက်အမြန်ဆုံးဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် . . . ထိုမိန်းမသည် ခါးထဲတွင် ထိုး၍ထားသော လက်ဖဝါးခန့်မျှရှိသည့် ပစ္စတိုကလေးကို ဖျတ်ခနဲ ဆွဲထုတ်လိုက်ပြီးလျှင် လူရိပ်မြင်ရာ မှန်ပြတင်းပေါက်ဆီသို့ ပစ်လိုက်လေ၏။

မီးပွင့်၍သွားသော ခဏ၌ ခင်မောင်စိုး၏ လက်ဝဲဘက်ပခုံးစွန်း၌ အကျီမျှား စုတ်ပြတ်ထွက်သွားပြီးလျှင် ကျည်ဆံမှာ အရေပြားကို ရှပ်၍ ပွတ်သွားလေသည်။ သို့သော် ခင်မောင်စိုးမှာ ရုတ်တရက်ဖြစ်၍ သတိလစ်သွားသောကြောင့် ခြေချော်၍သွားပြီးလျှင် အုတ်စွန်းပေါ်မှ အောက်သို့ ကျသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

[ ၁၇ ]

ခင်မောင်စိုး အဖမ်းခံရပြီး နောက်တစ်နေ့၌ အမတ်ကြီးဦးရွှေဖဲအောင် လက်သို့လည်းကောင်း၊ ပုလိပ်မင်းကြီးလက်သို့လည်းကောင်း စာတစ်စောင်စီ ရောက်ရှိလာ၏။

စာရရှိပုံမှာ လူတစ်ယောက်သည် လန်ချားတစ်စီးစီးလာ၍ ပုလိပ်မင်းကြီးအိမ်ရှေ့ မနီးမဝေးသို့ ရောက်သောအခါ လန်ချားကုလားအား အိမ်ခြံတွင်းသို့ ဝင်၍ အိမ်ပေါက်ဝ၌ တွေ့သောသူ မည်သူ့ကိုမဆို ပေးရန် ညွှန်ကြားပြီးလျှင် လန်ချားကုလားအား လန်ချားခအပြင် ငွေတစ်ကျပ် အပိုပေးခဲ့ရာ ကုလားသည် ထိုသူအား ဆလံပေး၍ စာကို ထိုသူ ညွှန်ကြားသည့်အတိုင်း ဝမ်းမြောက်ဝမ်းသာ သွားရောက်ပေးလေသည်။ စာကိုဖွင့်၍ ဖတ်ပြီးနောက် ချက်ချင်းလိုပင် လန်ချားကုလားအား လိုက်လံရှာဖွေစေရာ လန်ချားကုလားကို မတွေ့ရတော့ချေ။

ဦးရွှေဖဲအောင် စာရပုံမှာလည်း ထိုနည်းအတိုင်းပင် ဖြစ်လေသည်။

သို့သော် လန်ချားကုလားနောက်သို့ ဝိုင်း၍လိုက်စေရာ မနီးမဝေးတွင် ကုလားကိုတွေ့၍ ဖမ်းဆီးခဲ့၏။ စစ်ဆေးသောအခါ ကုလားက ဗမာလူမျိုး တစ်[illegible]က် အဝတ်အစားကောင်းကောင်းနှင့် ဟုမ်းလမ်းဘူတာထိပ်မှ [illegible] လာကြောင်း ဦးရွှေဖဲအောင်ခြံရှေ့သို့ ရောက်သောအခါ လန်ချားပေါ်မှ ဆင်း[illegible] လန်ချားခ ၈ ပဲနှင့် အပိုဆုငွေ တစ်ကျပ်ကိုပါ ပေးပြီးလျှင် စာကို အပေးခိုင်းကြောင်းပြော၏။ လန်ချားကုလားအား ၂၄ နာရီမျှ ချုပ်နှောင်စစ်ဆေးသော်





လည်း ဤအတိုင်း မပြောင်းမလဲဘဲ ထွက်ဆိုနေသဖြင့် နောက်ဆုံး ပုလိပ်များ လက်လျှော့၍ လွှတ်ပစ်လိုက်ရတော့၏။

စာအိတ်အတွင်း၌ ရွှေရောင်တောက်ပသော ပင့်ကူသေအခြောက် ကလေး တစ်ကောင်နှင့်အတူ စာတစ်စောင်ပါရှိ၏။ စာမှာ –

"မိတ်ဆွေကြီးခင်ဗျား . . .

"မိတ်ဆွေကြီးသည် အကြီးအကဲအဖြစ်ဖြင့် ကျွန်ုပ်တို့ အလုပ်တွင် ဝင်ရောက်နှောင့်ယှက်လျက်ရှိရာ၊ ဤစာကို ရသော အချိန်မှစ၍ နောက်သို့ ဆုတ်စေလိုပါသည်။ မိတ်ဆွေကြီးတို့၏ ကိုယ်စားလှယ်ဖြစ်သော အလွတ်စုံထောက် ခင်မောင်စိုးဆိုသူနှင့်တကွ သူ၏ စက္ကူရီတေရီ မိန်းကလေးပါ ကျွန်ုပ်တို့ လက်တွင်းသို့ ရောက်ရှိနေပြီဖြစ်၍ မိတ်ဆွေတို့ အရိပ်အကဲကို ကြည့်ပြီးလျှင် စောင့်ဆိုင်းထားပါသည်။ မိမိလက်ခုပ်တွင်းမှ ရေကို သွန်လည်း သွန်နိုင်၊ မှောက်လည်း မှောက်နိုင်ကြောင်း သတိပြုပါလေ . . .။

"ကျွန်ုပ်လက်တွင်းသို့ ရောက်ရှိနေသော ဂျပန်၏ ပြည်တွင်းရေး အကြံအစည်၊ စစ်နှင့်ပတ်သက်သည့် ကိစ္စများ ပါဝင်သည့် စာရွက်စာတမ်းများကို မိတ်ဆွေတို့ အစိုးရက ဈေးချောင်နှင့် ဝယ်ယူရရှိရန် ကြိုးစားလျက်ရှိရာ ကျွန်ုပ်တို့ကမူ ဂျပန်အစိုးရသို့ အဖိုးငွေ မြောက်မြားစွာနှင့် ရောင်းရန် စီစဉ်ပြီးပါပြီ။ ယခု ရက်သတ္တတစ်ပတ်အတွင်း၌ပင် အရောင်းအဝယ် ပြီးမြောက်ပါတော့မည် ...။

"ရောင်း၍ အဖိုးသားနားရသောအခါ ထိုစာရွက်စာတမ်းများကို မူလရရှိသူ ကရာတူးမြောင်းမှ ဒုတိယအရာရှိကိုလည်းကောင်း၊ စပ်ကြားမှ စေ့စပ်ဆောင်ရွက်ပေးသော ထားဝယ်နယ် လွှတ်တော်အမတ်ကြီး ဦးရွှေဖဲအောင်ကိုလည်းကောင်း မနစ်နာစေရပါ။ ကျွန်ုပ်တို့အသင်းမှ ဆုံးဖြတ်သည့်အတိုင်း ထိုက်သင့်သော ဈေးကြေးကို ရပါစေမည်။ ဤကိစ္စပြီးလျှင်လည်း ကျွန်ုပ်တို့အသင်းကို တစ်ခါတည်း ဖျက်သိမ်းရန် သဘောတူပြီးဖြစ်သည့်အတိုင်း မိတ်[illegible]တို့ စိတ်အေးရပါတော့မည် . . .။

"အရှေ့နိုင်ငံပုလိပ်အဖွဲ့တိုင်းက လက်လျှော့ထားရသည့် [illegible] တို့အသင်းအား တဖက်ယှဉ်ပြိုင်ခြင်း မပြုစေလိုပါ။ ယခု [illegible]



www.burmeseclassic.com

www.burmeseclassic.com



သည့်အတိုင်း လက်လျှော့ခြင်းမပြုပါက ခင်မောင်စိုးနှင့် သူ၏ စက္ကရီတေရီအား လေးကန်ဖင့်နွဲ့သော အသေမျိုးဖြင့် သေစေရန် ကျွန်ုပ်တို့ စီစဉ်ရပါလိမ့်မည် . . ."

"ရွှေဖင့်ကူအသင်းကြီး"

အမတ်ကြီးဦးရွှေစံအောင်သည် ချက်ချင်းပင် ပုလိပ်မင်းကြီးထံသို့ တယ်လီဖုန်းဆက်လျက် အရေးကြီးသောကိစ္စနှင့် မိမိ ယခုလာရောက်မည်ဖြစ်၍ အိမ်မှ စောင့်ဆိုင်းနေပါမည့်အကြောင်းနှင့် အကြောင်းကြားလိုက်လေ၏။

၁၅ မိနစ်ခန့်ကြာလတ်သော် ပုလိပ်မင်းကြီးနှင့် မျက်နှာချင်းဆိုင် စကားပြောလျက်ရှိလေသည်။ ပုလိပ်မင်းကြီးက –

"အင်း . . . ကျုပ်လည်း ရပါတယ် အမတ်မင်း၊ သည်လောက်လဲ မကြောက်ပါနဲ့၊ ကျုပ်တို့မှာလဲ လူအင်အား၊ လက်နက်အင်အား ရှိပါသေးတယ်၊ ပြီးတော့ . . . ကျုပ်တို့တိုင်းပြည်ဟာ မင်းမရှိတဲ့တိုင်းပြည် မဟုတ်သေးပါဘူးဗျာ"

ပြောလိုက်ရာ ဦးရွှေစံအောင်က –

"မင်းကြီးပြောတာ မှန်ပါတယ်၊ ဒါပေမယ့် ကျုပ်တော့ ဒီအကောင်တွေဟာ လုပ်မယ်ဆိုရင် တကယ်လုပ်မယ့် အကောင်တွေဆိုတာ ကောင်းကောင်းယုံကြည်တယ်ဗျာ၊ ယိုးဒယားနဲ့ အင်ဒိုချိုင်းနားမှာ သူတို့လုပ်ပုံတွေ ကြည့်ပါလား"

"အဆုံးမှာတော့ ခင်မောင်စိုးကို သူတို့ ဖမ်းမိသွားပြီဆိုတဲ့အကြောင်း သတင်းပေးလိုက်တာပဲဗျ၊ ဒီသူငယ်က လိုက်ရင် အတော်ရှုပ်ရှုပ်ချုံချုံ လိုက်တတ်တဲ့ သူငယ်တစ်ယောက်ပဲ"

"ဟုတ်ပါတယ်၊ ကျွန်တော်လဲ ဒီသူငယ်ကို အကဲခတ်မိပါတယ်"

"အင်း ဘယ်အရာမဆို စဉ်းစဉ်းစားစား လုပ်ကြတာပဗျာ၊ အေးအေးနဲ့ စဉ်းစားကြတာပေါ့"

"ဒါထက် ယိုးဒယားက ဒီအသင်းနောက်ကို လိုက်ဖို့ မြန်မာပြည်ကို စုံထောက်တွေ ဘာတွေ လွှတ်ထားတယ်ဆိုတဲ့ အကြောင်းကော"

"ဒီလိုကိုး အမတ်မင်းရဲ့၊ တချို့ကိစ္စက တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ပုလိပ်အချင်းချင်း လျှို့ဝှက်တဲ့ကိစ္စတွေလဲ ရှိသေးတယ်၊ သူတို့ လွှတ်ထားတယ်ဆိုတာတော့ အမှန်ပဲ၊ သို့သော် . . . ဘယ်သူဘယ်ဝါကို လွှတ်ထားတယ်၊ ဘယ်





လိုကြံစည်နေတယ်၊ ဘယ်လောက် ခရီးရောက်နေပြီဆိုတာကတော့ ပုလိပ်ဌာနချင်းရဲ့ လျှို့ဝှက်ချက်ဖြစ်တယ်၊ သည်လောက်လဲ မကြောက်ပါနဲ့ဦး အမတ်မင်း၊ အမတ်မင်းကိုယ်တိုင်လဲ သိပ်ကြောက်နေတယ် ထင်တယ်"

ဦးရွှေစံအောင်မှာ စကားပြောရင်း မျက်နှာငယ်ငယ်နှင့် ရှိလေရာ သူ၏ စကားများမှာ အချို့နေရာများတွင် ထစ်ငေါ့တုန်လှုပ်သဖြင့် ပုလိပ်မင်းကြီးက ကြိတ်ကြိတ်အားပေးရ၏။

ထိုအခါ ဦးရွှေစံအောင်က –

"မင်းကြီးက ကျုပ်ကို အရင်လိုတယ်ပြောတယ်၊ စိုးရိမ်တတ်တယ်၊ ကြောက်တတ်တယ်ဆိုရင်လဲ ခံရမှာပဲဗျာ၊ ကျုပ်မှာတော့ ဥစ္စာရှင်အစစ်မဟုတ်ပေမယ့် ဥစ္စာရှင်တစ်ပိုင်းဖြစ်နေတယ်၊ ပြီးတော့ ပျောက်ပုံကလဲ ကျုပ်လက်ထဲက တစ်ပတ်ရိုက်ပြီး ယူသွားပြန်တော့ . . . သိပ်ပြီး မချိမခံသာ ဖြစ်နေတာပဲခင်ဗျာ"

"အမတ်မင်းပြောတာလဲ မှန်ပါတယ်၊ ပုလိပ်အဖွဲ့နဲ့ စုံထောက်အဖွဲ့မှာကျတဲ့ တာဝန်ကလဲ အမတ်မင်းတာဝန်ထက် မသေးပါဘူး အမတ်မင်းရဲ့"

"ကျွန်တော် သိပါတယ်ခင်ဗျာ"

"သည်တော့ အိုင်ပီအုန်းဖေနဲ့ ကျွန်တော် ခေါင်းအေးအေးထားပြီး တိုင်ပင်ပါရစေဦး . . .၊ သူတို့နှစ်ယောက်ကို မိထားတယ်ဆိုပေမယ့် . . . ရွှတ်တော်အစည်းအဝေးမတိုင်ခင် ပိုးစိုးပက်စက် မဖြစ်နိုင်ဘူးလို့ . . . ကျွန်တော် တွက်ထားပါတယ်"

ထိုစကားများကို ကြားရသောအခါ ဦးရွှေစံအောင်လည်း အတန်အားတက်လာဟန်ရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## [ ၁၈ ]

ခင်မောင်စိုးသည် ၁၆ ပေ မြင့်သော အုတ်စွန်းမှ မြေပေါ်သို့ ကျခဲ့ရာ ဦးခေါင်းနောက်စေ့မှာ မာကျောသောမြေနှင့် ပြင်းထန်စွာ ရိုက်မိသဖြင့် သတိမေ့၍ သွားခဲ့၏။

မည်မျှလောက် ကြာသည်မသိ . . . သတိရ၍ မျက်လုံးများကို ဖွင့်ကြည့်လိုက်သောအခါ အလွန်မှောင်သော နေရာတစ်နေရာသို့ ရောက်ရှိကြောင်း သိရ၏။

မျက်လုံးများမှာ လေးလံပြီးလျှင် မူးဝေထိုင်းမှိုင်းကာ တစ်ကိုယ်လုံးတွင်လည်း ရိုက်၍ ထားဘိသကဲ့သို့ ရှိနေလေရာ ဦးခေါင်းနောက်စေ့တွင် ဖူးရောင်လျက်ရှိသော ဒဏ်ရာတစ်ခုကိုလည်းကောင်း၊ လက်ဝဲဘက်ပခုံးစွန်းတွင် ကျည်ဆံရှပ်၍ သွားသော ဒဏ်ရာတစ်ခုကိုလည်းကောင်း တွေ့ရ၏။ လက်ဝဲဘက် ခြေထောက်မှာလည်း အကြောတင်၍သွားသဖြင့် ခြေမျက်စေ့အထက်၌ အလွန်နာကျင်လျက်ရှိ၏။

ထိုဒဏ်ရာများကို သတိပြုမိပြီးနောက် မိမိသတိရလာသည်နှင့်တစ်ပြိုင်နက် ရှူရှိုက်ရသော လေမှာ ညစ်ညမ်းလျက် တဖြည်းဖြည်း အသက်ရှူကျပ်၍လာကြောင်း သိရ၏။ ခါးမှ ခါးပတ်နှင့် သေနတ်မှာ မရှိတော့ချေ။ သို့သော် ဘောင်းဘီအိတ်ထဲတွင် မောင်းချခါးကလေး တစ်လက်နှင့် လက်တွင် ပတ်ထားသော လက်ပတ်နာရီကလေး ကျန်ရစ်သေး၏။ နာရီကလေးကား တချက်ချက် သွားလျက်ပင်ရှိသေး၏။





နံဘေးမှ အကာအရံများကို လက်ဖြင့် စမ်းသပ်၍ မတွေ့ရသေးချေ။ သို့သော် အခန်းတွင်းရှိ လေမှာ တစ်မိနစ်ထက် တစ်မိနစ်၊ တစ်စက္ကန့်ထက် တစ်စက္ကန့် အသက်ရှူကျပ်၍ လာစေရာ ဦးခေါင်းမှာ ထိုင်းမှိုင်းတွေဝေ၍ လာပြီးလျှင် နဖူးမှ ချွေးပေါက်များပင် ကျ၍လာခဲ့၏။

လက်ဝတ်နာရီကလေးမှာ ၂၄ နာရီခံသော နာရီကလေးဖြစ်၍ နံနက် ၆ နာရီမှ စက်ရပ်မည်ဖြစ်ရာ ယခုအချိန်မှာ နံနက် ၆ နာရီထက် မကျော်လွန်နိုင်သေးချေ။ ည ၁၁ နာရီနှင့် နံနက် ၆ နာရီအကြားတွင် ဖြစ်ရပေမည်။

ခင်မောင်စိုးသည် ခြေနာသော်လည်း နံဘေးသို့ ထောက်၍သွားပြီးလျှင် လက်ဖြင့် စမ်းသပ်ကြည့်ရာ . . . အုတ်ထရံကြီးတစ်ခုကို တွေ့ရ၏။

ရှေ့သို့ ဆက်၍သွားလေရာ . . . တဖြည်းဖြည်း ဆင်ခြေလျှောကျသွားသဖြင့် မိမိရောက်ရှိနေသော နေရာမှာ ရှည်သော လိုဏ်ခေါင်းကြီးမျိုးဖြစ်ကြောင်း ခန့်မှန်းသိရ၏။ သို့ဖြစ်၍ ဆင်ခြေလျှောရှေ့သို့ တဖြည်းဖြည်းသွားလေ၏။ လိုဏ်ခေါင်းမှာ ရှည်၍ ကျယ်ပြန့်သော်လည်း လေဝင်ပေါက်ရှိဟန်လက္ခဏာမရှိဘဲ . . . အတွင်းရှိလေမှာ 'အောက်ဆီဂျင်' အားလုံးကို မိမိတစ်ယောက်တည်း ရှူရှိုက်၍ ကုန်သွားဘိတဲ့သို့ တဖြည်းဖြည်း အသက်ရှူကျပ်သည်ထက် ကျပ်၍လာလေတော့၏။

ညစာကိုပင် မစားခဲ့ရသေးသဖြင့် ဆာလောင်လိုက်သည်မှာလည်း ပြောစရာမရှိပေ။ သို့သော် ခင်မောင်စိုးသည် စိတ်မပျက်ဘဲ အားတင်းကာ ရှေ့သို့ တဖြည်းဖြည်း တွား၍လာခဲ့ရာ . . . နောက်ဆုံး မာကျောသော အရာတစ်ခုနှင့် ဦးခေါင်းကို ဝင်၍ဆောင့်မိသောအခါမှ ရပ်တော့၏။ ခင်မောင်စိုးသည် မာကျောသောပျဉ်ချပ်များကို လက်သီးဆုပ်များဖြင့် တအားထုကာ –

"ဟိုဘက်အခန်းမှာ ဘယ်သူရှိလဲ၊ ကယ်ပါဗျို့ ကယ်ပါ၊ ကယ်ပါ"

ဟု အသံကုန်ဟစ်အော်မိ၏။ သို့သော် တစ်စုံတစ်ရာ မကြားရချေ။ ခင်မောင်စိုး နားဖြင့်ကပ်၍ ထောင်ပြန်၏။ ထိုအခါ ပြိန်လှန်ထူးသံပင် မကြားရသော်လည်း ပျဉ်ပေါ်တွင် တရှပ်ရှပ်နင်းသွားသော ခြေသံလိုလို ကြားရသဖြင့် စိတ်အားထက်သန်စွာ ဆက်လက်နားထောင်လျက်ရှိလေ၏။

"ကယ်ပါဗျို့ . . . ကယ်ပါ"

[illegible] သံကုန်ဟစ်အော်ပြန်ပြီးလျှင် တစ်ဖန် ဆက်လက်နား[illegible]၏။ သို့သော် လွန်စွာ တိတ်ဆိတ်ပြီးလျှင် မည်သည့်အသံကိုမှ [illegible] မကြားဘဲ အသက်ရှူမှာ ယခင်ကထက် ကျပ်လာပြီးလျှင် [illegible]



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ၃ – ၄ မိနစ်ကြာမျှ ခံနိုင်တော့မည် မဟုတ်ချေ၊ သို့နှင့် ထရံကို ယခင်ကထက် ပြင်းထန်စွာ ထုရိုက်အော်ဟစ်ပြန်၏။

ဆက်လက်နှားထောင်ရာ ထိုအချိန်၌ကား ခြေသံများကို သည်းသည်းတွဲတွဲ ကြားရရုံမျှမက လူသံကိုပင် ကြားရပေပြီ။

"ဘယ်သူလဲ . . . ဟင် . . . ဘယ်သူလဲ"

"အလို . . . ဘုရား . . . ဘုရား . . . ဒီအသံ . . . ကြည်လေးအသံပါလား . . . ဟုတ်ပါတယ် ဟုတ်ပါတယ်"

ခင်မောင်စိုးသည် အခြားဘက်ခန်းမှ သဲ့သဲ့ကြားရသောအသံမှာ မကြည်ကြည်၏ အသံဖြစ်ကြောင်း ချက်ချင်းပင် သိရ၍ မိမိကိုယ်ကို မိမိပြောသကဲ့သို့ ပါးစပ်မှ အသံများပင် ထွက်သွားလေသည်။ မကြည်ကြည်သည်လည်း မိမိကဲ့သို့ပင် ထရံ၏ အခြားဘက်ခန်း၌ ချုပ်နှောင်ခြင်းခံရဟန်တူ၏။

"ကြည်လေး . . . ကြည်လေး . . . တံခါးရှိရင် ဖွင့်စမ်းပါ မြန်မြန်ဖွင့်စမ်းပါ . . . ကိုကြီး အသက်ရှူကျပ်လှပြီ သေရတော့မယ်"

ထို့နောက် ခင်မောင်စိုးသည် ဆက်လက်၍ မခံနိုင်ရှာတော့ဘဲ သတိလစ်၍သွားပြန်လေ၏။

ခင်မောင်စိုးသည် ဤသို့ ဒုတိယအကြိမ် သတိလစ်၍ သွားခဲ့ပြီးနောက် တစ်ဖန် သတိပြန်၍ ရလာသည်နှင့်တစ်ပြိုင်နက် ယခင်က အသက်ရှူကြပ်သည့် အခန်းတွင် နေခဲ့ရကြောင်း ကြည်ကလေး၏ အသံကို ကြားရာမှ သတိလစ်ကြောင်း ကောင်းစွာ သတိရမိ၏။ လေသည်လည်း သန့်ရှင်းပြီးလျှင် ကောင်းစွာ ရှူရှိုက်နိုင်၏။ မကြည်ကြည်ကိုယ်တိုင်ပင် မိမိအား လာရောက်ကယ်ဆယ်သည်ဟု မှတ်မိသေး၏။ မျက်လုံးများကို အားယူ၍ ဖွင့်ကြည့်လိုက်ရာ မိမိမျက်စိရှေ့တွင် အနီရောင်၊ အပြာရောင်၊ အဖြူရောင်ရှိသည့် ဘောလုံးကလေးများသည် ဝင်းထိန်တောက်ပသော အရောင်ဖြင့် တစ်ခန်းလုံး ပျံ့သန်းလျက်ရှိသည်ဟု ထင်မိ၏။

ဦးခေါင်းမှာ မူးဝေလျက်ရှိပြီးလျှင် လှိုင်းလုံးများအကြားတွင် မိမိကိုယ်မှာ လိမ့်၍ နေဘိသကဲ့သို့ နိမ့်ချည်မြင့်ချည် ဖြစ်၍နေ၏။ တစ်ခဏမျှကြာလတ်သော် အတန်ငယ် အမူးပြေပျောက်၍ သွားလေရာ အခန်းထဲတွင် ပျံ၍နေသော ဘောလုံးကလေးများသည်လည်း တဖြည်းဖြည်း နည်း၍နည်း၍ သွားပြီးလျှင် နောက်ဆုံး လုံးဝပျောက်ကွယ်သွားပြီးနောက် အခန်းကျဉ်းကလေး တစ်ခုထဲတွင် ရောက်ရှိနေကြောင်း သိရ၏။ ခုတင်အနီးတွင်လည်း ရေဖန်ချိုင့်





တစ်ခုနှင့် ရေခွက်ကို မြင်ရလေသည်။ ခြေရင်း၌လည်း ပိတ်၍ထားသော တံခါးတစ်ခုရှိလေ၏။

ခင်မောင်စိုးသည် ရေငတ်လှပြီဖြစ်၍ အိပ်ရာမှ ကပျာကယာထ၍ ထိုင်လိုက်ရာ ခေါင်းထဲတွင် မိုက်ခနဲဖြစ်သွားသဖြင့် ပြန်၍ အိပ်လိုက်ရသေး၏။ ထို့နောက်မှ မိမိအဖြစ်အပျက်ကို ကောင်းစွာသတိရပြီးလျှင် တစ်ဖန် ပြန်၍ အိပ်ရာမှထကာ . . . ဖန်ချိုင့်မှ ရေကို ယူ၍ အဝသောက်လေသည်။ ရေသောက်ပြီးသောအခါ ကိုယ်လက်ပေါ့ပါးပြီးလျှင် လန်းဆန်း၍ လာတော့၏။

ထိုခဏ၌ ခြေရင်းမှ တံခါးကို အပြင်မှဖွင့်ပြီးလျှင် တံခါးရွက်ကို ခြေဖြင့် ပြင်းထန်စွာ ကန်လိုက်သကဲ့သို့ အသံမြည်၍ ရုတ်တရက် ပွင့်သွားပြီးလျှင် ဆံပင်ကောက်သော စိန်မောင်ဆိုသူသည် အခန်းဝ၌ ရပ်နေသည်ကို မြင်ရလေသည်။ သူ၏ လက်တွင် ပန်းကန်ပြားတစ်ချပ် ကိုင်ထား၍ အစားအစာများ ပါလာလေသည်။

"ဘယ့်နှယ်လဲ . . . စုံထောက်ကြီး ကိုခင်မောင်စိုး၊ ထိုင်ပြီးတောင်နေနိုင်ပြီလား . . . ဒီလိုတွေ့ရတာ ဝမ်းသာသဗျာ"

"မိန်းကလေး . . . မိန်းကလေး . . . ကြည်ကလေး၊ ကျုပ်ညီမကလေးလေ . . . သူဘယ်မှာလဲ . . . ဟင်၊ ခင်ဗျားတို့ သူ့ကို ဘယ်လိုလုပ်လိုက်ကြပြီလဲ ဟင်"

ခင်မောင်စိုးသည် အိပ်ရာမှ ထပြီးလျှင် မတ်တတ်ရပ်ရန် ကြိုးစား၏။

"အိပ်ရာပေါ်က မထနဲ့ဦးလေဗျာ . . . ခင်ဗျားကောင်းကောင်း နေကောင်းသေးပါဘူး . . . ခင်ဗျား စက္ကရီတေရီ မကြည်ဆိုတာလား၊ သူ ကျန်းကျန်းမာမာနဲ့ ချမ်းချမ်းသာသာရှိပါတယ်ဗျာ"

"အင်း . . . ကောင်းပါလေရဲ့"

"ဒီမှာလေ . . . ခင်ဗျားသတိရရင် ဆာမှာစိုးလို့ ပေါင်မုန့်နဲ့ ဆိတ်သားဟင်း ယူလာတယ်"

ခင်မောင်စိုးသည် စားပွဲပေါ်တွင် ချပေးသော ပန်းကန်ပြားထဲမှ ပေါင်မုန့်နှင့် ဟင်းများကို အားပါးတရ ယူ၍စားပြီးနောက် –

"ဘယ်အချိန်ရှိပြီလဲ"

"၆ နာရီရှိပြီ"

"ညလား မနက်လား"

"ည . . ."



www.burmeseclassic.com

www.burmeseclassic.com



"ည ဒါဖြင့် ကျုပ်အစာမသွပ်ရတာ နာရီ ၃၀ လောက်ရှိပြီဗျို့၊ အလုပ်ကများတာကိုးခင်ဗျ"

"ဘာအလုပ်လဲ"

"ခင်ဗျားတို့ ပင့်ကူတွေလိုက်ဖမ်းတဲ့အလုပ်လေ"

"ဩော် ဟုတ်သားပဲ၊ နို့ပေမယ့် တစ်ခုတော့ ရှိတယ်၊ ပင့်ကူကိုဖမ်းချင်တဲ့လူဟာ ပင့်ကူအိမ်မှာ မိတတ်တယ်ဗျ၊ ပင့်ကူအိမ်ဆိုတာ တစ်ခါမိရင် အင်မတန် အထွက်ရခက်တာကလား . . . ဟား . . . ဟား . . ."

*စိန်မောင်သည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီးနောက် အိတ်*ထဲမှ စီးကရက်ဘူးကို ထုတ်၍ တစ်လိပ်ကို ညှိသောက်လေသည်။

"ခဲတွင်းချဉ်လိုက်တာ စီးကရက်တစ်လိပ်ပေးပါဗျာ"

"ရော့လေ"

"ကျေးဇူးသိပ်တင်တာပဲဗျာ၊ ဘာပဲဖြစ်ဖြစ် စီးကရက်မသောက်ရတာ အဆိုးဆုံးပဲဗျို့"

"ကိုင်း . . . ကိုင်း . . . ဖိနပ်စီးလေ . . . ခင်ဗျားဖိနပ် ပန်းခြံထဲက တွေ့လို့ ယူလာပြီး ခင်ဗျာ့ ခုတင်အောက်မှာ ထားလိုက်တယ်"

ခင်မောင်စိုးလည်း ရွက်ဖျင်ဖိနပ်ကို စွပ်လိုက်လေ၏။

"ခြေထောက်က နာသေးသလား"

"အင်း"

"ဟုတ်တယ်၊ ခြေမျက်စေ့ပေါ်က နည်းနည်း ရောင်နေသေးတာပဲ"

"နေဦး . . . ဖိနပ်စီးခိုင်းတာက ကျုပ်ကို ဘယ်ခေါ်သွားမှာလဲ"

"ကျုပ်တို့ ဆရာကြီးတွေ့ရအောင် ခင်ဗျားကို ခေါ်သွားရမယ်၊ သူနဲ့တွေ့ရတာ ဂုဏ်တစ်ခုပဲဆရာရေ့၊ သူနဲ့တွေ့ရတဲ့လူက အရှားသား"

"ဘယ်လိုအဓိပ္ပာယ်လဲဗျ"

"သူနဲ့ တွေ့ပြီးတဲ့နောက် လောကကြီးကို ကြာကြာမတွေ့ရ မမြင်ရတော့ဘူးဗျာ"

ခင်မောင်စိုးသည် ဇခုံးကို တစ်ချက် တွန့်လိုက်၏။ ထို့နောက် စိန်မောင်သည် ခင်မောင်စိုးနောက်မှ လာ၍ ရပ်လိုက်ကာ–

"ကိုင်း သွားကြမယ်၊ ဒီတံခါးက ထွက်ပေတော့"

တံခါးမှ ထွက်မိသောအခါ ကျဉ်းမြောင်းသော အုတ်လမ်းကလေးတစ်ခုကို တွေ့ရသည်နှင့် ခင်မောင်စိုးသည် ရှေ့မှ လျှောက်သွားရလေရာ စိန်





မောင်သည် နောက်မှ စောင့်ကြပ်လိုက်ပါလာ၏။ အုတ်လမ်းကလေး၏ နံဘေးတစ်ဖက်တစ်ချက်၌ကား တံခါးတစ်ခု စီတပ်ထားသော အခန်းကလေးရှိရာ ၁၀ ပေခန့်သွားမိလျှင် အခန်းတစ်ခန်းကျစီ လမ်းတစ်လျှောက်လုံး တွေ့ရသဖြင့် ထိုအခန်းများမှာ အချုပ်အလို့ ထောင်ခန်းကလေးများပင် ဖြစ်ဟန်ရှိလေသည်။

ခင်မောင်စိုးက –

"အချုပ်ခန်းကလေးတွေနဲ့ တူလိုက်တာ"

ဟု ပြောလိုက်ရာ စိန်မောင်က –

"ဟုတ်တယ်လေ . . . ပင့်ကူတွေထဲ ဝင်ပြီး နှောင့်ယှက်မိလို့ ပင့်ကူအိမ်ကို ဝင်တိုးမိတဲ့ လူတွေနေတဲ့ နေရာပေါ့"

ဤသို့ ပြောရင်း ရှေ့သို့ လျှောက်ခဲ့ကြရာ လက်ဝဲဘက်ရှိ အခန်းတစ်ခုရှေ့တွင် သော့တန်းလန်း တစ်ခုထားသည်ကို ရိပ်ခနဲ ခင်မောင်စိုး မြင်လိုက်မိ၏။

စိန်မောင်က –

"ဒီအခန်းက ခင်ဗျားကောင်မလေးနေတဲ့ အခန်းပေါ့"

ခင်မောင်စိုးက –

"ဟာင် ဟုတ်လား"

"ဘာမှ မဖြစ်ပါဘူးဗျာ၊ စိုးရိမ်မနေပါနဲ့၊ ခင်ဗျားညီမလေးကို ဘယ်သူမှ လက်ဖျားနဲ့ မထိရပါဘူး စိတ်ချပါ"

လမ်းကျဉ်းကလေးသည် လက်ျာဘက်သို့ ကွေ့၍ သွားလေ၏။

အတန်ငယ် သွားမိသော် ၄ ပေ ပတ်လည်ခန့်ရှိ အခန်းကျဉ်းကလေးတစ်ခုသို့ ရောက်လာကြ၍ စိန်မောင်သည် နံရံရှိ ခလုတ်တစ်ခုကို နှိပ်လိုက်ရာ လူနှစ်ယောက်တို့သည် အပေါ်သို့ တဖြည်းဖြည်း ပါသွားလေ၏။

ထိုအခါမှ မြေအောက်လိုဏ်ခေါင်းမှ အပေါ်ထပ်သို့ ဓာတ်လှေကား တပ်ဆင်ထားကြောင်း သိရလေသည်။ ဓာတ်လှေကားတက်သွားစဉ် ပြတင်းပေါက်တစ်ခုကို ဖြတ်၍ သွားရာ အိမ်ပတ်ဝန်းကျင်ရှိ ခြံနှင့်ဥယျာဉ်ကို ရိပ်ခနဲမြင်လိုက်ရ၏။

နောက်ဆုံး ဓာတ်လှေကား ရပ်သွားပြီးလျှင် စိန်မောင်သည် တံခါးတစ်ခုကို ဖွင့်ပြီးနောက် ခင်မောင်စိုးအား "ဝင်လေ" ဟု ပြောကာ နောက်မှတွန်းလိုက်ပြီးလျှင် ဝင်ခဲ့သော သံတံခါးကို သော့ခတ်၍ ပိတ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အခန်းတွင်း၌ကား စားပွဲကုလားထိုင်၊ ဆိုဖာ ကော်ဇောနှင့် လှပသော ငွေပန်းအိုးများရှိ၍ အလုပ်ခန်း ဧည့်ခန်းနှင့်အခန်းမှာ မျက်နှာချင်းဆိုင်ဘက်တွင် ထူထဲသော တံခါးတစ်ခုသာရှိ၍ နံဘေးပတ်လည်၌ ပြတင်းပေါက်ပင် မရှိချေ။ လွန်စွာပင် လုံခြုံလှလေသည်။

"ကိုင်း ဒီမှာ ခဏနေရစ်ဦး"

စိန်မောင်သည် ထူထဲသော တံခါးကို တွန်း၍ဝင်သွားလေရာ ခင်မောင်စိုးတစ်ယောက်သာ အခန်းထဲတွင် ကျန်ရစ်ခဲ့လေသည်။ အခန်းမှာ လုံခြုံလှသည်ဖြစ်၍ လွတ်မြောက်ထွက်ပြေးရန်လည်း နည်းလမ်းမမြင်ချေ။ သို့သော် မိမိကိုယ်ကို အကြောင်းရှိက ခုခံကာကွယ်နိုင်ရန် လက်နက်များ အခန်းထဲတွင် ရှာဖွေရရှိနိုင်က အသုံးဝင်မည်ကို သတိရမိ၏။

ဤသို့ စဉ်းစားလျက်ရှိစဉ် စားပွဲရှေ့ ကော်ဇောပေါ်တွင် ပစ္စတို သေနတ်ကလေးတစ်လက် ကျနေသည်ကို အမှတ်မဲ့ တွေ့မြင်ရသဖြင့် ခင်မောင်စိုးသည် လျင်မြန်စွာ ပြေး၍ ကောက်ယူလိုက်လေ၏။ သို့သော် ပစ္စည်းမှာ သေနတ်အစစ်မဟုတ်ဘဲ ကလေးကစားသော သေနတ်ကလေးဖြစ်နေသဖြင့် ခင်မောင်စိုးသည် သေနတ်ကလေးကို ထောင့်တစ်ထောင့်သို့ လွှင့်ပစ်လိုက်လေသည်။ ထိုခဏ၌ –

"ဟား . . . ဟား . . . ဟား . . ."

ဟု အူလှိုက်သည်းလှိုက် ပြင်းစွာ ရယ်မောလိုက်သော အသံကြီးတစ်ခုကို တံခါးဆီမှ ကြားရသဖြင့် မော်ကြည့်လိုက်ရာ အပြာရောင် ပိုးကတ္တီပါ အင်္ကျီရှည်ကြီးကို ဝတ်လျက် သွားများကို ဖြီးကာ မိမိအား ကြည့်ရှုရယ်မောနေသော တရုတ်လူမျိုးတစ်ယောက်ကို ထူးဆန်းစွာ တွေ့မြင်ရသဖြင့် ကြက်သေသေ၍ နေမိ၏။

ပင့်ကူသင်းခေါင်းဆောင်မှာ မြန်မာလူမျိုး ရုပ်ရည်သန့်တစ်ယောက်ဖြစ်ရမည်ဟု မူလက တွေးထင်မိသော်လည်း ယခု မျက်နှာချင်းဆိုင် တွေ့ရသူမှာ တရုတ်လူမျိုးတစ်ဦး ဖြစ်နေ၍ ခင်မောင်စိုးမှာ သူရယ်မောလိုက်သော အသံကို အံ့အားသင့်၍ သွားခြင်းထက် တရုတ်လူမျိုးတစ်ဦးဖြစ်နေသည်ကို ပို၍ အံ့အားသင့်မိ၏။

"ဟား . . . ဟား . . . ဟား . . . ဘယ့်နှယ်လဲ မစ္စတာခင်မောင်စိုးရဲ့၊ ခင်ဗျားတွေ့တဲ့ သေနတ်ကလေးက သေနတ်အစစ်မဟုတ်ဘဲ ကလေးကစားတဲ့ သေနတ်ကလေး ဖြစ်နေတယ် ဟုတ်စ"





"ဟုတ်တယ် . . . အဲဒီလိုဖြစ်နေတာ ခင်ဗျား ကံကောင်းသေးလို့ပေါ့ ထောင်ကဲရဲ့"

"ဘယ့်နှယ် . . . ထောင်ကဲလဲဗျ၊ နာမည်ရှိပါတယ်ဗျာ၊ နာမည်ကိုခေါ်ပါ ကျုပ်နာမည် မစ္စတာ ဝူဖန်တဲ့"

ခင်မောင်စိုးက ပြုံးလျက် –

"ဒါဖြင့် မစ္စတာဝူဖန်ရဲ့"

ဝူဖန်သည် ဆိုဖာကို ခပ်မှိုမှိုထိုင်လိုက်ပြီးလျှင် စီးကရက်ကို အားပါးတရ ဖွာရှိုက်၍ မီးခိုးများကို ဖြည်းညင်းစွာ မှုတ်ထုတ်လိုက်လေ၏။

"မစ္စတာ ခင်မောင်စိုးကို ဒီခေါ်လာတာ တခြားမဟုတ်ဘူးလေ၊ စကားကလေး တစ်ခွန်းနှစ်ခွန်း မေးစရာရှိလို့ပါ . . . တစ်ခုတော့ ရှိတယ်နော်၊ ကျုပ်မေးတာကို မှန်မှန်ပြောအောင် လုပ်နိုင်တဲ့စက်တွေ ကျုပ်မှာ အများကြီးရှိတယ်၊ ပထမစက်က ငယ်ထိပ်ပေါ်ကို ရေတစ်စက်တစ်စက် ချတဲ့စက်၊ ဒုတိယစက်က အသားနုတဲ့ နေရာတွေကို လက်မဝက်ဝင်သွားအောင် အပ်နဲ့ဖောက်တဲ့စက်၊ တတိယစက်က . . ."

"ခင်ဗျား ဘာတွေ လျှောက်ပြောနေတာလဲ၊ ခင်ဗျား စက်တွေအကြောင်း ကျုပ်နားထောင်ရအောင် မဟုတ်ဘူး၊ ခင်ဗျားမေးမယ့် မေးခွန်းတွေကို ဖြေရအောင် လာတာ၊ မေးစရာရှိတယ်ဆို"

"ဒေါသမကြီးပါနဲ့ဗျာ . . . ဖြည်းဖြည်းပေါ့ . . ."

"ခင်ဗျားသောက်တဲ့ စီးကရက်တစ်လိပ်သာ ကျုပ်ကို သောက်ပါရစေဗျာ . . . ခင်ဗျားမေးသမျှ မှန်တာ ဖြေပါ့မယ် . . ."

ဝူဖန်သည် အိတ်ထဲမှ စီးကရက်ဘူးကို ထုတ်၍ တစ်လိပ်နှိုက်ပြီးလျှင် ခင်မောင်စိုးအား ပေးပြီးနောက် မီးညှိပေးလေ၏။ ဝူဖန်က –

"ကျုပ်မရှင်းတဲ့ အချက်က ဒီလိုဗျာ . . . ခင်ဗျားလိုက်နေတဲ့အမှုက အစိုးရဌာနက ထားဝယ်အမတ်ကြီးလက်ထဲက အင်မတန်အရေးကြီးတဲ့ စာရွက်တွေ ပျောက်သွားတယ်မဟုတ်လား၊ အဲဒီလို ပျောက်သွားရက်သားနဲ့ ဘယ်သတင်းစားထဲမှ ဒီအကြောင်းမပါ၊ ပုလိပ်ဘက်ကလဲ တုတ်တုတ်မှမလှုပ်တာ ဘယ်သဘောလဲဆိုတာ ကျုပ်သိချင်တယ် . . . အဲဒါ ပြောစမ်းပါ မိတ်ဆွေ"

ခင်မောင်စိုးမှာ ထိုမေးခွန်းကို ကြားလိုက်သည်နှင့် [illegible] ရုတ်တရက် တုန့်လှုပ်သွား၏။ နန်းရင်းဝန်ကြီးအိမ်တွင် ပုလိပ်မင်းကြီး [illegible] ဦးရွှေဇံအောင်ရှေ့၌ပင် ဤကိစ္စကို သတင်းစာတိုက်များအား [illegible]



www.burmeseclassic.com

www.burmeseclassic.com



မကာ ပုလိပ်ဘက်မှလည်း လျှို့ဝှက်နိုင်သမျှ လျှို့ဝှက်ထားရန်အကြောင်း၊ ဤသို့ ပြုလုပ်ခြင်းဖြင့် လူဆိုးများအား အထင်အမြင် မှားနိုင်ကြောင်းဖြင့် ယခင်က သဘောတူ တိုင်ပင်ခဲ့ဖူးသည့် အကြောင်းများကို အမှတ်ရမိ၏။

သို့နှင့် ခင်မောင်စိုးသည် မိမိအခွင့်အရေးရခိုက်၌ ပင့်ကူသင်း အကြီးအကဲ ဝှဖန်အား ဤနေရာတွင် တစ်ပတ်ရိုက်လိုက်မည်ဆိုက မိမိထွက်ပြေးရန် အကြံကို ကြံစည်ရန် အချိန်ဆွဲနိုင်မည်ဖြစ်ကြောင်း စဉ်းစားမိ၏။ သို့ဖြစ်၍ ခင်မောင်စိုးသည် တရုတ်အား တစ်ပတ်ရိုက်ရန် ပေါ်လာလေသည်။ သို့နှင့် ခင်မောင်စိုးသည် မျက်နှာကို တည်နိုင်သမျှ တည်စွာ ထားပြီးနောက် –

"ပုလိပ်ဘက်က ဘာဂရုစိုက်မလဲဗျာ . . . စာချုပ်စာတမ်းတွေက ပင့်ကူသင်းနောက်ကို ဝါမမသွားဘဲဗျ . . ."

ဝှဖန်သည် ထိုစကားကို ကြားရသည်နှင့်တစ်ပြိုင်နက် တစ်စုံတစ်ယောက်အား သတ်ပုတ်တော့မည်ကဲ့သို့ လက်သီးများကိုဆုတ်ကာ ကျားကဲ့သို့ ဟိန်းပြီးနောက် ကုလားထိုင်ပေါ်မှ ခုန်လိုက်လေ၏။ မုန့်ယိုသောဆင်၏ မျက်လုံးမျိုးကဲ့သို့ မီးထွက်လုမတတ် ခက်ထန်သော မျက်လုံးများဖြင့် ခင်မောင်စိုးအား ကြည့်ပြီးနောက် –

"ဟဲ့ခွေး . . . ဟဲ့စုံထောက်ခွေး . . . ဘာပြောတယ် . . . ငါ့လက်ထဲကို ဒီစာချုပ်စာတမ်းတွေ ရောက်နေရက်မှန်း သိရက်နဲ့ ဘာညာရတာလဲ ဟင်"

သို့သော် ဝှဖန်မှာ ပြောပင်ပြောရသော်လည်း အလွန်စိတ်ရှုပ်သည့်ဟန်ဖြင့် နဖူးမှချွေးများထွက်လာပြီးလျှင် စိတ်ထဲတွင်ဒွိဟဖြစ်သွားဟန် လက္ခဏာရှိ၏။ သို့နှင့် မြားသည် တရုတ်၏အသည်းကို တည့်တည့်ကြီး ထိမှန်သွားကြောင်း ခင်မောင်စိုး ရိပ်မိတော့၏။ ဝှဖန်သည် စိတ်ကို မြန်၍ ချုပ်တည်းလိုက်သည့်ဟန်ဖြင့် တစ်ဖန် ငြိမ်သက်၍ သွားပြီးလျှင် –

"နေပါဦး . . . ထားဝယ်အမတ် သင်္ဘောပေါ်က ဆင်းလာတော့ ခင်ဗျား အတူတူပါလာတယ်မဟုတ်လား . . ."

"ဟုတ်ပါတယ် . . ."

"ကုန်းပေါင်ပေါ်က ဆင်းလာတော့လဲ ခင်ဗျားနဲ့ အတူတူပဲ၊ လူတစ်ယောက်က အမတ်ကြီးနဲ့ ဝင်တိုက်မိပြီး လက်ဆွဲသားရေအိတ်ပြားကလေးကို ကျူပ်လူတွေက ဖျတ်ခနဲ လဲယူလိုက်တော့လဲ ခင်ဗျားတို့ မျက်စိအောက်မှာပဲ မဟုတ်လား . . ."





"ခင်ဗျားပြောတာတွေ အားလုံးမှန်တယ်၊ မစ္စတာဝှဖန်၊ နို့ပေမယ့် တစ်ခုတည်း လိုနေတယ် . . ."

"ဘာလိုသလဲ . . . ဟင် . . . ပြောစမ်း မြန်မြန်၊ ဘာလိုသလဲ"

အေးဆေးသော အမူအရာဖြင့် စီးကရက်ကိုဖွာလျက် –

"ခင်ဗျားတို့အသင်းက ဒီပစ္စည်းကိုရအောင် တစ်နည်းနည်းနဲ့တော့ ကြံစည်မှာပဲ ဒီလိုများဖြစ်ကောင်းဖြစ်မလားလို့ စိတ်စေ့နိုင်တာနဲ့ သင်္ဘောပေါ်ကတည်းကပဲ အထဲက စာရွက်တွေနုတ်ယူပြီး အတွင်းအင်္ကျီထဲ ထည့်ထားလိုက်တယ် . . . ပြီးတော့ မဟုတ်တဲ့စာရွက်တွေကို ဟန်ဆောင်ထည့်ထားပြီး သူ့လက်က ကိုင်လာတာကိုးဗျ၊ ဒါပေမယ့် ခင်ဗျားအသင်းသားတွေ လက်ဆွဲအိတ်ကလေးချင်းလဲပြီး ယူလိုက်ပုံကလေးကဖြင့် သပ်ရပ်ပါပေ့ဗျာ . . . ကျူပ်ဖြင့် သိပ်ချီးမွမ်းတာပဲ"

"အို . . . မဟုတ်စေ ခင်ဗျားပြောတယ် . . . ဟုတ်နိုင် . . . ဟုတ်နိုင်ဘူး၊ ဒီဟာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ဒီလိုဆိုရင် ခင်ဗျားကိုယ်တိုင် အသက်စွန့်ပြီး ဒီနေရာကို ဘာကြောင့် လိုက်လာရတာလဲ ပြောစမ်း"

ဝှဖန်၏ နဖူးမှ ချွေးပေါက်ကြီးများ ကျ၍ လာပြန်၏။ အသံမှာလည်း ယခင်ကထက် တုန်တုန်ယင်ယင် ရှိသေး၏။

စီးကရက်တိုကို လွှင့်ပစ်လိုက်ပြီးနောက် –

"ဟား . . . ဟား . . . ဒီအသုံးမကျတဲ့ဟန်ဆောင်စက္ကူတွေကို ရဖို့ ကျူပ်က ဘာဖြစ်လို့ ဒုက္ခခံပြီး လိုက်မှာလဲ၊ အဲဒီလိုထင်ရင် ခင်ဗျားမှားတာပေါ့"

"ဒါဖြင့် ဘာကြောင့် လိုက်လာတာလဲ"

"ကျူပ်လိုက်လာတာက တခြားမဟုတ်ဘူး၊ ဦးစံဆော်နောက်ကို လိုက်လာတာပဲ၊ ဒီလူနောက်လိုက်ရင် ခင်ဗျားတို့အသင်းကို ခြေရာခံမိရဲ့ဆိုပြီး လိုက်လာတာ . . . ကိုင်း သိပြီလား"

"ဒါပဲလား . . . ဒါဖြင့် ခင်ဗျားပြောစရာကုန်ပြီပေါ့ . . ."

"ကုန်ပြီ"

"ကိုင်းလေ . . . အခုတော့ ရှိစေတော့ ခင်ဗျားဟာ ကျူပ်ကို တကယ်ပဲ ပြောသလား၊ တစ်ပတ်ရိုက်ပဲနေသလားဆိုတာ သေချာအောင် ကျူပ် လုပ်ရဦးမှာပေါ့၊ ဒီတော့ ကျူပ် အလုပ်မပြီးခင် ခင်ဗျားကိုတော့ မသေစေရပါဘူး စိတ်ချပါ၊ သို့သော် တစ်ခုတော့ ပြောလိုက်ပါရစေ၊ ခင်ဗျားလိမ်ပြောတယ်လို့သာ ထင်ရှားရင် ခင်ဗျား မုချသေရမယ် . . . သေတယ်ဆိုတာလဲ ချောင်းအေး



www.burmeseclassic.com

www.burmeseclassic.com



[illegible] ခင်မောင်စိုး . . . ကျွန်တို့ သတ်တဲ့နည်းဆန်းတွေက ရက်တရက် [illegible] ဖြည်းဖြည်း ဖြည်းဖြည်း . . . ဖြည်းဖြည်း ဖြည်းဖြည်း သေရ [illegible]မယ်"

ခင်မောင်စိုးသည် စိတ်ထဲတွင် တွန့်ခနဲဖြစ်၍ သွားမိသော်လည်း သူ၏ အလိမ်အပေါ်မှီ အချိန်အတွင်း၌ သူနှင့်တကွ မကြည်ကြည်ပါ ပင့်ကူများ၏ အစွဲမှ တစ်နည်းနည်းအားဖြင့် လွတ်မြောက်ရန် ကြံစည်တော့မည်ဟု အောက်မေ့မိ၏။ လွှတ်တော် အစည်းအဝေးလုပ်ရန် ၅ ရက်မျှ ကျန်သေးရာ ဤအချိန်အတွင်း၌ စာရွက်စာတမ်းများကို ပင့်ကူသင်းမှ မည်သည့်နည်းနှင့်ဆို ပြန်ရအောင် ကြိုးစားရတော့မည်။ ဂူဖန် စုံစမ်းနေသည့်အချိန်မှာ မိမိ ကြံစည်ကြိုးပမ်းရန် အချိန်ပေးသကဲ့သို့ ဖြစ်ရကား ရှေ့၌ ဖြစ်လိုရာဖြစ်စေ ယခု အချိန်ကာလအတွင်း၌မူ မိမိတစ်ပတ်ရိုက်ခြင်းမှာ အောင်မြင်သွားပြီဖြစ်ကြောင်းနှင့် တွေး၍ ဝမ်းမြောက်မိ၏။ ခင်မောင်စိုးက –

"ဒါတော့ ကျုပ်ပြောတာ မမှန်ရင် သတ်တာပေါ့ အဲရေးမကြီးပါဘူး"

ဂူဖန်က –

"ကိုင်း ကျုပ်တို့ ကိစ္စပြီးပါပြီ"

သို့နှင့် ဂူဖန်သည် စားပွဲမှ ခေါင်းလောင်းခလုတ်ကလေးကို နှိပ်လိုက်ရာ မကြာမီ တံခါးဖွင့်လာပြီးနောက် စိန်မောင်သည် တံခါးမှ ဝင်လာလေ၏။

ခင်မောင်စိုးသည် တစ်စုံတစ်ရာကို သတိရသည်နှင့် –

"သြော် . . . မစ္စတာ ဂူဖန်၊ ခင်ဗျားကို တစ်ခု ကျုပ်တောင်းပန်ပါရစေဗျာ၊ ကျုပ်အတွက်တော့ မဟုတ်ဘူး၊ ကျုပ်ရဲ့ စက္ကရီတေရီ မကြည်ကြည်ဆိုတဲ့ မိန်းကလေးတစ်ယောက်ကို ဒီအိမ်မှာ ဖမ်းချုပ်ထားတယ်ဆိုတာ ကျုပ်သိတယ်၊ ဒီတော့ ကျွန်တော်တို့ ကိစ္စထဲမှာ ဘာမှ ဝင်ပြီး မစွက်ဘဲ အားငယ်တဲ့ မိန်းမသားတစ်ယောက်ကို လွှတ်လိုက်ဖို့ ကျုပ် အသနားခံပါတယ်ဗျာ မစ္စတာ ဂူဖန်"

ဦးခေါင်းကို ဖြည်းညင်းစွာ ရမ်းလျက် –

"ဝမ်းနည်းတယ် မစ္စတာခင်မောင်စိုး ဝမ်းနည်းတယ်ဗျာ၊ အခု အခြေအနေအရ သူ့ကို ဘယ်နည်းနဲ့မှ ကျုပ်မလွှတ်နိုင်သေးဘူး၊ ဒါပေမယ့် တစ်ခုတော့ စိတ်ချပါ ခင်ဗျားကောင်မကလေးမှာ ဘယ်လို ဘေးဥပါဒ် အန္တရာယ်မျိုးမှ မရောက်စေရပါဘူးဆိုတာ ကျုပ် တာဝန်ခံပါတယ်"





"အေးကွယ် . . . မင်းတို့က နိုင်တဲ့အခါ နေသေးတာပေါ့ ကြည်ကလေး မှဲ့တစ်ပေါက်စွန်းတယ်များ ကြားရရင် . . . ငါသေတောင် သေရာက ထလာပြီး မင်းတို့အသည်းနှလုံးတွေကို ဆွဲပြီး ဖဲ့မယ် . . . နားလည်လားဟေ့ တရုတ်"

"ဟေ့ စုံထောက်မင်းကို ကောင်းကောင်းခေါ်သွားဟေ့၊ ထမင်းလဲ ဝဝကျွေးထားနှင့်ပါကွယ်"

စိန်မောင်သည် ခင်မောင်စိုးမြင်စေရန် ခြောက်လုံးပြူးလက်ကိုင်ကို အပေါ်အကျီဖုံးနေသော ခါးပတ်မှ မသိမသာ ဖော်ထုတ်လိုက်ပြီးလျှင် ယခင်လာခဲ့သော လမ်းအတိုင်း ခေါ်သွားလေ၏။

စင်္ကြံရှိ ပြတင်းပေါက်အနီးသို့ ရောက်သောအခါ ဤအိမ်ကြီးမှာ ဘားလမ်းနှင့် များစွာ မဝေးလှကြောင်း စဉ်းစားရင်း ခင်မောင်စိုးသည် ခပ်ဆိုင်းဆိုင်း သွားစဉ် မိမိ၏နံကြားကို တစ်စုံတစ်ရာ မာကြောသော အရာကလေး တစ်ခု လာ၍ထောက်သည်ကို သတိပြုမိသဖြင့် ကြည့်လိုက်ရာ ၎င်းမှာ စိန်မောင်၏ သေနတ်ပြောင်းဝတလေး ဖြစ်နေသည်ကို တွေ့ရလေသည်။

"ဘယ့်နှယ်လဲ ထွက်ပြေးမယ်များ ကြံသလား စုံထောက်မင်းကြီးရဲ့"

"မဟုတ်တာဗျာ၊ ဘယ်ကလာ ကြံဝံ့ပါ့မလဲ . . . အင်အားချင်း မမျှတာ ကြံလို့ သေရုံရှိမှာပေါ့"

ခင်မောင်စိုးကား အကြံထုတ်လျက်ရှိ၏။ သို့သော် ထိုအကြံမှာ မိမိ အခန်းသို့ မရောက်မီ ကြံစည်နိုင်မှသာ ဖြစ်မြောက်ပေမည်။

ခင်မောင်စိုး၏ ဦးနှောက်ထဲသို့ ဖျတ်ခနဲ အလင်းရောင်တစ်ခု ဝင်လာ၏။ မိမိငယ်စဉ်က ဂျပန်ပြည်တွင် ခေတ္တကျောင်းနေခဲ့စဉ်က အခါ တွေ့ကြုံစမ်းသပ်ခဲ့ဖူးသောနည်းကို ပြေး၍ သတိရမိ၏။ လူရှုပ်လူပြောင် ကျွန်ကျောင်းသားတစ်ယောက်သည် ကျောင်းလခ ရက်တရက် မပေးနိုင်သောအခါဖြစ်စေ၊ အခန်းရှင်မိန်းမကြီးအား ထမင်းလခ မပေးနိုင်သောအခါဖြစ်စေ လုပ်ခဲ့သောနည်းဖြစ်၏။ ထိုသူသည် အသက်ကို တစ်ခဏမျှ အောင့်ပြီးနောက် တော်ရုံးပြန်သော သူများကဲ့သို့ ပါးစပ်ထဲမှ တံတွေးများကို အမြှုပ်ဖြစ်သော [illegible]စီစီ ထွက်လာအောင်လုပ်သော နည်းဖြစ်၏။ ဤသို့ပြုလုပ်ခြင်းဖြင့် [illegible] ရှင်မိန်းမကြီးသည် ဆရာဝန်များပင် ခေါ်၍ ပေးလေရာ ဆရာဝန်[illegible] [illegible]သူငယ်နောက်ပြောင်မှုလုပ်သည်ကို မသိဘဲ အကယ်ပင် တက်[illegible] [illegible]သည်ဟု မှတ်ထင်ခဲ့၏။ ဤနည်းကို ခင်မောင်စိုး ရရှိခဲ့သ[illegible] သူ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်ပြည်တွင် လက်တွေ့စမ်းသပ်ကြည့်ခဲ့ဖူး၏။ သို့သော် ထိုနည်းကို မသေ လာခဲ့သည်မှာ ကြာခဲ့လေပြီ။ ဤနည်းမှာ ဆရာဝန်ကိုပင် တစ်ပတ်ရိုက်နိုင် သော စိန်မောင်ကဲ့သို့ လူမျိုးကို ဆယ်ပတ်ရိုက်မှ နိုင်လိမ့်မည်မဟုတ်လော။

သို့နှင့် စိန်မောင်သည် ခင်မောင်စိုးအား ဓာတ်လှေကားဖြင့် အောက် သို့ ချခဲ့ပြီးလျှင် အုတ်လမ်းကလေးအတိုင်း လာခဲ့လေ၏။ မကြည်ကြည်ထား သော အခန်းနှင့် ၅ လံကွာလောက်သို့ ရောက်သောအခါ ခင်မောင်စိုးသည် ဝမ်းဗိုက်ကို နှိပ်၍ တစ်ခဏမျှ အသက်ကို အောင့်၍ ထားလိုက်ပြီးနောက် လည်ပင်းမှ တံတွေးများကို တဖူးဖူး ညှစ်ထုတ်လေ၏။

"အို . . . ဒီလူက . . . ဘာဖြစ်တာလဲဗျ . . . အလို"

"မသိပါဘူးဗျာ၊ ကျုပ် ဘယ်လိုဖြစ်မှန်း မသိဘူး . . . နေပါဦး ခင်ဗျားတို့ဆဲရာ တာရုတ်ကြီးက အဆိပ်များ ခပ်လိုက်တာလားဗျာ"

"ဘယ်လိုထင်လို့လဲ . . ."

"သူပေးတဲ့ စီးကရက်ကို ကျုပ် သောက်မိတယ်ဗျ၊ ဒီအထဲမှာ အဆိပ် များ ထည့်ထားလေရော့သလားဗျာ . . ."

"မဟုတ်နိုင်ပါဘူးဗျာ၊ ကျုပ်တို့ အသင်းမှာ ဒီလိုလုပ်တဲ့ ထုံးစံရှိ ပါဘူး"

"အဟွတ် . . . အဟွတ် . . . အဟွတ် . . . ခေါင်းဟာလဲ မူးလိုက် တာဗျာ၊ ဘယ်လို ဖြစ်တာလဲ မပြောတတ်ဘူး၊ မျက်စိတွေလည်း ပြာလာပြီ ဗျ . . . အဟွတ် . . . အဟွတ် . . . အလို . . . အလို"

ထိုအချိန်၌ ခင်မောင်စိုး၏ ပါးစပ်မှ အမြှုပ်တစီစီ ထွက်ကာ မျက်လုံး များလည်း အထက်သို့ တဖြည်းဖြည်း လန်သွားပြီးလျှင် အုတ်လမ်းပေါ်သို့ ရုတ်တရက် ကျသွားလေ၏။

ဂျူဂျစ်ဆူခေါ် ဂျပန်သိုင်းတတ်သော စိန်မောင်အား ဂျူဂျစ်ဆူ နှင့်ပင် ပြန်၍သတ်မှသာ အနိုင်ရပေမည်။ သို့နှင့် ခင်မောင်စိုးသည် ချက်ကောင်းကို စောင့်လျက်ရှိလေသည်။

"ဟော့လူ . . . ထစမ်းဗျာ . . . ဘယ်လိုဖြစ်တာလဲ . . ."

စိန်မောင်သည် ငုံ့ပြီးလျှင် ခင်မောင်စိုးအား ဆွဲထူရန် ပခုံးနှစ်ဖက် ကို မလိုက်သည်နှင့်တစ်ပြိုင်နက် ခင်မောင်စိုးတ မည်ကဲ့သို့ လုပ်လိုက်သည် မသိ . . . စိန်မောင်၏ ကိုယ်မှာ လေထဲသို့ မြောက်ပါသွားပြီးလျှင် အုတ်နံရံ ကို တိုက်ပြီးနောက် ကျသွားလေ၏။





စိန်မောင်ကား . . . လျင်မြန်လှသည်ဖြစ်၍ ခြောက်လုံးပြူးသေနတ် ကို ဆွဲကိုင်ထုတ်လိုက်လေသည်။ သို့သော် ခင်မောင်စိုး၏ ခြေဖျားများမှာ ပို၍ လျင်မြန်ရကား . . . ခင်မောင်စိုး ခတ်လိုက်သော ခြေဖျားသည် သေနတ် ကိုင်ထားသော စိန်မောင်၏ တတောင်ဆစ်ကို ပြင်းထန်စွာ ထိပြီးလျှင် စိန် မောင်၏လက်ထဲမှ သေနတ်လွတ်ကျသွားလေ၏။

ခင်မောင်စိုးသည် ခြေဖြင့် တအားကန်လိုက်ရာ သေနတ်ကလေးမှာ ဝါးတစ်ရိုက်ခန့်မျှ လွင့်သွားလေ၏။ စိန်မောင်သည် ခင်မောင်စိုး၏ လည်မျို ကို ဖျစ်ညှစ်ရန် သူ၏လက်ကြီးများ ရောက်လာစဉ် ခင်မောင်စိုး၏ လက်သီး သည် 'ခွပ်' ခနဲ မြည်အောင် စိန်မောင်၏ မေးရိုးကို ထိလေသည်။

ခင်မောင်စိုးကမူ စိန်မောင် ထနိုင်တော့မည်မဟုတ်ဟု ထင်မိ၏၊ သို့သော် စိန်မောင်၏ လက်ကြီးနှစ်ဖက်ကား မိမိ၏လည်ပင်းကို ရစ်ပတ်လျက် ရှိလေသည်။

နောက် . . . ဆယ်စက္ကန့်မျှ ကြာလျှင် အသက်ရှုနိုင်တော့မည် မဟုတ်ချေ။ ထိုအခါ၌ ခင်မောင်စိုးသည် မိမိ၏ အသက်နှင့်တကွ မိမိနောင် ရေးကိုပါ ထိုအချိန် အခိုက်အတန့်ပေါ်၌ တည်ရှိနေကြောင်း ကောင်းစွာ ထင် မြင်လာရကား ညာဘက်လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ကျန်ရှိသမျှ အင်အားကို စုရုံးကာ စိန်မောင်၏ လက်ဝဲမေးရိုးဘက်ဆီသို့ ချိန်၍ အောက်မှ ပင့်ကာ တအားကုန်စွပ်ထိုးလိုက်ရာ . . . ပြင်းထန်သော လက်သီးချက်သည် စိန်မောင်၏ လက်ဝဲဘက်မေးရိုးများကို လှလှကြီး မိ၍သွားသဖြင့် စိန်မောင် သည် အရုပ်ကို ကြိုးဖြတ်၍ ချလိုက်သကဲ့သို့ လက်ယာဘက်သို့ စောင်း၍ ကျသွားပြီးလျှင် တစ်ခါတည်း မလှုပ်ယှက်တော့ချေ။

ထိုအချိန်၌ မြေအောက်တိုက်ခန်းတစ်ခုလုံးမှာ မည်သည့်အသံမျှ မကြားရဘဲ တိတ်ဆိတ်လျက်ရှိလေ၏။

သို့နှင့် ခင်မောင်စိုးသည် ခြေဖြင့် ကန်ပစ်လိုက်သော စိန်မောင်၏ သေနတ်ကလေးကို သွား၍ကောက်ယူပြီးလျှင် မလှုပ်မရှက်ရှိနေသော စိန်မောင် ၏ကိုယ်ကို တရွတ်တိုက်၍ မိမိ၏ အခန်းဆီသို့ ဆွဲယူခဲ့လေ၏။ ထို့နောက် စိန်မောင်အား မိမိအခန်းထဲသို့ ထိုးသွင်းခဲ့ပြီးလျှင် သူ့ခါးမှ သော့တွဲကို ဖြုတ် ယူပြီးနောက် အလုံခန်း တံခါးကို အပြင်မှ သော့ခတ်၍ ပိတ်လိုက်လေသည်။

ချက်ချင်းလိုပင် မကြည်ကြည်၏ အခန်းတံခါးဆီသို့ အပြေးသွား လာခဲ့ပြီးလျှင် သော့ကို ရွေး၍ ဖွင့်လိုက်ရာ ဖြူဖပ်ဖြူရော်မျက်နှာဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com



သော မျက်လုံးများဖြင့် မကြည်ကြည်သည် ခင်မောင်စိုးထံ ပြေး၍လာကာ "အစ်ကိုကြီး အစ်ကိုကြီး" ဟု ပြောပြောဆိုဆိုနှင့် သူ၏ခေါင်းကို ခင်မောင်စိုး၏ ကျယ်ပြန့်သော ရင်အုပ်ပေါ်သို့ လှဲလိုက်လေ၏။

"ကြည်လေး . . . ကြည်လေး . . . အခုမှဖြင့် ဘာမှ မကြောက်နဲ့တော့ အစ်ကိုကြီး ရောက်လာပြီလေ"

"အစ်ကိုကြီး ဘယ်လိုဖြစ်လာတာလဲ ဟင် ပြောစမ်းပါဦး"

"သူတို့အသင်းက မိသွားလို့ ရောက်လာတာပေါ့ ကြည်လေးရဲ့"

ခင်မောင်စိုးသည် မိမိအဖြစ်အပျက်များကို စကားသုံးလေးခွန်းဖြင့် အပြီးသတ်ပြောပြီးနောက် –

"သိပ်ကြာကြာ ဒီမှာ စကားပြောနေလို့ မဖြစ်ဘူး၊ လာ ကြည်လေး"

ခင်မောင်စိုးသည် ကြည်လေး၏လက်ကို ဆွဲခဲ့ပြီးလျှင် ဓာတ်လှေကားရှိရာဘက်သို့ လာခဲ့ကြလေ၏။

"ဘယ့်နယ်လဲ ကြည်လေးကို သူတို့ ဘာမှ မလုပ်ဘူးနော် . . ."

"ဟုတ်ကဲ့ . . . အခုထက်ထိတော့ ဘာမှ မလုပ်ပါဘူး . . .၊ ကြည်လေးကို ဖမ်းရင် အစ်ကိုကြီး ဒီအမှုကို လက်လျှော့အောင် အကျပ်ကိုင်ဖို့နဲ့တူပါတယ်"

"မပြောတတ်ပါဘူး ကြည်လေးရယ်၊ နေပါဦး သူတို့အသင်းခေါင်းဆောင်က တရုတ်ပါလား"

"ဪ . . . ဟုတ်လား၊ ဒါထက် အခုလွတ်အောင် ဘယ်လိုကြံကြမလဲ ဟင်"

ထိုခဏ၌ ဓာတ်လှေကားသို့ ရောက်လာပြီဖြစ်၍ ခင်မောင်စိုးသည် တံခါးကို ဖွင့်ပြီးနောက် အတွင်းသို့ ဝင်ကြလေ၏။ ထိုအချိန်တွင် ခင်မောင်စိုးမှာ အကြံသစ်တစ်ခု ပေါ်ပေါက်လာ၏။ မိမိတို့ လွတ်မြောက်သွားသည်ကို အနေးနှင့် အမြန် အသင်းသားများ သိရှိကြတော့မည်။ အကယ်၍ မိမိတို့နှစ်ယောက်စလုံး ဤနေရာမှ ထွက်ပြေးသွားက လွတ်မြောက်မည်မှန်သော်လည်း ပုလိပ်အင်အား အကူအညီဖြင့် ပြန်လာသောအခါ ကြက်ပျောက်ငှက်ပျောက် ပျောက်၍ သွားကြပေတော့မည်။ သို့ဖြစ်ရကား မိမိကိုယ်တိုင် တစ်နေရာ ပုန်းကွယ်နေရစ်ခဲ့ပြီးလျှင် အမြန်ဆုံး အကူအညီရစေရန် မကြည်ကြည်ကို ရှေးဦးစွာ လွှတ်လိုက်မည်ဟု အကြံသစ်ပေါ်ခြင်းဖြစ်၏။

ဓာတ်လှေကားဖြင့် တက်ခဲ့ကြ၍ ပြတင်းပေါက်သို့ ရောက်သော

Quality Publishing House



"ကိုင်း . . . ကြည်လေး ဒီပြတင်းပေါက်က အစ်ကိုကြီး ချပေးမယ်၊ မှောင်ရိပ်တွေ ခိုသွားပြီး ခြံစည်းရိုးကျော်မိရင် အရိပ်အဆင်ကြည့်ပြီး အနီးဆုံး ဌာနသာ ပြေးပေတော့"

"နို့ အစ်ကိုကြီးကော၊ အစ်ကိုကြီးပါ တစ်ခါတည်း လိုက်ခဲ့ရောပေါ့ အစ်ကိုကြီးရယ်"

"အို အစ်ကိုကြီးအတွက် ဘာမှ မစိုးရိမ်နဲ့၊ ဒီလောက်တောင် အခက်အခဲက ထွက်လာပြီဟာ အခုမှတော့ ကြောက်စရာမရှိပါဘူး၊ ပြီးတော့ စိန်မောင့်သေနတ်လဲ အစ်ကိုကြီးခါးထဲ ရောက်နေမှပဲ သွားနော် . . . ကြည်လေး အနီးဆုံးဌာနရောက်အောင်သွား၊ ဟောဒီမှာ အစ်ကိုကြီး ကတ်ပြားကလေးတစ်ခု အိတ်ထဲကပ်နေတာ ကျန်သေးတယ်၊ ဒါကိုယူသွား၊ အကျိုးအကြောင်း ပြောပြ လက်နက်ကိုင် ပုလိပ် ၂၀ ထက် မနည်းဘဲနဲ့ ဒီအိမ်ကို အမြန်ဆုံးလာပြီး ဝိုင်းလှည့်တာပေါ့၊ ကြည်လေး ကြောက်သလား . . ."

"ဟင့်အင်း . . . မကြောက်ပါဘူး . . ."

သို့နှင့် ခင်မောင်စိုးသည် ကြည်လေး၏ ချိုင်းနှစ်ဖက်ကို ဖြည်းညင်းစွာ မယူပြီးလျှင် ပြတင်းပေါက်မှ အသာချိန်၍ မြေပေါ်သို့ချလိုက်ရာ မကြည်ကြည်လည်း ကျောင်းနေစဉ်က အမြင့်ခုန် ဝါးထောက်ခုန်များကို ခုန်ခဲ့သူမို့ ယောကျ်ားကလေးတစ်ယောက်ကဲ့သို့ပင် အလိုက်သင့် ခြေထောက်၍ ညင်သာစွာ ကျလေ၏။ ဤသို့ဖြင့် ခင်မောင်စိုးသည် ခြံထဲမှ မကြည်ကြည် ထွက်သွားသည်အထိ ပြတင်းပေါက်မှ ကြည့်ရှုနေခဲ့လေသည်။

ထို့နောက် ခင်မောင်စိုးသည် 'ဝူဖန်' နှင့် စကားပြောခဲ့သည့် အခန်းသို့ လာခဲ့ရာ စေ့ရုံမျှသာ စေ့၍ထားသော တံခါးကို တွန်းပြီးလျှင် ခြေဖျားထောက်ကာ အခန်းတွင်းသို့ ဖြည်းညင်းစွာ ဝင်ခဲ့လေ၏။ အခန်းတွင်း၌ထား ည်သူမျှ မရှိဘဲ ဆိတ်ငြိမ်လျက်ရှိလေသည်။

သို့သော် ထိုခဏ၌ ယခင်က 'ဝူဖန်' ထွက်လာခဲ့သော အခန်းဘက်ဆီမှ အသံများကြားရသည်နှင့် ခင်မောင်စိုးသည် ထိုတံခါးရှိသောဘက် အုတ် နံရံအနီးသို့ ချဉ်းကပ်၍ သွားမိလေ၏။ စကားပြောသံများမှာ ကျယ်လောင် စွာ ရှိနေသော်လည်း အုတ်နံရံကာဆီးနေသဖြင့် မသဲကွဲချေ။ သို့နှင့် ခင်မောင် စိုးသည် အားမလို အားမရဖြစ်ကာ နံရံကို နားဖြင့် ကပ်၍ ထောင်လေ၏။

ဤသို့ နံရံကို နားဖြင့် ကပ်ကာ မိမိ၏လက်တစ်ဖက် ထောက်လျက်ရှိလေရာ မိမိလက်သည် တစ်စုံတစ်ရာကို ထိ

Quality Publishing House

www.burmeseclassic.com

www.burmeseclassic.com



ခန့် အသံမြည်ကာ တရုတ်ကတ်တစ်ခုသည် နံဘေးသို့ လည်၍သွားပြီးလျှင် ၅ လက်မပတ်လည်ခန့်ရှိ အပေါက်ကလေးတစ်ခု ဖြစ်၍သွားလေ၏။ ထို အပေါက်ကလေးမှာ အခြားအခန်းဘက်သို့ ကောင်းစွာ မြင်ရရုံမျှမက စကား ပြောသံကိုပါ သဲကွဲစွာ ကြားရလေသည်။

အရပ်မြင့်သော မိန်းမသည် တံခါးပေါက်တစ်ခုအနီးတွင် ရပ်လျက် ရှိနေ၏။ မနီးမဝေးရှိ ကုလားထိုင်တစ်လုံးပေါ်၌ ဦးစံဘော်သည် ခြေတွဲလွဲချ ကာ ထိုင်လျက် သူ၏ပေါင်ပေါ်တွင်လည်း လက်ဆွဲသားရေအိတ်ပြားကလေး ကို တင်၍ ထားလေသည်။ မိန်းမမှာ တစ်နေရာက ယခုမှ ရောက်လာဟန်ရှိ ပြီးလျှင် ဦးစံဘော်အား လှမ်း၍ စကားပြောလျက်ရှိ၏။ ထိုမိန်းမက –

"ရှင့်ကို ဝူဖန်လာပြီး တွေ့လိမ့်မယ်၊ နို့ပေမယ့် ကနေ့ည ရှင် ဒီကို လာတာ သူမကြိုက်ဘူးရှင့်"

ခင်မောင်စိုးသည် စိတ်အားထက်သန်စွာ နားထောင်လျက်ရှိ၏။

ဦးစံဘော်က –

"ကျုပ်အိမ်ကို ပုလိပ်ဘက်က လာမေးတဲ့အကြောင်း ခင်ဗျားက ပြော မပြဘူးလား"

"ပုလိပ်ကို ဝူဖန်က ဂရုစိုက်တာ မဟုတ်ပါဘူးရှင်"

"သူဂရုမစိုက်ပေမယ့် . . . ကျုပ်က ဂရုစိုက်ရမယ်လေ၊ ဟို စုံထောက် ကောင်ကို ဖမ်းမိတဲ့ နောက်တစ်နေ့ ပုလိပ်ဘက်က ကျုပ်ကို လိုက်နေတယ် ဗျ၊ သူတို့ ကျုပ်ကို မသင်္ကာဘူး"

အရပ်ရှည်သော မိန်းမသည် ခြေနစ်လမ်းမျှ ဦးစံဘော် အနီးသို့ ချဉ်း ကပ်လာပြီးနောက် –

"ဒါထက် ဦးစံဘော် ဒီသားရေအိတ်ပြားကလေးထဲက စာရွက်စာ တမ်းတွေဟာ အစစ်မှ ဟုတ်ကဲ့လား"

"ဟာ ... ဘယ့်နှယ် မေးလိုက်တာလဲ အစစ်တွေပေါ့ မသင်းကြိုင်ရဲ့"

"နို့ပေမယ့် ဝူဖန်က သံသယဖြစ်နေတယ်ရှင့်"

"ဘာပြောတယ်"

"အို . . . ကျွန်မကို မေးမနေနဲ့ . . . ဝူဖန်လာတော့ မေးတာပေါ့"

"အောင်မယ် . . . ဒီတရုတ်က ဘာသိလို့လဲ ကျုပ် ဂရုမစိုက်ပါဘူး"

သို့နှင့်ပင် ပြောရသော်လည်း ဦးစံဘော်မှာ ကြောက်လျက်နှင့် စကား ကို အားယူ၍ ပြောရဟန်လက္ခဏာ ရှိ၏။





"ဟုတ်တယ်လေ၊ သူလာတော့ ပြောပေါ့၊ ကျွန်မကို စိတ်ဆိုးနေလို့ အပိုပဲ၊ ဟော ပြောရင်းဆိုရင်း လာပြီ"

ထိုခဏ၌ ဝူဖန်သည် အခန်းတွင်းသို့ ဝင်လာရာ မသင်းကြိုင်ဆိုသူ သည် အခန်းပြင်ဘက်သို့ ထွက်သွားလေ၏။ ဝူဖန်သည် အမိန့်ပေးသော အသံမျိုးဖြင့် ဦးစံဘော်၏မျက်နှာကို တည့်တည့်ကြည့်ပြီးလျှင် –

"ဦးစံဘော် . . . ကနေ့ည ဒီလာဖို့ ခင်ဗျားကို ဘယ်သူက အမိန့် ပေးသလဲ . . . ကျုပ်ဆီက အကြောင်းမကြားမချင်း မလာဖို့ ပြောထားတယ် မဟုတ်လား"

"ကျုပ်ကို အမိန့်ပေးရအောင် ခင်ဗျားက ဘာမို့လဲ"

ဝူဖန်၏ မျက်လုံးများကား မြွေဟောက်၏မျက်လုံးများကဲ့သို့ မီးဝင်း ဝင်းတောက်လုမတတ်ရှိ၏။

"ဦးစံဘော် . . . စကားပြောရင် စိတ်ဆိုးဖို့ အရင်မလိုပါနဲ့ဦးလေ၊ ကျုပ် ဘာလဲဆိုတာ ခင်ဗျားကို အထူးပြောနေဖို့ လိုသေးသလား . . . ကျုပ် ဟာ ဆရာကြီးရဲ့ ညာလက်ရုံး၊ ကျုပ်ပြောသမျှ စကားတွေဟာ ဆရာကြီးဆီ က တိုက်ရိုက်လာတယ်ဆိုတာ ခင်ဗျားသိတယ်မဟုတ်လား"

ထိုအခါမှ ချောင်းမြောင်းနားထောင်နေသော ခင်မောင်စိုးမှာ ပင့်ကူ အသင်းကြီး၏ အကြီးအကဲဖြစ်သူ ဆရာကြီးမှာ ဝူဖန်မဟုတ်သေးကြောင်း သိရတော့၏။ သို့ဖြစ်လျှင် ဆရာကြီးအစစ်ကား မည်သူပေနည်း။

"ဒါဖြင့်လဲ ခင်ဗျားက ဒေါသနဲ့ မပြောနဲ့လေ . . . ကျုပ် ဒီကိုလာ တာက ဒီစာရွက်တွေ ကျုပ်အိမ်မှာ အချိန်ကြာကြာမထားချင်လို့ ကျုပ်လာ တာ"

"ခင်ဗျားလာတဲ့အခါ နောက်က ပုလိပ်လိုက်မလာဘူးဆိုတာ သေ ချာရဲ့လား"

"သေချာတာပေါ့"

"အရင်နေ့ကလိုတော့ မလုပ်ပါနဲ့ ဦးစံဘော်၊ ဟို စုံထောက်ကောင် ဟာ ခင်ဗျားကို နောက်ယောင်ခံလိုက်လာတယ်"

"ဘယ်သူပြောလဲ . . ."

"သူပြောတာပေါ့ . . ."

"နေပါဦး . . . ဒီစက္ကူတွေကို ခင်ဗျားက အတုတွေထင်ပြီး သံသယ ဖြစ်နေတယ်လို့ မသင်းကြိုင်က ပြောပါကလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"ဘာဖြစ်လို့လဲ"

"မယုံစရာ အကြောင်းရှိလို့ပေါ့ ဦးစံဘော်"

"ရှေ့ . . . ဘာများ မယုံစရာ ရှိနေပြန်တာလဲ မသင်းကြိုင်ကိုယ်တိုင် အမတ်ကြီးလက်ထဲက လဲယူလိုက်ရတဲ့ သားရေအိတ်ကို ခင်ဗျားက ဘာဖြစ်လို့ မယုံရပြန်တာလဲ"

ပြောပြောဆိုဆိုနှင့်ပင် ဦးစံဘော်သည် လက်ဆွဲသားရေအိတ်ပြားကလေးကို ဂူဖန်ရှေ့ စားပွဲပေါ်သို့ ပစ်တင်လိုက်လေ၏။

ထိုခဏ၌ ဂူဖန်ဝင်လာသော တံခါးအကျဉ်းကလေးမှ ဝတ်လုံအကျီရှည် အနက်ကြီးကို ဝတ်ကာ ဦးခေါင်းတစ်ခုလုံးကို မျက်လုံးပေါက်ကလေးနှစ်ပေါက်မှတစ်ပါး အလုံစွပ်ထားသော ခေါင်းစွပ်ကြီးကို ဆောင်းထားသည့် လူတစ်ယောက်သည် ရုတ်တရက်ဝင်လာသဖြင့် ဂူဖန်နှင့် ဦးစံဘော်နှစ်ယောက်စလုံးပင် အံ့အားသင့်ကာ ကြက်သေသေလျက် ရှိကြကုန်၏။

လူနက်ကြီးသည် ဒန်ရောင် ခြောက်လုံးပြူးသေနတ်ကလေးဖြင့် ချိန်လျက် ခက်ထန်သောအသံဖြင့် –

"ဟော့ ဒီမှာ ကြည့်ကြစမ်း၊ လက်လှုပ်တာ မပြောနဲ့ မျက်စိတစ်ချက်လှုပ်တောင် လှုပ်တဲ့လူရဲ့ ဦးနှောက်ကို ဖောက်ထုတ်လိုက်မယ် နားလည်လား"

အထက်ပါ အခြင်းအရာများကို တစ်ဖက်ခန်းမှ ချောင်းမြောင်းကြည့်နေသော ခင်မောင်စိုးအားလည်း နောက်မှ ပခုံးကို တစ်စုံတစ်ယောက်က လက်ဖြင့် တို့လိုက်ဘိသကဲ့သို့ ထိလိုက်သဖြင့် ခင်မောင်စိုးသည် နောက်သို့ ပြန်၍ လျင်မြန်စွာ လှည့်ကြည့်လိုက်မိ၏။ တစ်ဖက်ခန်းက လူမည်းကြီးကဲ့သို့ တစ်ကိုယ်လုံး ဝတ်လုံနက်ကြီးကို ဝတ်ဆင်လျက် မျက်လုံးပေါက်ကလေးများသာ မြင်နိုင်သော ဦးခေါင်းစွပ်ကြီးနှင့် လူမည်းကြီးတစ်ယောက်သည် မိမိ၏ နားရွက်ကို သေနတ်ပြောင်းဖြင့် ထောက်ထားသည်ကို တွေ့ရလေ၏။

"ဟိုဘက်ခန်းက စာတ်လမ်းဟာ . . . အဆုံးသတ်ပါပြီ ငုံးဘောကြီးရဲ့၊ ဒီတံခါးပေါက်အတိုင်းသာ ကြွပါတော့"

လူမည်းကြီးသည် သရော်သလိုလိုနှင့် အမိန့်ပေးသဖြင့် ခင်မောင်စိုးမှာ စဉ်းစားရန်သော်လည်းကောင်း၊ စကားတုံ့ပြန်ရန်လည်းကောင်း အချိန်မရဘဲ ထိုသူ အမိန့်အတိုင်း မိမိဝင်လာသော တံခါးပေါက်မှ ထွက်ကာ ထိုသူ၏ နောက်သို့ လိုက်ပါသွားရလေ၏။





လူမည်းကြီးသည်ခင်မောင်စိုးအား သေနတ်ဖြင့်ထောက်ကာ ဥမင်လှိုဏ်လမ်းကလေးအတိုင်း ခေါ်ခဲ့၍ မြေပြင်ဘက်သို့ ခေါ်ခဲ့လေ၏။ ကားပေါ်၌ကား မကြည်ကြည်ကို အံ့အားသင့်စွာ တွေ့ရလေသည်။

"အလို ကြည်လေးပါလား . . . ဘယ်ရောက်နေတာလဲ ဟင်"

"အစ်ကိုကြီး လွတ်လိုက်တဲ့နောက် မြေပြင်လဲ ထွက်လာရော သူတို့လက်ထဲလည်း ရောက်တာပါပဲ"

ခင်မောင်စိုးသည် မိမိတို့ အဆက်အသွယ်ကို ရိပ်မိမည်စိုး၍ နောက်ထပ် ဆက်၍မမေးတော့ချေ။ လူမည်းကြီးသည် မကြည်ကြည်အား ဒရိုင်ဘာနှင့်ယှဉ်၍ စီးစေပြီးလျှင် ခင်မောင်စိုးကိုမူ မိမိနံဘေးတွင် ထားလေ၏။ ထို့နောက် အသံခပ်မာမာဖြင့် –

"ဟိုကောင့်လက်ထဲက ခင်ဗျားလွတ်ထွက်သွားပုံကလေး ကျုပ်တို့သဘောကျသဗျာ၊ ဒါကြောင့်လဲ ကျုပ်တို့ အလွယ်တကူ ဖမ်းနိုင်တာပဲဗျို့"

"ဒါဖြင့် ခင်ဗျားတို့ ပင့်ကူအသင်းက မဟုတ်ဘူးပေါ့"

"မဟုတ်ဘူးဆိုပါတော့၊ ဒီပြဿနာကို ကျုပ် အခုမဖြေရှင်းနိုင်ဘူး၊ နောက်မှ ဖြေရှင်းရလိမ့်မယ်၊ သို့သော် တစ်ခုတော့ ပြောပါ့မယ်၊ ကျုပ်အခုခေါ်လာတာဟာ ခင်ဗျားတို့ကို ကယ်ဆယ်တာပါ ဒီဟာတစ်ခုတော့ ယုံကြည်ပါ"

"ကျုပ်တို့ကို ဘယ်ခေါ်သွားမှာလဲ"

"ကျုပ်အိမ်ကိုပေါ့"

"ကျုပ်တို့ကို ကယ်ဆယ်တယ်ဆိုပြီး သေနတ်ကြီးလဲ မချဘဲကိုးဗျ"

"ဒါကတော့ ခင်ဗျား အထင်မှားပြီး ကျုပ်တို့ကို ပြန်ခုခံမှာစိုးလို့ ချိန်ထားလိုက်ရမယ် ကိုင်ရတာပါ"

သို့ဖြင့် ခင်မောင်စိုးနှင့် မကြည်ကြည်တို့သည် ငြိမ်သက်စွာ လိုက်ပါသွားရလေ၏။ ကားလေးသည် လမ်းကွေ့တစ်ခုနှစ်ခုကို လှည့်ပတ်မောင်းသွားပြီးနောက် ခြံကြီးတစ်ခြံအတွင်းသို့ ဝင်သွားပြီးလျှင် အိမ်တစ်အိမ်၏ ဆင်ဝင်အောက်၌ ရပ်လေ၏။ အိမ်ကြီးမှာ လမ်းနှင့် အတော်ခပ်လှမ်းလှမ်း၌ ရှိနေသည့်အပြင် ပတ်ဝန်းကျင်တွင်လည်း သစ်ပင်ကြီးများ အုပ်ဆိုင်းကာ မှောင်မှောင်ရှိ၏။

ကားဆိုက်သည်နှင့်တစ်ပြိုင်နက် လူတစ်ယောက်ပေါ်၍ လာပြီးလျှင် တံခါးကို ရိုသေစွာ ဖွင့်ပေးသဖြင့် လူမည်းကြီးသည် ခင်မောင်စိုးနှင့် မကြည်



www.burmeseclassic.com

www.burmeseclassic.com



ကြည်တို့အား အိမ်ပေါ်သို့တက်သော လှေကားမှ ခေါ်သွားလေ၏။ အပေါ်ထပ်သို့ ရောက်၍ တတ်မီးခလုတ်တစ်ခုကို ဖွင့်လိုက်ရာ ဧည့်ခန်းတွင် ခန်းလုံးပြည့် ထော်ဇောကြီးများ၊ ဆိုဖာများ၊ မှန်ပြတင်းပေါက်များ ပိုးရောင်စုံ လိုက်ကာများ အရုပ်တားများ၊ ကြေးနှင့် ငွေမန်းအိုးကြီးများ၊ ဓာတ်မီးပွင့်များဖြင့် လှပစွာ ဆင်ယင်ထားလေသည်ကို တွေ့ရ၏။

လူမည်းကြီးသည် သေနတ်ကို ရုပ်သိမ်းလိုက်ပြီးနောက် ခင်မောင်စိုးနှင့် မကြည်ကြည်တို့အား စီးကရက်များ တည်ခင်းလေရာ ခင်မောင်စိုးသည် စီးကရက်တစ်လိပ်ကို ယူ၍ မြိန်ရှက်စွာ သောက်လျက်ရှိလေ၏။

ခင်မောင်စိုးက –

"ခင်ဗျားဘယ်သူလဲဆိုတာ မသိရဘူးလား"

ဟု မေးလိုက်ရာ လူမည်းကြီးက –

"ကျုပ်မျက်နှာကို ကြည့်ချင်တယ်ဆိုပါတော့"

"ဟုတ်တယ် ကြည့်ချင်တယ်၊ ကိုယ့်ကယ်ဆယ်တဲ့လူကို မသိချင်ဘဲ နေပါ့မလားဗျ"

"သို့သော် တစ်ခုရှိတယ်ဗျာ . . . ကျုပ်ဟာ ဘယ်သူဘယ်ဝါဆိုတာ အခုညပဲ သိရလိမ့်မယ်၊ ကျုပ်မပြောခင် ဘယ်သူဘယ်ဝါဆိုတာတော့ မမေးစေချင်သေးဘူး သည်းခံပါ"

"ကောင်းပါပြီ၊ မျက်နှာကို ကြည့်ရရင်ပဲ တော်ပါပြီ"

ထိုအခါ လူမည်းကြီးသည် ရှေးဦးစွာ ဦးခေါင်းစွပ်ကြီးကို ချွတ်၍ ချလိုက်ရာ ဆံပင်များ ဆွတ်ဆွတ်ဖြူလျက် မျက်နှာတွင် အားခုတ်ရာကြီးနှင့် လူတစ်ယောက်၏ မျက်နှာပေါ်လာလေ၏။ ထိုလူသည် ခင်မောင်စိုးနှင့် မကြည်ကြည်တို့အား ပြုံးကျယ်တောက်ပသော မျက်ထိုးများနှင့် ကြည့်ရှုလျက်ရှိရာ မကြည်ကြည်က –

"သူပဲ အစ်ကိုကြီး၊ ကျွန်မတို့အိမ်ကို လာတဲ့ ခေါင်းဖြူဖြူကြီး"

ဟု တီးတိုးပြောလိုက်လေသည်။

"ဟုတ်ပါတယ် . . . ခင်ဗျားတို့အိမ်ကိုလာတာ ကျုပ်ပါပဲ၊ ကျုပ်နာမည် ဦးခေါင်းဖြူတဲ့၊ ဆရာဝန်ဦးပန်းခိုင်သေတဲ့အမှုကတည်းကစပြီး ခင်ဗျားကို 'ပင့်ကူသင်းကြီး' က ဘယ်လိုလိုက်တယ်ဆိုတာ ကျုပ်လိုက်ကြည့်ခဲ့တယ်"

"ဒါဖြင့် ကျွန်တော့်ကို ဖမ်းမိသွားတာ ခင်ဗျားသိမှာပေါ့ . . ."





"သိပါတယ် . . . သူတို့အသင်းလုပ်သမျှ အားလုံး ကျုပ်သိတယ်"

"ကြည်လေးကို သူတို့အသင်းက ဦးသွားတုန်းကလဲ ခင်ဗျားပဲ လိုက်ပြီး စုံစမ်းနေတယ်မဟုတ်လား"

"ဟုတ်တယ်၊ သူတို့အသင်းနောက်ကို ကျုပ်အမြဲလိုက်နေတယ်"

"ဘာပြုလို့ လိုက်နေတာလဲ"

"ဒါတော့ ကျုပ်ရှင်းပြတဲ့အခါ ကြားရပါလိမ့်မယ်၊ အခုတော့ ခဏ သည်းခံပါဦး"

"ခင်ဗျားဟာ သတ္တုတွင်းသူဌေး ဦးညွန့်မောင်နဲ့ အတူတူနေတယ် မဟုတ်လား"

"ဟုတ်ပါတယ် နေတဲ့အခါ နေပါတယ် . . . ဦးညွန့်မောင်နဲ့ သိလို့လား"

"မသိပါဘူး . . . ဒါထက် ခင်ဗျား စောစောက ပြောတဲ့ ပြဿနာက ဘယ်တော့ရှင်းမှာလဲ"

"မကြာခင် ရှင်းပါလိမ့်မယ် . . . ကျုပ်က ဒီကနေ့ည ၉ နာရီမှာ လက်ဖက်ရည်ပွဲကလေးတစ်ခု ဒီအိမ်မှာ စီစဉ်ထားပါတယ်၊ နန်းရင်းဝန်ကြီးရော၊ ပုလိပ်မင်းကြီးနဲ့ စုံထောက်မင်းကြီးရော၊ ဦးရွှေဖဲအောင်ရော ဖိတ်ထားတော့ ဒီပွဲမှာ သူတို့ ရောက်လာကြပါလိမ့်မယ်၊ ဒီအခါ ခင်ဗျားတို့ ကျုပ် ဘယ်လိုကယ်ခဲ့တယ်ဆိုတဲ့ အကြောင်းပြောပြတော့ ဒီပြဿနာဟာ တစ်ခါတည်း ရှင်းသွားပါလိမ့်မယ် . . . အခု ၈ နာရီတောင်ခွဲပြီ၊ အခုလောက်ရှိရင် ခင်ဗျားတို့ စာချုပ်စာတမ်းတွေကို ကျုပ်မိတ်ဆွေက ပုလိပ်မင်းကြီး လက်အပ်ပြီးရောပေါ့ . . ."

"ခင်ဗျားမိတ်ဆွေဆိုတာက ဘယ်သူလဲ"

"ခင်ဗျားကို ဖမ်းထားတဲ့ အိမ်ကြီးက . . . ခင်ဗျားကို ကျုပ်ခေါ်လာတုန်း တစ်ဖက်ခန်းကို ခင်ဗျားချောင်းကြည့်နေတယ်မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒီတော့ ဘာမြင်ရသလဲ . . ."

"သူတို့ လျှို့ဝှက်တဲ့ အသင်းအဝတ်အစားနဲ့ လူတစ်ယောက်က ဒေါနတ်ပြပြီး ဦးစံဆော်လက်ထဲက သားရေအိတ်ပြားကလေး ဆွဲယူသွားတာ မြင်လိုက်ရတယ် . . ."

"အဲဒီဇတ်လမ်းက ဓာတ်လိုက်ဟာ ကျုပ်မိတ်ဆွေပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ခင်မောင်စိုး၏စိတ်မှာ သာ၍ပင် ရှုပ်ထွေးလာတော့၏။ မိမိတို့ မသက်သာသဖြင့် လိုက်နေသော သူ့ရှေ့ဦးစံဆော်မှာ အကယ်ပင် ပင့်ကူအသင်းကြီးတွင် ဝါဝင်လျက် လူဆိုးများနှင့် ပေါင်းသင်းနေထိုင်သည်ကို မိမိကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့မြင်ရပြီးဖြစ်ရာ သူနှင့် အပေါင်းအသင်းဖြစ်သော သတ္တုတွင်းပိုင် ဦးညွန့်မောင်ဆိုသူမှာလည်း ပင့်ကူသင်းကြီးထဲမှပင် ဖြစ်ရပေမည်။

သို့ပါလျက် ဦးညွန့်မောင်နှင့် တစ်ခါတစ်ရံ အတူနေသည်ဆိုသော ခေါင်းဖြူကြီးမှာ မည်သည့်နည်းနှင့် မိမိတို့အား ကယ်ဆယ်လေသနည်း၊ သို့သော် သူ၏ အိတ်ထဲတွင် သေနတ်နစ်လက်ရှိနေသဖြင့် အခြေအနေအရ သူ၏စကားကိုပင် နားထောင်ရပေဦးမည်။

"ခင်မောင်စိုးက ကျုပ်ပြောတဲ့စကားတွေကို တယ်ပြီး မယုံကြည်လို့ စဉ်းစားနေတယ်ထင်တယ်၊ ခင်ဗျားကို ကယ်လိုက်တာနဲ့ ဗိလာကြီးဖြစ်နေလို့ မယုံကြည်တာ မဟုတ်လား၊ သူ့ဘဝအတိုင်းဆိုရင် ဦးညွန့်မောင်ဟာ အသင်းသားဦးစံဆော်နဲ့ အပေါင်းအသင်းဖြစ်ရင် ကျုပ်လဲ ပင့်ကူသင်းကြီးထဲက ဖြစ်ရမယ်လို့ ထင်တယ်ဟုတ်စ . . ."

ခင်မောင်စိုး၏ စိတ်၌ ဒီခေါင်းဖြူကြီးဟာ ငါ့ဝမ်းထဲက အကြံများ သိလေရော့သလားဟု အောက်မေ့မိ၏။

"ကျွန်တော်တို့ကို အိမ်ပြန်ခွင့်မပေးသေးဘူးလား"

"မပေးနိုင်သေးဘူး၊ ဒီလက်ဖက်ရည်ပွဲကလေးကို ပင့်ကူသင်း ဂိုဏ်းချုပ်ကြီးပါ ဖိတ်ထားတော့ ဒီလှိုဂုက်တဲ့ ပင့်ကူသင်းကြီးကို ကြိုးဆွဲနေတဲ့ ဆရာကြီးဟာ ဘယ်သူလဲလို့ ခင်ဗျားတို့နှစ်ယောက်ရှေ့မှာ ပြလိုက်ချင်သေးတယ်"

"ပင့်ကူခေါင်းဆောင်ကိုပါ ဖိတ်ထားတယ် ဟုတ်စ . . ."

"ဟုတ်ပါတယ် . . . ဒီပင့်ကူကြီးပါ တစ်ခါတည်းဖမ်းပြီး ခင်ဗျားတို့ လက်ထဲ ထည့်လိုက်ပါ့မယ်၊ ဒီဟာ . . . ကျွန်တော့်အစီအစဉ်ပါပဲ . . ."

"အင်မတန် အကင်းပါးတဲ့လူတွေဗျာ . . . ခင်ဗျားဖိတ်လို့ လာမတဲ့လား"

"ဖိတ်သာချပါ . . . လာပါလိမ့်မယ်၊ လာတဲ့နည်းနဲ့ ကျွန်တော် ဖိတ်ထားပါတယ်"

"သူတို့ ဂိုဏ်းသားအားလုံးကို မိလိုက်ပြီလား"





"အားလုံးလိုလိုပဲ မိလိုက်ပါပြီ . . . အခုနေအချိန်မှာ စတုဒသင် အချုပ်ထောင်ထဲ ရောက်နေကြရောပေါ့ . . . သူတို့ဆရာကြီးပဲ လိုတော့တယ်"

"ပုလိပ်အကူအညီမရှိဘဲနဲ့ ဖြစ်ပါ့မလား . . . ကျွန်တော်ကြားတဲ့ အတိုင်းဆိုရင် ပင့်ကူကြီးအမည်ခံတဲ့ သူတို့ခေါင်းဆောင်ဟာ တကယ်ကြောက်စရာကောင်းတဲ့လူဆိုပဲ . . ."

"ခင်ဗျားကြားတဲ့အတိုင်း မှန်ပါတယ် . . . တကယ်ကြောက်စရာ ကောင်းတဲ့လူကို မကြောက်ဘူး . . ."

"ခင်ဗျားဟာ . . . သိပ်ထူးဆန်းတဲ့ လူတစ်ယောက်ပဲ . . ."

"ဟုတ်ကဲ့ . . . ကျွန်တော်က ထူးထူးဆန်းဆန်းမှ လုပ်တတ်တယ်၊ တော်တော်ကြာတော့ သည်ထက်ပိုပြီး ထူးထူးဆန်းဆန်း မြင်ရပါလိမ့်ဦးမယ်"

သို့နှင့် ဦးခေါင်းဖြူသည် ခင်မောင်စိုးနှင့် မကြည်ကြည်တို့အား အောက်ထပ်သို့ ခေါ်သွားလေ၏။

ဤနေရာ၌ ခင်မောင်စိုးနှင့် မကြည်ကြည်တို့ အခန်းကို ဦးခေါင်းဖြူကြီးအိမ်တွင် ခေတ္တမျှ ရပ်ဆိုင်းထားခဲ့၍ ခင်မောင်စိုးအား ဖမ်းခဲ့သည့်အိမ်တွင် လွန်ခဲ့သော ၂ နာရီခန့်က အဖြစ်အပျက်များကို ရေးသားဖော်ပြရန် လိုပေ၏။

ထိုအိမ်၌ မျက်နှာကို ဖုံးထားသော လူမည်းကြီးနှစ်ယောက် စကြံတွင် ခင်မောင်စိုးက စိန်မောင်အား နိုင်လိုက်ပုံကို အုတ်နံရံတစ်ခုအကွယ်မှ ကြည့်ရှုလျက်ရှိခဲ့လေသည်။

သို့နှင့် ခင်မောင်စိုးအား လူမည်းကြီးတစ်ယောက်သည် နောက်မှ သေနတ်ဖြင့် ထောက်၍ ဖမ်းလိုက်ပြီးနောက် သေနတ်သိမ်းယူလိုက်စဉ် ခင်မောင်စိုးအိတ်ထဲမှ သော့ကို နှိုက်ယူလိုက်ကြောင်း ခင်မောင်စိုးကိုယ်တိုင် မသိခဲ့ချေ။ ထို့နောက် ခင်မောင်စိုးအား ဖမ်းခဲ့သောအခါ လူမည်းကြီးသည် ထိုသော့တွဲကို အခြားအခန်းဘက်မှ လူမည်းကြီးအား မှောင်ရိပ်တစ်ခုရောက်သောအခါ ပစ်ပေးခဲ့၏။ သို့နှင့် သော့ရသော လူမည်းကြီးသည် ဦးစံဆော်နှင့် မောင်းကြိုင်တို့ကို ပုလိပ်များလက်သို့ အပ်ပြီးနောက် အခြားပုလိပ်နှစ်ယောက်၏ အကူအညီဖြင့် စိန်မောင်အား ချုပ်နှောင်ထားသည့် အခန်းကို ဖွင့်ပြီးလျှင် သတိမေ့လျက်ပင် ရှိသေးသော စိန်မောင်အား အလွယ်တကူနှင့် ဖမ်းဆီးနိုင်လေသည်။

ဤသို့နှင့် ပင့်ကူအသင်းသားအားလုံးလိုလိုပင် ပုလိပ်များလက်တွင်း သို့ရောက်ရှိခဲ့ပြီးဖြစ်ရာ 'ဝူဖန်'မှာမူ အောက်ပါအတိုင်းလွတ်မြောက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယလူမည်းကြီးသည် ပုလိပ်နှစ်ယောက်နှင့်အတူ စိန်မောင်အား အခန်းတွင်းမှ ထုတ်သွားသည့်ခဏ၌ အချုပ်ခန်းများအမိုးတွင် အလင်းရောင်မှန်ပေါက်တစ်ခုရှိရာ ထိုမှန်ပေါက်မှကြည့်လျှင် အတွင်းရှိ အချုပ်ခန်းအားလုံး၏ တံခါးဝများကို မြင်နိုင်လေသည်။

ဝှဖန်၏ မျက်လုံးနှစ်လုံးသည် ထိုအချိန်၌ စိန်မောင်အား ဖမ်းဆီးသွားသည်ကို အထက်ပါ မှန်ပေါက်ကလေးမှ ကြည့်ရှုလျက်ရှိ၏။ ပထမ၌ သူသည် အိတ်ထဲမှ သေနတ်ကလေးထုတ်ကာ ပုလိပ်နှစ်ယောက်အား ချိန်မိသေး၏။ သို့သော် တစ်စုံတစ်ရာကို အမှတ်ရသည့်ဟန်ဖြင့် သေနတ်ကို ပြန်၍ ရုပ်သိမ်းလိုက်ပြီးလျှင် ခေါင်မိုးပေါ်မှ ခပ်ကုန်းကုန်းလျှောက်သွားလေ၏။

အိမ်နှစ်ဆောင်ကြား ရေတံလျှောက်သို့ ရောက်သောအခါ ဝှဖန်သည် ရေတံလျှောက်အတွင်းတွင် တစ်ခဏမျှ ဝင်၍နေပြီးနောက် နောက်ဖေးလမ်းအစောင့်ကျသော ပုလိပ်သားနှစ်ယောက် အခြားဘက်သို့ လှည့်သွားသည်နှင့် တစ်ပြိုင်နက် ၁၀ ပေခန့်မျှမြင့်သော အမိုးမှ နောက်ဖေး ဝရန်တာပေါ်သို့ ခုန်ချလေ၏။

ထိုမှတစ်ဖန် ၆ ပေခန့်သာ အမြင့်ရှိသော အိမ်နောက်ဖေးပန်းခြံထဲသို့ ခုန်ချလိုက်ပြီးလျှင် . . . သော်ကချုံများကို ကျော်မိသောအခါ ခြံ၏ အခြားဘက် လမ်းကြားကလေးတစ်ခုသို့ သွားလေ၏။

ထိုလမ်းကြားကလေးမှ 'ဝှဖန်' သည် ခပ်သုတ်သုတ်လျှောက်သွားလေရာ . . . နှစ်ထပ်တိုက်ကလေးတစ်တိုက်၏ နောက်ဖေးသို့ ရောက်သောအခါ ခြံစည်းရိုးကို ကျော်၍ ဝင်သွားလေ၏။ တိုက်ကလေး၏ နောက်ဖေးတံခါးမှာ ပွင့်လာပြီးနောက် ဂျပန်မလေးတစ်ယောက်သည် လက်ဆွဲမှန်အိမ်တစ်ခုကို ကိုင်ကာ တံခါးကိုဖွင့်ပေးလေသည်။ ဝှဖန်က ဂျပန်ဘာသာဖြင့် –

"ဟဲ့ အီရှာ၊ ငါ့ကို 'မော်ရစ်တာ' ဆီကို မြန်မြန်ပို့စမ်း"

"ဘာကိစ္စလဲ ဝှဖန်ရဲ့၊ အစ်ကိုကြီး မှောင်ခန်းထဲမှာ ဓာတ်ပုံတွေ [illegible] နေတယ်"

"ဘာကိစ္စပဲဖြစ်ဖြစ် မြန်မြန်ခေါ်လိုက်စမ်း အရေးကြီးလို့ပေါ့"

ဂျပန်မကလေးသည် နောက်ဖေးတံခါးကို ပိတ်ခဲ့ပြီးလျှင် ဝှဖန်အား အိမ်ရှေ့ဘက်သို့ ခေါ်သွားလေ၏။ ထို့နောက် လက်ဆွဲမှန်အိမ်ကလေးကို ကိုင်ကာ တိုက်၏ ထောင့်တစ်ထောင့်တွင်ရှိသော မြေတိုက်တစ်ခုအတွင်းသို့ ဆင်းသွားလေ၏။





မကြာမီ မြေတိုက်အတွင်းမှ ဂျပန်လူမျိုးတစ်ယောက် တက်လာပြီးလျှင် ဝှဖန်ရှိရာ အိမ်ရှေ့ခန်းသို့ ရောက်လာလေသည်။

ဝှဖန်၏ အမူအရာကို မြင်သောအခါ ဂျပန်သည် တစ်ခဏမျှ အံ့အားသင့်ကာ ရှိနေပြီးနောက် –

"ဝှဖန် ဒီကနေ့ည ၁၂ နာရီမှာ ချိန်းထားတယ်၊ ဘာဖြစ်လို့ လာပြန်သလဲ"

"ဘာလဲ ၁၂ နာရီ"

"စာချုပ်တွေ ကျုပ်တို့ကို ရောင်းဖို့ ချိန်းထားတဲ့ အချိန်လေ"

"အခုလို မဟုတ်တော့ဘူး၊ ည ၁၂ နာရီမှာ ဦးစံဘော်ကို ဒီမှာ မတွေ့နိုင်ဘူး"

"ဘယ်မှာတွေ့နိုင်မလဲ"

"စတူးဝပ်အချုပ်ဆောင်မှာ . . ."

"အို . . . ဘုရားသခင်၊ ခင်ဗျား ဘယ်လိုပြောတာလဲ ဝှဖန်၊ ဘယ်လိုဖြစ်ကြလို့လဲ"

"ကျုပ်တို့အသင်းသားတွေ ပုလိပ်က မိသွားပြီ၊ ကျုပ်တစ်ယောက်တည်း ခေါင်မိုးက လွတ်ထွက်လာတယ်"

"အို . . . ဘုရားသခင် ကယ်တော်မူပါ"

"သူတို့ လက်ဦးသွားပြီ မော်ရစ်တာ . . . စာရွက်တွေအားလုံးလဲ ပုလိပ်လက်ပါသွားပြီ"

"ဘယ့်နှယ်ကြောင့် ဒီလိုဖြစ်ရတာလဲဗျာ . . . ကျုပ်တို့ ဂျပန်ပြည်အစိုးရကို ကူညီရမယ့်အလုပ်၊ ပြီးတော့လဲ အေးအေးနဲ့ ကျုပ် ငွေငါးသောင်းရမယ့်အလုပ် ဘာကြောင့်ပျက်ရတာလဲဗျာ"

"ပုလိပ်ကိုယ်တိုင် ကျုပ်တို့အသင်းသားအဝတ်ကို ဝတ်ပြီး ကျုပ်တို့ကို တစ်ပတ်ရိုက်သွားတာပဲဗျို့၊ မတတ်နိုင်တော့ဘူး"

"ကျုပ်တို့ဆရာကြီးလဲ ဒီကိစ္စအတွက် ည ၁၁ နာရီခွဲမှာ ရောက်လိမ့်မယ်ဗျ၊ ကျုပ် သူ့မျက်နှာကို ဘယ့်နှယ်လုပ်ပြီး ကြည့်ရမှာလဲဗျာ . . ."

"ဘုရားက စီမံတဲ့ကိစ္စကို လူက ဘယ့်နှယ်လုပ်ပြီး တားနိုင်မလဲ မော်ရစ်တာ"

"အင်း . . . ခင်ဗျားပြောတာလဲ ဟုတ်ပါရဲ့၊ ဒါပေမဲ့ [illegible] အင်မတန် ဒေါသကြီးတဲ့လူဗျ၊ ဒီလိုဆိုရင် ကျုပ်ကို သတ်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မကြောက်ပါနဲ့ဗျာ . . . ခင်ဗျားအပြစ်မှ မဟုတ်ဘဲ ကျုပ်တို့လက်ထဲက မတော်တဆ ဖြစ်သွားရတာပဲ"

"မဟုတ်ဘူး မဟုတ်ဘူး၊ ဒီလူက အကျိုးအကြောင်းပြောလို့ရတဲ့လူ မဟုတ်ဘူး၊ ဒေါသကြီးဖို့ပဲ သိတယ်"

"ဒီလိုဆိုရင် ကိုယ်က အရင်ဦးအောင် ပစ်သတ်လိုက်ပေါ့"

"မဟုတ်တာပဲ ဝှဖန်ရယ်၊ ဒီလိုလုပ်လို့လဲ ဘယ်ဖြစ်ပါ့မလဲဗျာ"

"ပြီးတော့လဲ တစ်ခုရှိတယ်၊ အခုအတိုင်းဆိုရင် ခင်ဗျားတို့ ဂျပန်တိုင်းရင်းသားတွေမှန်သမျှ အားလုံး လိုက်ပြီး ဖမ်းတော့မှာပဲ"

"အင်း . . . ဟုတ်တယ်ဗျို့၊ ခင်ဗျားပြောတာ မှန်တယ် . . . ကျုပ်လဲ အခုမှ တွေးမိတယ်၊ ဒါဖြင့် ဘယ်လိုလုပ်ရမယ်ဆိုတာ ခင်ဗျားပဲ အကြံပေးပါဦးဗျာ"

"ခင်ဗျားအတွက် နည်းလမ်းတစ်လမ်းပဲ ရှိတယ် . . . ဘာလဲ သိလား၊ ထွက်ပြေးဖို့ပဲ"

"ကောင်းတယ်ဗျို့ . . . ကျုပ်ပြေးမယ်"

"ကျုပ်စိတ်ထင်ဖြင့် နက်ဖြန်လောက်ပဲ စပြီး ဖမ်းလိမ့်မယ်ထင်တယ်"

"ဒါဖြင့် . . . ရှုပ်တယ်၊ အခုပဲ ပြေးမယ်၊ ဘယ်နှစ်နာရီထိုးပြီလဲ"

"ရှစ်နာရီခွဲပြီ"

"ကျုပ်တို့ပြေးဖို့ အချိန်ကောင်းကောင်းရသေးတယ် . . . ဒါပေမဲ့ ဘယ်ကိုပြေးရမယ်ဆိုတာ စိတ်မကူးရသေးတာ ခက်တယ်"

"ခင်ဗျားဟာ ဂျပန်သံအမတ်ကြီးရဲ့ တပည့်အရင်း၊ ဒီစာရွက်တွေဟာ ခင်ဗျားလက်ထဲကမှတစ်ဆင့် သူ့လက်ထဲရောက်ဖို့ ဟုတ်တယ်လား"

"ဟုတ်ပါတယ်ဗျာ"

"ကျုပ်ကလဲ ကျုပ်တို့အသင်းက ဆရာကြီးရဲ့ လူယုံတော် ညာလက်ရုံးကြီးပဲ"

"မှန်တယ်လေ"

"ကျုပ်လက်ထဲကမှ တစ်ဆင့် ခင်ဗျားလက်ထဲကို ဒီစာရွက်တွေ ရောက်ဖို့ . . . ခင်ဗျားလက်ထဲကို ရောက်တဲ့အခါကျမှ သံအမတ်ကြီးက ဒီစာရွက်တွေကို ဂျပန်အစိုးရအတွက် အဖိုးသားနားပေးပြီး ဝယ်ဖို့ သည့်အတိုင်း စီစဉ်ထားတယ် မဟုတ်လား"

"မှန်တာပေါ့"





"အခုတော့ အလွဲလွဲ အချော်ချော်ဖြစ်ကုန်ပြီ၊ ဒီလိုဆိုရင် အခုနေအခါမှာ ဘာအရေးကြီးဆုံးလဲ မိမိအသက်နဲ့ . . . မိမိကိုယ်ကို လွတ်မြောက်ဖို့ အရေးအကြီးဆုံးပဲ"

"ဟုတ်တာပေါ့ ဝှဖန်"

"သည်တော့ . . . ကျုပ်တို့အသက်ရှင်နေရင် ဒီစာရွက်တွေ တစ်နည်းနည်းနဲ့ ပြန်ရအောင် ကြံနိုင်တယ် . . . မဟုတ်လား"

"ခင်ဗျားတို့အသင်းက ကြံနိုင်ပါလိမ့်မယ်ဗျာ"

"ကျုပ်အကြံက ဒီလိုဗျ . . . ကျုပ်လဲ ဒီမှာနေလို့မဖြစ်တဲ့အတူတူ ခင်ဗျားနဲ့ ပြေးမယ်"

"ဘယ်လို ပြေးကြမှာလဲ"

"လတ္တာလမ်းမှာ ကျုပ်တို့အသင်းသားထဲက တရုတ်သူဌေးတစ်ယောက် ရှိတယ်ဗျ၊ ပိုက်ဆံလဲရှိတယ်၊ ဩဇာလဲရှိတယ်၊ နှုတ်လဲ လုံတယ်ဗျ၊ အားလဲကိုးရတယ်။ ဒီလူ့အိမ်မှာ ကျုပ်တို့ သွားပြီး ခေတ္တခိုနေရမယ်"

"ကောင်းလိုက်လေဗျာ . . . အဲဒီအကြံ"

"မြို့ပေါ်က ဂျပန်တွေကို လိုက်ဖမ်းမှာက ကျုပ်စိတ်ထင် အနည်းဆုံး သုံးလေးရက်တော့ ကြာလိမ့်မယ်၊ ဒီအတောအတွင်း ကျုပ်တို့က သူ့အိမ်မှာ အသာခိုနေပြီး ကျုပ်နည်းနည်းငြိမ်တာနဲ့ တစ်ပြိုင်နက် ခင်ဗျားနဲ့ ခင်ဗျား တလေးက တရုတ်လိုဝတ်၊ ပြည်ကြီးသွားမယ့် လူတွေနဲ့ ရောပြီး ပီကင်းရောက်အောင် ကျုပ်တို့ ပြေးရကြမယ်"

"သင်္ဘောဆိပ်ရောက်ဖို့က မခက်ဘူးလားဗျာ"

"ဒီပြင် ပြည်ကြီးသားတွေနဲ့ ရောပြီးသွားရုံပေါ့ . . . သင်္ဘောဆိပ် ရောက်အောင် ပို့ဖို့က ကျုပ်လူက ကောင်းကောင်းစိတ်ချရပါတယ်"

"အကောင်းဆုံးနည်းလမ်းပဲ ဝှဖန်ရေ့၊ ကျုပ်သဘောတူပြီ"

"နို့ ခင်ဗျားဆရာကြီးရောက်လာရင် ဘယ်လိုလုပ်မလဲ"

"အကျိုးအကြောင်း စာတစ်စောင်ရေးပြီး ကျုပ် ချွတ်ကရားကလေး ထားခဲ့မယ်ဗျာ . . . သူနဲ့လဲ ကျုပ် မျက်နှာချင်းမဆိုင်ချင်ဘူး"

"ခင်ဗျားပစ္စည်းတွေကော"

"ကျုပ်မှာ ခေတ်ပုံသေတ္တာကလွဲလို့ ဘာအဖိုးတန်ပစ္စည်းမှ ခေတ်ပုံသေတ္တာနဲ့ အဝတ်အစားယူခဲ့ရုံပါပဲ"

"ကိုင်း မော်ရစ်တာ မြန်မြန်ပြင်ပေတော့ အချိန်နီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



ပဲဖွဲ့ည်းများကို အသင့်ပြင်ဆင်ပြီးနောက် မော်ရစ်တာသည် ဂျပန်သ အမတ်အား ပေးရန် စာတစ်စောင်ရေးထားပြီးလျှင် စာကို ကုလားကလေ လက်ထဲသို့ အပ်ထားခဲ့လေ၏။ ထို့နောက် ကုလားကလေးခေါ်၍ လာခဲ့သေ အငှားမော်တော်ကားပေါ်သို့ တက်ကာ ဂွမ်းဖန်၊ မော်ရစ်တာနှင့် သူ၏နမယေ အီရာတို့သည် ဖြည်လမ်းတစ်လျှောက်၌ မှုန်မွှားသော လရောင်အောက်တွ တဖြည်းဖြည်း ပျောက်ကွယ်၍သွားလေ၏။

ခင်မောင်စိုးနှင့် မကြည်ကြည်တို့သည် ဦးခေါင်းဖြူခေါ်ခဲ့သည့် အတိုင်း လိုက်လာခဲ့၍ အောက်ထပ်သို့ ရောက်သောအခါ မိမိတို့ ရောက်လ စဉ်က မှောင်နှင့်မည်းမည်းရှိနေသော အခန်းမှာ ဓာတ်မီးလုံးတို့ဖြင့် ထိန်ထိ လင်းလျက် ၆ ပေခန့်ရှိ စားပွဲရှည်တစ်လုံးပေါ်တွင် လက်ဖက်ရည်တည်ခင် သည့် ငွေထည်၊ ကြွေထည် အသုံးအဆောင်တို့ကို မြင်ရပြီးလျှင် ဘင်္ဂါလီကုလာ နှစ်ယောက်တို့သည်လည်း စားပွဲကို နေသားတကျ တည်ခင်းပြင်ဆင်လျှ ရှိသည်ကို တွေ့မြင်ရလေသည်။

ထိုစားပွဲကို ကုလားထိုင် ၈ လုံးခန့် ဝိုင်းရံချထားလေရာ ဦးခေါင်း ဖြူသည် ခင်မောင်စိုးနှင့် မကြည်ကြည်တို့အား စားပွဲအလည်ကျကျ လက် ဘက်တွင် ထိုင်စေ၏။

"ကျွန်တော်တို့ လွတ်မြောက်လာတာ အားလုံးသိကြပြီလား ဦးခေါ ဖြူရဲ့"

"ကျွန်တော် တယ်လီဖုန်းနဲ့အကြောင်းကြားလိုက်လို့ အားလုံးသိပါပြ

ခင်မောင်စိုးသည် ထိုအချိန်အထိ အိပ်မက် မက်သကဲ့သို့ပင် နေသေ ၍ ဦးခေါင်းဖြူ၏အကြောင်းကို စဉ်းစားလျက်ရှိ၏။ ဦးခေါင်းဖြူကား သာ လူတစ်ယောက် မဟုတ်ချေ။

အချိန်မှာ ၉ နာရီထိုးရန် ၁၀ မိနစ်မျှသာ လိုတော့သည်ဖြစ်ရာ အိ ရှေ့ဆင်ဝင်အောက်သို့ ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့် ဆိုက်ရောက်လာပြီ လျှင် ပုလိပ်မင်းကြီးတို့သည် သူတို့၏ ကိုယ်ရံတော် သက်တော်စောင့်မျာ နှင့်အတူ ကားပေါ်မှ ဆင်းလာကြလေ၏။ ခင်မောင်စိုးနှင့် မကြည်ကြည် ကို တွေ့ရသောအခါ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြီးနောက် လွတ်မြော လာပုံကို မေးရာ ခင်မောင်စိုးကလည်း အကျဉ်းချုပ်မျှ ပြန်ပြောလေ၏။

ဦးခေါင်းဖြူက အရာရှိကြီးနှစ်ယောက်အား နေရာများ ချထား လေသည်။ ၉ နာရီထိုးရန် ၅ မိနစ်အလိုတွင် နန်းရင်းဝန်ကြီး ကိုယ်တ





ရောက်လာရာ ဦးခေါင်းဖြူက တံခါးဝထိ သွားရောက်ကြိုဆိုပြီးလျှင် လက် ဖက်ရည်စားပွဲသို့ ခေါ်ဆောင်ခဲ့လေ၏။

ခင်မောင်စိုးနှင့် မကြည်ကြည်တို့ကို မြင်သောအခါ . . . နန်းရင်း ဝန်ကြီးသည် ပြုံးရုံမျှ ပြုံး၍ နှုတ်ဆက်ပြီးနောက် လက်ယာဘက် ဒုတိယ ကုလားထိုင်တွင် ထိုင်လေ၏။ နောက် တစ်မိနစ်ခန့်အကြာတွင် ဆလွန်းကား ကြီးတစ်စီး ဆိုက်၍လာပြီးလျှင် မဟာရာဇာတစ်ယောက်ကဲ့သို့ ခေါင်းပေါင်း ကြီးပေါ်တွင် ပတ္တမြားကြယ်ပွင့်ကြီးတစ်ပွင့်ကိုလည်းကောင်း၊ ရွှေနားသတ် သည့် အတွင်းခံဆွဲစကုတ်အနက်အင်္ကျီကိုလည်းကောင်း၊ တောက်ပြောင်သော သားရေ ဘွတ်ဖိနပ်ကြီးကိုလည်းကောင်း ဝတ်ဆင်၍ထားသော မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများ ထူထပ်စွာ ရှိသည့် ပန်ချာပီကုလားကြီးတစ်ယောက် ဝင်လာ ရာ ဦးခေါင်းဖြူသည် တြတြသလဲ ဆီးကြိုနှုတ်ဆက်ပြီးလျှင် ထားဝယ်မှ ကံ ထရိုက်တာ ဘာဂဝမ်ဆင်ဖြစ်ကြောင်းနှင့် ရောက်နှင့်သူများအား မိတ်ဆက်၍ ပေးလေ၏။

၉ နာရီထိုးရန် တစ်မိနစ်မျှ အလို၌ 'ဖြူ' ကားကြီးတစ်စီး ဝင်လာ ပြီးနောက် ထားဝယ်အမတ်ကြီး ဦးရွှေစံအောင်သည် ကားပေါ်မှ ဆင်းလာရာ ဦးခေါင်းဖြူက ရှိသေစွာ သွားရောက်ကြိုဆိုပြီးလျှင် စားပွဲထိပ်ရှိ ကုလားထိုင် လွတ်ဆီသို့ ပို့လေ၏။ အားလုံးဧည့်သည်များ ရောက်သောအခါ . . . ဦးခေါင်း ဖြူသည် စားပွဲ၏အခြားဘက်ထိပ်ရှိ ကုလားထိုင်လွတ်တစ်လုံးပေါ်တွင် ထိုင်ပြီး လျှင် ဘင်္ဂါလီကုလားများအား လက်ဖက်ရည်များပြင်ဆင်ရန် အမိန့်ပေးလေ၏။

ထိုအတွင်း၌ နန်းရင်းဝန်ကြီး၊ စုံထောက်မင်းကြီးနှင့် ပုလိပ်မင်းကြီး တို့သည် စီးကရက်များကို သောက်ကာ ခင်မောင်စိုးနှင့် မကြည်ကြည်တို့အား သူတို့ဖြစ်ပျက်ပုံများကို တီးတိုးမေးမြန်းလျက်ရှိ၏။ ပန်ချာပီကြီးမှာ ဦးရွှေစံ အောင်နှင့် အနီးဆုံးဖြစ်သဖြင့် ထားဝယ်မြို့အကြောင်းများနှင့်တကွ . . . တိုင်းရေးပြည်ရေးများကို ပြောဆိုလျက်ရှိလေသည်။

ဘင်္ဂါလီကုလားများသည် ပန်းကန်ပြားများကို လှန်ကြပြီး လက်ဖက် ရည်ကရားများမှ လက်ဖက်ရည်များကို ကူညီထည့်ပေးကြရာ ဦးခေါင်းဖြူသည် လည်း ဧည့်သည်များအား တစ်စုံတစ်ရာ အားမနာဘဲ သုံးဆောင်ကြရန် ဆေ ကွတ်များ ဝေလျက် ရှိလေ၏။

ဦးခေါင်းဖြူသည် နေရာမှ မတ်တပ်ရပ်လိုက်ပြီးလျှင် [illegible] နံချာသော လက်ဖက်ရည်ပွဲကလေးကို တည်ခင်းခြင်းမှာ စိတ် [illegible]



www.burmeseclassic.com

www.burmeseclassic.com



အညီဖြင့် မိမိသည် နိုင်ငံတော်လုံခြုံရေးအတွက် အစိုးရက အရေးတကြီးအသုံး ရှိနေသည့် စာချုပ်စာတမ်းကို လူဆိုးများလက်တွင်းမှ ရအောင်ယူပြီးလျှင် ပုလိပ်မင်းကြီးလက်တွင်းသို့ ပေးအပ်နိုင်ခဲ့ပြီးကြောင်း၊ မည်သို့မည်ပုံ ခဲယဉ်းစွာ ယူဆောင်ရခြင်းနှင့်တကွ . . . ထိုလူဆိုးသင်းကြီး၏ အတ္တုပ္ပတ္တိကို သတင်း ဆိုင်ရာ ပုဂ္ဂိုလ်ကြီးများရှေ့တွင် ဖော်ထုတ်ရှင်းပြရန်ဖြစ်ကြောင်း၊ အသင်းသား များအား ဖမ်းဆီးရမိရန် ကူညီရာ၌ ပထမဦးစွာ ကျေးဇူးတင်ထိုက်သူမှာ အလွတ်စုံထောက် ခင်မောင်စိုးဖြစ်၍ သူသည် အသင်း၏ အားကိုးအားထား ဖြစ်သည့် သိုင်းသမားအား ကောင်းစွာနိုင်နင်းလိုက်သဖြင့်သာ မိမိတို့သည် ကျန်အသင်းသားများနှင့် အသင်း၏ လက်ရုံးတစ်ဦးအား လွယ်ကူစွာ ဖမ်းဆီး နိုင်ကြောင်းနှင့် စကားပလ္လင်ခံလေ၏။ ဦးရွှေခံအောင်က –

“ဒါဖြင့် အခု ကျူပ်စာရွက်တွေ ဘယ်မလဲ”

ဟု မေးလိုက်ရာ ပုလိပ်မင်းကြီးက –

“ကျုပ်အိမ်က သံသေတ္တာအလုံခန်းကြီးထဲ ရောက်နေပါပြီ”

“ကျေးဇူးပါပဲဗျာ . . . အခုမှ ဝမ်းထဲကအလုံးကြီး ကျသွားတော့ တယ်”

“ခင်ဗျားကို ကူညီတဲ့လူတွေအကြောင်း ဆက်ပြောပါဦး ဦးခေါင်းဖြူ”

ထိုအခါ ဦးခေါင်းဖြူက ဆက်လက်၍ မိမိသည် ပုလိပ်မင်းကြီးကလွဲ၍ အခြားလူကို မသိသဖြင့် ပုလိပ်မင်းကြီးမှတစ်ဆင့် ဖိတ်ကြားရခြင်းဖြစ် ကြောင်း၊ ယခု ဆောင်ရွက်ခြင်းမှာ မိမိသည် နာမည်လိုချင်၍မဟုတ်၊ ဆုငွေ ကို မျှော်လင့်ခြင်းလည်း မဟုတ်၊ မြန်မာပြည်နှင့်တကွ မြန်မာပြည်သူပြည်သား များပါ အတိဒုက္ခရောက်မည်စိုးသဖြင့်တစ်ကြောင်း၊ မိမိ၏ ကိုယ်ရေးကိုယ်တာ အတွက်တစ်ကြောင်း ဝင်ရောက်၍ အစိုးရအား ကူညီခြင်းဖြစ်ကြောင်း၊ ယခု ကဲ့သို့ အစိုးရအဖွဲ့ ထိပ်သီးများရှေ့တွင် ပြောခွင့်ရခြင်းကိုလည်း အထူးကျေး ဇူးတင်ကြောင်း၊ မိမိပြောပြီး ဘဂဝမ်ဆင်က ဆက်လက်၍ ပြောပြလိမ့်မည် ဖြစ်ကြောင်းနှင့် ပြောဆိုပြီးလျှင် အောက်ပါအတ္တုပ္ပတ္တိတစ်ခုကို ရှေးဦးစွာ ပြော ပြလေသည်။

ပထမကမ္ဘာစစ်ကြီးမဖြစ်မီ လွန်ခဲ့သော ၁၅ နှစ်ခန့်က ကောလိပ် ကျောင်းမှ ကျော်ဇံလှ၊ ညွန့်ဝေနှင့် သာမြတ် ဆိုသူ ကျောင်းသား ၃ ယောက် တို့သည် မိဘများထံမှ ငွေနှင့် လက်ဝတ်လက်စားများကို အသီးသီး ခိုးယူပြီး လျှင် ဂျပန်ပြည်သို့ ထွက်ပြေးခဲ့ကြလေ၏။





ဂျပန်သို့ရောက်သောအခါ ပညာကိုလည်း ကောင်းစွာမသင်ဘဲ နောက်ဆုံး၌ သူလျှိုအတတ်သင်၌ ဝင်ရောက် သင်ကြား၏။ ထိုကျောင်း၌ အင်္ဂလိပ်ဘာသာနှင့် ဂျပန်ဘာသာအပြင် ယိုးဒယားဘာသာရပ်များကို သင် ကြားပေး၏။

လက်တွေ့ပညာအနေဖြင့် ကာယဗလဆိုင်ရာများနှင့် ပတ်သက်၍ လည်း သိုင်းအတတ်များ၊ ဂျူဂျစ်ဆုအတတ်များနှင့်တကွ အိမ်ကို ဖောက်ထွင်း ခြင်း၊ သံသေတ္တာများကို ဖွင့်ခြင်း၊ သော့တူများ ပုံစံယူခြင်း၊ သော့တူပြုလုပ်ခြင်း၊ လက်မှတ်လိမ်ထိုး၊ မြေပုံကူးယူ၊ ဓာတ်ပုံရိုက်ခြင်း အစရှိသည်တို့ကို သင်ကြား ၏။ ထို့ပြင် မြင်းစီးခြင်း၊ ကားမောင်းခြင်း၊ ရထားမောင်းခြင်း၊ သေနတ်ပစ်ခြင်း၊ ဓားခုတ်ခြင်း၊ သံကွင်းပစ်ခြင်း အစရှိသည်တို့ပါ သင်ကြားရသဖြင့် အားလုံးကို ခြုံကြည့်လျှင် . . . ထိုကျောင်းမှ ထွက်လာသူတစ်ယောက်သည် မည်သည့် အတတ်မဆို မတတ်သည်မရှိ၊ မည်သည့်အရာမျိုးမဆို မလုပ်တတ်သည်မရှိ ဖြစ်၍ အလွန်အသုံးဝင်သော လူတစ်ယောက်ဖြစ်လာရန် အကြောင်းရှိလေ သည်။

သူတို့ ၃ ယောက်အနက် ညွန့်ဝေနှင့် သာမြတ်တို့မှာ ပိုက်ဆံရှိ လူ ကုံထံတို့၏ သားများ ဖြစ်ကြပြီးလျှင် ကျော်ဇံလှဆိုသူမှာ တံငါအလုပ်နှင့် မှက်သိုက်ရှာခြင်းအလုပ်ကို လုပ်သော ကုန်သည်တစ်ယောက်၏ သားဖြစ်၏။

သို့သော် ကျော်ဇံလှမှာ အခြားနှစ်ယောက်ထက် လုပ်ရဲကိုင်ရဲ ရှိ ပြီးလျှင် စကားပြောရာ၌လည်း အလွန် လည်ပတ်သူတစ်ယောက် ဖြစ်လေ သည်။

သူတို့ ၃ ယောက်သည် ကျော်ဇံလှခေါင်းဆောင်လျက် ဂျပန်အစိုးရ နှင့် ချုပ်ဆိုထားသော စာချုပ်ကို ဖောက်ဖျက်၍ သင်တန်းမဆင်းမီ သူလျှို ကျောင်းမှ ထွက်ပြေးခဲ့ကြပြီးလျှင် ပင်လယ်ကိုဖြတ်၍ တရုတ်ပြည်ဘက်သို့ လွှတ်မြောက်လာခဲ့ကြ၏။

ပီကင်းမြို့သို့ ရောက်သောအခါ တရုတ်အဝတ်အစားများကို ဝတ် ကာ တရုတ်ဟိုတယ်တစ်ခုတွင် တည်းခိုနေထိုင်ခဲ့ကြ၍ ကျော်ဇံလှမှာ တရုတ် လူငယ်များနှင့် အပေါင်းအသင်းဖြစ်ရာမှ အစ တရုတ် လူဆိုးများနှင့် ပေါင်း ခိုပြီးလျှင် ပြစ်မှုအမျိုးမျိုးကို ကျူးလွန်လျက် ရှိခဲ့လေသည်။

ကျော်ဇံလှကား ‘ဟူပင်’ ဟူသော တရုတ်အမည်တို့ဖြင့် [illegible] သော့ရမ်းလျက်ရှိရာ ပြစ်မှုတစ်ခုကို ကျူးလွန်မည်ဆိုက [illegible]



www.burmeseclassic.com

www.burmeseclassic.com



တင်ကြိုစီမံထားသဖြင့်တစ်ကြောင်း၊ သူလျှိုလုပ်ငန်းများကိုလည်း ကျွမ်းကျင်တတ်မြောက်ပြီးလျှင် . . . တရုတ်ပုလိပ်အဖွဲ့ပင် ခြေရာမခံနိုင်အောင် ရှိခဲ့၏။

သို့နှင့် ကျော်ခံလှသည် တရုတ်လူဆိုးအသင်းတွင် ဝင်ရှုမှုနှင့် တင်းတိမ်အားရခြင်းမရှိသေးဘဲ သူ၏ သူငယ်ချင်းညွန့်ဝေနှင့် သာမြတ်တို့ပါ သိမ်းသွင်းပြီးလျှင် . . . 'အပျော်တမ်းလူဆိုးအဖွဲ့' ဟူသော အမည်ဖြင့် သူတို့ကိုယ်တိုင် ခေါင်းဆောင်လျက်ရှိလေ၏။

ညွန့်ဝေနှင့် သာမြတ်တို့မှာ စိတ်မပါလှဘဲ ကျော်ခံလှ၏ ဆွဲငင်သွေးဆောင်မှုကြောင့်သာ အသင်း၌ ဝါဝင်ရပြီးလျှင် အပျော်တမ်းသက်သက်ပြုလုပ်ခြင်းဖြစ်လေသည်။

သို့သော် . . . သူတို့၏ထင်မြင်ချက်ကား . . . မှားယွင်းခဲ့လေပြီ၊ ကျော်ခံလှသည် ပြစ်မှုကျူးလွန်တိုင်း ပုလိပ်များလက်မှ လွတ်မြောက်ခဲ့သည်ချည်းသာဖြစ်၍ တဖြည်းဖြည်း အတင့်ရဲလာခဲ့၏။ သို့နှင့် ပိုက်ဆံရှိ လူကုံထံများကိုလည်းကောင်း၊ သူတို့၏သားသမီးများကိုလည်းကောင်း ဖမ်းယူ၍ ငွေတောင်းခြင်း၊ မီးရထားများကို ရပ်၍ လုယူတိုက်ခိုက်ခြင်း၊ ဘဏ်တိုက်များကိုစီးနင်းခြင်း၊ ပွဲလမ်းသဘင်များကို စီးနင်း၍ လက်ဝတ်လက်စားပစ္စည်းများကိုတိုက်ယူခြင်း စသည်တို့ကိုပင် ပြုလုပ်တော့၏။ ညွန့်ဝေနှင့် သာမြတ်တို့က ဤအလုပ်ကို ရပ်စဲ၍ မြန်မာပြည်သို့ ပြန်ကြပြီးလျှင် . . . အေးချမ်းစွာ နေထိုင်ရန် အကြိမ်ကြိမ် နားချသော်လည်း မရဘဲ ကျော်ခံလှသည် ပြစ်မှုအမျိုးမျိုးကို ဆက်လက်ကျူးလွန်လျက်သာ ရှိခဲ့လေသည်။ ဤမျှသာမကသေး သူငယ်ချင်းနှစ်ယောက်ကိုပင် မိမိ၏ အလုပ်ထဲတွင် ဝင်ရောက်နှောင့်ယှက်ကာ မျက်နှာကို မထောက်ဘဲ ရှန်သူကဲ့သို့ သဘောထားရမည်ဟု ခြိမ်းခြောက် ကြိမ်းမောင်းခဲ့၏။

အချို့ကျောင်းသားများ၊ အရပ်သားများ၊ ဆင်းရဲသားကူလီများ အလုပ်အကိုင်မရှိသော တောလေကြမ်းပိုးများ၊ ဝရမ်းပြေးများ၊ ထောင်ထွက်ပြေးများမှစ၍ လူဆိုးများသည် ကျော်ခံလှအား ဘုရားတစ်ဆူထင်မှတ်ကာ . . . အမျိုးမျိုး အားပေးကူညီကြပြီးလျှင် သူတို့၏ ဝေစုများကိုလည်း အနည်းနှင့်အများ ပေးကြလေသည်။

သို့သော် ယုန်များသည် မည်မျှပင် အပြေးသန်သည်ဆိုစေကာမူ နောက်ဆုံး၌ ခွေးများ၏ လက်တွင်းမှ လွတ်မြောက်ရန် ခဲယဉ်းရကား . . . တရုတ်ပြည်စုံထောက်အဖွဲ့သည် ထို 'အပျော်တမ်းလူဆိုးအသင်း' ကြီး၏





ခေါင်းဆောင် ကျော်ခံလှ၏နောက်သို့ ခြေရာခံမိလေကြ၏။ ထိုအခါမှသာ ကျော်ခံလှသည် မိမိ၏ သူငယ်ချင်းနှစ်ယောက်ကို အမှတ်ရပြီးလျှင် ၎င်းတို့၏အကူအညီဖြင့် ယိုးဒယားပြည်ဘက်သို့ လွတ်မြောက်ခဲ့လေသည်။ ယိုးဒယားပြည်ဘက်သို့ ရောက်သောအခါ 'ဝူဖန်' ဆိုသူ တရုတ်မြည်ကြီးသား လူဆိုးခေါင်းဆောင်တစ်ဦးနှင့် တွေ့၍ အသင်းကို ထပ်မံဖွဲ့စည်းပြန်ရာ ညွန့်ဝေနှင့်သာမြတ်တို့လည်း မလွှဲမကင်းသာသည့်အတိုင်း လက်ထောက်အဖြစ် ဝါဝင်ရ၏။ သို့ဖြင့် အသင်းကြီးမှာ တရုတ်ပြည်ထက်ပင် လှုပ်ရှားမှု များပြားလာလျက် မင်းညီမင်းသားတို့၏ သားသမီးများနှင့် ဘုရင့်ဆွေတော် မျိုးတော်များကို 'လူကိုထောင်၍ ပြန်ပေးလုပ်သောအလုပ်'၊ ပွဲကြီးလမ်းကြီးများ၌ လူအုပ်တစ်ခုလုံးကို စီးသောအလုပ်၊ မီးရထားများရပ်၍ တိုက်ခိုက်သောအလုပ်များကို စတင်လုပ်ကိုင်ကြပြန်လေ၏။

*

ဤသို့ဖြင့် 'ဟူပင်' ခေါ် ကျော်ခံလှ၏ အပျော်တမ်းလူဆိုးအဖွဲ့ကြီးသည် တစ်နေ့တခြား ကြီးပွားခဲ့ရာ အသင်းသားများသည် အသင်းအား အမည်ပေးရန် ကြံစည်ကြစဉ်တွင် တစ်နေ့သ၌ ဝူဖန်သည် အသင်းစည်းဝေးခန်းထဲသို့ ဝင်လာပြီးလျှင် တရုတ်ဘာသာဖြင့် "ပင့်ကူအိမ်ထဲသို့ ယင်ကောင်ဝင်၍ တိုးသကဲ့သို့ သက်တော်စောင့်အရာရှိကြီး၏ သမီးကလေးကို ဖမ်းထားသည့်အမှု၌ ယိုးဒယားငွေ ၅၀,၀၀၀ ကို ကျွန်ုပ်၏လက်ထဲသို့ ရောက်ပါပြီ" ဟု ကြေညာလိုက်လေ၏။

ထိုအခါ လူဆိုးတစ်ယောက်က ကျွန်ုပ်တို့အသင်းကြီးကို 'ပင့်ကူသင်း' ဟူ၍ မှည့်ခေါ်ထိုက်ပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်ကောင်များသည် မည်မျှပင် မြန်သော်လည်း ကျွန်ုပ်တို့ထောင်ထားသော ပင့်ကူအိမ်နှင့်တူသည့် အနှောင်အဖွဲ့တွင်းသို့ နောက်ဆုံး ဝင်၍တိုးသဖြင့် ပင့်ကူသည် ယင်ကောင်ကို ဖမ်းဆီးစားသောက်သည့်အလား ကျွန်ုပ်တို့က သူ၏ ဝစ္စည်းဥစ္စာကို စားသောက်ကြပါသည်ဟု ပြောရာ အားလုံးကပင် ဤအမည်သည် အသင့်လျော်ဆုံးဖြစ်ကြောင်းဖြင့် ထိုအခါမှစ၍ ပင့်ကူသင်းဟု အမည်ပေးခဲ့ခြင်းဖြစ်လေသည်။

အသင်းကြီးမှာ တစ်နေ့တခြား နာမည်ကြီး၍လာသော်လည်း [illegible] များသည် ခေါင်းဆောင်ကို ခြေရာမခံနိုင်အောင် ရှိခဲ့၏။ ကျော်ခံလှ [illegible] ကပင် သူတာကာထက် လည်ပတ် ဖျတ်လတ်သူဖြစ်သဖြင့်တစ်ကြောင်း၊ သူလျှို



www.burmeseclassic.com

www.burmeseclassic.com



အတာတ်၊ ရုပ်ဖျက်ခြင်းအတာတ်ကိုလည်း တစ်ဖက်ကမ်းခတ်အောင် တတ်သဖြင့် တစ်ကြောင်း၊ ယိုးဒယား ပုလိပ်များလက်ထဲမှ လက်တစ်လုံးခြားမျှ ရှောင်တိမ်းကာ လွတ်မြောက်နိုင်ခဲ့၏။ အသင်းအထိမ်းအမှတ်အဖြစ်ဖြင့် စုမကြာကျွန်းတောနက်များထဲတွင် ရနိုင်သော ရွှေရောင်တောက်သည့် ပင့်ကူသေကလေးများကို အသုံးပြုရန်လည်း အားလုံး သဘောတူခဲ့ကြလေသည်။

ဤသို့ လုပ်ကိုင်နေသည့်အတွင်း ကျော်ဇံလှ၏ တပည့်ထဲမှ ယိုးဒယားလူမျိုး ၃ ယောက်နှင့် တရုတ်လူမျိုး ၃ ယောက်တို့မှာ တိုက်ခိုက်ရာတွင် ကျဆုံးလေသည်။ သို့သော် မည်သူတစ်ဦးတစ်ယောက်မျှ ဖမ်းဆီးခြင်း မခံရချေ။

ဤနေရာ၌ ကျော်ဇံလှသည် သတိကောင်းလှ၏။ မိမိအပေါ်တွင် သစ္စာဖောက်မည်ထင်ရသူများ၊ မသေမရှင် ဒဏ်ရာရသူများအား တစ်ခါတည်း အဆုံးစီရင်ရန် လက်မနှေးချေ။

သို့နှင့် တစ်နှစ်ခန့်ကြာလတ်သော် ညွန့်ဝေနှင့် သာမြတ်တို့သည် မိမိတို့၏ သူငယ်ချင်း ကျော်ဇံလှအား ရှိပြီး ငွေများနှင့်ပင် ရှောင့်ရဲတင်းတိမ်၍ မြန်မာပြည်သို့ ပြန်ရန်အကြောင်း၊ နောက်တစ်ကြိမ်တွင် မိမိတို့နှစ်ယောက် ပါဝင်တော့မည် မဟုတ်ကြောင်းနှင့် နှုတ်ဆက်ချ၏။ သို့သော် ကျော်ဇံလှကား ဤအလုပ်ကို အပျော်လုပ်ခဲ့ရာမှ အသက်မွေးဝမ်းကျောင်းအဖြစ်သို့ ပြောင်းကာ လက်လွှတ်လိုဟန် မရှိပေ။ သို့နှင့် နောက်ဆုံးအကြိမ်အဖြစ်ဖြင့် တိုက်ခိုက်ပြီးနောက် မြန်မာပြည်သို့ ပြန်တော့မည်ဟု ကတိပေး၏။

နောက်ဆုံးတိုက်မည့် ပွဲသည်ကား အောက်ပါအတိုင်း ဖြစ်၏။

ယိုးဒယားဘုရင်၏ ညီတော်တစ်ပါးသည် လက်ထပ်ပြီးသည့်ည၌ အလွန်ခမ်းနားကြီးကျယ်သော ညစာ စားပွဲကြီးကို ပေးမည်ဖြစ်ရာ ကြွရောက်မည့် ပရိသတ်များမှာ ဘုရင်မင်းမြတ်မှ တစ်ပါးသော ဘုရင့်ဆွေတော်မျိုးတော်များ၊ မှူးမတ်ကတော်များ၊ အထက်တန်း အရာရှိကတော်များ၊ ကုန်သည်ကြီးများ၏ သမီးများဖြစ်ကြ၏။

ကျော်ဇံလှသည် မကောင်းသောအလုပ်ကို တစ်ဖက်၌ လုပ်နေသော်လည်း အခြားတစ်ဖက်တွင် ရွှေကုန်၊ ကျောက်ကုန် ကူးသော ကမ္ဘောဇကုန်သည်တစ်ဦးအနေဖြင့် ဘန်ကောက်မြို့ လူစည်ကားသော လမ်းတစ်လမ်းတွင် အဆောက်အအုံကြီးတစ်ခု၌ ခန့်ညားထည်ဝါစွာ နေထိုင်ခဲ့သဖြင့် ဤပွဲသို့ ဖိတ်ကြားခြင်းခံရ၏။





ထို့ပြင် တစ်နည်းနည်းဖြင့် ကြံဖန်ပြုလုပ်ထားသောကြောင့်လည်း ညွန့်ဝေနှင့် သာမြတ်မှာ ဖိတ်ကြားခြင်းခံရလေသည်။

သူတို့၏အစီအစဉ်မှာ ဤပွဲသည် ယိုးဒယား၊ တရုတ်၊ အင်္ဂလိပ်နှင့် ကမ္ဘောဇ အမျိုးသမီးများ လက်ဝတ်လက်စားပြိုင်ပွဲဟု ဆိုလောက်သည့်ပြင် နန်းတော်နှင့် မနီးမဝေးအိမ်တော်တွင် ပြုလုပ်မည်ဖြစ်ရကား အထူးအဆောင့် အရှောက်မှူ၍ ထားမည်မဟုတ်ချေ။

သို့ဖြစ်ရာ ညွန့်ဝေနှင့် သာမြတ်တို့မှာ ဤပွဲသို့ ခပ်စောစော ရောက်နှင့်၍ ဝတ်ကောင်းစားလှဖြင့် ထိုင်နေရမည့်ပြင် 'ကျော်ဇံလှ' နှင့်လည်း ခသိဟန်ဆောင်၍ နေရမည်။ ကျော်ဇံလှမှာ ထိုနေ့၌ တစ်မျိုးတစ်မည် ရုပ်ဖျက်၍ လာမည်ဖြစ်သဖြင့် ပရိသတ်စုံသည်နှင့်တစ်ပြိုင်နက် ညွန့်ဝေက ဓာတ်မီးခလုတ်ကို ပိတ်လိုက်ရမည်။ ထို့နောက် တစ်ခဏချင်းပင် ပြန်၍ ဖွင့်လိုက်ရမည်။

ထိုအခါ စားပွဲထိပ်တွင် မျက်နှာဖုံးနှင့် လူတစ်ယောက်ပေါ်လာ၍ ထိုသူသည် စက်သေနတ်အငယ်ကလေးတစ်လက်ဖြင့် ပရိသတ်ကို ချိန်ထားလိမ့်မည်။ မီးများပွင့်သွားသည်နှင့် တစ်ပြိုင်နက် ခန်းမကြီး၏ တံခါးဝအပြင်၌ စောင့်နေသည့် လက်နက်ကိုင် အစောင့်နှစ်ယောက်အား သူတို့၏ ပါးစပ်များ မျက်လုံးများ ပိတ်ပြီးဖြစ်၍ သူတို့၏ လက်နက်များကိုလည်း သိမ်းလိုက်ပြီးဖြစ်လိမ့်မည်။ ဤသို့ပရိသတ်များ အံ့အားသင့်လျက်ရှိစဉ် မျက်နှာအောက်ပိုင်းကို ဖုံးထား၍ ဦးထုပ်ကိုလည်း မျက်လုံးများ အုပ်လုနီးပါး ဆောင်းထားသော လူတစ်ယောက်သည် ဦးထုပ်ကို လက်က ကိုင်ထားသော နောက်လိုက်တပည့်တစ်ယောက်နှင့်အတူ ခြောက်လုံးပြူး ၂ လက်ကိုင်ကာ နံဘေးပြတင်းပေါက်ကခုန်ဝင်လာ၍ မိန်းကလေးများထံ လက်ဝတ်လက်စားများကို တောင်းခံကာ တပည့်၏ ဦးထုပ်ထဲသို့ ထည့်စေမည်။ ပြီးသည်နှင့် တစ်ပြိုင်နက် မီးများပိတ်၍သွားပြီးလျှင် လူဆိုးများလည်း အခန်းတွင်းမှ ကြက်ပျောက်၊ ငှက်ပျောက် ပျောက်သွားလိမ့်မည်၊ ဤကား အသင်း၏ အစီအစဉ်ပေတည်း။

ညွန့်ဝေနှင့် သာမြတ်တို့သည် ဤသို့ ရက်စက်လှသော အကြံကို သဘောမတူချေ။ သို့သော် ကျော်ဇံလှ၏ ဩဇာကို မလွန်ဆန်ဝံ့သဖြင့် သဘောတူရလေသည်။ သို့နှင့် ချိန်းထားသောအချိန်မရောက်မီ နာရီဝက်ခန့်အလို၌ လူတစ်ယောက်သည် ဝင်လာ၍ ညွန့်ဝေနှင့် သာမြတ်တို့အား စာရွက်ကလေးတစ်ခုစီ ပေး၏။ စာရွက်၌ –



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ် ရုပ်ဖျက်ထားသည်မှာ ပိရိခြင်းရှိမရှိ၊ အမြန်လာကြည့်စေလိုပါသည်"

ဟု ပါ၍ လက်ရေးမှာ ကျော်ဇံလှ၏ လက်ရေးဖြစ်လေသည်။ သို့နှင့် ညွန့်ဝေနှင့် သာမြတ်တို့သည် စာပေးသူနောက်သို့ လိုက်ပါသွားလေ၏။

စာပေးသူသည် ညွန့်ဝေနှင့် သာမြတ်တို့အား ခန်းမဆောင်ကြီးနှင့် မနီးမဝေး၌ မင်းဆွေမင်းမျိုးများ တည်းခိုလေ့ရှိသော ဟိုတယ်သို့ ခေါ်သွားပြီးနောက် အခန်းတစ်ခန်းသို့ရောက်၍ ဝင်မိသည်နှင့်တစ်ပြိုင်နက် ဦးခေါင်းကို တစ်စုံတစ်ယောက်က နောက်မှ ရိုက်လိုက်သဖြင့် မှးဝေကာ ကြမ်းပေါ်သို့ လဲကျသွားလေ၏။ မည်မျှလောက် ကြာအောင် သတိမေ့သွားသည်ကိုကား မသိရချေ။ သတိရ၍ မျက်လုံးများကို ဖွင့်ကြည့်လိုက်သောအခါ သင်္ဘောတစ်စင်း၏ ဝမ်းအောက် ကျောက်မီးသွေးကျင်းရှိ ဂုန်အိတ်စုတ် အိပ်ရာတစ်ခုပေါ်တွင် လဲလျက် ရှိသည်ကို တွေ့ရ၏။ အနီးအနား၌ကား ပသျှူးလူမျိုး လေးငါးယောက်တို့သည် မီးသွေးကို သယ်ယူလျက် ရှိကြလေသည်။

မီးသွေးသယ်သူများသည် ညွန့်ဝေအား ပသျှူးဘာသာဖြင့် ပြောကြရာ ညွန့်ဝေသည် သူတို့ဘာသာစကားကို အနည်းငယ်တတ်သဖြင့် မိမိသည် ပသျှူးလူမျိုးမဟုတ် မြန်မာလူမျိုးတစ်ယောက်ဖြစ်ကြောင်းဖြင့် ပြန်ပြောရ၏။ သူတို့ ပြောပြချက်အရ ညွန့်ဝေအား ဩဇာတိက္ကမနှင့် ပြည့်စုံသော ယိုးဒယားအစိုးရ အရာရှိကြီးတစ်ယောက်သည် လူနာနှစ်ယောက်ကို လူနာတင် မော်တော်ကားတစ်စီးဖြင့် ညအချိန်မတော်၌ ယူလာပြီးလျှင် လူနာများကို စက်ဘုသို့ ယူသွား၍ စက်ဘုသို့ရောက်လျှင် လွှတ်လိုက်ရန်အကြောင်း ကပ္ပတိန်အား လမ်းတွင် ကျွေးမွေးရန် စရိတ်စက ပေးလိုက်ကြောင်းများဖြင့် ပြောပြ၏။

သို့နှင့် ညွန့်ဝေသည် နောက်ဆုံး၌စက်ဘုသို့ရောက်ခဲ့ပြီးလျှင် စက်ဘုတွင် တစ်စုံတစ်ရာ အားကိုးအားထားမရှိ၊ ပစ္စည်းဟူ၍လည်း မရှိဘဲ သောင်တင်လျက် ရှိနေခဲ့လေသည်။ စက်ဘုသို့ရောက်ပြီး နောက် တစ်ပတ်ခန့်ကြာသောအခါ အဖြစ်အပျက်အားလုံးကို သတင်းစာများမှ ကြားသိရ၏။

ဘုရင့်ညီတော်၏ မင်းညီမင်းသား ညစာ စားပွဲတွင် လူဆိုးတို့က အောင်မြင်စွာ စီးနင်းလိုက်ရာ၊ လူဆိုးများနောက်သို့ ပါသွားသော ရွှေငွေလက်ဝတ်လက်စားတန်ဖိုးမှာ . . . သုံးကုဋေဖိုးခန့်ရှိကြောင်း . . .၊ လူဆိုးများအား ပုလိပ်များက ခြေရာခံလျက်ရှိကြောင်းဖြင့် ကြားရ၏။ မိမိနှင့်အတူ ပါလာသူ လူနာတစ်ဦးမှာ သင်္ဘောပေါ်သို့ ရောက်ပြီးသည့် နောက်တစ်နေ့နံနက်၌ပင်





သေဆုံးသွားသဖြင့် အလောင်းကို ပင်လယ်ထဲသို့ ပစ်ချလိုက်ပြီဖြစ်ကြောင်း၊ မီးထိုးသမားများထံမှ ကြားသိရလေရာ . . . ထိုသူမှာ တခြားသူမဟုတ် မိမိသူငယ်ချင်း သာမြတ်ပင် ဖြစ်ရမည်ဟု ညွန့်ဝေသည် စဉ်းစား၏။

ထိုအခါမှစ၍ ကမ္ဘာကြီးသည် လူတစ်ယောက်အား မျိုသွားဘိသကဲ့သို့ ကျော်ဇံလှ၏ သတင်းကို နောက်ထပ် မကြားတော့ဘဲ . . . ဘန်ကောက်မြို့နှင့်တကွ ယိုးဒယားနိုင်ငံတစ်ဝန်းလုံးတွင်လည်း တိုက်ခိုက်လုယက်မှုများ ရပ်စဲ၍သွားလေသည်။

ဤနေရာ၌ ဦးခေါင်းဖြူပြောသော ဝတ္ထုမှာ အဆုံးသတ်လေသည်။

ဝတ္ထုအဆုံး၌ ဦးခေါင်းဖြူသည် ပရိသတ်များအား ဦးညွှတ်ကာ –

"ကျော်ဇံလှရဲ့ ဝတ္ထုဟာ ဒီနေရာမှာပဲ ပြီးဆုံးပါပြီခင်ဗျာ၊ သို့သော် ဘဂဝမ်ဆင်က နောက်ဆက်တွဲကို ဆက်ပြီး အစီရင်ခံပါလိမ့်မယ်"

ဟု မိတ်ဆက်၍ပေးသဖြင့် ဘဂဝမ်ဆင်သည် နေရာမှ မတ်တပ်ရပ်လိုက်လေ၏။ ထိုအခါ ပုလိပ်မင်းကြီးက –

"ဦးခေါင်းဖြူ ပြောတဲ့ ပုံကလေးတော့ တကယ်စိတ်ဝင်စားစရာကောင်းတာပဲဗျာ၊ ကျုပ်တို့မှာရှိတဲ့ ယိုးဒယားစုံထောက်အဖွဲ့က ဖိုင်ထဲမှာ ပါတဲ့အတိုင်း ကောလိပ်ကျောင်းသားသုံးယောက် ရာဇဝင်နဲ့တော့ ကိုက်နေတာပဲ၊ နို့ပေမယ့် ခင်ဗျားဝတ္ထုက မပြီးမပြတ်ကြီးကိုဗျ ဦးခေါင်းဖြူ"

ဟု ဝင်၍ပြောလေသည်။ ဦးခေါင်းဖြူက –

"မှန်ပါတယ်ခင်ဗျာ . . . ဒါကြောင့် နောက်ပိုင်းကို ဘဂဝမ်ဆင်က ဆက်ပြောပါလိမ့်မယ်လို့ ကျွန်တော် အစီရင်ခံခြင်းဖြစ်ပါတယ်"

အမတ်ကြီး ဦးရွှေဇံအောင်သည်လည်း –

"ကိုင်း ဘဂဝမ်ဆင် ပြောမှာဖြင့် မြန်မြန်ပြောဗျာ၊ အချိန်ကုန်ပါတယ်၊ ဒီပင့်ကူအသင်းမှာ ခေါင်းဆောင်တဲ့ ကျော်ဇံလှဟာ နောက်တော့ ဘယ်ရောက်သွားသလဲ"

ဟု မေးလိုက်ရာ ဘဂဝမ်ဆင်က –

"ဘယ်မှ ရောက်မသွားပါဘူးခင်ဗျာ ရှိပါတယ်"

ထိုခဏ၌ ပုလိပ်မင်းကြီးက ဝင်၍ ပြောပြန်လေသည်။

"ခင်ဗျားတို့ပြောတာတော့ ဟုတ်ပါရဲ့ဗျာ . . . ပြီးတော့ [illegible] လို့လဲ ကောင်းပါရဲ့ . . . ပင့်ကူသင်းခေါင်းဆောင်ကြီး ကိုယ်တိုင် [illegible] လိမ့်မယ်ဆို . . . ဘယ့်နှယ် ခင်ဗျားလူက အချိန်မမှန်ပါ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းဖြူက –

"ပင့်ကူကြီးဟာ ဘယ်နေရာမဆို အင်မတန် အချိန်မှန်တဲ့ လူတစ်ယောက်ပါခင်ဗျာ၊ ကိုင်း . . . ဘဂဝမ်ဆင် ခင်ဗျားဝတ္ထုကို ဆက်ပေတော့ဗျ"

သို့နှင့် ဘဂဝမ်ဆင်သည် ဦးခေါင်းဖြူပြောခဲ့သော ဝတ္ထုကို အင်္ဂလိပ်ဘာသာဖြင့် အောက်ပါအတိုင်း ဆက်လက်၍ ပြောလေသည်။

"ဒါနဲ့ . . . မောင်ညွန့်ဝေဆိုတဲ့လူက စက်ာပူမြို့ရောက်လာပြီး ဟိုတယ်တစ်ခုမှာ ပထမ ကပ်ရပ်နေရပါတယ်ခင်ဗျာ၊ ဘယ်မှ သွားဖို့ လာဖို့ စရိတ်လဲ မရှိ၊ သူ့ကို တစ်ပတ်ရိုက်လိုက်တဲ့ သူ့သူငယ်ချင်း မောင်ကျော်ဇံလှကို လိုက်ရှာဖို့ကလဲ စရိတ်ကြေးငွေမရှိဖြစ်နေပါတယ်။ ပြီးတော့ ဦးခေါင်းဖြူပြောတဲ့အတိုင်း ဘန်ကောက်မြို့ကနေပြီး 'ဟူပင်' ဆိုတဲ့ တရုတ်တစ်ယောက် ပျောက်သွားတယ် ဆိုတဲ့အကြောင်းကလွဲပြီး ဘာသတင်းမှ မကြားရလေတော့ သူလဲ လက်လျှော့ရတော့မလောက် ဖြစ်နေပါတယ် . . .။

"ဒီလိုနဲ့ . . . အချိန်ဟာ ဆယ်နှစ်လောက် ကြာသွားတဲ့အခါမှာ လူဆိုးတွေဟာ သူတို့အကြံအစည် အထမြောက်အောင်မြင်တဲ့ အပြီးသတ်မှာ ရွှေရောင်တောက်တဲ့ ပင့်ကူသေကောင်ကလေးကို ထားခဲ့တတ်ကြောင်း သိရပါတယ် . . .။

"ဒီအခါမှာ ညွန့်ဝေမှာလဲ အလုပ်ကလေး အကိုင်ကလေးရလို့ ငွေကြေးလဲ အတော်စုဆောင်းမိပါပြီ၊ သူလဲ မြန်မာပြည်ကို ပြန်မယ်လုပ်နေတုန်း အခုလို စက်ာပူမှာ ရွှေပင့်ကူသင်းကြီး ပေါ်လာပြန်တယ်ဆိုတဲ့အကြောင်းကို ကြားရတော့ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က တျေးဇူးရှင်သူငယ်ချင်းအပေါ်မှာ ရက်ရက်စက်စက် ကြံစည်တဲ့ ကျော်ဇံလှရဲ့ လက်ချက်ပဲလို့ အတပ်တွေးမိပြီး ကျော်ဇံလှကို လိုက်ရှာပါတယ်၊ ဒါပေမဲ့ ကျော်ဇံလှလဲ မတွေ့ဘူး၊ 'ဟူပင်' ကိုလဲ မတွေ့ဘူးခင်ဗျ . . .။

"ဒီအသင်းက လုပ်လိုက်မှဖြင့်လဲ အင်မတန် ပိပိရိရိရှိပြီး လက်သည် ဘယ်တော့မှ မပေါ်ဘူးခင်ဗျ . . . ဘယ်ပေါ်နိုင်မလဲခင်ဗျာ . . . အလုပ်ကြီးကြပ်အုပ်ချုပ်ပြီးနေတဲ့ လူကိုယ်က တကယ် ပညာတတ်ကလားခင်ဗျ အနောက်နိုင်ငံက ပညာတတ်တွေလဲရှိတယ် . . . အရှေ့နိုင်ငံက သူလျှိုအလုပ်နဲ့ လက်တွေ့စမ်းသပ်နည်းတွေကိုလဲ လေ့လာခဲ့တယ်၊ သည်အပေါ်မှာ မြန်မာများရဲ့ လျှင်မြန်ဖျတ်လတ်တဲ့ ဦးနှောက်ကို အသုံးပြုပြန်တော့ ဘယ်ပုလိပ်အဖွဲ့ ဘယ်စုံထောက်အဖွဲ့မှ လိုက်လို့မမိနိုင်ဘူးခင်ဗျ"





နားထောင်သူများသည် မလှုပ်မရှက် ငြိမ်သက်စွာ နားထောင်လျက် ရှိကြရာ ဘဂဝမ်ဆင်သည် ရေတစ်ဖန်ခွက်ကို ယူ၍သောက်ပြီးနောက် ဆက်လက်၍ ပြောပြန်လေသည်။

"သည်တော့ . . . မောင်ညွန့်ဝေက သည်လောက် နက်နဲတဲ့ အကြံအစည်ကို ကြံစည်တာက ကျော်ဇံလှကလွဲပြီး ဘယ်သူမှ မဖြစ်နိုင်ဘူးလို့ အတပ်တွေးမိတယ် . . . သာမြတ်မှာ လက်လွန်သွားတဲ့အတွက် သေသွားရှာပြီ သူတစ်ယောက်ပဲ ကျန်တော့တယ်၊ ဒီတော့ ဘယ်နည်းနဲ့မဆို ငါ ကျော်ဇံလှကို မတွေ့တွေ့အောင် ရှာပြီး လက်စားချေတော့မယ်လို့ သန္နိဋ္ဌာန်ချပါတယ်၊ သူနေရာက ကျွန်တော်တို့ နေကြည့်လို့ရှိရင်လဲ ဒီအတိုင်းဖြစ်မှာပဲ . . . ဘယ်လောက် အသည်းနာစရာကောင်းသလားခင်ဗျာ၊ သူတို့ပိုင်တဲ့ ငွေတွေလဲ ယူထားလိုက်သေးတယ်၊ လူကိုလဲ ရိုက်ပြီး နိုင်ငံခြားသင်္ဘောမှာ တင်လွှတ်လိုက်သေးတယ် . . .။

"ဒါနဲ့ ညွန့်ဝေဟာ သူ့ကိုယ်သူ အမျိုးမျိုးရုပ်ဖျက်ပြီး ကျော်ဇံလှကို ငွေကုန်ကြေးကျခံပြီး ရှာတာကိုးခင်ဗျ . . . ဒါပေမဲ့ ရုတ်တရက်တော့ ဘယ်တွေ့နိုင်မလဲခင်ဗျာ . . . သူ့ထက်မက တရုတ်ပြည်တစုံထောက်တွေ ယိုးဒယား စုံထောက်တွေ ကြားထဲကတောင် လက်တစ်လုံးခြားလုညှ်ပြီး လွတ်ထွက်လာခဲ့သေးတာပဲ . . . ဒါနဲ့ မောင်ညွန့်ဝေဟာ စက်ာပူမှာရှိတဲ့ လူဆိုးရပ်ကွက်မှန်သမျှ ကစားဝိုင်း၊ ဖဲဝိုင်း၊ ဟိုတယ်ဘိန်းခန်းမှမကျန် ရှာဖွေတာ ဘယ်မှာမှ ခရိပ်အငွေ့ အစအန မတွေ့ဘူးခင်ဗျ၊ နောက်တော့ မောင်ညွန့်ဝေက ဘယ်လိုစဉ်းစားမိသလဲဆိုတော့ ကျော်ဇံလှဟာ . . . လူဆိုးများနယ်ပယ်မှာ ခရှိတာဟာ တခြားမဟုတ်ဘူး . . . ကေန္တ အတုအယောင်ဆောင်ပြီး လူကောင်းနယ်ပယ်ကို ရောက်နေလို့ပဲလို့ စဉ်းစားမိတာကို ခင်ဗျ၊ ယိုးဒယားမှာနေတော့ ဆေးမှုကက်ကုန်သည်ယောင် ဆောင်နေတယ်၊ အင်ဒိုချိုင်းနားမှာတော့ ဟိုတယ်ပိုင်ရှင် တစ်ဦးအဖြစ်နဲ့ နေတယ် . . . စက်ာပူရောက်တော့ မြူနီစီပါယ် အရာရှိတစ်ဦးအဖြစ်နဲ့ နေတယ်၊ ဒီတော့ ရုတ်တရက် ဖမ်းမိဖို့ ခက်တာပေါ့ ခင်ဗျာ သူနဲ့အတူတူလဲပြေးနေတယ် ခွေးနဲ့အတူတူလဲ လိုက်နေတယ်ဆိုတဲ့ အင်္ဂလိပ်စကားပုံအတိုင်းပေါ့ . . .။

"အဲ အခုလို ကျော်ဇံလှနောက်ကို ခြေရာခံပြီး လိုက်နေတဲ့အခါ မောင်ညွန့်ဝေဟာ ယိုးဒယားက ဒီအသင်းကြီးနောက်တို့ ယိုက်ဖို့ ထွက်သွားတဲ့ စုံထောက်တစ်ယောက်နဲ့ သွားပြီး မိတ်ဆွေဖြစ်တော့တယ်ဗျ . . .



www.burmeseclassic.com

www.burmeseclassic.com



ထိုင်းထားနိုင်ငံ လတ်ထပ်ညစာစားပွဲမှာ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်ကျော်က ဖြစ်တဲ့အမှုဟာ . . . အခုထက်ထိ အမှုမပိတ်သေးဘဲ . . . ဒီလူဆိုးခေါင်းဆောင်များကို လိုက်တုန်း ရှိသေးတယ် . . . သည်လောက်ခွဲကောင်းတဲ့ ယိုးဒယားစုံထောက်အဖွဲ့ပါပဲ ခင်ဗျာ . . .။

"ဒါနဲ့ ပင့်ကူကြီးဟာ နောက်ဆုံး မြန်မာပြည်ကို ရောက်လာပါတယ်။ ထားဝယ်မှာ ပထမ စတည်းချပြီး နေရာကမှတစ်ဆင့် ရန်ကုန်ကို တက်ကြဖို့ ကြံရတာကိုးဗျ . . . ကြံတဲ့အတိုင်း အခုတက်ကြခဲ့တာ မဟုတ်လား"

ဤနေရာတွင် ပုလိပ်မင်းကြီးနှင့် စုံထောက်မင်းကြီး ၂ ယောက်စလုံးဝင် –

"ဟုတ်တယ်ဗျာ၊ ဟုတ်တယ်"

ဟု သံပြိုင်လိုက်ပြောကြလေသည်။

ဘဂဝမ်ဆင်သည် စီးကရက်တစ်လိပ်ကို မီးညှိ၍ အားရပါးရ ရှိုက်လိုက်ပြီးလျှင် သူ၏ မုတ်ဆိတ်မွေးကြီးကို လက်ဖြင့်သပ်ပြီးနောက် စကားဆက်ပြန်လေသည်။ နန်းရင်းဝန်ကြီးနှင့် ဦးရွှေဇံအောင်တို့မှာမူ ခေတ္တမျှ ဘဂဝမ်ဆင်က ရပ်နားလိုက်သည်ကိုပင် အာရုံပြုတ်၍ သွားသကဲ့သို့ စူးစိုက်နားထောင်လျက်ရှိကြ၏။

"သူတို့အသင်း မြန်မာပြည်ကို ရောက်လာတဲ့အခါ မောင်ညွှန့်ဝေနဲ့ ယိုးဒယားစုံထောက်ကလဲ မြန်မာပြည်ကို ထက်ကြပ် လိုက်လာခဲ့ကြပါတယ်။ မြန်မာပြည်ကို ရောက်လာတဲ့အခါမှာ အသင်းရဲ့ ဒုတိယခေါင်းဆောင် 'ဝူဖန်' ဆိုတဲ့ တရုတ်လဲ သူ့ရဲ့ လက်ရုံးကြီးအဖြစ်နဲ့ ပါလာခဲ့ကြပါတယ်ခင်ဗျ . . . မောင်ညွှန့်ဝေနဲ့ မိတ်ဆွေဖြစ်ပြီး လိုက်လာတဲ့ စုံထောက်ဆိုတာ တခြားမဟုတ်ဘူးခင်ဗျ၊ မကြည်ကြည်နေတဲ့ အခန်းအထက်က အခန်းမှာ အသတ်ခံရတဲ့ ဆရာဝန်ဦးပန်းခိုင်ဆိုတဲ့ လူပါပဲ . . . ဒီလိုကိုးခင်ဗျ . . .၊ ယိုးဒယားစုံထောက်အဖွဲ့က ဘယ်လိုလူမျိုးကို ရွေးပြီး လွှတ်သလဲဆိုတော့ မြန်မာနဲ့ ယိုးဒယား စပ်ပြီးကျတဲ့ လူမျိုးမှ ဒီအမှုနဲ့ ကိုက်တယ်ဆိုပြီး ဒီလိုလူမျိုးတွေ ရွေးလွှတ်တာကိုးဗျ။ သူလဲပဲ 'ဝူဖန်' ဟာ ဒီအသင်းမှာ ခေါင်းဆောင်ပင့်ကူကြီးပဲဆိုပြီး 'ဝူဖန်' ဓာတ်ပုံကို ရအောင် ကြံစည်တဲ့အတွက် သိသွားပြီး အသတ်ခံရတာပါပဲ၊ ဒါပေမဲ့ ယိုးဒယား ပုလိပ်အဖွဲ့က လွှတ်ထားတဲ့ ယိုးဒယား ပုလိပ်အရာရှိကြီး တစ်ယောက် ရှိသေးတယ်ခင်ဗျ၊ ဒီလူကို ဘယ်သူမှ မသိဘူး . . .၊ သို့သော် ဒီပုလိပ်အရာရှိကတော့ မောင်ညွှန့်ဝေကို ကောင်းကောင်းသိတယ် . . . မောင်





ညွှန့်ဝေဓာတ်ပုံ သူ့လက်ထဲမှာ ရှိတယ်၊ သည်တော့ သူတို့အချင်းချင်း အကြံတူတယ်ဆိုပြီး ဒီအရာရှိက မောင်ညွှန့်ဝေကို သွားခေါ်ပြီး . . . သူတို့နှစ်ယောက် ဆက်ပြီး ကြံစည်ကြပါတယ် . . . ဒီနေရာမှာ အသင်းကြီးဟာ . . . ရန်ကုန် ရောက်မလာခင် ထားဝယ်မြို့မှာ ဘယ်လို ဖြစ်ခဲ့ကြတယ်ဆိုတဲ့ အကြောင်းကလေး ပြန်ပြောဖို့ လိုတယ်ခင်ဗျ၊ ဒါမှလဲ ဇာတ်လမ်းချင်း ဆက်မိမယ်"

ဤနေရာတွင် နန်းရင်းဝန်ကြီးက –

"ဘယ့်နှယ်လဲမစ္စတာဘဂဝမ်ဆင်၊ ခင်ဗျားဇာတ်လမ်းက တယ်ပြီး ရှည်ပါလားဗျာ၊ ကျုပ်တို့အလိုရှိတာဟာက ပင့်ကူကြီးဟာ ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတဲ့အချက်ကို အဓိက အလိုရှိတာဗျ"

ဟု စကားဖြတ်၍ပြောရာ ဦးရွှေဇံအောင်ကလည်း နန်းရင်းဝန်ကြီး၏ စကားကို ထောက်ခံလေသည်။

ဘဂဝမ်ဆင်က –

"အဖြီးသတ်လုပါပြီခင်ဗျာ၊ တစ်ဆိတ် သည်းခံပြီးနားထောင်ကြပါ"

ထို့နောက် ဘဂဝမ်ဆင်သည် ဆက်လက်၍ ပြောပြန်လေသည်။

"ဒါနဲ့ ဒီအသင်းကြီး ထားဝယ်မြို့ကို ရောက်လာတဲ့ . . . အချိန်မတိုင်မီ နှစ်ပေါင်း ၃၀ လောက်က ထားဝယ်မြို့မှာ ကလေးပျောက်မှုတစ်ခု ဖြစ်ခဲ့ဖူးပါတယ်၊ ဘယ်လိုလဲဆိုတော့ . . . လူကုံထံသူဌေးကြီးရဲ့ အသက်ရှစ်နှစ်ရွယ်သားကလေးဟာ အထိန်းအာယာမနဲ့ ပင်လယ်ကမ်းစပ်မှာ ကစားနေတဲ့ အချိန်မှာ ဖြုန်းခနဲ ပင်လယ်ဓားပြတွေ ရောက်လာပြီး ကလေးကို ဖမ်းဆီးသွားပါတယ်၊ မိဘတွေလဲ ယူကြုံးမရဖြစ်ပြီး ပင်လယ်ဓားပြများနောက်ကို နှစ်နှစ်သုံးနှစ် သတင်းနားထောင်ပြီး လိုက်ပေမယ့် မတွေ့တော့ပါဘူးခင်ဗျာ၊ ကလေးဟာ သေလေသလား . . . ရှင်လေသလဲ မသိရတော့ဘူး၊ ကလေးကို ခိုးသွားပြီး ငွေမတောင်းတာထောက်တော့ ကလေးကို သူတို့ ကိုယ်တိုင်မွေးချင်လို့ အောက်မေ့ကြရတာပဲ၊ ဒီကလေးနာမည်က မောင်ရွှေဇံတဲ့ ခင်ဗျ၊ ဒါနဲ့ နောက် နှစ်ပေါင်းသုံးဆယ်လောက်အကြာမှာ မောင်ရွှေဇံဆိုတဲ့ လူတစ်ယောက် ပြန်လာပြီး သူဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်လောက်က ပင်လယ်ဓားပြတွေ ခိုးသွားတဲ့ မောင်ရွှေဇံပါပဲလို့ ပြောတာကိုး . . ."

"ဟော့လူ . . . လက်မြှောက်လိုက်၊ နည်းနည်းကလေး လှုပ်ရင် ဦးနှောက်တွေကို အပြင်ထုတ်ယူလိုက်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဦးခေါင်းဖြူ၏ အလန့်တကြား ဟစ်အော်သံကို ကြားရသဖြင့် ဧည့်သည်များသည် စကားပြောနေသော ဘဂဝမ်ဆင်၏မျက်နှာကို ကြည့်နေရာမှ ဦးခေါင်းဖြူရှိရာသို့ လှည့်၍ ကြည့်လိုက်ကြလေ၏။

ဦးခေါင်းဖြူသည် ခါးထဲမှ သေနတ်နှစ်လက်ကို တစ်ပြိုင်နက် ဆွဲထုတ်လိုက်ပြီးလျှင် ဦးရွှေဇံအောင်နှင့် ဘဂဝမ်ဆင်ရှိရာဘက်သို့ သေနတ်နှစ်လက်ဖြင့် တစ်ယောက်စီ ချိန်၍ထားလေသည်။

ဘဂဝမ်ဆင်သည် အပြုံးမပျက်ဘဲ ခပ်အေးအေးပင် ရှိနေရာ ဦးရွှေဇံအောင်ကမူ –

"ဘယ့်နှယ်လုပ်တာလဲ . . . ဦးခေါင်းဖြူ ခင်ဗျား ရူးများနေသလား"

ဟု ပြာပြာသလဲ မေးလေသည်။

နန်းရင်းဝန်ကြီးက –

"နေပါဦး ဘဂဝမ်ဆင်ရဲ့၊ ပြန်လာတဲ့သူက ဘယ်သူလဲ"

ဟုမေးလိုက်လေသည်။

ထိုအခါ ဘဂဝမ်ဆင်က –

"တခြားသူ ဟုတ်ပါရိုးလား ခင်ဗျာ . . . ကျော်ဇံပေါ့၊ သူက တကယ့်အမျိုးကောင်း ထားဝယ်သားအစစ်ဆိုပြီး မဲပေးကြလို့ ထားဝယ်အမတ်ကြီး ဦးရွှေဇံအောင်ဖြစ်လာတာပေါ့"

ထိုခဏ၌ လက်ဖက်ရည်စားပွဲ တည်ခင်းသော အခန်းနံရံတွင် ဆွဲချိတ်ထားသည့် မှန်ဘောင်နှင့် ပန်းချီကားလေးနှသည် ဆွဲထားသော ကြိုးကို ဖြတ်၍ ချလိုက်ဘိသကဲ့သို့ အောက်သို့ လည်၍ ကျသွားပြီးနောက် အရုပ်ကားများ၏ နောက်မှ အပေါက်တစ်ပေါက်စီ ပေါ်လာလေ၏။

ထိုအပေါက်များထဲမှလည်း သေနတ်ပြောင်းတစ်လက်စီ ထွက်လာပြီးလျှင် ဦးရွှေဇံအောင်အား ချိန်လျက်ရှိ၏။ ဘဂဝမ်ဆင်သည် သူ၏အိတ်ထဲမှ တစ်စုံတစ်ခုကို ယူပြီးလျှင် ဦးရွှေဇံအောင်၏လက်ကို ကိုင်လိုက်ရာမှ ချက်ခနဲမြည်သံ ကြားလိုက်ရပြီးနောက် . . . ဦးရွှေဇံအောင်မှာ လက်ထိပ်ခတ်ပြီးနေတော့၏။

ထိုအခါ အခန်းတွင်းရှိ လူအားလုံးသည် ကြက်သေ သေလျက် ရှိကြကုန်ရာ နန်းရင်းဝန်ကြီးသည် မတ်တပ်ရပ်လျက် –

"ဟော့လူတွေ . . . ဘယ်လိုလုပ်ကြတာလဲ . . . တယ်စော်ကားပါကလားဗျာ၊ အမတ်ကြီးဦးရွှေဇံအောင်ကို ခင်ဗျားတို့ မသိကြဘူးလား ဟင်"





ထိုအခါ ဘဂဝမ်ဆင်သည် မုတ်ဆိတ်မွေးကို သပ်ကာ စဉ်းစားဟန်ဖြင့် ဦးခေါင်းဖြူ၏ မျက်နှာကိုသာ ကြည့်ရှုလျက်ရှိလေ၏။ ဦးခေါင်းဖြူကား နန်းရင်းဝန်ကြီးရှိရာသို့ ဦးခေါင်းကို ညွှတ်လျက် –

"မှန်ပါတယ် ဗန်မင်း . . . ဒီကိစ္စကို ရှင်းပြဖို့ ကျွန်တော့်မှာ တာဝန်ရှိပါတယ်"

ထို့နောက်တစ်ဖန် ဦးခေါင်းဖြူသည် ကျန်လူများဘက်သို့လှည့်ကာ–

"ဦးခေါင်းဖြူ . . . ဦးခေါင်းဖြူ . . . ကျုပ်ကိုတော့ ဦးခေါင်းဖြူအဖြစ်နဲ့သာ ခင်ဗျားတို့ သိကြတာကိုးဗျ . . . ဒီမှာကြည့်ကြစမ်း၊ ကျုပ်ဘယ်သူလဲဆိုတာ . . . ဟော့ . . . ကျော်ဇံလှ ဒီမှာ ကြည့်စမ်းပါဦး . . . မင်းငါ့ကို မှတ်မိသေးရဲ့လား"

ဦးခေါင်းဖြူသည် သူ၏အိတ်ထဲမှ လက်ကိုင်ပုဝါတစ်ထည်ကို ထုတ်ယူကာ ရေဖန်ခွက်ထဲသို့ နှစ်လိုက်ပြီးနောက် သူ၏မျက်နှာကို ရေစိုသော လက်ကိုင်ပုဝါဖြင့် သပ်၍ ချလိုက်လေ၏။ ထိုအခါ အသားလတ်ခြင်းနှင့်တကွ ပါးပြင်ပေါ်တွင် ထင်၍နေသော အမာရွတ်ကြီးသည် သစ်ခေါက်ကို ဓားဖြင့် လှီး၍ချလိုက်သကဲ့သို့ ကွာ၍ကျသွားပြီးလျှင် အသား မဖြူမညို နှာတံခပ်ပြားပြားနှင့် လူတစ်ယောက်၏ပုံ ပေါ်လာတော့၏။ ထို့နောက် ဦးခေါင်း၏ နောက်ဆက်မှ အရေပြားကို အပေါ်သို့ ဆွဲ၍ လှန်လိုက်ဘိသကဲ့သို့ . . . ဆွဲလှန်လိုက်ရာ . . . ဆံပင်ဖြူပုံကြီးသည် စားပွဲပေါ်သို့ ကျွတ်ကျသွားပြီးလျှင် မည်းနက်သော ဆံပင်ကို ခပ်တိုတိုညှပ်ထားသည့် လူတစ်ယောက်ကို တွေ့မြင်ကြရလေ၏။ ထိုအခါ မကြည်ကြည်မှာ လန့်၍ပင် အော်လိုက်ရာ ဦးရွှေဇံအောင်ကမူ 'ညွှန့်ဝေ' ဟု တစ်ခွန်းတည်းသော အော်လိုက်နိုင်လေသည်။

"အေး . . . ဟုတ်တယ် . . . ကျော်ဇံလှရဲ့ မင်းကို လိုက်ရှာနေတဲ့ ညွှန့်ဝေပဲ . . . နို့ပေမယ့် . . . ဒီမြို့ရောက်လာတဲ့အခါ ညွှန့်မောင်လို့ နာမည်ပြောင်းထားတော့ သတ္တုတွင်းပိုင် ဦးညွှန့်မောင်လို့ လူများက သိကြတယ်"

ပရိသတ်များကား အံ့ဩသည်ထက် အံ့ဩကာ ရှိနေကြကုန်၏။ သို့သော် အံ့အားသင့်ခြင်းကား ဤမျှနှင့် မရပ်သေးချေ။

ဦးခေါင်းဖြူ . . . သို့မဟုတ် . . . ဦးညွှန့်မောင်သည် အမိန့်ပေးသောလေသံဖြင့် –

"ကိုင်း . . . တော်လောက်ပါပြီကွယ် . . . တရားခံအားလက်ထိပ်ခတ်ပြီးတဲ့နောက် မင်းတို့သေနတ်တွေ မလိုတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြော၍ လက်ခုပ်တီးလိုက်လေ၏။ ထိုအခါ သေနတ်ပြောင်း ၄ ခုသည် အဝေါက်များထဲသို့ ပြန်၍ ဝင်သွားပြီးလျှင် အရုပ်ကားများသည်လည်း ယခင်က နေရာအတိုင်းဝင် ပြန်၍ ဖြစ်သွားလေ၏။

ထို့နောက် ဦးညွန့်မောင်က ဆက်လက်၍ –

"ကိုင်း မစ္စတာဘဂဝမ်ဆင် ခင်ဗျားအကြောင်းကလေး နည်းနည်းဝါးပါး ပြောလိုက်စမ်းပါဦးဗျာ . . ."

ထိုအခါ ဘဂဝမ်ဆင်သည် တည်ငြိမ်လေးနက်သောအသံဖြင့် –

"ဦးပန်းခိုင်သေပြီးနောက် ယိုးဒယားပုလိပ်အဖွဲ့က လွှတ်လိုက်တဲ့ ပုလိပ်အရာရှိကြီးတစ်ယောက်လာပြီး ဦးစံဆော်ဟာ ရန်ကုန်မြို့အတွက် ဒီအသင်းရဲ့ တာဝန်ခံကြီးဖြစ်ကြောင်း သိတာနဲ့ သူ့အိမ်မှာ ဘဏ္ဍာစိုးယောင်ဆောင်နေခဲ့တာကိုဗျ . . . ယိုးဒယားကတည်းက ဦးညွန့်ဝေနဲ့ ပေါင်းမိပြီး ရန်ကုန်ရောက်တော့လဲ ဒီအသင်းနောက်ကို . . ."

နန်းရင်းဝန်ကြီးက –

"ဒါဖြင့် အဲဒီလူက ဘယ်သူလဲ"

ဟု မေးလိုက်ရာ –

ဘဂဝမ်ဆင်သည် သူ၏ ပန်ချာပီ ခေါင်းပေါင်းကြီးကို ရှေးဦးစွာ ဖြုတ်ချလိုက်ပြီးနောက် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများကို ဖြုတ်ချလိုက်ရာ ခင်မောင်စိုးပါးစပ်မှပင် –

"ကိုကံကြီးပါကလား"

ဟု ဟစ်အော်လိုက်မိ၏။

"ဟုတ်ပါတယ် . . . ကိုခင်မောင်စိုး၊ ကျွန်တော် ကိုကံကြီးအစစ်ပါပဲ . . . ဒါကြောင့်လဲ မိတ်ဆွေလာမေးတုန်းက ဦးညွန့်မောင်ခြံကို အမှန်အတိုင်း လမ်းညွှန်လိုက်တာပေါ့"

ထို့နောက် ဘဂဝမ်ဆင်က ဆက်လက်၍ ဤသို့ဖြင့် မိမိသည် ဦးခေါင်းဖြူခေါ် ဦးညွန့်မောင်ခေါ် ဦးညွန့်ဝေနှင့် ပေါင်း၍ ပင့်ကူသင်းကြီးနောက်သို့ လိုက်ခဲ့ကြောင်း၊ မိမိမှာ ဒရိုင်ဘာ အဖြစ်ဖြင့်လည်း အသုံးခံရ၍ ၇ မိုင်ခြံတွင်လုပ်သော အစည်းအဝေးများကို မသိသိအောင် စုံစမ်းနိုင်ခဲ့ကြောင်း၊ ယိုးဒယားနှင့် စကော့ပွဲ့မှု နယ်ကျယ်၍ လူမျိုးစုံသောကြောင့် ကျော်ဇံလှမှာ ယိုးဒယားလိုတစ်မျိုး . . . ပသျှူးလိုတစ်ဖုံ အမျိုးမျိုးစုံအောင် . . . ရုပ်ဖျောက်နေနိုင်ခဲ့ကြောင်း၊ မိမိကိုယ်တိုင် ခေါင်းဆောင်ပင့်ကူကြီးမှာ မည်သူမည်ဝါဖြစ်





သည်မသိ၊ မမြင်လည်း မမြင်ဖူးပဲရှိရာ ဦးစံဆော်နှင့် အသင်းသားများအား မဖမ်းမီ ၁ နာရီခန့်ကမှ ဦးညွန့်ဝေက ပြောပြသဖြင့် သိရကြောင်း၊ ပထမကမူ ခေါင်းဆောင်မှာ ဦးစံဆော်လိုလို၊ ဝူဖန်လိုလို ထင်ခဲ့ကြောင်း၊ ယခုကြိုးပမ်းမှု၌ ခေါင်းဆောင်သူမှာ ဦးညွန့်ဝေခေါ် ဦးညွန့်မောင်ပင်ဖြစ်ကြောင်း ထပ်မံရှင်းပြလေသည်။

ဘဂဝမ်ဆင်ခေါ် ကိုကံကြီးက ဆက်လက်၍ –

"ဒါနဲ့ . . . နောက်ဆုံး ဂျပန်ပြည်ကို လွှတ်ထားတဲ့ ကျွန်တော်တို့ စုံထောက်အဖွဲ့က ရိုက်လိုက်တဲ့ ကြေးနန်းအရဆိုရင် ပင့်ကူကြီးရဲ့ ကိုယ်တွင်းပုံစံ အမှတ်အသားဟာ . . . ဒါပါပဲ"

ဤသို့ပြောဆိုပြီးနောက် ကိုကံကြီးသည် အိမ်ထဲမှ စာရွက်ကို ထုတ်၍ ပုလိပ်မင်းကြီးလက်သို့ အပ်လိုက်လေ၏။

မူရင်း ကြေးနန်းစာမှာ စကား ဝှက်ဖြင့် ရေးထားသော်လည်း 'ကုဒ်' (Code) ခေါ် ကြေးနန်းအဘိဓာန်ဖြင့် ပြန်ဆိုထားသော စကားများမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

'ဟူပင်' အမည်ခံ ကျော်ဇံလှခေါ် မြန်မာလူမျိုး၏ ကိုယ်တွင်းအမှတ်အသားများမှာ လက်ျာဘက် တံတောင်ဆစ်အောက်တွင် ဓားခုတ်ရာ အမာရွတ်တစ်ခု၊ လက်ဝဲဘက်ပေါင်တွင် ကြက်ခြေခတ်သဏ္ဍာန်ဖြစ်နေလေသည့် သေနတ်ဒဏ်ရာပေါင်းတစ်ခု၊ လက်ယာဘက်လက်မောင်းရင်းတွင် မှဲ့ကြီးတစ်ခု ပါသည် ဟူ၍ အဓိပ္ပာယ်ရှိလေသည်။

သို့နှင့် ပုလိပ်မင်းကြီးနှင့် စုံထောက်မင်းကြီးတို့ ကိုယ်တိုင် အမတ် ဦးရွှေဇံအောင်အမည်ခံသူ လူဆိုးကြီး ကျော်ဇံလှကိုယ်ကို ရှာဖွေရာ အမှတ်အသားများကို ထင်ရှားစွာ တွေ့ရ၍ ကျေနပ်ကြလေ၏။

ထို့နောက် ကိုကံကြီးက ဆက်လက်၍ –

"ဒါကြောင့် အင်ဒိုချိုင်းနား၊ ကမ္ဘောဇတိုင်း၊ ယိုးဒယားနိုင်ငံနဲ့တကွ စကော့ပွဲ ပလောပီနံ့တစ်လျှောက် အကြံကြီးကြံခဲ့ပြီး ယခု မြန်မာပြည်ရောက်တဲ့အခါကျမှ လက်ပူးလက်ကြပ် ဖမ်းဆီးရမိတဲ့ 'ကျော်ဇံလှ' ခေါ် 'ဟူပင်' ခေါ် အမတ်ကြီး ဦးရွှေဇံအောင်ကို ယခု လက်ဖက်ရည်ဝိုင်းသို့ ကြွရောက်လာ မိတ်ဆွေများနဲ့ ကျွန်တော်က မိတ်ဆက်ပေးပါတယ်"

စသည်ဖြင့် နောက်ဆုံးပြောကြားပြီးလျှင် နေရာတွင် ပြန်ထိုင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးရွှေစံအောင်ကား မျက်နှာကို မဖော်တော့ဘဲ ဦးခေါင်းကို ငုံ့လျှ
သာ ရှိနေလေ၏။ ဦးညွန့်မောင်သည် နောက်ဆုံးပြောခြင်းအဖြစ်ဖြင့် –

"ကျော်စံလှရဲ့ ရာဇဝင်ကတော့ . . . သည်လောက်ပါပဲ ခင်ဗျာ
ကျွန်တော်တို့ရဲ့ ကြိုးပမ်းမှုမှာ အထူးတလည် အကူအညီပေးတဲ့ သူတစ်ယော
ကိုလဲ ကျွန်တော်တို့ ထုတ်ဖော်ပြီး ချီးကျူးလိုက်ပါသေးတယ် . . . သူဟာ
တခြားသူမဟုတ်ပါဘူး၊ အစိုးရပုလိပ်အဖွဲ့ကို ကူညီတဲ့ အလွတ်စုံထောက်
မောင်စိုးဖြစ်ပါတယ် . . ."

ထိုနေရာသို့ရောက်လျှင် ကျော်စံလှသည် ခင်မောင်စိုးမျက်နှာ
ဖျတ်ခနဲ မော့ကြည့်လိုက်လေသည်။

မကြည်ကြည်မှာမူ မိမိ၏ဆရာအား ဤသို့ ဝိုလ်ပုံလယ်တွင် ချီးကျူ
စကား ပြောကြားသဖြင့် ပန်းဓာလာ သနပ်ခါးမလိမ်းရဘဲ နဂိုပကတိအတိုင်
ရှိနေသော မျက်နှာကလေးတွင် ဝမ်းမြောက်ရွှင်လန်းသည့် အရိပ်အယောင်မျာ
ပေါ်ထွက်လျက်ရှိလေ၏။

ထိုအခါ နန်းရင်းဝန်ကြီးသည် မတ်တတ်ရပ်လျက် –

"အင်း . . . ကျုပ်တို့ အစိုးရအဖွဲ့ဟာ ရေတိမ်မှာ နစ်တော့မလို
နည်းနည်းကလေးပဲ လိုတော့တယ်ဗျာ၊ ဘယ့်နယ်လဲ ဦးရွှေစံအောင် . . .
ကျုပ်ကတော့ ခင်ဗျားကို ဒီနှာခေည်နဲ့ပဲ သိလို့ . . . ဦးရွှေစံအောင်လို့ ခေါ်မှာ
ပဲ၊ ခင်ဗျားဟာ အင်္ဂလိပ်အစိုးရကို ကြံစည်ချင်တယ်ထားဦး . . . ကျုပ်တို့
မြန်မာပြည်သူ ပြည်သားများရဲ့ . . . မျက်နှာကို ထောက်ဖို့ သင့်ပါသေးတယ
ဗျာ၊ ဒီစာချုပ်စာတမ်းတွေ ပြန်ရောင်းလို့ ဂျပန်အစိုးရဆီက ငွေဆယ်သိန်း
လို့ . . . ခင်ဗျားအတွက် ငါးသိန်းရတယ်ပဲထားဦး၊ မြန်မာပြည်က ဆင်း
သူ ဆင်းရဲသားများ မျက်နှာကိုမှ မထောက်ထားဘဲ . . . ကိုယ်ကျိုးကိုယ်တ
အတွက် မြန်မာပြည်ကို ရောင်းစားတာများ ကျုပ်ဖြင့် အံ့သြလို့ မဆုံးနိုင်ဘူး
ကျုပ်တို့အစိုးရအဖွဲ့မှာ ခင်ဗျားလို သူလျှိုတစ်ယောက်ရှိတဲ့အကြောင်း နိုင်ငံခြား
က ကြားရင်တောင် ရှက်စရာကောင်းလှတယ် . . ."

ဟု အေးဆေးစွာ ပြောပြလျက် ရှိလေ၏။

သို့နှင့် အမတ်ဦးရွှေစံအောင် အမည်ခံသူ လူဆိုးကြီး 'ကျော်စံလှ'
အား သူ၏ကားနှင့်ပင် ဦးညွန့်မောင်၏ တပည့်နှစ်ယောက် ဝုလိပ်မင်းကြီး၏
ကိုယ်ရံတော်နှစ်ယောက်တို့ဖြင့် ဆောင့်ရောက်စေပြီးလျှင် အချုပ်ထောင်သို့ ပို့
လေ၏။





သို့သော် . . . တရားခံအဖြစ် အမတ်ကြီးဦးရွှေစံအောင် အမည်နှင့်
င် အင်္ဂလိပ်အစိုးရသည် တရားစွဲ၍ စွဲချက်တွင် အစိုးရ၏ စာချုပ်စာတမ်း
များကို ပျောက်ပစ်သည့်အတွက်ဟူ၍သာ ဖော်ပြပြီးလျှင် အဖြစ်အပျက်အမှန်
ကို အခြားနိုင်ငံများမှ မသိစေရန် ဖုံးအုပ်ထားခဲ့လေသည်။

အားလုံးကိစ္စများ ချောမောသွားပြီး နောက်တစ်ပတ်ခန့်မျှ ကြာလတ်
သော် . . . ခင်မောင်စိုးသည် အလုပ်စားပွဲတွင် ထိုင်ကာ စီးကရက်တစ်လိပ်
ကို မီးညှိ၍ သောက်လိုက်ပြီးနောက် . . . လက်နှိပ်စက်ရိုက်နေသော မကြည်
ကြည်ဘက်သို့ လှမ်း၍ –

"ကြည်လေး . . . ခဏ ဒီလာပါဦး"

ဟု ပြောလိုက်ရာ –

"ဟုတ်ကဲ့အစ်ကိုကြီး"

"ဒီကနေ့ သတင်းစာတွေအားလုံး ဖတ်ပြီးပြီလား"

"ဟုတ်ကဲ့ ဖတ်ပြီးပြီ၊ ဪ . . . ဒါနဲ့ ဦးရွှေစံအောင်အကြောင်း
ပါလာတဲ့ သတင်းဟာ အရေးကြီးတဲ့ အစိုးရ စာချုပ်တွေ ပျောက်သွားတဲ့အတွက်
စစ်ဆေးနေတယ် . . . လွှတ်တော်ကို တက်ခွင့်မပြုဘူး၊ သည်လောက်ပဲပါလာ
တာ တွေ့ရတယ် . . . အစ်ကိုကြီး"

"ဒါပေါ့ ကြည်လေးရဲ့၊ ဒီအကြောင်းတွေကို ဘုရင်ခံရယ်၊ အစိုးရ
အဖွဲ့က တကယ့်ခေါင်းဆောင်အရာရှိကြီးသုံးလေးယောက်ရယ် ဒါပဲ သိတာပဲ၊
ဒါဟာ အစိုးရပရိယာယ်ပဲ ကြည်လေးရဲ့၊ ကြည်လေးလဲ သတိထားနော်၊ ဘယ်
သူမှ ဘာမှမပြောနဲ့၊ လေသံတောင် မဟလေနဲ့နော် ကြားလား"

"စိတ်ချပါ အစ်ကိုကြီးရယ် . . . ကြည်လေး သိပါတယ်၊ ဪ ဒါ
ထက် အစ်ကိုကြီးကို တစ်ခုမေးရဦးမယ် . . . ဒီ ဦးရွှေစံအောင်ဆိုတဲ့လူကြီး
က သူ့လက်ထဲရောက်ပြီးသား စာချုပ်တွေကို ဂျပန်အစိုးရလက်ကို တစ်ခါ
တည်း ရောင်းစားနိုင်ရက်သားနဲ့ အင်္ဂလိပ်အစိုးရကို ဘာပြုလို့ ရောင်းရတာလဲ
အစ်ကိုကြီးရဲ့"

"သူလဲ အဖြစ်ကင်းအောင် ပိုက်ဆံလဲ ပိုရအောင် ဂျပန်အစိုးရကိုလဲ
သူ ဘယ်လောက်တောင် ကြံစည်ပြီး စွန့်စွန့်စားစား ယူခဲ့ရသလဲဆိုတာ
ပြီး ငွေတောင်းကောင်းအောင် ကြံတာပေါ့ ကြည်လေးရဲ့ . . .၊ သူ့အကြံ
မပိုင်ဘူးလား၊ သူ့အသင်းသားတွေကိုလဲ လက်ဆွဲအိတ်ရှင်း လဲ
တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါရဲ့ . . . ကြည်လေးဖြင့် အစ်ကိုကြီး အခုပြောမှ ရိပ်မိတော့တယ်"

"သူ့အပေါ်မှာလဲ ပုလိပ်မင်းကြီးကရော . . . နန်းရင်းဝန်ကြီးကရော ယုံကြည်အောင် မြှိမ်းခြောက်တဲ့ စာတွေတောင် ပုလိပ်မင်းကြီးသာ မဟုတ်ဘူး၊ သူ့ကိုလဲ ပေးလေဟန်လုပ်ထားတာ ဘယ်လောက် ယုတ္တိတန်သလဲ"

"သိပ်ဉာဏ်သွားတာပဲနော်"

"အစ်ကိုကြီးဖြင့် ဒီအမှုမှာ ထင်တိုင်းမပေါက်ခဲ့တာ သိပ်နာတာပဲ ကြည်လေးရယ်၊ နှစ်ရက်လောက် အချုပ်ခံရပြီး စီးကရက်ငတ်ခဲ့တာ အဖတ်တင်တာပဲ"

"ဒါကတော့ အစ်ကိုကြီး ချောင်းကြည့်တာ မတော်တဆ သူတို့မိသွားလို့ကိုး အစ်ကိုကြီးရဲ့၊ ဒီလိုမမိရင် တစ်မျိုးတစ်မည်ဖြစ်ချင်ဖြစ်ဦးမှာပေါ့"

"ဟုတ်တော့ ဟုတ်ပါတယ်၊ အေးလေ . . . ဒါနဲ့ပဲ ဖြေရတာပဲ"

"နေပါဦး အစ်ကိုကြီးရဲ့ . . . တစ်ခုမေးပါရစေဦး၊ ဒီစာရွက်စာတမ်းတွေ ဂျပန်ကမရဘဲနဲ့ အခု အင်္ဂလိပ်လက်ထဲရောက်သွားတော့ ဘယ်လိုဖြစ်မှာလဲ"

"အင်္ဂလိပ်ကို မြန်မြန်စစ်ကြေညာတော့မှာပေါ့ကွယ် . . .၊ အခု နိုဝင်ဘာလကုန်မှာ ကြေညာမလား၊ ဒီဇင်ဘာကျမှပဲလား မပြောတတ်ဘူး၊ စောင့်ကြည့်ရဦးမှာပဲ"

"ရွှေပင့်ကူအသင်းကြီးတော့ တစ်ခါတည်း ပျက်စီးသွားပြီပေါ့နော် အစ်ကိုကြီး"

"သိပ်လဲ မထင်နဲ့ဦး ကြည်လေးရဲ့၊ အပင်တစ်ပင်လုံးတော့ မီးလောင်သွားပြီ၊ ဒါပေမယ့် သစ်ငုတ်တိုတစ်ခု ကျန်သေးတယ်၊ အဲဒီသစ်ငုတ်တိုက အတက်ပေါက်လာမှာ စိုးရတယ် . . ."

"အစ်ကိုကြီးပြောတာ ကြည်လေး နားမရှင်းသေးပါဘူး"

"ဝူဖန်ဆိုတဲ့ တရုတ်က လွတ်သွားသေးတယ် ကြည်လေးရဲ့၊ သူက ဝင့်ကျုကြီးရဲ့ ညာလက်ရုံးပဲ . . . သူ့ကို ဖမ်းမမိသမျှ စိတ်မချရသေးဘူး"

"ဩော် . . . ဟုတ်လား"

ဒီဇင်ဘာလတွင် စစ်ကြီးစတင်ဖြစ်ပွားခဲ့ရာ ခင်မောင်စိုးသည် 'ရွှေပင့်ကူအသင်းကြီး' အား ဖမ်းဆီးရမိရန် ကူညီခဲ့သဖြင့် . . . နာမည်ကောင်း လက်မှတ်တစ်စောင်နှင့် ခါးပိုက်ဆောင်ရွှေနာရီ တစ်လုံးရရှိ၍ . . . ရွှေနာရီ





၏ အဖုံးအတွင်းဘက်တွင် အောက်ပါစာတန်းကို အင်္ဂလိပ်ဘာသာဖြင့် ရေးထိုးထားလေသည်။

"လျှို့ဝှက်သော နိုင်ငံရေးကိစ္စနှင့် ပတ်သက်သည့် အမှုကြီးတစ်ခုတွင် ကိုယ်ထိလက်ရောက် ကူညီသော . . .

အလွတ်စုံထောက်ခင်မောင်စိုးသို့

မြန်မာပြည်ပုလိပ်အဖွဲ့မှ မေတ္တာလက်ဆောင်အဖြစ် ပေးအပ်ပါသည်။

ဒဂုန်ရွှေမျှား

BURMESE CLASSIC .com

www.burmeseclassic.com